www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


တက္ကသိုလ်တင်မြင့်

ဘဝကြမ်းလို့ လူကြမ်းတာ

စာမူခွင့်ပြုချက်အမှတ် - ၁၂၉/၂၀၀၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၁၆၀/၂၀၀၂

၂၀၀၃ ခုနှစ်၊ ဧပြီလ၊ ပထမအကြိမ်၊ ၃၀/-

ပုံနှိပ်သူ . . . ဦးကျော်လှိုင် (၅၅၄၃) စေတနာOFFSET
အမှတ်(၁၉) (၁၉)လမ်း၊ ရန်ကုန်။

ထုတ်ဝေသူ . . . ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ-၁၆၉၂)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့(၃)၊ မင်္ဂလာဒုံ၊ ရန်ကုန်မြို့။


# တက္ကသိုလ် တင်မြင့်




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းမျဉ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

“၁၉၅၀ ခုနှစ်” ဝန်းကျင်

(လွတ်လပ်ရေး ရပြီးစ အချိန်)



www.burmeseclassic.com

www.burmeseclassic.com



# ၁

"တိမ်ဝါ"ဟု အမည်ပေးထားသော နှစ်ထပ်သင်္ဘောသည် ရန်ကုန်–ဖျာပုံသို့ ခရီးသည်များ သယ်ယူပို့ဆောင်ပေးသော အစိုးရသင်္ဘောဖြစ်ပေသည်။

သင်္ဘော၏ အပေါ်ထပ်တွင် ခရီးသည်များ စီးနင်းလိုက်ပါပြီး အောက်ထပ်တွင် သင်္ဘောဝမ်းအတွင်း ကုန်ပစ္စည်းများလည်း ထားသည်၊ အပေါ်ထပ်တွင် နေရာမရသည့် ခရီးသည်များသည်း အောက်ထပ်မှာပင် စီးနင်းလိုက်ပါသည်။

တိမ်ဝါ၏ အပေါ်ထပ် ဦးပိုင်းသည် ပထမတန်းဖြစ်ပါ၏။ သီးသန့်အခန်း ဖြစ်သောကြောင့် ပထမတန်းကြေးပေးရသည်။ ကုလားထိုင်များ ချပေးထားသည်။ မှန်များ တပ်ဆင်ထားပြီး ပါလစ်ရောင် တောက်ပြောင်သော သစ်သားကာရံထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ပထမတန်း အခန်း၏ အပြင်ဘက် ကုန်းပတ်စီး ခရီးသည်များမှာမူ ဖျာခင်းပြီး ကုန်းပတ်မှာပင် ထိုင်ကြရသည်။

"တိမ်ဝါ"သည် တွံတေးဆိပ်ကမ်းတွင် ကပ်ပါ၏။ တွံတွေးမှ တက်ရောက်သော ခရီးသည်များ တက်လာပြီး တွံတေးတွင်ဆင်းသော ခရီးသည်များ ဆင်းကြပါ၏။

ရန်ကုန်မှ ထွက်လာကတည်းက အပေါ်ထပ် ပထမတန်းအခန်းတွင် ဒေါက်တာနွေးနွေးနှင့် ဒေါက်တာအောင်မြင့်စော တို့ လိုက်ပါလာသည်။

ဒေါက်တာနွေးနွေးအား ဦးရွှေနိုင်ဆိုသည့် အသက် (၅၀)ရွယ်ခန့် လူကြီးက ရန်ကုန်ထိ လာကြိုသည်။ ဦးရွှေနိုင်လည်း ပထမတန်းမှာပင် ဒေါက်တာနွေးနွေးနှင့်ကပ်လျက် ကုလားထိုင်တွင် ထိုင်ပါ၏။ ဦးရွှေနိုင်၏ ဘေးတွင် ကပ်လျက်သား ကုလားထိုင်တွင် ဒေါက်တာအောင်မြင့်စော ထိုင်သည်။

တွံတေးမြို့တွင် သင်္ဘောကပ်သည်နှင့် ပထမတန်းစီးခရီးသည်(၃)ဦး တွံတေးတွင် ဆင်းသွားသည်။

တွံတေးမှ လူငယ်သုံးယောက်သည် ဇရက်သုတ်ပြေးတက်လာကြပြီး သင်္ဘော၏ ပထမတန်း အပေါ်ထပ် ဦးခန်းထဲသို့ ဝင်ရောက်လာကြသည်။

ဆင်းသွားသော ခရီးသည်သုံးဦးနေရာ ထိုင်ခုံကိုရရှိထိုင်လိုမှုအတွက် ပြေးတက်ပြေးဝင်လာခြင်း ဖြစ်ပေမည်။

လူငယ်သုံးယောက်စလုံး ဆံပင်အရှည်ကြီးတွေလည်ကုပ်တွင် ဝဲနေသည်။ ဂျင်းဘောင်းဘီကို တမင် ကတ်ကြေး



နှင့် ဖောက်ပြီးမှ ပြန်လ မှလည်း မကြည့်ဘဲ သင်္ဘောမှန်ကာမှ ဝတ်ဆင်ခြင်းပင် ဂုဏ် သာ ငေးကြည့်နေပေသည်။

အ တန်းစီး ခရီးသည်များ အားလုံးဘက်သို့ သူ ဟပြုံပုံစံ ဝတ် ားသည်။

တောစီးဖိနပ် ဦးရွှေနိုင်က ဂနာမငြိမ်ဘဲ ထိုလူကိုသာ စူးစိုက်ကြည့် မြင်ရသဖြင့် နွေးနွေးကလည်း ထိုလူရပ် ကြည့်မိသည်။

နွေးနွေး ထိုင်နေရာမှကြည့်လျှင် "သူ"ကို ဘေး က်ပုံစံ မြင်ရပါ၏။

"သူ"

သူသည် ဖျင်ထူကြမ်း နံ့သာရောင်တိုက်ပုံအင်္ကျီ ခါးရှည်ကို ဝတ်ထားသည်။ အောက်တွင် ရှပ်အင်္ကျီ စပို့ရှပ် စသည်တို့ မဝတ်ဘဲ စွပ်ကျယ်အင်္ကျီကိုသာ ဝတ်ထားသည်။ ပုဆိုးမှာ တစ်ပတ်ရစ် အဖြူနှင့် အပြာ စပ်ထားသော ပလေကပ် ဖြစ်ပြီး ခပ်တိုတို ခြေသလုံးတစ်ဝက်ပေါ် ဝတ်ထားသည်။ ကတ္တီပါသဲကြိုး ခြေထိုးဖိနပ် စီးထားသည်။

ထက်ဝက်ပေါ်နေသည့် သူ၏အောက်ပိုင်း ခြေသလုံးတွင် နက်မှောင်လွန်း၍ အစိမ်းရောင် ပြေးနေသော ခြေသလုံးမွေးတွေ ရှိနေသည်။ သူ၏ခြေသလုံးသားမှာ ဖြူပြပါ၏။

နွေးနွေးသည် "သူ"ကိုကြည့်ရင်း သူသည် တခြားသူများနှင့် မတူ၊ တစ်မူထူးခြားသည် ထင်သဖြင့် သေချာစူးစူးစိုက်စိုက်လေး ကြည့်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် လေးလံပုံရသော ကချင်လွယ်အိတ်ကြီးတစ်လုံး လွယ်ထားသည်။ ကချင်လွယ်အိတ်မှာလည်း သစ်သစ်လွင်လွင် မဟုတ်ပေ။ တစ်ပတ်ရစ် ဟောင်းနေပါ၏။

သူ့တွင် သာမန်လူတွေထက် ပိုမိုထူးခြားသော အချက်နှစ်ချက် ရှိနေသည်။

ပထမအချက်မှာ သာမန်ယောကျ်ားထက် သူ၏ခန္ဓာကိုယ် တည်ဆောက်ပုံမှာ ကြံ့ခိုင်တောင့်တင်းပြီး အလွန်ကြည့်ကောင်းသော ခန္ဓာကိုယ် အချိုးအဆစ် ကျနပြေပြစ်ခြင်းဖြစ်သည်။ သူ၏ဘေးတွင် ယှဉ်၍ ရပ်နေသော သံဃာတော်ထက် ဦးခေါင်းတစ်လုံးစာ ပိုမြင့်ပြီး သူ၏အရပ်သည် အနည်းဆုံး ငါးပေရှစ်လက်မခန့် ရှိအံ့သည်။

ဒုတိယထူးခြားချက်မှာ သူ၏ ဆံပင်တို့သည် ကုပ်ပေါ်သို့ ဝဲကျနေအောင် ရှည်လျားနေပါ၏။

သို့သော် ... သူဆံပင်ရှည်နေသည်မှာ ယခုတက်ရောက်လာသော လမ်းသရဲသုံးယောက်၏ ဆံပင်ရှည်ခြင်းနှင့် မတူပါလေ။ လမ်းသရဲသုံးယောက် ဆံပင်ရှည်သည်မှာ တမင်တကာကို အရှည်ထားခြင်းမျိုး ဖြစ်သည်။

ဆံပင်မညှပ်ရသေးသောကြောင့် ရက်လကြာပြီး ရှည်သော အရှည်အမျိုး ဖြစ်ကြောင်း သူ၏ ပါးပြင်မှာ ပါးမြိုင်းမွေးများ၊ နှုတ်ခမ်းမွေးများ၊ မုတ်ဆိတ်မွေးများ အလားတူ ရှည်လျားနေခြင်းဖြင့် သိသာသည်။ သူ၏ ပါးမြိုင်းမွေးတွေရော၊ ဆံပင်တွေရော နက်မှောင်ထူထဲစွာ ရှိနေပါ၏။



သူ၏ ရင်ဘတ်သား၊ ခြေသလုံးသားများသည် ပင်ကိုယ်ဖြူဝင်းသော အသားရောင်ရှိနေပြီး သူ၏ မျက်နှာမှာမူ လေဒဏ်မိုးဒဏ်၊ နေလောင်ဒဏ်များ ခံထားရသဖြင့် ကြေးနီရောင် ပေါက်နေပေသည်။

ချုံ၍ပြောရလျှင် သူသည် သာမန်လူများ အကြားတွင် တစ်မျိုးတစ်ဖုံ ထူးခြားနေသူ ဖြစ်နေပါ၏။

ဦးလေးဦးရွှေနိုင်သည် ထိုတစ်မူထူးခြားသူအား ကွက်ကြည့်ကွက်ကြည့်ဖြင့် ဂနာမငြိမ် ဖြစ်နေရာမှ နောက်ဆုံး မနေနိုင်တော့ဘဲ မိမိထိုင်နေသည့် ကုလားထိုင်နေရာမှထကာ သူရှိရာသို့ သွားရောက်ပြီး ကျောပေးရပ်နေသော သူ့အား အသံပြု ခေါ်လိုက်သည်။

"ဆရာနေမင်း"

သူသည် ဦးလေးရွှေနိုင်၏ ခေါ်လိုက်သံ ကြားသည်နှင့် နောက်သို့ ချာခနဲလှည့်ကာ သူ၏ လက်တစ်ဖက်ကလည်း လွယ်အိတ်ထဲသို့ လက်နှိုက်ပြီးသား ဖြစ်သွားသည်။

သူ ချာခနဲ လှည့်ကြည့်သည်နှင့် ဦးလေးရွှေနိုင်က သူ့ကို ပြုံးပြပြီး ရိုသေကျိုးနွံသော အသွင်ကို ပြပေသည်။

"ဆရာနေမင်းလည်း ဒီသင်္ဘောနဲ့ လိုက်လာတာ တွေ့လို့ နှုတ်ဆက်တာပါ ဆရာနေမင်း"

"ဦးလေး လူမှားနေတယ် ထင်တယ်။ ကျွန်တော်ဟာ ဆရာမှလဲ မဟုတ်ဘူး၊ ကျွန်တော့်နာမည် နေမင်းလည်း မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကျုပ် လူမမှားပါဘူး ဆရာနေမင်း။ ဆရာနေမင်းကို ကျုပ်တို့ရွာမှာ ခဏခဏ တွေ့ဖူးနေတာပဲ။ ကျုပ် ... မှော်တောရွာက ရွှေနိုင်လေ။ မှော်တောမှာ ဆံပင်ညှပ်တဲ့ အလုပ် လုပ်နေတဲ့ ရွှေနိုင်ပါ။ ဆရာနေမင်း"

ပြုထမတော့ သူသည် အရယ်အပြုံးနှင့်ပင် သူသည် ဆရာနေမင်း မဟုတ်ကြောင်း ဦးလေးရွှေနိုင်အား ရှင်းပြသည်။

သူ ရယ်ပြုံးလေမှ သူ၏ အရယ်အပြုံးသည် အလွန်ပင် နှစ်လိုဖွယ်ရာ ကြည့်ကောင်းသော အရယ်အပြုံးဖြစ်ကြောင်း ဒေါက်တာနွေးနွေး ထပ်ဆင့်သတိထားမိရပြန်သည်။

မည်းနက်နေသော ပါးမြိုင်းမွေးတွေ၊ နှုတ်ခမ်းမွေးတွေကြောင့်လားတော့ မသိ။ သူ၏ အပြုံးအရယ်တွင် နှစ်ခမ်းစုံ နှစ်စုံ ပွင့်လာပြီး ပုလဲလုံးတွေ စီထားသလို ဖြူဖွေးတောက်ပပြီး ညီညာသော သွားဖြူတန်း ထင်းခနဲ ပေါ်လာပါ၏။

သူ၏ အပေါ်နှုတ်ခမ်း အောက်နှုတ်ခမ်းအစုံသည် ထူထူထဲထဲလည်း ရှိလှပါလေ၏။ ကျန်းမာရေးကောင်းလွန်းသောကြောင့်လား မသိ။ သူ၏ နှုတ်ခမ်းစုံနှင့် သွားဖုံးတို့မှာ ပန်းနုရောင် ရှိနေသည်ကိုလည်း ဒေါက်တာနွေးနွေး တွေ့ရပြန်သည်။

မြင်တွေ့ရသည်မှာ သူ ပြုံးရယ်လိုက်ခြင်းသည် နှံတွေကြား၌ ပဒုမ္မာကြာပန်းပွင့်လာသည်နှင့်ပင် တူသေးတော့။

သူ၏ ထူထဲသော နှုတ်ခမ်းစုံကို ဒေါက်တာနွေးနွေး ကြည့်ကောင်းကောင်းနှင့် ကြည့်မိရာမှ ဆေးတက္ကသိုလ်ဘော်ဒါ



ဆောင်တွင် နေခဲ့စဉ်က အတူနေ သူငယ်ချင်း မိချို ပြောဖူးသော စကားကို အမှတ်မထင် သတိရလိုက်မိသည်။

သူငယ်ချင်း မိချို၏ ချစ်သူသည် နှုတ်ခမ်းထူထူ ဖြစ်ပါ၏။

"မှတ်ထား နွေး။ ကိုယ့်အင်္ဂါအစိတ်အပိုင်းတွေကို တစ်ခုချင်း တင်ပြပြီး ဗေဒစာတမ်း ထုတ်ထားတဲ့ အင်္ဂလိပ်ဗေဒ ကျမ်း စာစောင်တစ်ခုထဲမှာ ကိုယ် ဖတ်ဖူးတယ်။ နှုတ်ခမ်း စုံထူထဲသော ယောကျ်ားများသည် ကြီးမားမြင့်မြတ်သော စိတ်ထားမျိုးရှိသည်။ မဆုတ်မနစ်သော ကြိုးစားလုပ်ကိုင်သည့် လုံ့လဝီရိယမျိုး ရှိသည်။ သတ္တိအလွန်ကောင်းသည်။ ပြဿနာကို ဖြေရှင်းရာတွင် သေွးအေးအေးနှင့် ရှင်းတတ်သည်။ တစ်ပါးသူ အပေါ်တွင် အကြင်နာတရား ထားတတ်သည်တဲ့ဟဲ့"

ဟု မိချို ပြောဖူးသည်ကို ယခု "သူ"၏ နှုတ်ခမ်းထူထူကို တွေ့ရသည်နှင့် သတိရမိခြင်း ဖြစ်ပါ၏။

ဒေါက်တာနွေးနွေးသည် သူငယ်ချင်းမိချို ပြောဖူးသည်ကို အမှတ်ရရင်း "သူ့"ကိုပင် ဆက်၍ကြည့်နေမိသည်။

သို့သော် ...

သူ၏ အပြုံးအရယ်သည် တဒင်္ဂသာလျှင် ဖြစ်ပါ၏။

ဦးလေးရွှေနိုင်က ထပ်ကွန့်ပြီး ဖွတ်ပြောသောအခါ သူ၏ ပွင့်ဟပြုံးရယ်နေသော နှုတ်ခမ်းအစုံ ချက်ချင်းပြန်စေ့သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ မျက်နှာမှာလည်း တင်းမာသော အသွင်သို့ ပြောင်းသွားသည်။

"ကျွန်တော် ဒီနေရာမှာ ဦးလေး ပြောတာကို ငြင်းနေတယ်။ ကျွန်တော်ဟာ ဘာဆရာမှလဲ မဟုတ်ဘူး၊ ကျွန်တော့် နာမည် နေမင်းလည်း မဟုတ်ဘူးလို့။ ဦးလေး လူမှားနေတာ ဖြစ်ရမယ်"

နှုတ်ခမ်းစေ့ပြီး သူက အတင်းအမာ ပြောလိုက်သည်နှင့် ဦးလေးရွှေနိုင်သည် ချက်ချင်း အမူအရာ ပြောင်းသွားကာ တောင်းပန်တိုးလျှိုးသော လေသံဖြင့် ပျာပျာသလဲ ပြန်ပြောလိုက်သည်။

"အဲ ... အင်း ... အင်း ... ဦးလေး လူမှားသွားတာပါ။ ဘာပဲဖြစ်ဖြစ်ပေါ့လေ ... မောင်ရင် မတ်တတ်ကြီးရပ်လိုက်ရတာ ပင်ပန်းပါတယ်။ ဟောဟိုက ဦးလေးရဲ့ ကုလားထိုင်မှာ သွားထိုင်ပါလား။ ဦးလေးက ရန်ကုန်ကတည်းက ထိုင်စီးလာတာမို့ ညောင်းသွားပြီလေ"

ဦးလေးရွှေနိုင်သည် ထိုလူက မျက်နှာထားတင်းသွားသည့်အတွက် စိတ်ခုသွားပြီဟုတွက်ခါ စလိုက်စယော လောကွတ်လုပ်ပြီး အမျက်ဖြေပြော စကားမှန်း နွေးနွေး ကောင်းကောင်း ရိပ်မိပါ၏။

ဘာကြောင့်မှန်းတော့ မသိ။ ဦးလေးရွှေနိုင်သည် "သူ့"ကို တော်တော် ရှိသေကြောက်လန့်မှန်းတော့ သိသာသည်။



ဦးလေးရွှေနိုင်နှင့် သူ ပြောဆိုနေကြသည်ကို ဒေါက်ဘာနွေးနွေးက လှမ်းကြည့်နေသလို နွေးနွေးနှင့် အတူပါလာသော ဒေါက်တာအောင်မြင့်စောကလည်း လှမ်းကြည့်ပြီးနောက် နွေးနွေးဘက်သို့ ပြန်လှည့်ကြည့်လိုက်သည်။

"ဦးလေးရဲ့ ထိုင်ခုံမှာ ကျွန်တော်မထိုင်ပါဘူး။ တကယ် ဦးလေး ပေးပြီးထိုင်သင့်တာက ဟောဒီမတ်တတ်ရပ်နေရတဲ့ သံဃာတော်ကိုပါ။ သံဃာတော် အနေနဲ့ သင့်တင့်လျောက်ပတ်တဲ့ နေရာမှာ သီတင်းသုံးသင့်တယ် မဟုတ်လား"

ဦးလေးရွှေနိုင် ပုတ်သင်ညိုရှုံးအောင် "သူ့"စကားကို ထောင် ခေါင်းညိတ်သည်။ ပြီး ... စီးထားသော ညှပ်ဖိနပ်ကို တ်သည်။ သံဃာတော်အား မတ်တတ် လက်အုပ်ချီပြီး လျှောက်ားတော့သည်။

"အရှင်ဘုရား ... တပည့်တော်ရဲ့ ထိုင်ခုံမှာ သီတင်းသုံးတော်မူပါ ဘုရား"

"အိမ်း ... သာဓု ဒကာကြီး ... သာဓု ... သာဓု"

သံဃာတော်သည် ဦးလေးရွှေနိုင် ရှူဒါန်းသော ိုင်ခုံဆီသို့ ခြေလှမ်းလိုက်စဉ်မှာဖင် လမ်းသရဲသုံးကောင်ထဲမှ တာကိုင် ခေါင်းဆောင်လမ်းသရဲသည် ပြဿနာ လုပ်ပေတော့ ည်။

"ဟေ့ ... ဟေ့ ... ဘုန်းကြီးသက်န်းဆိုတာ မတော်တဆ တောင် မိန်းမတွေရဲ့ထဘီနဲ့ မထိကောင်းဘူးလို့ ငါ့မာမိက

www.burmeseclassic.com

www.burmeseclassic.com



ပြောဖူးတယ်။ ဒီတော့ ငါ ဟိုလူကြီးခုံမှာ သွားထိုင်မယ်။ ဘုန်းကြီးက ကျုပ်ထိုင်ခုံမှာ လာထိုင်ပါ ဘုရား”

“ဟ … ဆန်နီ … ဒီတစ်ခါတော့ မင်းက ဘာသာရေးကို တကယ်လေးစားပြလိုက်တာပါလား။ ဘုန်းကြီးနဲ့ ထိုင်ခုံချင်း လဲထိုင်တာ မင်း နစ်နာနေပါဦးမယ်နော့ကွာ။ ပြန်စဉ်းစား ဦး … ဟား … ဟား”

ကျန်လမ်းသရဲနှစ်ကောင်က သူတို့ခေါင်းဆောင် ဂစ်တာကိုင် ဆန်နီအား လှမ်းပြီး ဟားလိုက်ကြပါ၏။

သူတို့ဟားသည်မှာ အကြောင်းရှိပါ၏။

အကွက်လည်း ရှိနေပါ၏။

ဦးလေးကြီး ဦးရွှေနိုင် ထိုင်သော ထိုင်ခုံမှာ ဒေါက်တာ နွေးနွေးနှင့် ကပ်လျက်သား ရှိနေသည်။ ဆန်နီ ထိုင်ခုံပြောင်းခြင်း မှာ ဒေါက်တာနွေးနွေးနှင့် ကပ်လျက်သား ထိုင်လိုခြင်းကြောင့် ဖြစ်ပါ၏။

ဆန်နီသည် သွက်လက်စွာ ခုံများကို ကျော်ခွပြီး ဒေါက်တာနွေးနွေး ဘေးတွင် ထိုင်ချပြီး သံဃာတော်အား သူ၏ ထိုင်ခုံဟောင်းနေရာကို လက်ညှိုးညွှန်ပြပြီး ပြောလိုက်သည်။

“ဘုန်းကြီး အရှင်ဘုရား ဟိုမှာသွားထိုင်ဗျ”

“ဟုတ်တ့ယ် ဘုန်းကြီးဘုရား … ဒီမှာ ကျုပ်တို့နဲ့ လာ ထိုင်လေဗျာ”

ကျန်နှစ်ယောက်ကလည်း သံဃာတော်အား လှမ်း ခေါ်လိုက်သည်။



တကယ့် လူရိုင်းသုံးကောင်ပါပေ။

ယခု သူတို့ရောက်ရှိနေသော အသက်မှာ နှစ်ဆယ် ကျော်တွေ ဖြစ်နေပါလျက် သံဃာတော်နှင့် ဆက်ဆံပြောဆိုရာ တွင် မှန်ကန်သော ဆက်ဆံနည်း မဟုတ်သည်ကို မသိနားမလည် ပေ၍လား၊ သို့မဟုတ် ယခုကဲ့သို့ ရိုင်းပျခြင်းကိုပင် ဂုဏ်ယူခြင်း ပေလား မပြောတတ်။ ဗုဒ္ဓဘာသာ မိဘမှ ဆင်းသက်လာပါလျက် ယခုလို ရိုင်းပျခြင်းမှာ နားထောင်မကောင်း၊ ကြည့်မကောင်း ဖြစ်ရပါ၏။ ကိုယ်အမှုအရာရော နှုတ်အမှုအရာပါ ရိုင်းလှချေ သည်။

ဒေါက်တာနွေးနွေးမှာ ဆန်နီ သူ့မဘေးတွင် လာ ထိုင်ခြင်းကို မနှစ်သက် မလိုမလား ဖြစ်ရပါ၏။

ဦးရွှေနိုင်က ဝင်ရောက်ပြောလိုက်သည်။

“ဒီမှာကွ … မင်း ဟိုဘက်က ကုလားထိုင် ပြောင်းထိုင်ပါ။ မောင်အောင်မြင့်စော ဒီသူငယ်နဲ့ ကုလားထိုင် ပြောင်းထိုင် လိုက်ပါကွာ”

“ဘာလဲဗျ အဘိုးကြီး … ကျုပ်က ဘုန်းကြီးနဲ့ အမျိုးသမီး ငယ်ငယ်ချောချော တွဲထိုင်ရင် အမြင်မတော် ကြည့်မကောင်း လို့ တမင် စေတနာနဲ့ လာထိုင်ပေးတာ”

“အေးလေကွာ … ဒီက မောင်အောင်မြင့်စောက နွေးနွေး နဲ့ သူငယ်ချင်းမိတ်ဆွေကွ။ သူတို့ မိတ်ဆွေအချင်းချင်း အတူတူ ထိုင်ပလေ့စေပေါ့ကွာ။ မင်းက မောင်အောင်မြင့် စော ခုံမှာ ထိုင်ပေါ့”

www.burmeseclassic.com

www.burmeseclassic.com



ဆန်နီက မဖယ်ပေး မပြောင်းပေးရုံမက ဦးရွှေနိုင်က ထိုသို့ ပြောသည်ကိုပင် မကျေနပ်သောမျက်နှာ၊ မကျေနပ်သော အမူအရာဖြင့် သူ၏ ဂစ်တာကြိုးတွေကို အပေါ်အောက် ဖြန်းဖြန်းနှင့် ဒေါမာန်ပါပါ တီးခတ်လိုက်သည်။

"နွေးနွေး ဆိုပါလား။ ဒီအစ်မနာမည်က နွေးနွေးပေါ့နော်။ ဟဲ ... ဟဲ ... ဘယ့်နှယ့်လဲဟေ့ ... ချိုကြီးနဲ့ အောင်ဇင်၊ အမျိုးသမီးက မျက်နှာရော၊ ကိုယ်လုံးရော ဖူးနေအောင် လှရုံချောရုံ မကဘူး၊ နာမည်လေးကလည်း ဖူးနေအောင် လှနေပါလားကွ ... နွေးနွေး တဲ့လေ"

"ဟုတ်သပေါ့ ... ဟုတ်သပေါ့"

ဟု သူ၏ နောက်လိုက် နှစ်ယောက်ကလည်း သံယောင်လိုက် ထောက်ခံစကားဆိုရင်း ဟားဟဲဟဲ ရယ်ကြပြန်သည်။

ဒေါက်တာနွေးနွေး ထိုင်ရာမှ ထရပ်လိုက်သည်။

သူမကဲ့သို့ သိက္ခာရှိရှိ ဣန္ဒြေရှိရှိ နေလေ့ရှိသော အမျိုးသမီးအဖို့ ဆန်နီ ကဲ့သို့ လူစားမျိုးကို ဝေးဝေးရှောင်ကျဉ် ထိုက်သည်။ ထရပ်ရင်း တခြားလွတ်ရာနေရာကို လိုက်ကြည့်မိသည်။

"ထိုင်ပါဗျ ... အစ်မလေး။ ကျုပ်က ကိုက်မစားတတ်ပါဘူး။ သဘောထွက်ရင် အစ်မလေးနွေးနွေးကို ဂစ်တာတီးသီချင်း ဆိုနဲ့ ဖျော်ဖြေပေးဦးမှာပါ"

နွေးနွေး ပြန်မထိုင်။ ရှက်လည်းသိပ်ရှက်သည်။



သံဃာတော်ဦးပဥ္စင်းမှာလည်း ရှေ့သို့ကြွရမလိုလို၊ နေရပ်မှာပင် ရပ်မြဲရပ်တော်မူရမလို ဖြစ်နေပါ၏။

ဦးရွှေနိုင်လည်း ဘာဆက်လုပ်၍ ဘာဆက်ပြောရမည်မှန်း မသိတော့အောင် ဖြစ်နေသည်။

ဤလူငယ် လမ်းသရဲ သုံးကောင်သည် အုပ်စုငယ် တစ်စု ဖြစ်နေပါ၏။

အမြင်မတော်၍ ဘေးမှ ဝင်ပြောလာသူကို ရန်လုပ်တတ်သည်။ တစ်ခါတလေ သတ္တိရှိရှိနှင့် အမြင်မတော်သူက ဘေးမှ ဝင်ပြောလျှင် ထိုလူကို သူတို့အုပ်စုက သံလက်သီး၊ ဘလိတ်ဓား၊ သံကြိုးချိန်း စသည်တို့နှင့် အနာတရဖြစ်အောင် အုပ်စုက ဝိုင်းဆော်တတ်သည်။

ဝင်ပြောသူသာ ခံသွားရတတ်ပါ၏။ အရှုံးပေါ်သွားမည်။ ရုံးရောက် ဂါတ်ရောက် ဖြစ်လည်း သူတို့တစ်တွေ၏ မိဘများ အရှိန်အဝါနှင့် သူတို့ လွတ်သွားကြသည် ဖြစ်ပါ၏။

(ထိုခေတ် ထိုကာလပေကိုး)

ဆန်နီသည် မတ်တတ်ရပ်နေသော ဒေါက်တာနွေးနွေးကို မော့ကြည့်ရင်း ...

"လာလေဗျာ ..., ပြန်ထိုင်ပါဗျ မမနွေး"

ဆန်နီ့ အပြုအမူ ပိုမိုဆိုးဝါးလာသည်။

ရပ်နေသော ဒေါက်တာနွေးနွေးကို ပြုံးလည်းပြုံး၍ လက်ဆွဲကာ ထိုင်ခိုင်းတော့မည်ဟန် ပြုလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာအောင်မြင့်စောမှာ ရန်ကုန်မှာမွေး၊ ရန်ကုန်မှာကြီးပြီး ဘယ်နေရာ ဒေသကိုမှ ဟုတ္တိပတ္တိ သွားလာရောက်ဖူးခြင်း မရှိစဘူးခဲ့။ အကယ်၍ ရှမ်းပြည်နယ်တို့ မန္တလေးတိုင်းတို့ဆိုလည်း သူ့မိဘ ဘုရားဖူးသွားသည့်အခါ မိဘများနှင့် အတူသာ သွားဖူးရောက်ဖူးသည်။

ယခုလို ကိုယ့်ဟာကိုယ် သဘော်ဆိပ် ဘူတာရုံစသည်တို့ကို မသွားလာဘူးပေ။ ယခုကဲ့သို့ အဖြစ်မျိုး အတွေ့အကြုံမျိုးလည်း မရှိပေ။ ယခု အောင်မြင့်စော ဘာပြော၍ ဘာလုပ်ရမည်မှန်း မသိ။

တစ်ခုခုတော့ နွေးနွေး အတွက် ဒေါက်တာအောင်မြင့်စော လုပ်ပေးချင်သည်။

သို့သော် ထိုသုံးယောက်က အုပ်စုဖြစ်နေသည့်ပြင် ရိုင်းစိုင်းသူ သုံးယောက်မို့ အောင်မြင့်စော ရင်ဆိုင်ရန် ဝန်လေးနေမိသည်။

ပါးမြိုင်းမွေးနှင့် ကချင်လွယ်အိတ်ကြီးနှင့် ဖျဉ်ကြမ်းတိုက်ပုံအင်္ကျီ ဝတ်ထားသော "သူ"သည် လမ်းသရဲအကောင်ရိုင်း သုံးကောင်နှင့် ဒေါက်တာနွေးနွေးတို့ ဖြစ်ပျက်နေသည်ကို အာရုံစိုက် ကြည့်နေသည်။

ထိုသို့ ကြည့်မိမှပင် ဒေါက်တာနွေးနွေးအား "သူ" က ဂရုတစိုက် ကြည့်မိခြင်း ဖြစ်ပါ၏။

နွေးနွေး၏ ဝတ်စားပုံ။ မျက်နှာကျက်ရှိပုံတွေကို သတိထားမိသည်။



ဤအမျိုးသမီးသည် တန်းမြင့်အမျိုးအစားထဲက ဖြစ်မည်။ ဤလမ်းသရဲသုံးကောင်နှင့် ဘယ်လိုမှ အပ်စပ်နိုင်သော အမျိုးသမီး မဟုတ်။

ဒေါက်တာအောင်မြင့်စောမှာ မရဲသော်လည်း ပြေခဲစေဆိုသည့် သဘောနှင့် နွေးနွေး အတွက် အကာအကွယ် ဖြစ်စေရန် ဝင်၍ပြောတော့သည်။

"ဒီမယ် ... ကိုဆန်နီ ... ကျွန်တော်နဲ့ နေရာပြောင်းထိုင်ပေးပါလားဗျာ ... ဒါဆို အားလုံး အဆင်ပြေသွားမှာပါ"

ဆန်နီက ဒေါက်တာအောင်မြင့်စောကို ပြုံးပြုံးပြုံးပြုံးလေး ကြည့်ပြီး ဟဲခနဲ တစ်ချက်ရယ်လိုက်ရင်း ...

"အလဲ ... အလဲ ... ချိုကြီးရေ ..."

"ပြော ဟေ့ ဆန်နီ"

"အလဲ ... အလဲ ... အောင်ဖေရေ ..."

"ငါ နားထောင်နေတယ် ... ဆန်နီရေ"

"ဟောဒီပုဂ္ဂိုလ်က ငါ့ကို ကိုဆန်နီလို့ ခေါ်တယ်ကွ။ သူ့အခေါ်အပြောလေးက မဆိုးဘူး၊ နားဝင်ချိုသားနော်ကွာ"

"အေး ... သူပြောတာ နားဝင်ချိုတာတော့ မှန်တယ် ဆန်နီ၊ ဒါပေမယ့် မင်း သူပြောတဲ့အတိုင်း နေရာပြောင်းထိုင်ရင် သူ့အမိန့်ကို မင်း နာခံရာ ရောက်သွားမှာပေါ့ ဆန်နီ"

"အေး ... အမိန့်ဆိုတာ နာခံတဲ့လူက နာခံမှ အမိန့်ဖြစ်တာကွ။ အခု သူပြောပေမယ့် ငါက နေရာပြောင်းပေးမှာ

www.burmeseclassic.com

www.burmeseclassic.com



မှ မဟုတ်၊ သူ့အမိန့်ကြီးကို တွဲတေးတူးမြောင်းထဲ လွှင့်ပစ်ရုံပေါ့ကွာ”

သူတို့ ဟားကြပြန်သည်။

ဆန်နီသည် ဘာမထီပုံစံနှင့်ပင် သူ၏ ဂစ်တာကို တဒေါင်ဒေါင်ဖြင့် ကြိုးညှိ အသံညှိနေလိုက်ပါ၏။

ဆန်နီ့ကို ဘေးက ကြည့်ရမြင်ရသူများမှာ အသည်းယားစေပါ၏။

သို့သော် ...

မြင်ရသူအားလုံးသည် အသေဝနာစ ဗာလန် လူမိုက်ကို ရှောင်ကျဉ်ရမည် ဆိုသည့် ဘုရားဟောကို လိုက်နာပြီး တခြား ဘယ်သူမှ ကြားဝင်မပြောရဲကြပေ။

ထိုစဉ်မှာပင် ...

“သူ”က ဝင်ပြောသည်။

“သူ”၏ အသံသည် ယောက်ျားပီသသော အသံသြ အသံကြီးမျိုး ဖြစ်သည်။ ပျော့ညံ့ညံ့ သြောင်နာနာ အသံမျိုး မဟုတ်။

“မင်းနာမည် ဆန်နီ၊ ငါက မင်းကို ဆန်နီလို့ပဲ ခေါ်တယ်။ ကိုဆန်နီ ... မောင်ဆန်နီလို့ ခေါ်စရာ မလိုဘူး။ ကဲ ... ဆန်နီ ... အခု မင်းထိုင်နေတဲ့ ထိုင်ခုံကနေပြီး မင်းရဲ့နဂိုနေရာ ထိုင်ခုံကို ပြန်သွားချင်သွား၊ ဒါမှမဟုတ်လည်း မင်းဘေးက အမျိုးသမီးရဲ့ မိတ်ဆွေဆိုသူနဲ့ နေရာချင်းပြောင်းထိုင်ပါ။ အခု ငါပြောတာ အမိန့်ပဲ”



ပြောလိုက်သည့် လေသံက အောင်သည်။ သြသည်၊ တည်ငြိမ်သည်၊ သြအောင်သော အသံပေမယ့် စကားလုံး ထွေးမသွား။ စကားတစ်ခွန်းခြင်း ပီသသည်။ မာကျောသော အမိန့်သံလည်း ပါရှိသည်။

သူ ပြောလိုက်သည်နှင့် ဦးရွှေနိုင်၊ ဒေါက်တာအောင်မြင့်စော၊ နွေးနွေးတို့သည် သူ့ကို အာရုံစိုက်ပြီး ဖျတ်ခနဲ လှမ်းကြည့်ကြသည်။ အခြားဘေးဝန်းကျင်မှ ခရီးသည်တွေကလည်း “သူ့”ကို ဝိုင်းကြည့်ကြသည်။

အားလုံး၏ အကြည့်တွင် ဒီလမ်းသရဲအုပ်စုနဲ့ ဒီလူတော့ နာတော့မှာပဲဆိုသည့် အကြည့်မျိုးလည်း ပါဝင်ပေသည်။

ဆန်နီသည် “သူ့”ကို ဆတ်ခနဲ မော့ကြည့်လိုက်ပါ၏။

“ဘာဗျ ... ခင်ဗျားကြီး ဘာပြောတယ်”

“ငါ ပြောနေတာ မဟုတ်ဘူး၊ မင်းကို အမိန့်ပေးနေတာ။ အမိန့်ဆိုတာ ပြောရိုးပြောစဉ် သာမန်ထက် ပိုပြီးပြင်းထန်တယ်”

ဆန်နီက မတ်တတ်ရပ်လိုက်ပါ၏။

“သြ ... သြ ... ခင်ဗျားကြီးက ကျားခေါင်းကို လာကိုက်တဲ့ ခြင်ကောင်ပါလား။ ဘာလဲ ကျုပ်ကို စိန်ခေါ်လိုက်တာလား”

“စိန်ခေါ်တာတွေ၊ ဘာတွေ၊ မင်းတို့ဝေါဟာရတွေကို ငါနားမလည်ဘူး။ မင်းကို ငါ အမိန့်ပေးတယ်။ ငါ့အမိန့်ကို

www.burmeseclassic.com

www.burmeseclassic.com



မင်း မနှာခံရင် မင်းရဲ့ချိုင်းနှစ်ဖက်ကို ငါကမ့်ပြီး တွဲတေး တူးမြောင်းထဲ ပစ်ချမယ် … ဒါပဲ”

ကျားကို ခေါင်းပုတ်လိုက်ခြင်း ဖြစ်တော့သည်။

ယမ်းပုံပေါ် မီးကျသွားခြင်း ဖြစ်သည်။

အနီးရှိ ခရီးသည်တွေ ရှဲခနဲ ဘေးသို့ကပ်သွားသည်။ ရန်ပွဲဖြစ်တော့မည်မှန်း သိသာနေသောကြောင့် ဖြစ်ပါ၏။

ခရီးသည်တွေ ရှဲခနဲ ဖြစ်သွားခြင်းကပင် သူတို့နှစ်ဦးအတွက် သတ်ပုတ်ကွင်း ချဲ့ပေးသလို ဖြစ်သွားပါ၏။

ဆန်နီသည် သူ့ဂစ်တာကို လက်ကိုင်ရိုးမှကိုင်ပြီး လွှဲမြှောက်ခါ ဂစ်တာအုံကြီးဖြင့် သူ့ဦးခေါင်းကို တအားလွှဲရိုက်ချလိုက်သည်။

ချွေးချွေးမှအစ အားလုံး ခရီးသည်တွေဟာ ဟာခနဲ ဟင်ခနဲ ဖြစ်သွားတော့သည်။

သို့သော် …

မှားလေစွ … ဆန်နီလေး။

သူသည် တကယ့်လူ ဖြစ်နေပါ၏။

ဂစ်တာအုံကြီးမြှောက်ပြီး လွှဲအချ၌ သူ့ဦးခေါင်းနှင့် တစ်တွက် တစ်တောင်ခန့် အကွာမှာပင် “သူ”သည် ဘေးသို့ ခြေကွက်ထည့်၊ ရွှေ့လိုက်သည်။

ဖြောင်းခနဲ ရိုက်ချသံတော့ ထွက်လာပါ၏။ သို့သော် သူ့ဦးခေါင်းကို ရိုက်မိခြင်း မဟုတ်ဘဲ သင်္ဘော၏ နံရံကိုသာ ဂစ်တာအုံကြီး ရိုက်မိပြီး အစိတ်စိတ် အမွှာမွှာ ကွဲသွားတော့သည်။



ဆန်နီ၏ လက်တွင် ဂစ်တာလက်ကိုင်အရိုးတံသာ ကျန်ခဲ့တော့သည်။

ဆန်နီမှာ သူ့ရိုက်အား အရှိန်ဖြင့် လူကိုမရိုက်မိသောကြောင့် ရှေ့သို့ ကုန်းကွကွကြီး ဖြစ်နေစဉ်မှာပင် “သူ”က ဆန်နီ ပတ်ထားသော ခါးပတ်အပြားကြီးကို ဆွဲကိုင်မြှောက်ယူလိုက်ရာ လေထဲတွင် လေးဘက်တွား ကားယားနှင့် ယက်ကန် ယက်ကန် ဖြစ်နေသည်။

“သူ”က အရပ်တစ်ရပ် လွှင့်ပစ်လိုက်သလို ကြမ်းကွက်လပ်တွင် ဆန်နီ့ကို လွှင့်ပစ်လိုက်သည်။

ဆန်နီ ခမျာ ဝဲခနဲ ကြမ်းပြင်ပေါ်သို့ အားလျားမှောက်ကြီး ကျသွားပါ၏။

“သူ”၏ ခွန်အားမှာ အံ့မခန်းပါပေ။

ဆန်နီ ချက်ချင်းပြန်မထနိုင်ပေ။

ဆန်နီ၏ နောက်လိုက်များ ဖြစ်ကြသည့် ချိုကြီးနှင့် အောင်ဇင် နှစ်ယောက် ထွက်လာကြသည်။ ချိုကြီးက ရှေ့မှ၊ အောင်ဇင်က နောက်မှ ဖြစ်သည်။

“သူ” ကိုလူထွားကြီးသည် သူ၏ကချင်လွယ်အိတ်ကို လွယ်ထားရာမှ ဖြုတ်ယူပြီး အလယ်သားကို စကိုင်ကာ ပထမထွက်လာသော ချိုကြီး၏ နားရင်းနားအုံကို လွယ်အိတ် လွှဲယမ်းပြီး ရိုက်လိုက်ရာ ချိုကြီးမှာ အားခနဲအော်ပြီး [illegible]ခနဲ ထိုင်လျက်သား လဲကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ကပ်ပါလာသည့် အောင်ဇင့်ကိုတော့ သူက နားရင်းနားအုံကို မရိုက်ဘဲ အောက်ပိုင်း ညို့သကျည်းကို ရိုက်ပြန်သည်။

ညို့သကျည်းသည် လူ၏ခန္ဓာကိုယ်တွင် ထိခိုက်မိပါက အနာကျင်ဆုံးနေရာ ဖြစ်ပါ၏။

အား ... အား ... နှင့် အောင်ဇင် အော်ရင်း ဖင်ထိုင်ကျသွားကာ သူ့ညို့သကျည်း နှစ်ဖက်ကို သူ့လက်ဝါးနှစ်ဖက်ဖြင့် ပွတ်သတ်နေတော့သည်။

"သူ့"လွယ်အိတ်ထဲတွင် မည်သို့သော အမာခံပစ္စည်းတွေ ထည့်ထားသည်မသိ။ ချိုကြီးနှင့် အောင်ဇင်မှာ တအားအား ညည်းကြရင်း ပြန်မထနိုင်သေးပေ။

"ဖြောက်"

ဆန်နီသည် အားလျားမှောက် လဲကျရာမှ ပြန်ထလာပြီး သူ၏ဘောင်းဘီအိတ်ထဲမှ အော်တိုမက်တစ် မောင်းပြန်ဓားကို ထုတ်ယူပြီး ဖြောက်ခနဲခလုတ်နှိပ် ဓားသွားအချွန်အမြကို ဖွင့်ထုတ်လိုက်သည်။

အလားတူပင် မျိုးကြီးနှင့် အောင်ဇင်ကလည်း လူးလဲပြန်ထကာ မောင်းပြန်ဓား ကိုယ်စီထုတ်လိုက်ကြသည်။

လမ်းသရဲသုံးယောက် ဓားသုံးလက် ကိုယ်စီထုတ်ကိုင်ကြပြီမို့ ဘေးမှ ခရီးသည်တွေရော နွေးနွေးပါ စိုးရိမ်စွာဖြင့် သူ့ကို လှမ်းကြည့်မိကြသည်။



"မင်းတို့ဓားတွေအားလုံး အောက်ကို ချလိုက်၊ ကမ္ဘာပေါ်မှာရှိတဲ့ လူတွေအားလုံးသာ မကဘူး၊ တောထဲက ကျားခြသေ့်နဲ့ ဆင်တောင် သေနတ်ကိုတော့ ကြောက်ရတယ်။ မင်းတို့ဓားတွေ အောက်ချလိုက်"

"သူ" ကိုလူထွားသည် သူ့ကချင်လွယ်အိတ်ကြီးထဲမှ ဒသမလေးငါး ပစ္စတိုကြီးကို ထုတ်ယူကာ ဆွဲမောင်းကို ကျင်လည်စွာ ဆွဲတင်ပြီး လမ်းသရဲသုံးကောင်ကို ချိန်ထားလိုက်သည်ကို တွေ့ရလေမှ နွေးနွေးကအစ မြင်ရသူအားလုံး ဟင်းခနဲ သက်ပြင်းချနိုင်ကြပါ၏။

"သိပ်ကြီးတော့လည်း ငါက မဟုတ်လှပါဘူးကွာ။ စားပွဲတင်တင်းနစ် ဟိုဘက်ထိပ်မှာ ထောင်ထားတဲ့အပ်ကို တစ်ချက်ပစ် တစ်ချက်ထိအောင်လောက်တော့ ကျည်ဆန်တွေ အကုန်ခံပြီး လေ့ကျင့်ထားတယ်။ အဲဒီလို လေ့ကျင့်ထားရတာကလည်း ငါက သေနတ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်း လုပ်ရတဲ့လူမို့ပဲ။ မင်းတို့ မယုံမရှိနဲ့ လက်တွေ့ဖြစ်သွားမယ်"

သူသည် ပြောရင်းကပင် ကျန်လက်တစ်ဖက်ဖြင့် သူ့အပေါ်အင်္ကျီအိတ်ထဲမှ ကတ်ပြားတစ်ခု ထုတ်ယူပြီး လမ်းသရဲသုံးကောင်အား ထောင်ပြလိုက်သည်။ ပြီး ကတ်ပြားကို ခရီးသည်အများဆီသို့လည်း ထောင်ပြလိုက်ရင်း ပြောလိုက်ပါသေး၏။

"ကျုပ်ဟာ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ယောက်ပဲ။ ဒီကတ်ပြားဟာ ကျုပ် တာဝန်ထမ်းဆောင်နိုင်ဖို့အတွက် သက်ဆိုင်ရာ

www.burmeseclassic.com

www.burmeseclassic.com



က ထုတ်ပေးထားတာ။ ကဲ ... ဆန်နီဆိုတဲ့ ခေါင်းဆောင်ရော၊ ချိုကြီး၊ အောင်ဇင် ဆိုတဲ့ နောက်လိုက်တွေရော၊ ခရီးသွားပြည်သူကို နှောင့်ယှက်မှု၊ မောင်းပြန်စားကိုင်တဲ့ လက်နက်မှုနဲ့ ငါ ဖမ်းတယ်။ တွဲတေးရဲစခန်းကို ငါပို့မယ်။ ကျန်တဲ့အပိုင်း မင်းတို့ဘာသာ ဆက်ရှင်း။ မင်းတို့ဒက်ဒီတွေ မာမီတွေက ဩဇာတိက္ကမ ရှိတဲ့လူတွေ ဖြစ်မှာပါ။ အခုတော့ မင်းတို့ဓားတွေ အောက်ကိုချလိုက်”

ဒီလိုဆိုတော့ ဘာတတ်နိုင်တော့မည်နည်း။

ဒီပွဲတွင် ရှုံးသွားပြီမှန်း ခေါင်းဆောင် ဆန်နီ ကိုယ်တိုင် သဘောပေါက်တော့သည်။ သက်ဆိုင်ရာ ရဲစခန်းပို့မည်ဆိုသည်ကလည်း စူဠလိပ် ရေချသလို ဖြစ်သွားသည်။ ဆန်နီကပင် ပထမဆုံး ကိုင်ထားသော မောင်းပြန်ဓားကို ကြမ်းပေါ်သို့ ချလိုက်သည်။

ခေါင်းဆောင် ဆန်နီ ကိုယ်တိုင် လက်နက်ချပြီဆိုတော့ ချိုကြီးနှင့် အောင်ဇင်လည်း ဓားတွေ အောက်သို့ပစ်ချလိုက်တော့သည်။

“ကဲ ... ကျုပ်ကို လာနှုတ်ဆက်တဲ့ ဦးလေးကြီးဦးရွှေနိုင်၊ မရှိမသေ အဲဒီ မောင်းပြန်ဓားတွေ ကောက်ယူပေးစမ်းပါဗျာ”

ဦးရွှေနိုင်က ပျာပျာသလဲပင် လိုက်ကောက်ယူပြီး သူ့လက်ထဲ ပေးအပ်သည်မို့ သူက သုံးလက်စလုံး သူ့ကချင်လွယ်အိတ်ကြီးထဲသို့ ထည့်လိုက်သည်။



“ကဲ ... ဆန်နီ ... ဒီသဘောပေါက ပြန်ဆင်းမယ်။ တွဲတေးရဲစခန်းကို သွားမယ်။ မင်း ရှေ့ဆုံးကသွား။ ဟိုနှစ်ကောင် နောက်ကလိုက်။ ရိုးတိုးယားတားတော့ မလုပ်နဲ့နော် ... ငါက သေအောင်တော့ မပစ်ဘူး။ ပေါင်တို့ ခြေသလုံးတို့ကိုပဲ ပစ်မှာ။ ကဲ ... ဆန်နီ ရှေ့ဆုံးက လက်နှစ်ဖက် အပေါ်မြှောက်ပြီးသွား”

ဒီလိုကျတော့လည်း လမ်းသရဲသုံးကောင်သည် “သူ” ၏ အမိန့်အတိုင်း နာခံကြသည်။ ဒီလိုကောင်စားမျိုးလေးတွေအဖို့ ဒီလိုပဲ ဖြစ်ရမည်။ အုပ်စုနှင့် သူတို့နိုင်ခြေရှိနေလျှင် ရမ်းကားတတ်သော်လည်း တကယ်တမ်း သတ္တိရှိ၍မဟုတ်။

ပါးမြိုင်းမွေး ဗရပျစ်နှင့် “သူ”သည် ဆန်နီတို့နောက်မှ လိုက်ခါနီး ဒေါက်တာနွေးနွေးကို သူ၏ စူးရှထက်မြက်သော မျက်လုံးစုံဖြင့် ကြည့်လိုက်သည်။

ဒေါက်တာနွေးနွေးသည် ရင်လေးဖိုသွားသည်။ ရင်လေး ခုန်သွားသည်။

သူတို့ထွက်သွားကြတော့သည်။

“ကောင်းတယ်၊ ကောင်းတာမှ သိပ်ကို ကောင်းတယ်။ ဒီလိုကောင်ဆိုးလေးတွေကို ဒီလို ဖမ်းနိုင်တဲ့ ပုဂ္ဂိုလ်မျိုးလည်း ရှိဦးမှ အများပြည်သူ စိတ်ချမ်းသာရမယ်”

ခရီးသည်ထဲမှာ အသက်(၅၀)ခန့် အမျိုးသမီးကြီးတစ်ဦးက မှတ်ချက်စကား ဆိုလိုက်ပေသည်။ အခြားလူကြီးတစ်ဦးကလည်း ကျေနပ်သော လေသံဖြင့် ပြောပြန်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တော့ အံ့ရော … ဒီလောက်ဆိုးတဲ့ကောင် သုံးကောင်ကို သူ တစ်ယောက်တည်းနဲ့ သတ်ပုတ်ပြီး ဖမ်းသွားနိုင်တယ် … တကယ့်လူပဲ"

"သူ့မှာ သေနတ်ပါတာကိုးဗျ။ သုံးယောက်နဲ့ တစ်ယောက်ပေမယ့် သူနိုင်တာပေါ့"

ဆန်နီတို့အရွယ်ခန့် လူငယ်တစ်ဦးကလည်း ဝင်ပြောပါ၏။

"အဲမှာကွာ … ဟိုကောင်သုံးကောင် ဓားကိုယ်စီထုတ်မှ သူက သေနတ်ထုတ်တာပါ။ ဒီအရင် သူက သုံးယောက်စလုံးကို တစ်ယောက်တည်းနဲ့ ချနေတာပါ။ သူက သေနတ်ကို မြင်မြင်ထင်ထင်တောင် မကိုင်ဘူး။ သူ့လွယ်အိတ်ထဲ ထည့်ထားတာ"

တစ်ယောက်က ထင့်မြင်ချက်ပေးပြန်သည်။

"သူဟာ ရဲအရာရှိတော့ ဟုတ်မယ်မထင်ဘူး။ ရဲအရာရှိဆိုရင် ယူနီဖောင်း ဝတ်ထားမှာ"

"ဟာ… ဒါကတော့ တချို့စုံထောက်တွေဟာ ယူနီဖောင်း မဝတ်ဘဲ ဒီလိုပဲ ရုပ်ဖျက်ပြီး အမှုလိုက်ကြတာတွေ ရှိတာပဲ။ သူ့ကို ကြည့်ပါလား … ပါးမြိုင်းမွေး ဗရပျစ်နဲ့ ဖျဉ်ကြမ်းတိုက်ပုံနဲ့ ကချင်လွယ်အိတ်နဲ့ ဘယ်သူက သူ့ကို ရဲအရာရှိ ထင်မှာလဲ"

"ဟုတ်တယ် … သူက ဒါကြောင့် သူ့ကတ်ပြား ထုတ်ပြတာ"



"ဟာ … သူ့ကတ်ပြားကလည်း အဝေးကထောင်ပြတာ၊ ကတ်ပြားထဲ ဘာရေးထားမှန်း မမြင်ရဘူး။ ကတ်ပြားထဲက ဓာတ်ပုံကိုလည်း ဘယ်သူမှ သဲသဲကွဲကွဲ မမြင်ရဘူး"

ခရီးသည်တွေ တစ်ယောက် တစ်ပေါက် ပြောနေကြသည်ကို ဒေါက်တာနွေးနွေး စိတ်ဝင်စားစွာ နားစိုက်ထောင်မိသည်။

ဦးမြေနိုင်နှင့် ဒေါက်တာအောင်မြင့်စောလည်း နားထောင်နေကြသည်။

အားလုံး ကိုယ့်နေရာကိုယ် ပြန်ထိုင်ကြသည်။

သယာတော် အတွက်လည်း နေရာထိုင်ခုံ ရှဲသွားပါ၏။

တဘူဘူ ဥသြဆွဲရင်း တိမ်ဝါသင်္ဘောကြီး တွံတေးဆိပ်ကမ်းမှလည်း ခွာလေပြီ။

သင်္ဘောကြီး ထွက်ခွာသည်အထိ "သူ" ပြန်မလာတော့ပေ။ သူတို့အားလုံး တွံတေးရဲစခန်းသို့ သွားရောက်နေကြပြီဖြစ်ပေမည်။

ဦးရွှေနိုင်သည် သင်္ဘောကြီး ကမ်းမှခွာ၍ ခုတ်မောင်းသည်အထိ ကမ်းနားလမ်းတွင် ရှိနေသော ဆိုင်များ၏ ဆိုင်းဘုတ်တွေကို လိုက်ဖတ်ကြည့်နေပြီး ပါးစပ်မှလည်း ရွတ်နေသည်။

ချစ်ကြည်ရေးစားတော်ဆက်။

သဟာယကဖီး။

အဝိန်ခေါက်ဆွဲဆိုင်။

www.burmeseclassic.com

www.burmeseclassic.com



လိုတာရစတိုးဆိုင်ကြီး။

ဦးလေးရွှေနိုင်က ကလေးတစ်ယောက်လို လိုက်ပြီး ဆိုင်းဘုတ်တွေ ဖတ်နေသည်။ နွေးနွေးက ပြုံးပြီး မေးလိုက်သည်။

"အဲဒါက ဘာဖြစ်နေတာလဲ ဦးလေးရွှေနိုင်။ ဆိုင်းဘုတ်တွေ လိုက်ဖတ်နေတာ ကလေးကျနေတာပဲ"

"အေး ... ငါ အသက်ကြီးလာတာတော့ အမှန်ပဲ။ ဒါပေမယ့် ငါ့ မျက်စိမမှုန်သေးဘူး နွေးနွေး။ အခု ငါ့မျက်စိများ မှုန်သွားပြီလားလို့ လှမ်းမြင်ရသမျှ ဆိုင်းဘုတ်တွေကို လိုက်ဖတ်ကြည့်နေတာ။ အားလုံး ထင်ထင်ရှားရှား ပီပီသသ ကြီး မြင်နေရသားပဲ။ ငါ မျက်မှန်တောင်တတ်ဖို့ မလိုသေးတာ"

"အဲဒါ ... ဘာဖြစ်လဲ"

"ဟ ... အဲဒါ ဘာဖြစ်လဲဆိုရင် ငါ မျက်စိမှ မမှုန်သေးတာ လူမှားစရာ မရှိဘူးပေါ့။ စောစောက လူဟာ ဆရာနေမင်းမှ ဆရာနေမင်း အစစ်ပါ။ ငါ လူမမှားနိုင်ပါဘူး။ သူကလူ မှားနေတယ်လို့ ငါ့ကို ပြောတာ သက်သက်မယ့် အကြောင်ရိုက်တာပါ၊ အင်းပေါ့လေ ... ငါကလည်း လူအများရှေ့မှာ သူ့ကို ဆရာနေမင်းလို့ သွားခေါ်နှုတ်ဆက်မိတာကို သူ ဆရာနေမင်း မဟုတ်ဘူး ... လူမှားနေတယ်လို့ပဲ ပြောပေမပေါ့"

"သူက ဆရာနေမင်း အစစ်ပါဆိုရင် လူအများရှေ့မှာ သူ



ဟာ ဆရာနေမင်း မဟုတ်ဘူးလို့ ဘာအကြောင်းကြောင့် ငြင်းမှာလဲ ဦးလေးရွှေနိုင်"

အောင်မြင့်ဇောက ဝင်ရောက် မေးမြန်းလိုက်ခြင်း ဖြစ်ပါ၏။

"အား ... ဒါကတော့ မောင်အောင်မြင့်ဇော မသိဘူးလေ။ မောင်ရင်က ငါတို့ မော်တောရွာရဲ့ လူစိမ်းသက်သက်ကြီး ပဲဟာ ... မောင်ရင် ဘာသိနိုင်မလဲ"

"ကိုအောင်က မော်တောသား မဟုတ်လို့ မသိဘူးပဲထားပါတော့ ... နွေးနွေးက မော်တောသူပဲဟာ အဲဒီဆရာနေမင်း ဆိုတာကို နွေးလည်း သိမှမသိတာ"

"နင်လည်း မော်တောသူ ဆိုပေမယ့် နာမည်ခံလောက်သာ မော်တောသူပဲ နွေးနွေး၊ နင် တစ်သက်လုံး ရန်ကုန်မှာ ကျောင်းသွားနေခဲ့တာပဲ။ ဆရာနေမင်းအကြောင်း နင် ဘာသိမှာလဲ"

ဦးလေးရွှေနိုင်သည် ဆရာနေမင်း အကြောင်း ဆက်ပြောချင်တော့၍လား၊ တပိုတပါး သွားချင်၍ပေလား မပြောဆက်၊ သူ့ဆရာနေမင်း အကြောင်း ဘာမှ ဆက်မပြောတော့ဘဲ ထိုင်ရာမှထကာ အပြင်ထွက် သင်္ဘောအောက်ထပ်သို့ ဆင်းသွားတော့သည်။ အိမ်သာသည် သင်္ဘော၏ အောက်ထပ်၌သာ ရှိသောကြောင့် ဖြစ်ပါ၏။

ဦးလေးရွှေနိုင် ထသွားမှ တစ်ခုံကျော်တွင် ရှိနေသည့် ...က်တာအောင်မြင့်ဇောကို နွေးနွေးက ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာအောင်မြင့်စောကလည်း နွေးနွေးကို ကြည့်နေခိုက်မို့ အကြည့်မျက်လုံးချင်း ဆုံမိကြသည်။

နွေးနွေးက ပြုံးပြုံးပြီး ဒေါက်တာအောင်မြင့်စောကို ပြောလိုက်ပါ၏။

"ချိုကတည်းက ယဉ်သကို ဆိုတာမျိုး ဖြစ်နေပြီ ကိုအောင်၊ စစချင်း ဆောက်နဲ့ထွင်းပဲ။ ရန်ကုန်နယ်မြေကို ကျော်လာခဲ့ပြီး မော်တော်ရွာနယ်မြေဝင်တဲ့ ခရီးအစ သင်္ဘောပေါ်မှာပဲ စိတ်ပျက်စရာ အဖြစ်မျိုးတွေ တွေ့ရပြီ။ မော်တောရောက်ရင် ကိုအောင့် အဖို့ အခုထက် အများကြီး စိတ်ဆင်းရဲစရာတွေ စိတ်ပျက်စရာတွေ တွေ့ဦးမှာ"

"TRUE LOVE NEVER RUN SMOOTH လို့ အဆိုရှိထားတာပဲ နွေး။ အချစ်စစ် အချစ်မှန်တို့ရဲ့ သွားရာလမ်းကြောင်းဟာ ချောမွေ့ခြင်း မရှိတာမျိုးတော့ ရှိမှာပေါ့။ ဒီလောက်တော့ ကိုယ် ခံနိုင်ရည် ရှိရမှာပေါ့ ... မဟုတ်ဘူးလား နွေး"

ဒေါက်တာအောင်မြင့်စောက အချစ်စစ် အချစ်မှန်ဆိုသည့်စကား ထည့်ပြောသော်လည်း ယနေ့အထိ နွေးနွေးက အောင်မြင့်စောအား ပြန်ချစ်ပါတယ်ဟု လုံးဝမပြောသေးပေ။ အကယ်တန္တု နွေးနွေး လက်ထပ်မည်ဆိုပါက အိမ်ထောင်ဖက်အဖြစ် ဒေါက်တာအောင်မြင့်စောသည် ရွေးချယ်သင့်သူတစ်ယောက်ဟူ၍ နွေးနွေး မှတ်ယူမိသည်။

သို့တစေ နွေးနွေး ရင်ထဲ နှလုံးထဲကိုက ခုချိန်ထိ



ဒေါက်တာ အောင်မြင့်စော အပေါ် ချစ်စိတ်မဝင်သေးခြင်းက ခက်နေသည်။

နွေးနွေး၏ အချောအလှ အပြေအပြစ်၊ အချိုးကျမှုတို့ကြောင့် နွေးနွေးအား ချဉ်းကပ်ခဲ့သော ယောက်ျားပျိုများသည် တန်းစီပြီး ဖယောင်းဆွဲလျှင် တစ်နှစ်သုံးလေး စသည့် အများကြီး ရှိပါ၏။

အားလုံးအား နွေးနွေးသည် ကန်တော့ဆွမ်းပါဘုရားချည်း လုပ်ခဲ့သည်။

အကြောင်းမူ ...

နွေးနွေး အဖို့ ဆေးတက္ကသိုလ်မှ ပြီးဆုံး၍ ဆရာဝန်ဖြစ်လာသည့်တိုင်အောင် ရန်ကုန်မြို့မှဖြစ်စေ အခြားပြည်တွင်းမြို့နယ်တစ်မြို့မြို့မှာဖြစ်စေ အဘယ်သို့သော အမျိုးသားတစ်ဦးကိုမှ လက်ထပ်၍ မဖြစ်နိုင်ပါလေ။

အကြောင်းမူ ...

နွေးနွေး ဆရာဝန်ဖြစ်သည့် နေ့မှစ၍ မော်တောရွာမှ "မမကြီးဒေါ်ဝန်"ထံသို့ နွေးနွေး အမြန်ဆုံး ပြန်ရမည်သာ ဖြစ်ပါ၏။

မမကြီးဒေါ်ဝန်သည် နွေးနွေး၏ အဘွားအရင်းခေါက်ခေါက် ဖြစ်ပါ၏။

နွေးနွေး ငယ်စဉ်ကာလကပင် မိဘများ ကွယ်လွန်သွားသဖြင့် အဘွား မမကြီး ဒေါ်ဝန်၏ လက်မှာပင် ကြီးပြင်းလာသူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မော်တောရွာတွင် မူလတန်းကျောင်းသာ ရှိသည်။

နွေးနွေး မော်တောမူလတန်းကျောင်းမှ အောင်မြင်သော အချိန်ကစပြီး ကျိုက်ထော်ရွာကြီးတွင် အလယ်တန်းကျောင်းမှာ နေရသည်။ အလယ်တန်းအောင်ပြီး အထက်တန်းကျောင်းတက်ရန် ရန်ကုန်သို့ ရောက်ခဲ့သည်။ ရန်ကုန် အထက်တန်းကျောင်းမှစပြီး ဆေးတက္ကသိုလ်သို့ တက်ရောက်ပြီး ယခု ဆရာဝန်ဖြစ်လာသည်အထိ မေမေကြီးဒေါ်ဝန်သည် မြေးမလေးနွေးနွေး အတွက်ငွေတွေ မြောက်မြားစွာ အကုန်အကျခံပြီး သင်ပေးခဲ့သည်။ ကျောင်းစရိတ် သာမန်ထောက်ပံ့ခြင်းမျိုး မဟုတ်။ နွေးနွေး သုံးချင်ရာ သုံးနိုင်ဖို့ ရန်ကုန်ဘဏ်တွင် ငွေအမြောက်အမြား သိန်းနှင့်ချီပြီး နွေးနွေး ကြိုက်သလို ထုတ်သုံးစေရန် အပ်နှံထားပေးသည်။

ပြီး တစ်လောကလုံးတွင် ဤမြေးမလေးနှင့် ဤအဘွား သံယောဇဉ်သာ ရှိတော့သည်။

မေမေကြီး ဒေါ်ဝန်ကလည်း မြေးမလေး နွေးနွေးအားချစ်လိုက်သည်မှ တအားကြီးချစ်။

မြေးမလေး နွေးနွေးကလည်း မေမေကြီး ဒေါ်ဝန်ကို ချစ်လိုက်သည်မှ တအားကြီးချစ် အပြန်အလှန် ချစ်ကြပါ၏။

ထို့ကြောင့်လည်း နွေးနွေးအဖို့ မေမေကြီး၏ ဆန္ဒသည် မိမိ၏ဆန္ဒဖြစ်ရမည်ဟု သတ်မှတ်ထားပေသည်။

မေမေကြီးသည် တောသူဌေးမကြီး ဖြစ်ပါ၏။

ဖေဖေကြီးဦးဖေ အသက်ရှင်စဉ်ကတည်းက ဖေဖေကြီးနှင့် မေမေကြီးတို့သည် မော်တောရွာတွင် ငွေကြေးအလွန်အမင်းချမ်းသာရုံမက ဖေဖေကြီးက ရွာသူကြီးမို့ ဩဇာတိက္ကမရှိလှပေသည်။



မော်တောရွာနှင့် ပတ်ဝန်းကျင် ကျေးရွာတို့သည် မေမေကြီးတို့ ချမ်းသာလာအောင် အကျိုးပြုသောရွာများ ဖြစ်သည်။ ဥယျာဉ်တွေက အရမ်းသီးသည်။ ဝါးယားဝါးခြံတွေက ဝါးတွေကလည်း ခုတ်မနိုင် ပေါက်မနိုင် ဖြစ်ထွန်းသည်။ မေမေကြီးတွင် ဥယျာဉ်ခြံတွေ၊ ဝါးခြံတွေ တောကြီးတန်းတစ်ဝိုက်တွင် များစွာပိုင်ဆိုင်ထားသည်။ မေမေကြီး၏ နှစ်စဉ်ဝင်ငွေမှာ ထိုခေတ်ထိုအချိန်ပြား၊ ပဲ၊ မှူးမတ်၊ ငါးမူး၊ ကျပ်ပင်လျှင် တန်ဖိုးရှိပေသော ငွေကြေးခေတ်က သိန်းဂဏန်းတွေနှင့်ချီပြီး ဝင်ငွေရှိသည်။

မော်တောရွာကြီးမှစ၍ အခြားရွာငယ်များဖြစ်သည့် ဝါသခ်ရွာ၊ ပုပ္ပားရွာ၊ မန်ဂလိတ်ရွာ၊ မဆယ်ဆိတ်ရွာ စသည့် ရွာများမှ ရွာသူရွာသားများတွင် မေမေကြီးဒေါ်ဝန်၏ အလုပ်သမားတွေ ရှစ်ဆယ်ရာခိုင်နှုန်းလောက် ပါဝင်ကြသည်။

မေမေကြီး ကိုယ်တိုင်ကလည်း သူ့အလုပ်သမားတွေအပေါ်တွင် ကြီးမားစွာသော စေတနာမေတ္တာထားသည်။ ဤအလုပ်သမားတွေကြောင့်ပင် မေမေကြီး ချမ်းသာလာရသည်မို့ သည်အလုပ်သမားတွေအား ထုံးစံနှုန်း တန်ရာတန်ကြေးထက် ပိုမိုပေးရုံမက အလုပ်သမားအားလုံး၏ သာရေး၊ နာရေးတွေကို မေမေကြီးက ကိုယ်တိုင်ကိုယ်ကျ ထောက်ပံ့ကူညီသည်ချည်း ဖြစ်ပါ၏။

တကယ်တော့ ...

www.burmeseclassic.com

www.burmeseclassic.com



မော်တောရွာမှအစ ပတ်ဝန်းကျင်ကျေးရွာတွေသည် ပြောစတမ်းဆိုလျှင် အလွန်ခေါင်သော နေရာကျေးရွာများ ဖြစ်ပါ၏။

မော်တော်ကားလမ်းမရှိ၊ မီးရထားဆိုသည်ကို မြင်တောင်မမြင်ဘူးကြ။ သဘော်ကပ်စရာ မြစ်လည်းမရှိ။ လမ်းပန်းဆက်သွယ်ရေး တအားညံ့ပြီး ခေါင်သော ကျေးရွာဒေသများဖြစ်ကြသည်။

ထိုရွာတွေမှ ကလေးသူငယ်များနှင့် အမျိုးသမီးတောသူတချို့သည် မော်တော်ကား၊ မော်တော်ဆိုင်ကယ်၊ မီးရထား၊ သဘော်တို့ကို မမြင်ဘူးကြပေ။

မော်တောရွာမှအစ သံမဲ့ချောင်းကြီးကိုသာ အားကိုးနေရသည်။ ၎င်းသမဲ့ချောင်းကြီးမှ လှေသမ္ဗန်ဖြင့် တံငါလုပ်ငန်း ဝါးဖောင်လုပ်ငန်းတွေ လုပ်ကြသည်။

ထိုသမဲ့ချောင်းမှထွက်လျှင် ဧရာဝတီမြစ်သို့ ရောက်ပြီး ဒေးဒရဲမြို့၊ ကျိုက်လတ်၊ ဖျာပုံမြို့များသို့ သွားနိုင်သည်။

တောလမ်းခြေကျင်ခရီးဖြင့် လည်းကောင်း၊ လှည်းဖြင့်လည်းကောင်း ကွမ်းခြံကုန်းသို့ သွားနိုင်သည်။

မော်တောရွာနှင့် ငါးမိုင်ခန့်ကွာသော ကျိုက်ထော်မှာမူ ရွာကြီးတစ်ရွာဖြစ်သော်လည်း ဧရာဝတီမြစ်ကမ်းတွင် တည်သောကြောင့် ဒေးဒရဲ၊ ဖျာပုံ၊ ကျိုက်လတ် အစိုးရပိုင် ရေယာဉ်သဘော်များ ဆိုက်ကပ်သည်။

ထိုကြောင့် ကျိုက်လတ်သည် "မြို့"မဟုတ်စေကာ



ခေတ်မီသည်။ အိမ်ကြီးအိမ်ကောင်းများရှိပြီး ကတ္တရာလမ်းတွေ၊ ဘာတွေနှင့် ဖြစ်သည်။ သို့တစေ ကျိုက်ထော်၌လည်း ကိုယ်ပိုင်ကားဖြစ်စေ ... ခရီးသည်တင်ကား ဖြစ်စေ မရှိပေ။

ထို့ကြောင့်ပင် ...

မော်တောအပါအဝင် အနီးဝန်းကျင် ကျေးရွာများ၌ သာရေးကိစ္စ ဆိုပါက အရေးမကြီး၊ အလှူပွဲလုပ်လုပ်၊ မင်္ဂလာပွဲလုပ်လုပ်၊ ရှင်ပြုပွဲလုပ်လုပ် လှေသမ္ဗန်တို့ဖြင့် ဒေးဒရဲမြို့တွင်လည်းကောင်း၊ ကျိုက်ထော်ရွာတွင်လည်းကောင်း သွားရောက်၍ လိုအပ်သော ပစ္စည်းများ ဝယ်လျှင်ရသည်။

သို့သော် ...

အစိက အကျဆုံးမှာ ရွာသူရွာသားတွေ၏ ကျန်းမာရေးပင် ဖြစ်တော့သည်။ ဆေးပေးခန်းမရှိ။ ဆရာဝန်ဝေးလို့ ကျန်းမာရေးမှူးပင် မရှိ။ ရွာတွင် ဗိန္ဒောဆရာတွေသာ ရှိသည်။ ဗိန္ဒောဆရာ ဆိုရာ၌လည်း မြန်မာတိုင်းရင်းဆေးပညာကို သင်ကြားတတ်မြောက်လာသည့် သမားတော်မျိုး မရှိ။ ဖအေလက်ထက်က ဆေးကုခဲ့သည်ကို သားဖြစ်သူက မြင်ဖူး တွေ့ဖူး ကြားဖူးရုံနှင့် ဆေးကုနေသော သူများသာ ရှိသည်။

တောကြီးတန်းဒေသမို့ မြွေကိုက်ပြီဆိုလျှင် အနီးအနားဒေးဒရဲ၊ ကွမ်းခြံကုန်းတို့ကို ပို့လျှင် လမ်းပန်းအခက်အခဲကြောင့် လမ်းမှာပင် မြွေကိုက်ခံရသူ သေဆုံးသည်ချည်း ဖြစ်သည်။

တိုက်ဖွိုက်တို့ နမိုးနီးယားတို့ဖြစ်လည်း သေကြသည်သာ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း မေမေကြီးဒေါ်ဝန်သည် သူအလှူ
သံယောဇဉ်ကြီးလှသော ရွာတွေအားလုံးမှ ရွာသူရွာသားတွေအတွက်
ဆရာဝန် ဆေးခန်း စသည်တို့ လိုချင်သည်။

တစ်ခါက မေမေကြီးသည် ငွေကြေးမြောက်မြားစွာ
အကုန်အကျခံကာ ကျန်းမာရေးမှူးတစ်ဦးအား ကြိုက်ဈေးပေးပြီ
မော်တော မေမေကြီး အိမ်မှာပင် ဆေးခန်းဖွင့်စေသည်။ လိုအပ်
သော ဆေးအားလုံး ဝယ်ပေးသည်။

အဲဒီတုန်းက ရွာသူရွာသားတွေအဖို့ အဆင်ပြေသည်

သို့သော် ...

ကျန်းမာရေးမှူး၏ ဇနီးကရော သားသမီးတွေကရေ
မော်တောတွင် မပျော်။ ပြီး ကလေးတွေ ကျောင်းထားရခြင်းအတွ
လည်း မလွယ်ကူသောကြောင့် (၈)လခန့်လုပ်ပြီး ကျန်းမာရေး
ထွက်ခွာသွားသည်။

မေမေကြီးဒေါ်ဝန် များစွာ စိတ်မကောင်း ဖြစ်ရ
လေ၏။

ယင်းကဲ့သို့သော အခြေအနေတွေကြားမှာပင် မြေ
မလေး နွေးနွေးသည် ဆေးတက္ကသိုလ် တက်ရောက်ခွင့်နှင့် ဆ
တန်းအောင်မြင်သည်။

မေမေကြီး အရမ်းဝမ်းသာပြီး နွေးနွေးကို ဆရာ
ဖြစ်အောင် သင်ကြားစေခဲ့ခြင်းမှာ မော်တောကိုဗဟိုပြုပြီး ကျေး
အားလုံးမှ ရွာသူရွာသားတွေအတွက် ဆေးကုသပေးရန် အဓိ
ရည်မှန်းချက် ဖြစ်သည်။



မော်တောရွာထဲတွင် လူနာခုတင်(၆)လုံးဆန့် ဆေး
ခန်းအကြီးစား၊ ဆေးရုံအငယ်စားလေးကို နွေးနွေး ဖိုင်နယ်ပတ်တုန်း
ဖြေပြီး ဆိုကတည်းက စတင်ဆောက်ထားတော့သည်။ လိုအပ်သော
ဆေးတွေ နွေးနွေး ဝယ်လာစေရန် ဘဏ်တွင် ငွေတွေ ထပ်သွင်း
ပေးထားသည်။

ဤသည်ပင်လျှင် နွေးနွေး ဆရာဝန်ဖြစ်လာခြင်း၏
အဓိကအချက် ဖြစ်ပေတော့သည်။

ထို့ကြောင့်လည်း နွေးနွေးသည် ဆရာဝန် ဖြစ်သည်နှင့်
နှင့် မော်တောတွင် မေမေကြီးဆန္ဒအတိုင်း နေရမည်မို့ အဘယ်
သို့သော မိမိထံ ချဉ်းကပ်လာသမျှ အမျိုးသားတိုင်းကို ငြင်းပယ်
ခဲ့သည်ချည်း ဖြစ်ပါလေ၏။

အဲ ... ဒေါက်တာအောင်မြင့်စောကတော့ နင်လည်း
မရ၊ မောင်းထုတ်လည်းမသွား၊ မာဒင်္ဂဇွဲမျိုးဖြင့် နွေးနွေး နောက်သို့
တကောက်ကောက်လိုက်ခြင်း ပုံစံဖြင့် ယခု နွေးနွေးနှင့် အတူ
မော်တောရွာသို့ လိုက်လာခြင်း ဖြစ်ပါလေ၏။

ဒေါက်တာအောင်မြင့်စော၏ မိဘများသည် ရန်ကုန်
လို မြို့မှာပင် သူဌေးစာရင်းဝင်ဖြစ်ပြီး အောင်မြင့်စောမှာ တစ်ဦး
တည်းသောသား ဖြစ်ပေသည်။

နောက်ဆုံး နွေးနွေးက မဖြစ်နိုင်ကြောင်း၊ သူမ
ဆရာဝန်ဖြစ်လာရေးသည် သူမ၏ ချစ်လှစွာသော မေမေကြီး၏
ဆန္ဒကို ဖြည့်စွမ်းရန် သက်သက်သာ ဖြစ်သည်မို့ နွေးနွေး အနေ

www.burmeseclassic.com

www.burmeseclassic.com



နှင့် မော်တောမှာပင် နေထိုင်ရမည် ဖြစ်ကြောင်းကိုလည်း ဒေါက်တာအောင်မြင့်စောကို ရှင်းပြသည်။

ယခု အောင်မြင့်စောက ဒါဆိုလျှင် မော်တောရွာသို့ သူပါ နွေးနွေးနှင့်အတူ လိုက်ပါမည်။ အခြေအနေကို ကြည့်မည်။ မော်တောမှာပင် နွေးနွေးနှင့်အတူ လက်တွဲပြီး နေနိုင်မည်ဆိုပါက နွေးနွေးက သူ့အား လက်ထပ်ပါမည်လားဟု မေးသည်။

ဒီလောက်အထိ ဖြစ်လာတော့လည်း နွေးနွေးက ဒါဆို မော်တောသို့ လိုက်ကြည့်ပါဟု ဖိတ်ခေါ်လာခဲ့ခြင်း ဖြစ်ပေသည်။

ဘယ့်နှယ် လုပ်မည်လဲ။

နွေးနွေး ကိုယ်တိုင် ယခုအချိန်ထိ ချစ်သူတစ်ဦးမျှ မရှိဖူးခဲ့။

နွေးနွေးသည် ရာသက်ပန် အပျိုကြီးလုပ်မည်ဟုလည်း မရည်ရွယ်။ မေမေကြီး ကွယ်လွန်သွားလျှင် သူမအတွက် တစ်ယောက်တည်း အထီးကျန်အဖြစ် မခံယူလို။

အဘက်ဘက်က မိမိဆန္ဒ၊ မေမေကြီးဆန္ဒနှင့် ကိုက်ညီသော သင့်တင့်လျောက်ပတ်သူ ဆိုလျှင် လက်ထပ်မည်ဟု နွေးနွေး၏ မှတ်ချက် ဆုံးဖြတ်ချက်တွင် ဒေါက်တာအောင်မြင့်စောသည် အသင့်တင့်ဆုံး အလျှောက်ပတ်ဆုံး ဖြစ်နေသည် မဟုတ်ပါလား။

## ၂

ဤပုံစံဖြင့် လိုက်လာသော ဒေါက်တာအောင်မြင့်စောအဖို့ ရန်ကုန်မှ ထွက်ခွာလာပြီး ရန်ကုန်နယ်နိမိတ် လွန်မြောက်သော တွံတေး အရောက်၊ သင်္ဘောအဆိုက်မှာပင် ပထမဆုံး နှစ်လိုဖွယ်ရာ မဟုတ်သည့် အဖြစ်မျိုးကို စတင်တွေ့ကြုံလိုက်ရခြင်း ဖြစ်ပါ၏။

တွံတေးမှ စိတ်ပျက်စရာများနှင့် တွေ့ကြုံပြီး တိမ်ဝါသင်္ဘောကြီး ထွက်ခွာ ဆက်လက်မောင်းနှင်ခဲ့ရာ မွန်းလွဲ(၁)နာရီတွင် ကျိုက်ထော်ဆိပ်ကမ်းသို့ တိမ်ဝါကြီး ဆိုက်ကပ်သည်။

ထုံးစံအတိုင်းပင် ကျိုက်ထော်တွင် နွေးနွေးတို့ ဆင်းရမည်။ ကျိုက်ထော်မှ လူစီးမော်တော်ဘုတ်တစ်စီးငှားပြီး ထိုလူစီးမော်တော်ဖြင့် မော်တောရွာသို့ သမဲ့ချောင်းမှဝင်ကာ သွားရမည်။

www.burmeseclassic.com

www.burmeseclassic.com



ကျိုက်ထော်တွင် ဦးလေးဦးရွှေနိုင်က မော်တော်ဘုတ်ငှားမည်ကို စောင့်ရဦးမည်။

နွေးနွေး၊ အောင်မြင့်စော၊ ဦးရွှေနိုင်တို့ ကျိုက်ထော်ဆိပ်ကမ်းတွင် ဆင်းကြသည်။

"ကဲ ... နွေးနွေး ... နင်နဲ့ မောင်အောင်မြင့်စောတို့ ဟောဒီ ကျိုက်ထော်စားတော်ဆက်မှာပဲ မနက်စာ ထမင်းစားရင်း စောင့်နေကြ။ ငါ မော်တော် သွားငှားလိုက်မယ်"

"ကြည့် ... ဦးလေးရွှေနိုင်က လုပ်လိုက်ရင် ဒီလိုချည်းပဲ။ နွေးကို ကြိုဖို့ ရန်ကုန်ကို ဦးလေး လာကတည်းက ကျိုက်ထော်မှာ မော်တော်ကို စရန်ငွေပေးပြီး ငှားထားခဲ့ရင်ပြီးရော၊ အခုလိုက်ငှားလို့ မော်တောရှာ ဆိုရင် မလိုက်နိုင်ပါဘူးဆိုပြီး ငှားလို့မရရင် ဘယ့်နှယ့်လုပ်မလဲ ... မော်တောဘက်ဆိုရင် သိပ်လိုက်ချင်တာမှ မဟုတ်တာ"

"ရတယ် နွေး... စိတ်ချ။ ငါ ရအောင်ငှားခဲ့မယ်။ လောကကြီးမှာ ကြိုက်ဈေးပေးရင် ရတာချည်းပဲ။ စိတ်ပူမနေနဲ့။ ငါက ကျိုက်ထော်မှာ ကြိုတင်မော်တော်ငှားသွားမယ်လို့ နင့်မေမေကြီးကို ငါ ပြောပါသေးတယ်။ ကြီးတော်က ငါ ပြောတာ လက်မခံဘူး။ ရန်ကုန်ရောက်ပြီး နွေးနွေးက ချက်ချင်းမလိုက်နိုင်သေးဘူးဆိုပြီး နေ့ရွှေ့ရင် မော်တော်စရံပေးထားတာ ဆုံးမှာတဲ့။ နောက်ပြီး နင့်ကို တိမ်ဝါသဘော်နဲ့ ခေါ်ခဲ့ရင် ပထမတန်း လက်မှတ်ရအောင် ဝယ်ပြီးမှ ခေါ်တဲ့။ မရရင် ရတဲ့နေ့အထိ စောင့်တဲ့။ ငါ့မြေးလေး ကုန်းပတ်ခရီးသည်စီးက လိုက်လာရင် ပင်ပန်းမယ်တဲ့။ စိတ်လည်းညစ်မယ်တဲ့။ ဒါကြောင့် ကြီးတော်ရဲ့ အမိန့်အတိုင်း ငါလုပ်တာ။ အခုလည်း စိတ်ချ၊ မရမရှိစေရဘူး၊ စက်ကောင်း အင်ဂျင်ကောင်း လေလုံမိုးလုံ ကောင်းပေ့ဆိုတဲ့ မော်တော် ငါ ငှားလာခဲ့မယ်"

ကျိုက်ထော်စားတော်ဆက်၏ စားပွဲလွတ်တစ်လုံးမှာ ပင် နွေးနှင့် ဒေါက်တာအောင်မြင့်စောတို့ နေရာယူ စားသောက်ရင်း ဦးလေးရွှေနိုင် အပြန်ကို စောင့်ကြသည်။

မှာထားသော ထမင်းပွဲ ဟင်းပွဲတွေ ချနေသည်ကို စောင့်ရင်း အောင်မြင့်စောက ပြောလိုက်သည်။

"ဦးလေးရွှေနိုင်က နွေးကို သိပ်ဂရုစိုက်တာပဲနော်၊ နွေးရဲ့ မေမေကြီးကိုလည်း ကြီးတော် ... ကြီးတော်နဲ့ သိပ်လေးစားပုံရတယ်"

"အဲဒီ သံယောဇဉ်တွေပဲပေါ့ ကိုအောင် ... မေမေကြီးက ဦးလေးရွှေနိုင်လို ရွာသူရွာသားတွေ အပေါ်မှာ အားလုံး သံယောဇဉ်တွေချည်းပဲ။ ရွာသူရွာသားတွေကလည်း မေမေကြီးကို အမြဲတမ်း ချစ်ကြောက်ရိုသေပဲ။ မေမေကြီးကလည်း ရွာသူရွာသားတွေ အပေါ်မှာ သူ့သား၊ သူ့သမီး၊ သူ့မြေးတွေလို မေတ္တာစေတနာ ထားတယ်။ သူတို့ရဲ့ သာရေးနာရေးတွေကိုလည်း မလစ်ဟင်းဘဲ ဂရုစိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် ... နွေး ပြောသလောက်ဆိုရင် မော်တောမှာ ဖွင့်မယ်ဆိုတဲ့ ဆေးခန်းဟာ အတွင်းလူနာတောင် လက်ခံ ကုသပေးမယ်ဆိုတော့ ဆေးရုံအသေးစားလေးလောက် ရှိနေပြီ။ နေ့စဉ် ဆေးဖိုးတွေက မနည်းဘူး။ ဆေးဆိုလည်း ထိုးဆေး၊ သောက်ဆေး၊ လိမ်းဆေး စုံအောင် ထားရမှာ။ နှစ်ရှည်လများဆိုရင် အဲဒီ ဆေးခန်းကြီးရဲ့ ကုန်ကျစရိတ်တွေကို ခံနိုင်ပါ့မလား နွေး"

"နွေးတို့မှာ ဒီအဘွား ဒီမြေး နှစ်ယောက်ပဲ ရှိကြတာပဲ။ နွေး အဖို့ကလည်း ကိုယ့်ပညာနဲ့ကိုယ် ရာသက်ပန် လုပ်စားနိုင်ပြီ။ မေမေကြီး နှစ်ပေါင်းများစွာ စုဆောင်းထားခဲ့တဲ့ ငွေတွေကလည်း သိန်းပေါင်းအများကြီး ရှိနေတာ။ ပြီးတော့ နှစ်စဉ်လည်း ဥယျာဉ်ခြံမြေနဲ့ ဝါးပင်တွေက ဝင်ငွေအမြဲကောင်းနေတာ။ ပြီးတော့ မေမေကြီးက သူဖွင့်တဲ့ ဆေးခန်းမှာ အလှူခံပုံး ထားမယ်တဲ့။ စေတနာရှိသလောက် လှူကြပလေ့စေတဲ့။ ဒီ့အရင် နွေး ဆရာဝန်မဖြစ်ခင်ကလည်း မေမေကြီးက ကျန်းမာရေးမှူးငှားပြီး ဆေးခန်းဖွင့်ပေးသေးတယ်။ ဒါပေမယ့် မော်တောလိုရွာမှာ ကျန်းမာရေးမှူးက ကြာကြာမနေနိုင်လို့ ပြန်ထွက်သွားတယ်။ အဲဒီ ဆေးခန်း ငွေကြေးကုန်ကျစရိတ်က အခက်အခဲ မရှိပါဘူး။ ခက်နေတာ တစ်ခုတော့ရှိတယ် ကိုအောင်"

"ဘာတစ်ခု ခက်နေတာလဲ နွေး"



"နွေးတို့ မော်တောရွာမှာရော၊ အနီးပတ်ဝန်းကျင် ရွာတွေမှာရော၊ တောခေါင်ခေါင်ရွာတွေဖြစ်နေတော့ ရဲစခန်းမရှိဘူး၊ စစ်တပ်မရှိဘူး၊ ဒီတော့ လက်နက်ကိုင်သောင်းကျန်းသူတွေ ဝင်လိုက်ထွက်လိုက် ဖြစ်နေတာပေါ့ ကိုအောင်"

အောင်မြင့်စောသည် နွေး မမြင်အောင် သက်ပြင်းလေးတစ်ချက် ချလိုက်သည်။

ထိုစဉ်မှာပင် စားပွဲတွင် မှာထားသော ဟင်းလျာ အစုံရောက်လာပြီမို့ စားကြသည်။

ဒေါက်တာအောင်မြင့်စောက မြန်မာထမင်းဟင်း သိပ်မကြိုက်၊ သိပ်မစားတတ်သဖြင့် ကြက်သားနှင့် တရုတ်ထမင်းကြော် တစ်ခွက် ထပ်မှာသည်။

"နွေးက မြန်မာဟင်းလျာတွေကို နှစ်သက်တယ်နော်"

"နွေး တရုတ်စာ၊ ကုလားစာနဲ့ အနောက်တိုင်း နိုင်ငံခြား အစားအစာတွေ မကြိုက်လှဘူး ကိုအောင်။ မော်တောရွာမှာ အဲဒီလို ထမင်းဆိုင်မျိုးတွေ ရှိတာမှ မဟုတ်တာ။ ငယ်ငယ်လေးတည်းက ရွာမှာ ဟင်းလျာမပေါ်တဲ့နေ့ဆိုရင် တို့စရာ ငါးပိရည်ဖျော်၊ ငါးခြောက်ဖုတ် စတဲ့ဟာတွေနဲ့ စားမြိန်လိုက်တာပဲ။ အဲဒါ ငယ်ငယ်တည်းက အကျင့်ပါနေလို့ ခုချိန်ထိ မြန်မာဟင်းပဲ ကြိုက်တယ်။ အဆောင်မှာ နေတုန်းကဆိုရင် တောက မေမေကြီး လူကြုံနဲ့ပို့လိုက်တဲ့ ငါးပိထောင်းတို့၊ ငါးပိကြော်တို့ ရောက်လာတဲ့နေ့ဟာ နွေးအတွက် ထီပေါက်တဲ့နေ့ပဲ" ။

www.burmeseclassic.com

www.burmeseclassic.com



"မော်တောမှာ ဟင်းလျာမပေါ်တဲ့နေ့ ဆိုတာ ဘာကို ပြောတာလဲ နွေး"

"မော်တောရွာမှာ ဦးတောဂါး ဆိုတဲ့ တရုတ်ကြီး ရှိတယ်။ ဝက်မွေးတယ်၊ ဝက်သားကို နေ့တိုင်း သူက မပေါ်ဘူး၊ သူ့မှာ ငွေလိုပြီ၊ ဖဲရှုံးပြီဆိုမှ ဝက်ပေါ်တယ်"

"ဝက်ပေါ်တယ် ဆိုတဲ့ စကားကကော"

"ဝက်ကိုသတ်ပြီး ဝက်သားရောင်းတာကို မော်တောစကားနဲ့ပြောရင် ဝက်ပေါ်တယ်လို့ ပြောကြတာပါ။ ဒါပေမယ့် ဝက်မပေါ်တဲ့ နေ့တွေမှာဆိုလည်း ရွာအနောက်ပိုင်းက လူတွေက တံငါအလုပ်လုပ်တော့ ငါးပုစွန်တော့ ရပါတယ်၊ အဲဒီတော့လည်း ငါးဟင်း ပုစွန်ဟင်း ချက်စားတာပေါ့။ ငါးပုစွန်လည်း မရတဲ့နေ့၊ ဝက်လည်း မပေါ်တဲ့ နေ့မျိုးကျတော့ ငါးခြောက်ဖုတ်၊ ငါးခြောက်ဟင်း။ အမဲခြောက်ဟင်း၊ အမဲခြောက်ဖုတ်၊ ကန်စွန်းရွက်ကြော်၊ ချဉ်ပေါင်ကြော်၊ ငါးပိရည်ဖျော် တို့စရာနဲ့ စားလို့ရတာပဲ၊ ဒီတော့ နွေးက မော်တောသူဆိုတော့ မြန်မာ ထမင်းဟင်း ငါးပိရည် တို့စရာတို့ကို နှစ်သက်ခဲ့တယ်လေ"

အောင်မြင့်စောထံမှ တုံ့ပြန်ပြောဆိုသောစကား ထွက်မလာပေ။

ရန်ကုန်မြို့တွင် အိမ်ထမင်း အိမ်ဟင်းကိုပင် နေ့စဉ်သိပ်မစားဖြစ်ဘဲ၊ ဟိုတယ်မျိုးစုံတွင် စားနေကျဖြစ်သော အောင်



မြင့်စောအဖို့ မော်တောရွာတွင် အစားဆင်းရဲမည်ကို ကြိုတင်ခန့်မှန်းပြီး ဆိတ်ဆိတ်ပင် နေလိုက်ပါ၏။

"ကိုယ်ကြားဖူးတာတော့ တောရွာတွေမှာ ကြက်၊ ဘဲ မွေးသူတွေ ရှိတတ်ကြတယ်လို့လေ။ ကြက်၊ ဘဲဝယ်ပြီး ကြက်ကြော်တို့ ရို့(စ်)တို့ စားရင်လည်း ရမှာပါနော်"

"ရှိပါတယ် ကိုအောင်... ရွာရဲ့ ကုန်းပေါ်ပိုင်းမှာ ကြက်တွေမွေးကြတယ်။ ရွာရဲ့ ကမ်းနားပိုင်းမှာ ဘဲတွေ မွေးတာရှိသားပဲ။ သွားဝယ်ရင် အကောင်ကို ချက်ချင်းသတ်ပြီး ပေးလိုက်တယ်။ အဲဒါကို မမကြီးက မနှစ်သက်ဘူး၊ ကိုယ့်အစားတစ်လုတ်အတွက်ကြောင့် သူများ အသက်သေရတာကို မလိုလားဘူးလေ၊ နောက်ပြီး ဈေးထဲမှာ ရောင်းသလို အမွေးနုတ်ပြီးသား အရေခွံခွာပြီးသားမှ မရဝ ၁။ သူ သတ်ပေးတာကို ယူလာပြီး အိမ်ကျမှ ရေနွေးဖျောအမွေးနုတ်တွေ လုပ်တာဆိုတော့ ဝယ်မစားဖြစ်ဘူးပေါ့။ မမကြီးက ပဲ့သကူသားကိုသာ စားတာ"

စားပွဲထိုးလေး ထမင်းကြော် လာချပေးသည်။

နွေးနှင့် အောင်မြင့်စောတို့ စားသောက်နေကြပါသည်။

စား၍အပြီးလောက်မှာပင် ဦးလေးရွှေနိုင် ပြန်ရောက်လာသည်။

"ဦးကျော်မြ မော်တော်ကို ငှားခဲ့တယ် နွေး။ မော်တော်က

www.burmeseclassic.com

www.burmeseclassic.com



ကောင်းတော့ ဈေးလည်းများတယ်။ ကဲ ... နွေးနဲ့ မောင်အောင်မြင့်စောတို့ မော်တော်ပေါ်မှာ ဆင်းနေကြ။ ဆိပ်ကမ်းမှာ ကိုယ်ထည်အဖြူ အမိုးအစိမ်းနဲ့ "မေခလာ"လို့ ရေးထားတဲ့ မော်တော်ပဲ။ ငါ့ နွေးနဲ့ မောင့်အောင်မြင့်စောရဲ့ ပစ္စည်းတွေ မော်တော်ပေါ်ချဖို့ စီစဉ်လိုက်ဦးမယ်"

နာရီဝက်အတွင်းမှာပင် နွေး၏ ဆေးမျိုးစုံသေတ္တာ၊ အဝတ်အစားသေတ္တာ၊ ဆွဲခြင်းများနှင့် ဒေါက်တာအောင်မြင့်စော၏ အဝတ်သေတ္တာ စသည်တို့အားလုံး မော်တော်ထဲချပြီးနောက် ကျိုက်ထော်ဆိပ်ကမ်းမှာ ထွက်ခွာခဲ့သည်။

ဦးလေးရွှေနိုင်က မော်တော်ဦးပိုင်း မောင်းသူ ဦးကျော်မြ အနီးတွင်ထိုင်ပြီး နွေးနှင့် ဒေါက်တာအောင်မြင့်စောက မော်တော်၏ ငါးပိုင်း သင်ဖျူးဖျာချော ခင်းထားသည့် နေရာတွင် ထိုင်ကြသည်။

အောင်မြင့်စောမှာ မမြင်ဘူးသော ဝဲယာမြင်ကွင်းသစ်များကို ငေးကြည့်သည်။ တစ်ခါမှ မစီးဘူးသော မော်တော်ကို စီးရသည်ကလည်း အသစ်အဆန်း ဖြစ်နေသည်။

ရေကြောမှာ ကမ်းနားဘက်ရေကြော ဖြစ်သောကြောင့် ကမ်းနှင့် သိပ်မကွာဘဲ မောင်းနှင်လာခဲ့သည်။

မောင်းရင်းပင် ကျိုက်ထော်နှင့် နှစ်မိုင်ခန့်သို့အရောက် ကမ်းနားကိုင်းတောထဲမှ လူတစ်ယောက် ထွက်လာပြီး မော်တော်ကို လက်ပြလက်ယပ်ခေါ်သည်ကို တွေ့ရတော့သည်။



"ဗျို့ ... မော်တော် ... ခဏ ကမ်းကပ်ဗျာ ... ကျုပ် လိုက်ချင်လို့"

လူတစ်ယောက်က လှမ်းခေါ်မှန်းတော့ တွေ့မြင်ရသည်။ သို့သော် ကိုင်းပင်တချို့ ကွယ်နေ၍ ထိုလူကို ပီပီပြင်ပြင်ကြီးတော့ မမြင်ရပေ။

မောင်းသူ ဦးကျော်မြက ငှားသူ ဦးလေးရွှေနိုင်ကို မေးလိုက်သည်။

"ဘယ်လိုလဲ ကိုရွှေနိုင် ... ကမ်းကပ်ပေးရမှာလား။ ဟိုမှာ လူတစ်ယောက်က လမ်းကြုံလိုက်ချင်လို့တဲ့"

"မကပ်ပေးနဲ့ဗျာ ... လူဆိုးမှန်းမသိ လူကောင်းမှန်း မသိနဲ့"

ဦးရွှေနိုင် ပြောသည်မို့ ဦးကျော်မြက မော်တော်ဦးကို ကမ်းဘက်သို့ မတည်ဘဲ ရှေ့သို့ ဦးတည်လျက် မောင်းသည်။

"ဒိုင်း"

သေနတ်သံတစ်ချက် ထိုလူဆီမှ မိုးပေါ်ထောင်ပစ်ဖောက်သံ ထွက်လာပြီး ထိုလူ၏ အက်၍ အောင်၍ ဩသော အသံဖြင့် ဆက်ပြောသည်ကို အတိုင်းသား ကြားရပါ၏။

"ဟေ့လူတွေ ... မော်တော် ကျုပ်ဆီကပ်မပေးရင် မော်တော်ကို သေနတ်နဲ့ပစ်ပြီး ဗိုက်ဖောက်ပစ်လိုက်မယ် ... ကပ်မလား ... မကပ်ပေးဘူးလား ... ဒါပဲ"

"ကပ်ပေးမယ် ... မပစ်လိုက်ပါနဲ့ ... ကပ်ပါမယ်"

ဦးကျော်မြသည် ဖျာဖျာသလဲကြီး အသံကုန်ဟစ်အော်ကာ ပြန်ပြောလိုက်ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ကိုရွှေနိုင် ... ခင်ဗျားဆီက မော်တော်ငှားခ မရရင်နေပလေ့စေ၊ ကျုပ်မော်တော်ကိုတော့ မိုက်အပေါက်မခံနိုင်ဘူး"

ပြောပြောဆိုဆိုပင် ဦးကျော်မြသည် မော်တော်ဦးကိုကမ်းဘက် ဦးတည်ကာ မောင်းတော့သည်။

ကမ်းမြေကိုပင် မရောက်မီ တစ်လံလောက်အကွာတွင် ကမ်းပေါ်မှ ထိုလူသည် လွှားခနဲ အင်မတန်ကြည့်ကောင်းစွာ မော်တော်ပေါ်သို့ ခုန်တက်လိုက်သည်။ မော်တော်ဦးပိုင်းပေါ် ရောက်သည်နှင့် ခြေကားပြီးရပ်ခါ ဦးကျော်မြအား ဆက်မောင်းဟု လက်ရိုပ်ပြလိုက်သည်။

မော်တော်ဦးပိုင်းပေါ် ရောက်ပြီး ခြေကား၍ အတွင်းသို့ မျက်နှာပြု ရပ်လိုက်သည်ကို မြင်ရမှ ဦးရွှေနိုင်၊ အောင်မြင့်ဇော်နှင့် နွေးနွေးတို့သည် ဟင်ခနဲ ... ဟာခနဲ ဖြစ်သွားတော့သည်။

အကြောင်းမူ ...

မော်တော်ပေါ်သို့ ခုန်တက်လိုက်သူသည် ဖျဉ်ကြမ်းအင်္ကျီ၊ မျက်နှာတွင် ပါးမြိုင်းမွေးတွေနှင့် ချည်လုံချည်တိုတို ဝတ်ထားသည့် တိမ်ဝါသဘော်ာ တွဲဘေးဆိပ်ကမ်း အဆိုက်တွင် တွေ့ခဲ့ရသော "သူ" ကိုလူထွားကြီး ဖြစ်နေသောကြောင့်ပါတည်း။

"ဟာ ... ဆရာနေမင်း ပါလား"

ဦးလေးရွှေနိုင်က အာမေဋိတ်သံကြီးနှင့် လွှတ်ခနဲ အော်ပြောလိုက်ပြီးမှ "သူ" နာမည်အား သွားခေါ်မိပြန်ပြီ ပြဿနာပဲဟု သတိရကာ ပါးစပ်ကို လက်ဝါးဖြင့် အုပ်ထားလိုက်မိသည်။



"သူ"လက်ထဲတွင် သေနတ်ကြီးတွဲလောင်း ကိုင်ထားဆဲ ဖြစ်ပါ၏။ ဒါကိုပင် ဦးလေးရွှေနိုင် လန့်သွားပြီး ပါးစပ်ကို လက်ဝါးအုပ်ထားမိခြင်း ဖြစ်တော့သည်။

"သူ" လူထွားကြီးသည် ပါးစပ် လက်ဝါးပိတ်ထားပြီး သူ့ကို မျက်စိသူငယ်နှင့် ကြည့်နေသော ဦးရွှေနိုင်ကို ကြည့်ကာ ပြုံးလိုက်သည်။

သူ့အပြုံးတွင် ပါးမြိုင်းမွေးအနက်တွေကြားမှ ပန်းနုရောင်ထွက်ထဲသော နှုတ်ခမ်းစုံနှင့် ပုလဲဖြူ အစီအရီ သွားများ ပေါ်လာပေသည်။

"ဟုတ်ရဲ့လား ဦးလေးကြီး ... ကျုပ်ဟာ နေမင်း ဟုတ်ရဲ့လား။ တော်ကြာ လူမှားနေဦးမယ်နော် ... သေချာကြည့်ပြီးမှပြော"

"ဪ ... ဪ ... ဟုတ်ပါရဲ့ ... ဦးလေး လူမှားသွားတာပါ။ မောင်ရင်ဟာ ဆရာနေမင်း မဟုတ်ပါဘူး"

"ဘာလို့မဟုတ်ရမှာလဲ ... ကျုပ်ဟာ နေမင်းမှ နေမင်းအစစ်"

"ဟင် ... ဒါဆို တိမ်ဝါသဘော်ာပေါ်မှာတုန်းကတော့ ..."

"အဲဒါ ဟုတ်တယ်လေ။ ကျုပ်ဟာ နေမင်း မှန်ပါတယ်လို့ ခရီးသည် လူတစ်ရာ ဝါးတစ်ရာရှေ့မှာ ဘယ်လိုလုပ် ဝန်ခံရဲမှာလဲ။ အဲဒီလူမျိုးစုံထဲမှာ ရဲအဖွဲ့ဝင်တွေ ပါနိုင်တယ်။ အရပ်ဝတ်နဲ့ စစ်ဘက်ကလူတွေ ပါနိုင်တယ်၊ ကျုပ်သောင်းကျန်းသူ နေမင်းမှန်း သိသွားတာနဲ့ ကွိခနဲဖမ်းနိုင်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ရဲဘက် စခန်းက လူတွေ ကျုပ်ကို မမြင်ဘူးဆောင်
နေမင်းဆိုတာ တောတွင်းသောင်းကျန်းသူ တစ်ယောက်ရဲ့
နာမည်မှန်း သိထားနိုင်တယ်။ ဒါထက် ဦးလေးကြီးက
ကျုပ်ကို သိနေတာဟာ ဦးလေးကြီး ဘယ်ရွာမှာနေတာမို့
လဲ”

“မော်တောရွာကပါ။ ဦးလေးက မော်တောမှာ ဥယျာဉ်
အလုပ်သမားလည်း လုပ်တယ် ... အားရင် အိမ်မှာ ဆံပင်
ညှပ်ဆိုင် ဖွင့်ညှပ်တယ်။ ဆရာနေမင်း ကျုပ်ဆီမှာ ဆံပင်
လာညှပ်ဖူးလို့ ကျုပ် မှတ်မိတာပါ”

“ဩ ... ဩ ... ဒါဆို ဟုတ်မှာပေါ့၊ ကျုပ်က ကြုံတဲ့ရွာ
မှာ ဆံပင်ညှပ်သမားရှိရင် ဝင်ညှပ်လိုက်တာပဲ။ ဘယ်ရွာမှာ
ဘယ်သူ့ဆီမှာ ညှပ်တယ်ဆိုတာ အမှတ်သညာ မထားတတ်
ဘူး။ ကျုပ်အကျင့်ကိုက ကျုပ် လိုချင်တာရပြီးရင် မေ့ပစ်
လိုက်တာပဲ။ ဒီတော့ ဦးလေးကြီးကိုလည်း ကျုပ်ဘယ်မှတ်
မိမလဲ”

ပြောပြောဆိုဆို သူ ... နေမင်း ဆိုသူသည် ဦးပိုင်
မှ အတွင်းသို့ ဆက်လျှောက်လာကာ မော်တော်အတွင်းသို့ ခ
ကိုင်းပြီး ငုံ့ကြည့်သည်။

နွေးနွေးကိုရော အောင်မြင့်စောကိုရော သူ တွေ့သွာ
ပါ၏။ သို့သော် ဘာမှမပြောဘဲ မော်တော်ထဲအထိ ဝင်ရောက်လာ
ကာ နွေးနွေးတို့နှင့် မနီးမဝေးတွင် ခြေဆင်းကျောမှီ ထိုင်လိုက်
သည်။



“အင်း ... ခင်ဗျားတို့ နှစ်ယောက်လည်း မော်တော်နဲ့
ပါလာကြပေသကိုး”

နွေးနွေးနှင့် အောင်မြင့်စောက ဘာမှ ပြန်မပြောဘဲ
ဆိတ်ဆိတ်ပင် နေလိုက်ပါ၏။

မှန်တာပြောရလျှင် နွေးနွေးသည် သူ့အား အဖက်
မလုပ်ချင်၊ တိမ်ဝါသင်္ဘောပေါ်မှာတုန်းကလည်း သူသည် ခပ်ကြမ်း
ကြမ်းလေး လုပ်သွားခဲ့သည်။

ယခုလည်း မော်တော်ကို နိုင်ထက်စီးနင်း သေနတ်
ဖောက် အကြမ်းဖက်ပြီး ကမ်းကပ်စေကာ လိုက်ပါလာသည်။

သူ့လို လူကြမ်းမျိုး နွေး မဆက်ဆံလို။

အောင်မြင့်စောကတော့ လိုက်လာသည့် ညှော်သည်မို့
နွေးနွေး အရိပ်အခြေကိုကြည့်ပြီး ဆက်ဆံရမည်ဟု ယူမှတ်သည်။

သို့တစေ အောင်မြင့်စောသည် သူ့အကြောင်းကို
မတွေးဘဲ မနေနိုင်ပါလေ။

တိမ်ဝါသင်္ဘောကြီးပေါ်တွင် ခရီးသည် လူအများရှေ့
တွင် လမ်းသရဲလေး သုံးကောင်ကို ဖမ်းစဉ်က သူ့အိတ်ထဲမှ အိုင်
ဒင်တီကတ်ပြားကို အများရှေ့၌ ထုတ်ပြသည်။ ပစ္စတိုသေနတ်
လည်း ကိုင်သည်။

ထိုစဉ်က သူသည် ရဲစုံထောက်လား၊ စစ်စုံထောက်
လားဟု အောင်မြင့်စော ထင်မြင်ခဲ့သည်။

“သူ” နေမင်းသည် ခြေပစ်လက်ပစ် မော်တော်၏
ဆောင်ကို ကျောမှီပြီး မျက်နှာကို အပေါ်မော့ထားကာ မျက်စိကို

www.burmeseclassic.com

www.burmeseclassic.com



ရုံမှိတ်ထားသည်။ သူ့ကို ကြည့်ရသည်မှာ အင်မတန် ပင်ပန်းနွမ်းနယ်နေပုံ ရသည်။

အောင်မြင့်စောသည် ခံတွင်းချဉ်လာသဖြင့် သူ့အိတ်ထဲမှ ငါးသုံးလုံး စီးကရက်ဘူးကိုထုတ်ယူကာ အဖုံးတန်ပြီး လှပသော ဂက်(စ်)မီးခြစ်ဖြင့် တစ်လိပ်မီးညှိ ရှူဖွာပြီး မီးခိုးများ မှုတ်ထုတ်လိုက်သည်။

စီးကရက်ငွေ့များ သူ့ဆီသို့ ပျံ့လွင့်သွားသည်။

"အား ... စီးကရက်နံ့ပါလား"

ပြောရင်း မျက်လုံးစုံကိုဖွင့်ကာ စီးကရက်သောက်နေသော အောင်မြင့်စောကို လှမ်းကြည့်သည်။

"ကျုပ်ကို စီးကရက်ပေးသောက်ဗျာ။ စီးကရက်ကောင်းကောင်း မသောက်ရတာ ကြာလှပြီ။ ကျုပ်လည်း စီးကရက်ကြိုက်တဲ့သူပဲ။ ဒါပေမယ့် ဒီတောထဲမှာ ပွတ်ချွန်းတောင် အနိုင်နိုင် သောက်ရတယ်လေဗျာ"

ပွတ်ချွန်း ဆိုသည်မှာ ရရာစက္ကူနှင့် ကွမ်းယာဆေးစသည့် ဆေးကြီးရွက်ကို စက္ကူထဲတွင် ပတ်လိပ်ခါ မီးညှိရှူဖွာသောက်ရသည့် ဆေးလိပ်တစ်မျိုး ဖြစ်ပါ၏။

အောင်မြင့်စောက စီးကရက်ဘူးနှင့် ဂက်(စ်)မီးခြစ်ကို သူ့ဆီသို့ ဖျာပေါ်လျှောပြီး ပေးပို့လိုက်သည်။

သူက လျှောခနဲ ရောက်လာသည့် စီးကရက်ဘူးနှင့် ဂက်(စ်)မီးခြစ်ကို အရှိန်ဖြင့် လက်ဝါးအုပ်ပြီး ဖမ်းယူလိုက်သည်။

စီးကရက်ဘူးကို သေချာကြည့်သည်။



ဂက်(စ်)မီးခြစ်ကို သေချာကြည့်သည်။

"ဖိုက် ... ဖိုက် ... ဖိုက် စီးကရက်ပါလား၊ ကောင်းတာတော့ သိပ်ကောင်းတယ် ... ဈေးကလည်း ကြီးလွန်းတယ်၊ ကျုပ်ဝယ်မသောက်နိုင်ပါဘူး ... ကျုပ်အကျင့်ကိုက စီးကရက်ကို ဝယ်မသောက်ဘူး၊ မီးခြစ်လည်း မဆောင်ထားဘူး။ ဒီလိုပဲ ကြုံတဲ့လူဆီက တောင်းသောက်တာပဲ"

ဘူးထဲမှ စီးကရက်တစ်လိပ် ထုတ်ယူပြီး ဂက်(စ်)မီးခြစ်ဖြင့် ခြစ်ခါ မီးညှိပြီး အားရပါးရ ရှူဖွာရင်း ဂက်(စ်)မီးခြစ်လေးကို သူ့လက်ချောင်းများထဲတွင် သေချာ အမြီးပြန် ခေါင်းပြန် လှည့်ပတ်ကြည့်ပေသည်။

"သိပ်ကိုလှပြီး သိပ်ကိုကောင်းတဲ့ ဂက်(စ်)မီးခြစ်ပဲ။ ဂက်(စ်) တစ်ခါထည့်ရင် ဘယ်လောက်ကြာတဲ့အထိ ခံသလဲဗျာ"

"ဒါကတော့ သုံးတဲ့လူအပေါ်မှာ မူတည်တာပေါ့။ ဆေးပေါ့လိပ်တို့ ဆေးတံတို့ ဆေးပြင်းလိပ်တို့ကိုသာ မီးညှိမယ်ဆိုရင်တော့ ဘယ်လောက်ကြာကြာခံမလဲ မသိဘူး၊ စီးကရက် သက်သက်သာညှိရင်တော့ တစ်လကျော်ခံတယ်"

သူက အောင်မြင့်စော ရှင်းပြသည်ကို ဦးခေါင်းညိတ်သည်။ နားထောင်သည်။

"သူ့"ကို ကြည့်ရသည်မှာ အရာရာတွင် သွေးအေးလွန်းပါ၏။ တိမ်ဝါသဘောပေါ်တုန်းကလည်း သွေးအေးအေးဖြင့်ပင် လမ်းဘေးရှိသုံးကောင်ကို အနိုင်ယူသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ခင်ဗျားရဲ့ လူတန်းစားက တော်တော်ကြီးပြီး တော်တော်မြင့်တာပဲ။ ငါးသုံးလုံး စီးကရက်ဘူးကို အိပ်ထဲ ထည့်ပြီး အဖိုးတန် ဂက်(စ်)လိုက်တာကို သုံးတယ်ဆိုတော့ တော်တော် ငွေကြေးချမ်းသာတယ်လို့ အဖြေထွက်တာပေါ့ လေ"

သူပြောလိုက်သည့် ဖိုက်,ဖိုက်,ဖိုက် ဆိုသည့် အင်္ဂလိပ်စကား အသံထွက်ရော၊ ယခု ဂက်(စ်)လိုက်တာဟု ပြောလိုက်သော အင်္ဂလိပ်လို အသံထွက်ရော တန်းမြင့်အင်္ဂလိပ်စကားပြောသံ ဖြစ်နေသည်ကို ထောက်ချင့်လျှင် သူသည် အင်္ဂလိပ်စာနှင့် အင်္ဂလိပ်စကားကို အဆင့်မြင့် တတ်ကျွမ်းထားသည်ဟု တွက်ဆ နိုင်သည်။

ခေတ်ကာလအလျောက် လူငယ်တော်တော်များများ ထမင်းစားရေသောက် အင်္ဂလိပ်လို ပြောတတ်သော်လည်း အင်္ဂလိပ် စကား၏ တုံးနှင်အက်ဆင့်ခေါ် အသံထွက်နှင့် လေယူလေသိမ်း အသံအလား အသိုတို့မှာ ယေဘုယျအားဖြင့် ဌာန်ကရိုဏ်းကျခြင်း ည်းပါးကြပေသည်။

သူသည် ဖျဉ်ကြမ်းအကျႌ အပေါ်စားကို အောက်မှ ရှပ်အကျႌပင် မခံဘဲ ဗွပ်ကျယ်ဖြင့် ဝတ်ထားသည်။ ချည်လုံချည် ကို ဒူးဆစ်အောက် တိုတိုဝတ်ထားသည်။ လမ်းဘေးချရောင်းသော အပေါ်စား သားရေဖိနပ် စီးထားသည်။ ဆံပင်တွေရှည်၊ ဗါးမြိုင်း မွေးတွေရှည်နှင့် တကယ့် တောသားပုံစံမျိုး ရှိသည်။



ထိုကြားထဲကပင် အင်္ဂလိပ်စကားသံကို ဌာန်ကရိုဏ်း ကျအောင် ပြောသည်ကို နွေးနွေးရော အောင်မြင့်စောရော သတိ ထားမိကြပါ၏။

"ခင်ဗျားက ရုပ်တော်တော်သန့်တယ်။ ဝတ်စားထားပုံက လည်း ရန်ကုန်မြို့ကြီးသားမှန်း သိသာတယ်။ ငွေကြေးချမ်း သာမှန်းလည်း သိသာတယ်။ ရန်ကုန်ကနေပြီး ဒီသင်္ဘော စီးပြီး ဒီမော်တော်ဘုတ် စီးနင်းလာတာဟာ ရက်တော်တော် ကြာတဲ့အထိ ဒီနေရာကို အလည်လာတာ ဖြစ်မယ်။ ဒါဆို ဒီမီးခြစ် ဂက်(စ်)ကုန်သွားရင် ခင်ဗျားထပ်ဖြည့်ဖို့ ဂက်(စ်)ဘူးတော့ ပါလာမှာပေါ့နော်"

"ပါပါတယ်"

"အဲဒီ ရီဖင်း(လ်)ဂက်(စ်)ဘူး မြင်ဖူးတယ်ရှိအောင် ကျုပ်ကို ပြပါလားဗျာ"

အောင်မြင့်စောသည် သွားတိုက်ဆေး၊ သွားပွတ်တံ၊ ခေါင်းခဲအားဖြင့် မုတ်ဆိတ်ရိတ်ကိရိယာ စသည်တို့ ခရီးဆောင် ထည့်ထားသည့် နိုင်ငံခြားသားရေစစ်ဖြင့် ချုပ်ထားသော အိတ်ထဲ မှ ရီဖင်း(လ်)ဘူးသစ်ကို ထုတ်ယူကာ လျှာခန့် ဖျာပေါ်မှ သူ့ ဆီသို့ ပေးပို့ပြန်သည်။

သူက ဂက်(စ်)ဘူးလေးကိုယူကာ အပြင်ဘူးတွင် ရေးထားသော စာကိုဖတ်သည်။

"ZIGZAG GAS BUTANE FULE"

www.burmeseclassic.com

www.burmeseclassic.com



ဟု ရေးထားသည်ကို ဖတ်ရှုသည်။ ဂက်(စ်)ဖြည့်ပုံ သုံးစွဲနည်း ရေးထားသော စာလုံးသေးသေးလေးတွေကိုလည်း သူ သေချာဖတ်ကြည့်သည်။

ဖတ်ကြည့်ပြီးနောက် ဂက်(စ်)ဘူးကို လက်ဝါးတွင်တင်ကာ အထဲတွင် ဂက်(စ်)မည်မျှ ကျန်သေးသည်ကို ဆ,၍ကြည့်ပေသည်။

"အင်း … ဘူးထဲမှာ ဂက်(စ်)တွေအများကြီး ရှိနေသေးတာပဲ"

"ဘူးသစ်ပဲ … ဒီကိုလာမယ်ဆိုမှ အသစ်ဘူး ယူလာတာ … တစ်ခါမှတောင် မထည့်ရသေးဘူး ဆရာနေမင်း"

အောင်မြင့်စောက ဘာရယ်မဟုတ် "သူ့"အား ဦးလေးဦးရွှေနိုင် ခေါ်သည့်အတိုင်း ဆရာနေမင်းဟု ခေါ်လိုက်သည်။

သူက လက်ဝါးကာပြလိုက်သည်။

"ကျုပ်နာမည် နေမင်း ဆိုတာတော့ မှန်ပါတယ်။ ဒါပေမယ့် ကျုပ်ဟာ ဘာဆရာမှ မဟုတ်ပါဘူး။ ခင်ဗျားကြည့်ရတာ ကျုပ်ထက် နှစ်နှစ် သုံးနှစ် အသက်ပိုငယ်မှာပါ။ ရုပ်ရည်က ပျိုနေတာပဲ။ ဒီတော့ ခင်ဗျားထက် အသက်ပိုကြီးတဲ့ ကျုပ်ကို 'ကိုနေမင်း'လို့ ခေါ်ချင်ခေါ်ပေါ့ဗျာ။ အဲဒီလို ခေါ်ရတာကပဲ တင်းစီးရာ ရောက်တယ်ထင်ရင် 'နေမင်း'လို့ ခေါ်လည်း ရပါတယ်။ နာမည်ဆိုတာ မွေးလာတာနဲ့ မိဘတွေက သင်္ကေတအမှတ်တစ်ခု အနေနဲ့ ပေးတာပဲဟာ။ ရှေ့က ဝိသေသတွေ ထည့်မခေါ်ဘဲ မူရင်းအတိုင်းခေါ်လည်း



ရတာပဲ။ နောက်ပြီး ကျုပ်ကို 'ဆရာ'ဆိုတဲ့ ဝိသေသထည့်ခေါ်ရအောင် ကျုပ်က ကျောင်းဆရာလည်း မဟုတ်ဘူး၊ တစ်ပါးသူကို တစ်ခုခု သင်ကြားပေးနိုင်တဲ့ ဆရာလည်း မဟုတ်ဘူး။ ဒီတော့ ကျုပ်ကို 'ဆရာ'ဆိုတဲ့ ရှေ့က ဝိသေသကြီး ထည့်မခေါ်နဲ့ဗျာ။ ကျုပ်ရှက်တယ်။ ကိုယ့်လိပ်ပြာ ကိုယ်ရှက်တာပါ"

"ပြောတတ်ဘူးလေဗျာ … ဦးလေးဦးရွှေနိုင်က ဆရာနေမင်းလို့ ခေါ်သံကြားလို့ ကျွန်တော်က လိုက်ခေါ်တဲ့သဘောပါ"

သူကနှုတ်ခမ်းထူနှင့် သွားဖြူပုလဲတန်းပေါ်အောင် ရယ်လိုက်ပြန်သည်။

"ဦးရွှေနိုင်လို လူကတော့ သေနတ်ကိုင်လာတဲ့ လူဆိုရင် 'ဆရာ'လို့ ပစ်ခေါ်လိုက်တာ အဆန်းမှ မဟုတ်တာ"

ပြောပြောဆိုဆိုပင် နေမင်းသည် ငါးသုံးလုံးစီးကရက်ဗူးရော၊ ဂက်(စ်)မီးခြစ်ရော၊ ရီဖင်း(လ်)ဘူးကိုရော သူ့ကချင်လွယ်အိတ်ကြီးထဲသို့ ထည့်လိုက်သည်။

အကယ်၍သာ …

နေမင်းက အဲဒီစီးကရက်၊ အဲဒီမီးခြစ်၊ အဲဒီဖြည့်ဘူး သုံးခုအား သူ့ကို ပေးပါလားဗျာဟု ပြောပြီးတောင်းလျှင် အောင်မြင့်စောက ကျေနပ်စွာ ပေးမည်သာ။

နွေးနွေးကလည်း ဒီလိုတောင်းယူသည် ဆိုပါက ကျေနပ်မိမည်သာ။

www.burmeseclassic.com

www.burmeseclassic.com



ယခု ... ကိုနေမင်း ပြုမူပုံမှာ အနိုင်ကျင့်ပြီး ယူလိုက်သည့်သဘော သက်ဝင်နေပါ၏။ ငါယူတော့ ဘာအရေးလဲ ပုံစံဖြစ်နေသည်။

အောင်မြင့်စောက ဒီဒေသတွင် လူစိမ်းသက်သက်ဖြစ်နေ၍ ဘာမှ စောဒကမတက်သော်လည်း နွေးနွေးသည် မခံချင်စိတ်ကို မျိုသိပ်မထားဘဲ စွတ်ပြောပေတော့သည်။

"အဲဒါ ... ဘာသဘောလဲ ကိုနေမင်း။ ကိုအောင်ရဲ့ပစ္စည်းတွေကို မေးပြတိုက် ယူလိုက်တာလား"

"ဟဲ့ ... ဟဲ့ ... နွေး"

အရိပ်အကဲကို အမြဲကြည့်နေသော ဦးရွှေနိုင်က အထိတ်တလန့် နွေးကို ဝင်၍ဟန့်တားလိုက်သည်။

နေမင်းသည် မျက်နှာလေး မကျေမနပ် နှုတ်ခမ်းလေးစူမဲ့ပြီး ဒေါလေးမောလေးနှင့် ပြောလိုက်သော နွေးနွေးအား ပြုံး၍ ကြည့်လိုက်ပေသည်။

နေမင်း ထိုင်ရာမှ ထသည်။ ပြီး ... ရွှေ့လျားကာ နွေးနွေး၏ အဝတ်အစား သားရေသေတ္တာ၊ စာအုပ်သေတ္တာများအဖုံးပေါ်တွင် ရေးထားသောစာကို ဖတ်သည်။

နွေးနွေး

ဆေးတက္ကသိုလ်

ရန်ကုန်။

ထိုစာကိုဖတ်ပြီး သူ့နဂိုနေရာမှာပင် နဂိုပုံစံအတိုင်း ပြန်ထိုင်လိုက်သည်။



မော်တော်သည် မှော်တောသို့ သွားရာလမ်း သမဲ့ချောင်းထဲသို့ မြစ်ပြင်ကျယ်ကြီးမှ ဝင်ရောက်ရာ ဦးတည်နေသည်ကို သူ ... နေမင်း တစ်ချက် ကြည့်လိုက်သည်။

ပြီး ... ဘယ်သူ့ကို လှမ်းပြောသည်မျိုး မဟုတ်ဘဲ သူ့ဟာသူ ပြန်ပြောသော စကားသံ ထွက်လာသည်။

"ဩ ... ဩ ... ဒေါက်တာနွေးနွေး ဆိုတာကိုး။ လက်စသတ်တော့ မှော်တောရွာက ဒေါ်ဝန်ရဲ့မြေး ဆိုတာပါလား။ မှော်တောရွာမှာ ဆေးခန်းကြီး ဖွင့်ထားပြီး ရွာအနီးအနားတွေကရော မှော်တောရွာကရော စောင့်မျှော်နေတဲ့ ဆရာဝန်မလေးပေကိုး"

သူပြောနေပုံမှာ ဒေါက်တာနွေးနွေး မှော်တောရွာသို့ ပြန်လာခြင်းကိုပင် မလာစေချင်သောသဘော သက်ဝင်နေသည့် ပြောနေသည့် ပုံစံမျိုးဟု နွေးနွေး ထင်မိသည်။

"ဒီမှာ ... ဒေါက်တာမနွေးနွေး"

သူက ခေါ်သံပြုသည်။ နွေးနွေး ပြန်လည်ထူးသံမျိုး မပေးပေ။

သူကပင် ဆက်ပြောသည်။ သူပြောပုံမှာ ပြုံး၍ပြောသည်လည်းမဟုတ်၊ မလိုတမာ မဲ့၍ပြောသည်မျိုးလည်းမဟုတ်၊ သာမန်ပြောခြင်းမျိုးသာ ဖြစ်သည်။

"ကျုပ် ဘယ်သူ ဘာကောင်ဆိုတာ မနွေးနွေး သိရဲ့လား။ ရိပ်ကောရိပ်မိရဲ့လား။ ကျုပ်နာမည် နေမင်းဆိုတာ ဘောထဲရောက်ပြီး သေနတ်ကိုင်မှ ကျုပ်ကိုယ်ကျုပ် နေမင်းလို့

www.burmeseclassic.com

www.burmeseclassic.com



ကင်ပွန်းတတ် မှည့်လိုက်တာ ... ကျုပ်မိဘကပေးတဲ့နာမည် မဟုတ်ဘူး၊ ကျုပ်ဘဝဟာ နေမင်းလို ပူလောင်လွန်းလို့ ကျုပ်ကိုယ်ကျုပ် နေမင်းလို့ မှည့်ထားတာ။ ကျုပ် ခင်ဗျား တို့နှစ်ယောက်စလုံးကို တီမ်ဝါသဆော်ဆေါ်မှာ တွေ့ကတည်း က စိတ်ဝင်စားလို့ အကဲခတ်ခဲ့တယ် ... သူက နွေးလို့ ခေါ်ပြီး ... ခင်ဗျားက သူ့ကို ကိုအောင်လို့ ခေါ်သံကြားက တည်းက ခင်ဗျားတို့နှစ်ယောက်ဟာ ဒီလိုပါလားလို့ ကျုပ် ရိပ်မိပြီးသားပါ"

ယခုလို နေမင်းက မိမိနှင့် ကိုအောင်မြင့်စောတို့ အား ဘာလိုလို ပြောသည်မျိုးကျတော့လည်း နွေးနွေး ရင်ထဲက မခံချင် ဖြစ်မိသည်။

တကယ်တော့ မိမိနှင့် ကိုအောင်မြင့်စောသည် ဘာဆိုဘာမှ မဖြစ်ကြသေး။ ချစ်သူလည်း မဟုတ်ကြသေး။ အကယ်၍ လက်ထပ်မည် ဆိုပါက နံပါတ်တစ်နေရာထားသင့်သူ ဟုသာ နွေးနွေး ယူဆထားသူ ဖြစ်သည်။

လက်ထပ်ဖို့ အရေးမှာလည်း တစ်ဦးနှင့်တစ်ဦး အစားအသောက် စရိုက်မတူခြင်း၊ အနေအထိုင် စရိုက်မတူခြင်း အပြင် အမိကအားဖြင့် မော်တောရှာလို နေရာတွင် ကိုအောင်မြင့်စော ဘယ်လိုမှ ရေရှည်မနေနိုင်သောအချက်တွေ ရှိနေသောကြောင့် လက်ထပ်ဖို့အရေးမှာလည်း သိပ်နီးစပ်မှု ရှိမည်မထင်။

ကိုအောင်မြင့်စောအား 'ကိုအောင်'ဟု ခေါ်ခြင်းမှာ ချစ်စနိုး ကယုကယင်ခေါ်ခြင်း မဟုတ်။ သူ၏နာမည် ရှည်လျား



သောကြောင့်လည်းကောင်း၊ နှစ်ပေါင်းများစွာ ဆေးတက္ကသိုလ်အတူ တက်ခြင်းဖြင့် မိတ်ဆွေရင်းချာလို ခင်မင်မှုကြောင့်လည်းကောင်း "ကိုအောင်"ဟု အတိုကောက် ခေါ်ခြင်းသာ ဖြစ်သည်။

သို့တစေ သေနတ်ကိုင်လူကြီး ဒီကိုနေမင်း ဘယ်လို မြင်မြင် ရှင်းပြစရာ မလိုဟုသာ နွေးနွေး စိတ်ထဲ မှတ်ယူလိုက် သည်။

"ကဲ ... ကျုပ် ဘာကောင်လဲဆိုတာ ကိုအောင်မြင့်စော အထင်အတိုင်း အမြင်အတိုင်း ပြောလေဗျာ"

"ဒါတော့ ကျုပ်မသိဘူး ကိုနေမင်း"

"ခင်ဗျား ညာတာပါ ... ကျုပ် ဘာကောင်မှန်း ခင်ဗျား ရင်ထဲက သိနေပါတယ်။ မနွေးနွေးလည်း သိနေပါတယ်။ ဒါပေမယ့် ကျုပ်လက်ထဲမှာ သေနတ်ကိုင်ထားလို့ ခင်ဗျား တို့နှစ်ယောက်စလုံး ကျုပ်ဘာကောင်ဆိုတာ မပြောဘဲ နေကြတာပါ။ ကဲ ... ခင်ဗျားတို့ မပြောလည်း ကျုပ်ကိုယ် ကျုပ်ကပဲ ပြောမယ်။ ကျုပ်ဟာ ပြည်သူလူထုကလည်း အောှနှလုနာ ... ရဲအဖွဲ့နဲ့ စစ်တပ်ကလည်း တွေ့တာနဲ့ တိုက်ခိုက်ဖမ်းဆီးချင်နေတဲ့ ပြည်တွင်းသောင်းကျန်းသူ တစ် ယောက်ပဲ။ ဟောဒီ တွံတေးတောကြီးတန်းထဲမှာ ရှိနေတဲ့ မော်တော၊ ဝါးသခ်၊ ပုပ္ပါးမန်ဂလိတ်၊ မဆေယ်ဆိတ်ရွာတွေ ရဲ့ဝန်းကျင် တောကြီးတန်းထဲမှာ ခိုအောင်းနေတဲ့ သောင်း ကျန်းသူ အဖွဲ့ထဲမှာ ကျုပ်အပါအဝင် တစ်ယောက်ပဲ။ တကယ်တော့ အစပထမတုန်းကတော့ နိုင်ငံရေးအမြင်ချင်း

www.burmeseclassic.com

www.burmeseclassic.com



မတွေ့လို့ ဂိုဏ်းကွဲတောခိုသောင်းကျန်းအဖွဲ့ပေါ့ဗျာ။ အခု
တော့လည်း ဘာမယ်မယ်ရရမှ ခံယူချက်မရှိဘဲ လက်ထဲ
မှာ သေနတ်လက်နက်တွေ ရှိနေတာနဲ့ အစားရချောင်တဲ့
ဓားပြလူဆိုးအဖွဲ့ပုံစံ ရောက်နေပြီ ဆိုပါတော့။ အဲဒီတော့
ကိုအောင်မြင့်စောနဲ့ ဒေါက်တာမနွေးနွေး"

သူက နှစ်ယောက်စလုံးနာမည် တပ်ခေါ်သော်လည်း မည်သူကမျှ ပြန်ထူးသံ မပေးဘဲ သူ ဆက်ပြောမည့် စကားကိုသာ နားစွင့်ထားကြပါ၏။

သူက ဆက်ပြောပါ၏။

"ဒီလိုဆိုတော့လည်းဗျာ၊ ကျုပ်လိုလူဟာ မြို့ပေါ်မှာ အထင်ကရနေတာမှ မဟုတ်တာ။ နောက်ပြီး ကျုပ်လိုလူဟာ တစ်ပါးသူရဲ့ ပစ္စည်းကို တန်ရာတန်ကြေး ပေးဝယ်တဲ့ လူစားမှ မဟုတ်တာ။ အဲဒီတော့ ကိုအောင်မြင့်စောရဲ့ စီးကရက်ဘူး၊ ဂက်(စ်)မီးခြစ်နဲ့ REFILL ဘူးကို အနိုင်ကျင့် ဓားပြတိုက်ယူတဲ့ သဘောပေါ့ဗျာ။ ကဲ ... ရှင်းပါပြီလား ဒေါက်တာမနွေးနွေး"

"ရှင်းတယ် ... ရှင်းတာမှ သိပ်ကိုရှင်းတယ်။ ဟိုတုန်းက တော့ ရှင်တို့လို သောင်းကျန်းသူတွေဟာ လက်နက်ခဲ ပြည်သူတွေအပေါ် အနိုင်ကျင့်တယ်ဆိုတာ ကြားဖူးရုံ ကြားဖူးတာ ... အခုတော့ လက်တွေ့ဖြစ်သွားတာပေါ့"

"ဟဲ့ ... နွေးနွေး ... စကားကို ကြည့်ပြော။ ဆင်ဆင်ခြင် ခြင်ပြောမှပေါ့"



သူ "ကိုနေမင်း"သည် ဒေါ်မောနှင့်ပြောသည့် နွေးနွေး၏ မျက်နှာလှလှလေးကို ငေးကြည့်နေသည်။

ဤမိန်းကလေးသည် ဒေါ်သပေါက်ကွဲစဉ်မှာပင် လှသည်ထက် သူမ၏ မျက်နှာလေးက ပို၍ လှလာပါလားဟုလည်း စိတ်ထဲက တွက်မိသည်။

သူ ... နေမင်းသည် ဘာမှ မပြောတော့ဘဲ ပခုံးကိုသာ တစ်ချက်တွန့်ပြလိုက်ပြီး သမဲ့ချောင်းကမ်းဘက်ကို လှမ်းကြည့်လိုက်ပြီး မော်တော်ဦးပိုင်းသို့ ထသွားသည်။

နွေးနွေးသည် သူမ၏ ဖိတ်ခေါ်ချက်ကြောင့် လိုက်ပါလာသော ဧည့်သည်"ကိုအောင်"အား အလွန်အမင်း အားနာသော အကြည့်ဖြင့် ကြည့်မိသည်။

ဘာတတ်နိုင်မည်နည်း။ ဒီဒေသတွင် ဒီအခြေမျိုး ဒီလောက်ဆိုးဆိုးဝါးဝါး ဖြစ်နေမှန်း နွေးနွေး တကယ်မသိသောကြောင့် အောင်မြင့်စောအား ခေါ်လာမိခြင်း ဖြစ်ပေသည်။

သူ ကိုနေမင်း ဦးပိုင်း အရောက်တွင် ဦးရွှေနိုင်က မျက်နှာထားချိုချိုဖြင့် ပြောလိုက်ပါ၏။

"ဦးလေးက ဆရာနေမင်း တိမ်ဝါသင်္ဘောကြီးပေါ်က လမ်းသရဲတွေကို ခေါ်ဆင်းသွားပြီး တွဲတောမှာပဲ ကျန်ခဲ့တယ် ထင်နေတာ။ အခု ပြန်တွေ့တော့ အံ့သြသွားတယ်"

"ကျွန်တော် တိမ်ဝါသင်္ဘောနဲ့ပဲ ပြန်လိုက်ခဲ့ပါတယ်။ ဟို ချာတိတ်သုံးကောင်တော့ ကမ်းပေါ်ပြန်တက် မောင်းထုတ်ပြီး ဒီသင်္ဘောနဲ့ ပြန်မလိုက်နဲ့ ပြောလွှတ်လိုက်တယ်။ ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော်က သင်္ဘောအပေါ်ထပ် ပြန်မတက်တော့ဘဲ အော ကုန်းပတ်ကပဲ လိုက်လာတာ ဦးလေး။ ကျိုက်ထော် ဆင်းပြီး လေ့တစ်စီးအငှားနဲ့ ဒီကိုလာမယ်လို့ စိတ်ကူးထ တုန်း။ ဦးလေးဦးရွှေနိုင်က မော်တော်ဘုတ် သွားငှားမယ် ပြောလိုက်သံ ကြားတာနဲ့ ကျွန်တော် ကမ်းခြေအတို လျှောက်လာပြီး ကိုင်းတောထဲက ဦးလေးတို့ မော်တော် နဲ့လိုက်ဖို့ စောင့်ခဲ့တာပဲ”

ဟု ပြောရင်း မော်တော်မောင်းနေသူ ဦးကျော်မြအ တစ်ဆက်တည်း လှမ်းပြောလိုက်သည်။

“ဗိုု့ မော်တော်ဆရာ... ကျုပ်ကို ညာဘက်ကမ်းကို ဦး ပေး ... ကျုပ် ဒီမှာပဲ ဆင်းကျန်ခဲ့မယ်”

ဦးကျော်မြက သူ့အမိန့်အတိုင်း ညာဘက်ကမ်း ဦးထိုးကပ်ပေးရာ ... တစ်လံလောက်အကွာတွင် သူသည် လွှာ ကမ်းပေါ်သို့ ခုန်ဆင်းလိုက်သည်။

“သွားပေတော့ ... ရပြီ”

ဦးကျော်မြက မော်တော်ကို ဦးခေါင်းပြန်လည် ဆက်မောင်းခဲ့ပေသည်။

ကိုနေမင်းသည် ကမ်းပေါ်ရောက်သွားစေကာမူ သ မှမသွားသေးဘဲ နွေးနွေး ပါသွားသော မော်တော်ကို မျက်စိတ ကြည့်နေပါ၏။

လုံး၀ သူနှင့် မမြင်ရတော့မှ အောင်မြင့်ေ ဦးရွှေနိုင်အား လှမ်းမေးလိုက်သည်။



“သူတို့ ဒီလောက်တောင် အတင့်ရဲသလား ဦးလေး။ ရဲတွေ အစိုးရတပ်တွေက သူတို့ကို မနှိမ်နင်းဘူးလား”

“တွံတေးတောကြီးတန်း ဆိုတာက တောနက်ပြီး သိပ်ကျယ် ဝန်းသားပဲ မောင်အောင်။ မှော်တောကလွဲပြီး ဒီပြင်ရွာတွေ ကလည်း ရွာငယ်လေးတွေလည်း ဖြစ်တယ်၊ တစ်ရွာနဲ့ တစ်ရွာလည်း အလှမ်းဝေးတယ်။ ဒီနေရာမျိုးမှာ တဝ်တစ်ခု ဖွဲ့ထားလည်း အင်အားကို အလဟဿ ဖြုန်းသလို ဖြစ်နေ တယ်။ ဒီလူဆိုးအဖွဲ့တွေကလည်း အနာကို ယင်အုံသလို တွေလေ။ လက်နဲ့ခတ်လိုက်ရင် ထပျံပြေးသွားကြပြီး လစ်တာနဲ့ ပြန်အုံတာပဲ။ သူတို့က အစိုးရတိုက်ကင်း လာ ပြီဆိုတာနဲ့ တောကြီးတန်းရဲ့ တောနက်ထဲ ထွက်ပြေးသွား ကြတယ်။ ဒါတောင် တိုက်ကင်းအဖွဲ့က တစ်လကို သုံး ကြိမ်လောက် ဝင်တိုက်ပေးတာ။ သူတို့က ပြေးပုန်းလိုက်၊ ပြန်လာလိုက် ဖြစ်နေတာပေါ့လေ”

မော်တော်သည် မှော်တောရွာ ကမ်းဆီသို့ ဝင်ရောက် လာပေပြီ။

ဒေါ်သင်းဆိပ်မှာပင် မော်တော် ကပ်ပေးပါ၏။ သင်းဆိပ်သည် မှော်တောရွာ၏ အနောက်ပိုင်းမှာ ဖြစ်ပေသည်။

နွေးနွေးက ဖိနပ်ကို ကိုင်ကာ ဆိပ်ကမ်းတံတားပေါ် သို့ ဦးဆောင်တက်ရောက်ပြီး အောင်မြင့်စောကို နောက်မှ တက် လိုက်စေပါ၏။

“ကိုအောင်လည်း ဖိနပ်ချွတ်လေ”

www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့လဲ နွေး"

"ဒီလှေဆိပ်ကနေပြီး ရွာထဲလမ်းမကြီးအထိ သွားတဲ့လမ်း[illegible]
ရွံ့တွေ ဗွက်တွေလမ်း။ ဖိနပ်စီးလို့မှ မရတာ။ ဒီချောင်း[illegible]
ရေတက်ရေကျချောင်း ဆိုတော့ ရေတက်ပြီး ပြန်ကျသွား[illegible]
ရွံ့ဗွက်တွေ ကျန်ခဲ့တာပေါ့"

အောင်မြင့်စောသည် နိုင်ငံခြားလုပ် သူ၏ ဘာတ[illegible]
ဖိနပ် အကောင်းစားကိုချွတ်ပြီး ကိုင်လိုက်ရပေတော့သည်။ ပြီး[illegible]
မသိမသာ နှာခေါင်းရှုံ့သွားသည်ကိုလည်း နွေးနွေး သတိထားမ[illegible]
လိုက်ပါ၏။

ဩော် ... ရန်ကုန်တွင် အိမ်ထဲကော်ဇောမှာ[illegible]
ဖိနပ်မချွတ်ခဲ့သော အောင်မြင့်စော အတွက် ယခု ဖိနပ်ချွတ်[illegible]
မက ရွံ့ဗွက်ကိုပင် နင်းရပေဦးတော့မည်ကော။

၃

မော်တောရွာရှိ မေမေကြီး ဒေါ်ဝန် အိမ်မှာ နှစ်ထပ်
ပျဉ်ထောင် အကြီးကြီး ဖြစ်ပါ၏။

မော်တောမှာတော့ မေမေကြီး၏ အိမ်မှာ နန်းတော်
တမျှ ဖြစ်ပါ၏။ ခြံကြီးကျယ်သည်၊ အုန်းပင် ကွမ်းသီးပင်တွေ၏
အရိပ်အောက်တွင် သန့်စင်သော ရေတွင်းကြီးကို အင်္ဂတေပတ်လည်
ခင်းထားသည်။ မော်တောရွာ၏ အရှေ့ပိုင်းနှင့် အလယ်ပိုင်းသည်
မေမေကြီး ဒေါ်ဝန်၏ ရေတွင်းမှရေကို သောက်ရေအဖြစ် အိုးရွက်
အထမ်း လာခပ်ရသည်။ ရေတွင်းမသန့်ရှင်းမည်မှို့ ရေတွင်းတွင်
ရေချိုးခွင့်မပြု၊ ရေခပ်ခွင့်သာ ရှိသည်။

အောင်မြင့်စော၏ မျက်စိထဲ၌ ရန်ကုန်မှာသာဆို
ပါလျှင် မေမေကြီးဒေါ်ဝန်၏ နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးရှုံးသည်
ရှေးဘုန်းတော်ကြီးကျောင်းနှင့် တူသည်ဟု မြင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင့်စောတို့ နှစ်ထပ်တိုက် ခြံကျယ်ကြီးက ခေတ်မီလှပစွာ ဆောက်ထားပြီး ဝင်ဒါမီယာရပ်ကွက်ထဲတွင် တည်ရှိသည်။

မေမေကြီးဒေါ်ဝန်၏ အိမ်တွင် အိမ်ဖော်ဟု သတ်သတ်မှတ်မှတ် မရှိပါလေ။ ရွာထဲမှ အပျိုမလေးတွေ သားသမီး မထွန်းကားအဲ အားလပ်နေသော ရွာသူတွေ နေ့စဉ် မေမေကြီး အိမ်တွင် ကြုံသလို ဝင်ရောက်လုပ်ကိုင်ပေးသည်။ အိမ်သန့်ရှင်း ရေး၊ ခြံသန့်ရှင်းရေးနှင့် အချက်အပြုတ် အဝတ်လျှော်ဖွပ် အားလုံး ဝင်လုပ်သွားကြသည်။

ကွမ်းကြိုက်သူတွေအဖို့ မေမေကြီးအိမ်တွင် အချိန် မရွေး ကွမ်းဝင်စားနိုင်သည်။ မေမေကြီးတွင် ကွမ်းခြံ ကွမ်းသီးခြံ မှ ထွက်သော ကွမ်းရွက်နှင့် ကွမ်းသီးမှာ အလျှံပယ် ရှိပါ၏။

မေမေကြီးဒေါ်ဝန်ကို ကြည့်ဦး ...။

အသက်အရွယ် ကြီးလာပေမယ့် ဒေါင်ဒေါင်မြည် ကျန်းမာသည်။

မေမေကြီးဒေါ်ဝန် အိမ်တွင် မိုးလင်းမှ မိုးချုပ် မိုးဗြဲဒယ်ကြီးနှင့် ရေနွေးတယ်ထားသည်။ လက်ဖက်ခြောက် အကောင်းစားကို အိတ်လိုက်ထောင်ထားသည်။

တစ်ရွာလုံး ကလေးလူကြီးအားလုံး ရေနွေးလက်ဖက် ရည်ကြမ်း ဝင်သောက်နိုင်သည်။ မိုးဗြဲဒယ်ကြီးထဲတွင် ရေနည်း သွားလျှင် ကြုံသူက ရေတွင်းမှခပ်ပြီး ထပ်ဖြည့်သွားသည်။ ထင်း ပုံကြီးကလည်း ခြံထောင့်တွင် အပုံလိုက် ရှိနေသည်။ လှည်းဖြင့်



တောတက်သူများသည် တောထဲမှ ထင်းခုတ်လာပြီး မေမေကြီး ထင်းပုံတွင် ထင်းထပ်ဖြည့်သည်။ ဘယ်တော့မှ လျော့နည်းသွား ခြင်း မရှိ။

ဒေါက်တာအောင်မြင့်စော အဖို့ မြင်ရသမျှသည် အဆန်းတကျယ် ဖြစ်ရပါ၏။

ရန်ကုန်တွင် အိမ်ဖော်ဆိုလျှင် တန်ရာတန်ကြေး ပေးငှားရသည်။

ခြံသန့်ရှင်းရေး မာလီ ငှားရသည်။

ထမင်းချက် ဟင်းချက် သီးသန့်ငှားရသည်။

ငွေကြေးသော်လည်းကောင်း၊ ရာထူးအရှိန်အဝါသော် လည်းကောင်း အလွန်ကြီး အလွန်မြင့်မှသာ ငွေကြေးနှင့် အငှား အခြွေအရံ ရှိရသည်။

မေမေကြီးမှာတော့ ရှိသမျှ အခြွေအရံအားလုံးသည် မေတ္တာ စေတနာ အခြွေအရံတွေ ဖြစ်ပါ၏။

ပဲကြီးလှော်နှင့် ထန်းလျက်ဆိုလည်း ရေနံဆီသံပုံး ဖြင့် တန်းစီထည့်ထားသည်။ စားချင်သူ စားကြ။

ရေးခေတ် ကျွန်းမှန်ဗီရိုကြီးထဲတွင် အမျိုးသမီး အမျိုးသား အင်္ကျီ ထဘီ ရှပ်အင်္ကျီ လုံချည်တွေ ဗီရိုအပြည့်ထည့်ထား သည်။ ရွာတွင် အလှူအတန်းနှင့်ပွဲလမ်းသဘင် ရှိသောအခါ အဝတ် အစား ချို့တဲ့သည့် ရွာသူရွာသားများ ဗီရိုဖွင့် ယူဝတ်စေသည်။

သို့သော် ဝတ်ပြီးပါက ကျကျနန လျှော်ဖွပ်မီးပူတိုက် ပြီး ပြန်ထည့်ထားရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့လည်း မော်တော တစ်ရွာလုံးက မေမေကြီး ဒေါ်ဝန်အား ကြည်ညိုသည်၊ လေးစားသည်၊ ချစ်ခင်ကြသည်ပေါ့။

အောင်မြင့်စော အဖို့ အားလုံးသည် အမြင်ဆန်းတာချည်း မြင်နေရပါ၏။

ရှေးဗီရိုအကြီးကြီးပေါ်တွင် ပန်းပွားနီကြီး တွဲလောင်းချထားသော ရှေးဟောင်း စောင်းကြီးတစ်လုံးကိုလည်း အောင်မြင့်စော တွေ့ရသည်။

ဤစောင်းကြီးကို မေမေကြီး ဘာကြောင့် ထားရှိပေသနည်း။ နွေးနှင့်ကြုံမှ မေးကြည့်မည်ဟုသာ မှတ်သားထားလိုက်သည်။ သို့သော် စကားမစပ်မိသောကြောင့် မမေးဖြစ်ပါလေ။

ရွာတွင် ...

နွေးနွေး ရောက်လာသည့်နေ့မှစပြီး နေ့စဉ်လာရောက်နှုတ်ဆက်သူတွေ အမြဲပြည့်လျှံနေသောကြောင့် နွေးနွေးမှာ အောင်မြင့်စောနှင့် စကားလက်ဆုံကျခွင့်ကို မရသေးပေ။

နွေးနွေးသည် မော်တောရောက်ပြီး သီတင်းတစ်ပတ်လောက်အကြာ မေမေကြီး အသင့်ဆောက်ထားသော ဆေးခန်းတွင် နရာချထားရေးတွေ စီစဉ်ရပါ၏။ ထိုကိစ္စတွင် ဒေါက်တာအောင်မြင့်စောကလည်း နွေးနွေးနှင့်အတူ ကူညီ လုပ်ကိုင်ပေးပါ၏။

တနင်္လာနေ့မှစပြီး ဆေးခန်းကို ဒေါက်နွေးနွေး စတင် ဖွင့်လှစ်လိုက်ပေတော့သည်။

ကြော်ငြာစရာ မလို။



ဒေါက်တာနွေးနွေး စတင်ဆေးခန်းဖွင့်ပြီဟော့ ဆိုသည်နှင့် အအေးမိ ချောင်းဆိုးရောဂါမှအစ လူနာတွေ ရောက်လာကြပေတော့သည်။

ဒေါက်တာအောင်မြင့်စော လိုက်လာသည်ကိုပင် ကျေးဇူးတင်ရပါ၏။ မော်တော်ရွာသာမက အခြားရွာများသို့လည်း သတင်းရောက်ပြီး လူနာတွေ စုပြုံနေပေသည်။ အောင်မြင့်စောက ကူညီဝင်ရောက် ကုသပေးသဖြင့် နိုင်နိုင်နင်းနင်း ရှိရပါ၏။

မြို့ဆေးခန်းများတွင် ဆရာဝန်က တိုကင်နံပါတ် အစဉ်အလိုက်အတိုင်း ဝင်ရောက်လာသော လူနာကို စမ်းသပ်ခါ လက်ဝါးခန့်ရှိ စာရွက်ပေါ်တွင် လိုအပ်သည့်ဆေးများ ရေးပေးသည်။ စာရွက်လေးကိုင်ပြီး ဆေးရောင်းကောင်တာတွင် ဆေးဝယ်ယူရသည်။

ယခုမူ ... နွေးနွေးက စမ်းသပ်ပြီး နွေးနွေးကပင် ဆေးဗီရိုထဲမှ သင့်တင့်သောဆေးများ ပေးရသည်။

ဒီတော့ နွေးနွေးက စမ်းသပ်ရင်း ပေးရမည့် ဆေးတွေကို ပြောပြသည်ကို အောင်မြင့်စောက ဗီရိုထဲမှ ဆေးယူပေးသည်။ သောက်သုံးရန် တစ်နေ့ဘယ်နှကြိမ် ဘယ်နှလုံး စသည်ဖြင့် ဆေးပေးရင်း ပြောပြရသည်။

ဒီကြားထဲမှာပင် ဆေးခန်းမလာနိုင်အောင် အိပ်ရာထဲတွင် လဲနေသော လူနာတချို့ကို နွေးနွေးက မနက်ပိုင်း ဆေးခန်းမဖွင့်မီနှင့် ညပိုင်း ဆေးခန်းပိတ်ချိန်တွင် သွားရောက်ကြည့်ရှု စမ်းသပ်ကုသပေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



လတ်တလော အခြေအနေတွင် အပြင်လူနာတွေ ပြိုကျနေသောကြောင့် အတွင်းလူနာထားပြီး ကုသနိုင်ခြင်း မရှိသေးပေ။

နွေးနွေး ဆေးခန်းဖွင့်စမို့ လူနာတွေ စုပြုံလာစေကာမှ တဖြည်းဖြည်း ပုံမှန်ဖြစ်သွားမည်ကို စောင့်ရသည်။

မေမေကြီးဒေါ်ဝန်မှာ ကျေနပ်မှုများစွာဖြင့် တပြုံးပြုံး ဖြစ်နေသည်။ မြေးမလေး နွေးနွေး အတွက်လည်း ဂုဏ်ယူမဆုံးဘဲ ပြောမဆုံးပေါင် တောသုံးထောင် ဖြစ်နေပါ၏။

ယင်းသို့ ဖြစ်ချင်သောဆန္ဒကို မေမေကြီးသည် နှစ်နှင့်ချီ၍ စောင့်ဆိုင်းခဲ့ရသည် မဟုတ်ပါလား။

ဒေါက်တာအောင်မြင့်စော ထင်သည်မှာ အခမဲ့ဆေးဖိုးမယူ၊ ဆရာဝန်စမ်းသပ်ခ မယူဘဲ အလှူငွေပုံးသာ ထောင်ထားပြီး စေတနာရှိသလောက် ထည့်ကြပါစေဟု နွေးနွေး ပြောစဉ်က ဤကိစ္စသည် ရယ်ဖွယ်ကိစ္စတစ်ခုဟုသာ မှတ်ယူမိသည်။

လက်လုပ် လက်စား ကျေးရွာသူ ကျေးရွာသားများသည် အလှူငွေပုံးထဲသို့ မည်သို့ထည့်ပါမည်နည်းဟု အထင်သေးမိသည်။

အလှူငွေပုံး ထောင်ထားသည်ကလည်း မြင်ကွင်းတွင် မဟုတ်ဘဲ ဆေးခန်း၏ တံခါးထောင့် ချောင်ထဲတွင် ထောင်ထားခြင်း ဖြစ်သည်။

အံ့ဖွယ်ပါပေ။



သီတင်းတစ်ပတ်အတွင်းမှာပင် အလှူငွေပုံးတွင် ပြည့်သွားသည်၊ တစ်ကျပ်တန်များ၊ ငါးကျပ်တန်များ၊ တစ်ဆယ်တန်များ ပြည့်သိပ်နေပါ၏။

အလှူခံပုံးထဲတွင် အနှစ်နှစ် အလလက ဘိုးဘွားလက်ထက်ကတည်းက ဆင်းသက်စုဆောင်းထားဟန်တူသော ကျေး ခေါင်းငွေကျပ်ဒင်္ဂါး၊ ဝေလခေါင်းငွေကျပ်ဒင်္ဂါးများ ပါရှိသည်ကိုပင် တွေ့ရသေးသည်။

အောင်မြင့်စော အထင်သေးခြင်းသာလျှင် ရယ်ဖွယ် ဖြစ်သွားရပါ၏။

စဉ်းစားကြည့်ပါလေ။

လူနာတစ်ဦးသည် အနီးဆုံးဖြစ်သော ဒေးဒရဲသို့ပင် သွားရောက်ကုသရသည် ဆိုပါအံ့။

မော်တောမှ ဒေးဒရဲသို့ အသွားအပြန် လှေသမ္ဗန်ငှားမည်။

သမ္ဗန်ခသည် (ထိုခေတ်က) အသွားအပြန် ငါးဆယ်ကျပ်ယူသည်။ ဒေးဒရဲသို့ သမ္ဗန်ဖြင့် လူနာတစ်ယောက်တည်းလွှတ်၍ မဖြစ်။ လူနာအား တွဲဖို့ စောင့်ရှောက်ဖို့ အနည်းဆုံး အိမ်သားတစ်ဦး အဖိုလိုက်ရမည်။ အဖိုလိုက်ရသောသူအတွက် အလုပ်ပျက်ရသော ငွေကြေးနာသည်။ ဒေးဒရဲရောက်ပြန်လျှင် ထမင်းဟိုးနှင့်စားသောက်ခတွေ ကုန်မည်။ ဆရာဝန်စမ်းသပ်ခ ပေးရမည်။ ဆရာဝန် ညွှန်ကြားသော ဆေးတွေ ဝယ်ရမည်။

www.burmeseclassic.com

www.burmeseclassic.com



အကြမ်းဖျင်းအားဖြင့် လူနာတစ်ဦး ဒေးဒရဲသို့သွားကုလျှင် အနည်းဆုံး ငွေတစ်ရာ့ငါးဆယ်ခန့် ကုန်ကျမည်။

ဒီတော့လည်း မေမေကြီးနှင့် နွေးနွေး၏ ဆေးခန်းအလှူပုံးထဲသို့ ငွေလေးငါးဆယ် ထည့်ရကော ဘာအရေးနည်း။

တမင်တကာပင် ဘယ်သူတွေ ဘယ်လောက် အလှူငွေထည့်သည်ကို မမြင်စေလိုသောကြောင့် ဆေးခန်းချောင်ထဲတွင် အလှူငွေပုံး ထားသည်ပင်။ ငါးရက်အတွင်း အလှူငွေပုံး ပြည့်သွားခြင်း ဖြစ်ပါ၏။

မေမေကြီးဒေါ်ဝန်က ငွေစက္ကူတွေကို ရေတွက်၍ပင် မကြည့်ဘဲ အိမ်မှ ကျွန်းသေတ္တာအလွတ်တစ်လုံးတွင် အားလုံး သွန်ချထားလိုက်သည်။

လူနာတွေ များလွန်း၍ နွေးနွေးရော အောင်စောမြင့်ရော ဖတ်ဖတ်မောကြသည်။

ညဘက် အောက်လင်းဓာတ်မီးကြီး ထွန်း၍ပင် ကုသပေးရသည်။ ရောဂါအသေးအဖွဲ လူနာဆိုလျှင် နက်ဖြန်မှ ထပ်လာဟု မှာရသည်။

ရွာသူရွာသားအားလုံး နားလည်မှု ရှိကြပါ၏။ ရောဂါကြီးသူကို ဦးစားပေးကုသသည်မို့ အာဂန္တုရောဂါလောက်ရှိသူများသည် နွေးနွေး အမိန့်အတိုင်း ကျေနပ်ပျော်ရွှင်စွာ ပြန်သွားကြသည်။

အောင်မြင့်စော အဖို့ ဆေးကုရင်း ရယ်စရာလေး တွေကိုပါ ကြုံတွေ့ရသေးသည်။



"ဟော့ ... နွေးနွေး ... ငါ ဝက်စာကျွေးရင်း ငါ့လက်ကို ဝက်ကကိုက်လိုက်လို့ဟ။ အဲဒါ ငါ့ကို ပင်နယ်စလင်ဆေး ထိုးပေးစမ်း"

မော်တောရွာတွင် အတော်အတန် ပိုက်ဆံရှိပြီး မြို့သို့အခေါက်များသော ဦးလေးဖြိုးက ပြောလိုက်ခြင်း ဖြစ်ပါ၏။

"ဦးလေးဖြိုးကို ဝက်ကိုက်ရင် ပင်နင်စလင် ထိုးရတယ်လို့ ဘယ်သူက ပြောလို့လဲ"

ဟု နွေးနွေးက ပြန်မေးသည်။

"ဟဲ့ ... ဒီဖြူမကြီး ငါ့လက်ကို ခဏခဏ ကိုက်တာဟ။ သားပေါက်ကောင်းလို့ ငါသည်းခံပြီး မွေးထားတာ"

ဦးလေးဖြိုးသည် ရွာတွင် ကြက်ဝက်ဆိတ် မွေးခြင်းဖြင့် ငွေကြေး အတော်အတန် ပြည့်သူမို့ အရောင်းအဝယ်အတွက် အရောက်အပေါက်များသော တောသားလူလည်ကြီး ဖြစ်ပါ၏။

"နို့မို့ရင် ငါ ရွာထဲမှာတင် ဒီဖြူမကြီးကို ဝက်ပေါ်ပစ်လိုက်မှာ။ ငါ့ကို ဖြူမကြီးကိုက်တိုင်း ဒေးဒရဲသွားပြီး ဆေးကုရတယ်။ အဲဒီဆရာဝန်က ပင်နင်စလင် ထိုးပေးတယ်။ ပင်နင်စလင်ဆိုတာ ကိုးဆယ့်ခြောက်ပါးရောဂါ ပျောက်သတဲ့ဟ"

ဟု ပြောသဖြင့် နွေးနွေးနှင့် အောင်မြင့်စောမှာ သွေးသံထွက်နေသော ဦးလေးဖြိုး၏လက်ကို ကြည့်ရင်း ငိုအားထက် ရယ်အားသန်ရပေသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သို့ဖြစ်စေ ... နွေးနွေးက ဆေးထိုးဆေးသောက်ဖြင့် ဦးလေးဖြိုးကို ကုသပေးပါ၏။

နွေးနွေး ကိုယ်တိုင်က မော်တောရှာသူဓာတိ ဖြစ်သောကြောင့် လာသမျှ လူနာအားလုံး ရင်းနှီးသူတွေသာ ဖြစ်နေပါ၏။

နောက်တစ်ခု ရှိသေးသည်။

ထိုသူကတော့ ... နွေးနွေးနှင့် မတိမ်းမယိမ်း အရွယ်တူ မော်တောရှာသား ဖိုးဝဲ ဖြစ်ပါ၏။

အမည်ရင်းမှာ ချစ်လှိုင် ဖြစ်သည်။ သို့သော် ချစ်လှိုင်တွင် အမဲ့လိုလို ဝဲခြောက်တွေ ရှိနေသဖြင့် သူ့အား ဖိုးဝဲဟုခေါ်ရင်း ဖိုးဝဲ နာမည်တွင်လာသူ ဖြစ်ပါ၏။

ဖိုးဝဲသည် ညပိုင်းမိုးချုပ် ဆေးခန်းသိမ်းကာနီး လူနာတွေ ရှင်းသွားမှ တမင်တကာ လူအရှင်းစောင့်ပြီး လာဟန်တူပါ၏။

"ဟော့ ... နွေးနွေး ... နင့်ကို ငါ တိုင်ပင်စရာရှိလို့၊ နင် ရန်ကုန်မှာ ဆရာဝန်ပညာ သင်နေတယ် ဆိုကတည်းက နင့်အလာကို ငါစောင့်နေတာ"

"ပြော ဖိုးဝဲ ... နင် ငါ့ကို ဘာတိုင်ပင်ချင်လဲ"

အောင်မြင့်စောသည် ဆေးခန်းပိတ်မည်ကို ထိုင်စောင့်နေရင်း နွေးနှင့် ဖိုးဝဲ ပြောနေသော စကားတွေကို ကြားနေရပါ၏။

ဖိုးဝဲသည် တောအလုပ်သမားပီပီ ကြံ့ခိုင်တောင့်တင်းသော ခန္ဓာကိုယ်ရှိသည်။ အသားမည်းသည်။ ခွပ်ကျယ်ဝတ်ထားသည်။ ပုဆိုးအကြမ်းတို့ကို ဝတ်ထားသည်။ ခေါင်းတွင် မျက်နှာသုတ်ပဝါ ပေါင်းထားသည်။



ဖိုးဝဲ၏ လက်မောင်း ခြေသလုံး စသည် မြင်နေရသော နေရာများတွင် ဝဲခြောက်များ ရှိသည်။

ဖိုးဝဲသည် သူတိုင်ပင်စရာကိစ္စကို ဖွင့်မပြောမီ ထိုင်နေသော ဒေါက်တာအောင်မြင့်စောကို လှမ်းကြည့်နေပါ၏။

အောင်မြင့်စောက စာအုပ်တစ်အုပ်ဖတ်ဟန် ဆောင်နေလိုက်သည်။

"ကဲ ... ဖိုးဝဲ ပြောစရာရှိပြော။ အဲဒါက ကိုအောင်တဲ့ ... ငါ့လို သူလည်း ဆရာဝန်ပဲ။ နင်ပြောချင်တာ ပြောလို့ရတယ်"

"ငါ မိန်းမယူချင်ပြီဟ။ ငါ ကြိုက်တာလဲ တွေ့နေသားနဲ့"

"နင် မိန်းမယူချင်တာ ငါနဲ့ ဘာဆိုင်လဲ။ ငါ ဆရာဝန်ဖြစ်ပြီး ဒီမှာ ဆေးခန်းဖွင့်တာကို နင်က ဘာကိစ္စစောင့်နေတာလဲ ဖိုးဝဲ"

ဖိုးဝဲက ဘာမှပြန်မဖြေသေးဘဲ ရှုးတူးပေါ်တောဖြင့် အီးခနဲ ရယ်ချလိုက်သေးသည်။

"နင် ရွာအရှေ့ပိုင်းက ဖွားစိန်ကို သိနေမှာပါ ... ငါတို့ ငယ်ငယ်က အရှေ့ဘုန်းကြီးကျောင်းမှာ နင်ရယ် ငါရယ် ဖွားစိန်ရယ် သွားဆော့နေကြပဲဟာ"

"ငါ မှတ်မိပါတယ်။ ဖွားစိန်ရဲ့ လက်သန်းလေးမှာ လက်

www.burmeseclassic.com



ဖွားလေးရှိနေတဲ့ ကရင်မလေးမှန်း ငါ ကောင်းကောင်းမှတ်မိတာပေါ့ ... အဲဒါ ဘာဖြစ်လဲ ဖိုးဝဲ"

"အေး ... အဲဒီ ဖွားစိန်ကိုပဲပေါ့ဟ ... ငါကြိုက်တာ။ သူကလည်း ငါ့ကို သဘောကျပုံ ရပါတယ်။ ငါကရွာမှာ အရက်မသောက် ဖဲမရိုက် တကယ် အလုပ်ကြိုးစားတယ် မဟုတ်လား၊ ငါက ရွာမှာ ဥယျာဉ်လည်း လုပ်တယ်။ သမ္မန်လည်း ခတ်တယ်။ ဝါးလည်းခုတ်တယ်။ ရသမျှ ပိုက်ဆံကိုလည်း စုဆောင်းတာ ဆိုတော့ အဲဒါတွေကို ဖွားစိန် မိဘကရော ဖွားစိန်ကရော ငါ့ကို သဘောကျပါတယ်"

"ကဲ ... ဖိုးဝဲ ... ငါ ဆေးခန်းပိတ်ချင်ပြီ။ နင်ပြောစရာ ရှိတာ ဝေ့မနေနဲ့ ... တည့်တည့်ပြောတော့ဟာ"

"ကဲ ... ဒါဆို နင် ငါ့ကိုကြည့် ဘာတွေ တွေ့သလဲ နွေးနွေး"

"ဝဲခြောက်တွေ တွေ့တာပေါ့"

ဖိုးဝဲသည် ခေါင်းပေါင်းဖြုတ်ခါ စွပ်ကျယ်ကိုပါ ချွတ်ပြသည်။

"အေး ... အဲဒီဝဲခြောက်တွေကြောင့် ခက်နေတာပေါ့ နွေးနွေး ငါ့မှာ ဒီဝဲခြောက်တွေ ရှိနေလို့ ဖွားစိန်က မယူချင်တာတဲ့ ငါလည်း ကြော်ငြာတွေထဲက တွေ့သမျှဆေးဘူး ဝယ်လိမ်းပါတယ်။ ဒါပေမယ့် မပျောက်သွားဘူးဟ။ အဲဒါ အခု နင် ဆရာဝန်ဖြစ်လာတော့ ငါ့ရဲ့ ဒီဝဲခြောက်တွေ မြန်မြန် ပျောက်အောင် ကုပေးပါလို့ ငါ ပြောတာ"



နွေးနွေးသည် အသံလေး လွင်ထွက်လာသည်အထိ ရယ်ချလိုက်သည်။ ဖိုးဝဲနှင့် နွေးနွေးမှာ ငယ်သူငယ်ချင်းမို့ အားနာစရာမရှိ။

ဒေါက်တာအောင်မြင့်စောလည်း လက်ကိုင်ပဝါ ငါးစပ်ပိတ် ရယ်မိသည်။

"အေး ... ငါ အတတ်နိုင်ဆုံး ကုပေးမယ် ဖိုးဝဲ။ ဆေးဝါးနဲ့လည်း ကုပေးမယ်။ ရှောင်ရမယ့် အစားအစာတွေလည်း ငါပြောပြမယ်။ ဒီရောဂါက ကိုယ်ရေပြားရောဂါပဲ။ နင့်ပဲ့ဟာက အခြောက်ဖြစ်နေတယ်။ အစိုဆိုရင် ကုရလွယ်တယ်။ နင် ဝဲခြောက်စွဲတာကလည်း ကြာပြီ။ ချက်ချင်းကြီးတော့ ယူပစ်သလို မပျောက်နိုင်ဘူး။ ကုသရတဲ့ အချိန်ကြာမယ်။ ငါ သောက်ဆေး၊ ထိုးဆေးနဲ့ လိမ်းဆေးတွေ ပေးကုသမယ်။ အဓိက,ကတော့ နင် ငါပြောတဲ့ အစားတွေကို လုံးဝမစားဘဲ ရှောင်ရမယ်"

"အေး ... ငါ ဒေးဒရဲ၊ ဖျာပုံ၊ ကျိုက်လတ်ကို သမ္ဗန်လိုက်ရင်း အဲဒီက ဆရာဝန်တွေဆီမှာလည်း ပြကြည့်သေးတယ်။ သူတို့ဆရာဝန်အားလုံးက အခု နင်ပြောသလို ပြောတာပဲ။ ခက်တာက ငါက မြန်မြန်ပျောက်ပြီး ဖွားစိန်ကို မြန်မြန် မင်္ဂလာဆောင်ချင်တာ"

"အဲဒါတော့ ငါ မတတ်နိုင်ဘူး ဖိုးပဲ"

"နင် တတ်နိုင်ပါတယ် နွေးနွေးရာ"

www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... ငါ ဆေးကုပေးမယ်လို့ ပြောပြီးကော။ သုံး
လေးလလောက်တော့ ကြာချင်ကြာမယ်"

"အေးလေ... ငါကုချင်နေတာပါ။ အခု နင့်အနေနဲ့ ဖွားစိန်
ကို ခေါ်ပြောပေးဖို့ပါ"

"ငါက ဖွားစိန်ကို ဘာပြောရမှာလဲ"

"ဟီး ... ဟီး ... နင် ဖွားစိန်ကို ပြောရမှာက ညည်း
ဖိုးဝဲကို လက်ထပ်ချင်ထပ်လိုက်။ သူ့ဝဲခြောက်တွေ ငါက
ပေးရင် ပျောက်မှာလို့လေ"

"ဗုဒ္ဓေါ်"

"နင့်ဆိုရင် ဖွားစိန်က ခင်မင်ပြီးသား၊ လေးစားပြီးသားပါဟ။
နင်ပြောလိုက်ရင် တစ်ခွန်းတည်းနဲ့ ဖွားစိန်က ငါ့ကိုလက်
ထပ်မှာ ... ငါတို့ တစ်ရွာလုံးက ကြီးတော်နဲ့ နင့်ကို ချစ်
ခင်လေးစား အားကိုးနေကြတာပဲလေ"

အောင်မြင့်စောမှာ ရယ်ချင်လွန်းသဖြင့် ပါးစပ်ကို
လက်ကိုင်ပဝါပိတ်ခါ ဆေးခန်းအပြင်သို့ မပြေးရုံတမယ် ထွက်
သွားပါလေ၏။

နွေးနွေးအဖို့ ဒီရွာတွင် ဆေးကုပေးရုံမက အောင်
သွယ်ပါ လုပ်ပေးရပါလားဟု ဟာသဆန်ဆန် တွေးမိသဖြင့်
အောင်မြင့်စော မအောင့်နိုင်အောင် ရယ်ခြင်း ဖြစ်ပေသည်။

"အေး ... ဒါဆို ဖွားစိန်ကို ငါပြောကြည့်ပေးမယ်"
ဟု ပြောလိုက်မှ ဖိုးဝဲသည် နွေးနွေးကို မတ်တတ်လက်အုပ်ချီပြီး
ခွပ်ကျယ်နှင့်ခေါင်းပေါင်း ပခုံးပေါ်တင်ကာ ထွက်သွားတော့သည်။



ဆေးခန်းကို ရွာထဲမှ မယ်စော ဆိုသည့် အမျိုးသမီး
က လာပိတ်ပေးသည်။ မယ်စောတို့အိမ်မှာ ဆေးခန်းနှင့် ခြံစည်း
ရိုးခြား ကပ်လျက်သား ရှိသဖြင့် ဆေးခန်း အဖွင့်အပိတ်ကို
မယ်စောကပင် ဆောင်ရွက်ပေးပေသည်။

ဆေးခန်းမှ မေမေကြီး၏ အိမ်ကြီးရှိရာသို့ ဆေး
သတ္တာ ကိုယ်စီဆွဲကာ နွေးနှင့် အောင်မြင့်စော ပြန်လာခဲ့ကြ
သည်။

ဆေးခန်းနှင့် မေမေကြီးအိမ်မှာ အညောင်းပြေ
လမ်းလျှောက်နိုင်သည့် အကွာအဝေး ရှိပါ၏။

"ဒီအတိုင်းဆိုရင် လွယ်ပါ့မလား နွေး"

"ဘာကို မလွယ်တာလဲ ကိုအောင်"

"မှော်တောရွာခံ လူနာတွေရော ... တခြားကျေးရွာကလာ
တဲ့ လူနာတွေရော သိပ်များတယ်။ နွေး တစ်ယောက်တည်း
နိုင်ပါ့မလား လွယ်ပါ့မလားလို့ ပြောတာပါ။ စမ်းသပ်ရတာ
ရော ကုသရတာရော ဆေးပေးရတာရောတွေပေါ့လေ"

"ကိုအောင် ရှိနေသားပဲ"

နွေးနွေးက တမင်တကာ သွေးတိုးစမ်းသဘော
ပြောလိုက်သည်။

"ကိုယ် ဒီမှာရှိနေတုန်းတော့ဟုတ်တာပေါ့ နွေး။ ဒါပေမယ့်
ကိုယ်က ဒီမှာ အမြဲရှိနိုင်ပါ့မလား"

အောင်မြင့်စောက သက်ပြင်းချရင်း ပြန်ပြောလိုက်
သည်။

www.burmeseclassic.com

www.burmeseclassic.com



"အယ် ... အဲဒါ ဟုတ်သားပဲ။ နွေး အမှတ်တမဲ့ ဖြစ်သွားတယ် ကိုအောင်။ အခု ဆေးခန်းဖွင့်စ ကိုအောင်နဲ့ နှစ်ယောက်သား အားရပါးရ တွဲလုပ်ရတာမို့ အမှတ်တမဲ့ ဖြစ်သွားတာပါ၊ တကယ်တော့ ကိုအောင်က ဒီမှာ ညှော်သည်ပဲဟာ၊ ဒါပေမယ့် ကိစ္စမရှိပါဘူး ကိုအောင်။ ဒီမှော်တောရွာမှာ ရှစ်တန်းအောင်ထားပြီးသား အပျိုမလေးနှစ်ယောက် ရှိတယ်။ သူတို့နှစ်ယောက်ကို နွေးကပဲ အားလပ်ချိန်တိုင်း သူနာပြုဆရာမသင်တန်း ပေးမယ်။ ဆေးဝါးတွေအကြောင်း လက်တွေ့ပြသ သင်ပေးမယ်။ ဒါဆိုရင် နွေးအနေနဲ့ ဒီဆေးခန်းကို နိုင်သွားမှာပါ။ အခုလည်း ဖွင့်ကာစမို့ ရွာခံလူနာတွေရော တခြားရွာက လူနာတွေရော သိပ်များနေတာပါ။ အခု ကုသပေးလိုက်တဲ့ လူနာတွေ သက်သာသွားတာရယ် ရောဂါပျောက်ကင်းသွားတာရယ် ဆိုရင် တဖြည်းဖြည်း လူနာအား နည်းသွားမှာပါ။ နောက်ပြီး မေမေကြီးဒေါ်ဝန်ရဲ့မြေး ဆရာဝန်နွေးနွေး မှော်တောမှာ ဆေးခန်းဖွင့်တယ်ဟေ့ ဆိုလို့ ရောဂါမရှိ ရောဂါရှာပြီး လာကြည့်တဲ့ လူတွေလည်း တစ်ပုံကြီးပါ။ နောက်ဆို သူတို့ လာမှာမဟုတ်တော့ဘူးလေ"

"ဒါဆို ကိုယ် ဒီမှာမရှိလဲ နွေးအနေနဲ့ ဖြစ်တယ်ပေါ့ နော်"

"အင်းလေ ... ကိုအောင် ပြန်သွားရင်တော့ နွေး တစ်ယောက်တည်း ဖြစ်နိုင်တဲ့နည်းလမ်းကို ပြောတာပါ။ တကယ်တော့



ဒီရွာကရော တခြားရွာကရော ရွာသူရွာသားတွေဟာ မနက်ငါးနာရီ ဝေလီဝေလင်းကတည်းက ဥယျာဉ်ဆင်း၊ တောဆင်း၊ ဝါးဖျားခုတ်၊ ဓနိတံစိုက်၊ ဝါးခုတ်ဖောင်ဖွဲ့၊ လှေထွက် သမ္ဗန်ထွက် အလုပ်လုပ်ကြတဲ့ ရွာသားရော ရွာသူတွေပါ နောက်ဆို တကယ့် ဝေဒနာဖြစ်မှ လာကြမှာဆိုတော့ ဆေးခန်းကို နွေး အတွက် နိုင်ပါတယ် ... မခက်ခဲပါဘူး ဆိုတာ ရှင်းပြတာပါ ကိုအောင်"

နွေးနွေး၏ စကားသည် အောင်မြင့်စော ရင်ထဲတွင် အောင့်သက်သက် ခံစားလိုက်ရပါ၏။

အောင်မြင့်စောအား နွေးက ပြောစေချင်သည်မှာ ...

"ဟုတ်တယ်နော် ... ကိုအောင် ရှိနေလို့ နွေး သက်သာတာ။ ကိုအောင် မရှိတော့ရင် နွေး တစ်ယောက်တည်း မလွယ်ဘူး။ ကိုအောင် ဒီမှာပဲ နွေးနဲ့အတူ ဆက်လုပ်ပါလား"

ဆိုသည့် စကားသံမျိုး အောင်မြင့်စော ကြားလိုပါ၏။

ကြားလိုချင်သည်ကတခြား။ တကယ့် အခြေအနေမှန်က တခြားဆိုသည်ကိုလည်း အောင်မြင့်စော ဆက်၍တွေးမိပေသည်။

အကယ်၍ နွေးကသာ ကိုအောင် ဒီမှာ နွေးနဲ့အတူ လက်တွဲပြီး ဆက်နေပါဟု ဆိုလာပါလျှင် အောင်မြင့်စော အဖို့ ကြီးမားသော ဆုံးဖြတ်ချက်ကြီးတစ်ခု ပြတ်ပြတ်သားသား ချရပေမည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင့်စော ဆရာဝန်ဘွဲ့ ရပြီဆိုသည်နှင့် သူ၏ မိဘများက ဆက်လက်ပြီး နိုင်ငံခြားသွားရောက်၍ ခွဲစိတ်သမားတော်ကြီးဘွဲ့ ထပ်မံယူရန် အစီအစဉ် ဆွဲပြီးသား ဖြစ်နေပါ၏။

တကယ်တမ်းကျလျှင် ...

အောင်မြင့်စောသည် မော်တာလိုရှာ၌ ရာသက်ပန် နေနိုင်ပါမည်တဲ့လား။

"ဟေး ... ကိုအောင် ငြိမ်ပြီး ငိုင်လှချည်လား။ ဘာလဲ ... ရန်ကုန်ကို လွမ်းပြီလား"

"ရန်ကုန်ကို လွမ်းတာတော့ မဟုတ်ဘူး နွေး။ ကိုယ် မော်တော်မှာ ထာဝရ နေနိုင်ရဲ့လား ဆိုတာ ကိုယ့်ဟာကိုယ် ဆန်းစစ်ကြည့်နေတာပါ"

နှစ်ဦးသား ငြိမ်သွားပြီး ဆက်မြဲဆက်လျှောက်လာစဉ်မှာပင် လူစိမ်းနှစ်ယောက်သည် ဘွားခနဲ သူတို့နှစ်ယောက်ရှေ့တွင် မားမားကြီး ရပ်လာသည်ကို နှစ်ယောက်စလုံး တွေ့လိုက်ရပေတော့သည်။



## ၄

ထိုလူနှစ်ယောက်သည် လမ်းကိုပိတ်ဆို့ပြီး နွေးနွေးနှင့် အောင်မြင့်စော ရှေ့တွင် မားမားကြီးရပ်ပြီး လမ်းကိုပိတ်ဆို့သိုက်သည်။

တစ်ဦးသည် အသက်(၄၀)ခန့် ရှိပြီး ချည်ကြမ်းပုဆိုးကို ဝတ်ထားပြီး ခါးပတ်ကြီးပတ်ထားကာ ခါးပတ်ကြားတွင် တောင်းဂန်းကျည်ကပ်များ ထိုးထည့်ထားသည်။

ကျန်တစ်ယောက်မှာ အသက်(၂၀)ဝန်းကျင်ခန့် လူငယ်လူရွယ် ဖြစ်သည်။ စွပ်ကျယ်နှင့် ဘောင်းဘီရှည် ဝတ်ထားသည်။ ပခုံးတွင် ရိုင်ဖယ်သေနတ်ကို လွယ်ထားပေသည်။ နှစ်ဦးလုံး ပုံးထဲမှ တောအရက်နံ့ ထွက်နေသည်။ နွေးနွေး နှာခေါင်းရှုံ့မိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အနက် အသက်ကြီး စတင်းဂန်းကိုင်သူက နွေးကို မေးလိုက်သံ ထွက်လာသည်။

"ဒေါက်တာနွေးနွေး ဆိုတာ မင်း မဟုတ်လား"

နွေးနွေးက နှုတ်ဖြင့်မဖြေဘဲ ဦးခေါင်းကိုသာ ညိတ်ပြလိုက်သည်။

"ဒါဆို မင်းရဲ့မေမေကြီးအိမ်မှာ ဆရာကောင်းမြတ် ရောက်နေတာ နာရီဝက်လောက် ရှိသွားပြီ။ မင်းနဲ့တွေ့ချင်လို့ ငါတို့နှစ်ယောက်ကို လွှတ်ပြီးခေါ်ခိုင်းတာ"

"ဆရာကောင်းမြတ် ဆိုတာ နွေးမှ မသိတာ"

နွေးသည် မိမိကိုယ်ကို ကျွန်မအစား နွေးဟု သူ့ထက် အသက်ကြီးသူများကို ထည့်ပြောတတ်သည်မှာ အကျင့်ပါနေပါ၏။ စိမ်းစိမ်းကျက်ကျက် သူမထက် အသက်ကြီးသူမှန်သမျှ ဒီလိုပဲ နွေး ပြောတတ်သည်။

"မင်းက ဒီရွာမှာ လူသစ်လို ဖြစ်နေတော့ ဆရာကောင်းမြတ်ကို မင်း မသိဘူးပေါ့။ ဒါပေသိ ဆရာကောင်းမြတ်က မင်းကို သိနေတယ်"

အဖော်ပါလာသော အသက်ငယ်သူက ဘာမှဝင်မပြောဘဲ နွေးနွေး၏ မျက်နှာအလှနှင့် ကိုယ်ထည်အလှကိုသာ မျက်လုံးပြူးအောင် ကြည့်နေပါ၏။

"နွေးမှာ ဆေးခန်းပိတ်ပြီးတဲ့နောက် အိမ်မှာ အိပ်ရာထမထနိုင်တဲ့ လူနာနှစ်ယောက်ကို သွားကြည့်ရဦးမယ်။ အဲဒီလူနာနှစ်ယောက်ကို ကုပေးပြီးမှ အိမ်ပြန်မှာ"



"ဒီလို မရဘူး မိန်းကလေး။ ဆရာကောင်းမြတ်ရဲ့ အမိန့်က မင်းကို ချက်ချင်းခေါ်လာခဲ့ရမယ်လို့ ပေးလိုက်တာ။ ဆရာကောင်းမြတ်မှာ မင်းကို ဆွေးနွေးစရာ ရှိနေတယ်။ ဆွေးနွေးပြီးမှ မင်း လူနာတွေဆီ ပြန်သွားချင်သွားပေါ့"

"နွေးအဖို့ လူနာထက် အရေးပိုကြီးတာ ဘာမှမရှိဘူး။ လူနာနှစ်ယောက်ကို ကုသပြီးမှ လိုက်နိုင်မယ်"

ရိုင်ဖယ်ကိုင် လူငယ်က စိတ်မရှည်ဟန်ဖြင့် ဝင်ပြောသည်။

"ဦးလေးကျော်ဖား ပြောနေတာ ကြာတယ်ဗျာ။ ကဲ ... ကျုပ်ခေါ်တာကိုကြည့်"

ရိုင်ဖယ်ကိုင် လူငယ်က ပြောပြောဆိုဆို နွေးနွေး၏ လက်တစ်ဖက်ကို လှမ်းဆွဲလိုက်သည်။

နွေးနွေးမှာ ဤမျှရိုင်းစိုင်းသည်ကို မျှော်လင့်မထားသောကြောင့် မရှောင်မတိမ်းမိ လက်ဆွဲခေါ်ခြင်း ခံလိုက်ရသည်။

"လာ ... လိုက်ခဲ့ ... ဒါပဲ"

ဤမှာပင် အောင်မြင့်စောမခံမရပ်နိုင် ပေါက်ကွဲတော့သည်။ ဘာဘာညာညာတွေ ပြောမနေတော့ဘဲ ရိုင်ဖယ်ကိုင် လူငယ်၏ ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်သည်။

အရက်မူးနေသူမို့ ဆောင့်တွန်းသည်နှင့် ပက်လက်လဲကျသွားသည်။

သို့သော် ... ချက်ချင်းလူးလဲထသည်။ ပုခုံးတွင်လွယ်ထားသော ရိုင်ဖယ်ကို ဖြုတ်ယူကာ ကျောက်ဂျက်နှင့် မောင်းတင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင့်စောကို ချိန်သည်နှင့် အောင်မြင့်စောက ထိုလူငယ်အား အတင်းဝင် ပူးကပ်ပြီး လူချင်းလုံးကာ ထိုလူငယ်လက်မှ ရိုင်ဖယ်ကို အရလုသည်။ အောင်မြင့်စောပင် ရိုင်ဖယ်ရသွားပါ၏။

အောင်မြင့်စောသည် လက်ထဲ ရရှိသော ရိုင်ဖယ်ကို အဝေးသို့ လွှင့်ပစ်လိုက်သည်။

နွေးနွေးမှာ ဘာလုပ်ရမှန်း မသိဘဲ ကိုအောင် ... ကိုအောင် ဟုသာ အော်နေသည်။

လူဆိုးလူရွယ်သည် သူ့လက်ထဲတွင် ရိုင်ဖယ်သေနတ် မရှိတော့သည်နှင့် ...

"ပေးစမ်းဗျာ ... ခင်ဗျား စတင်း"

ဟု ပြောရင်း သူ့အဖော် ပခုံးတွင် လွယ်ထားသော စတင်းဂန်းကို အတင်းယူကာ မောင်းဆွဲပြီး အောင်မြင့်စောအား မွှေ့ရန် ရွယ်လိုက်သည်။

"ဒိုင်း"

"အား"

သေနတ်သံတစ်ချက် ပေါ်ထွက်လာသည်နှင့် တစ်ပြိုင်တည်းမှာပင် စတင်းဂန်းကိုင် လူငယ်သည် အားခနဲအော်ရင်း နွားသိုးအဖွေ့ ခံလိုက်ရသည့်နှယ် ချာလပတ်လည် လွင့်သွားပြီး လက်ထဲမှ စတင်းဂန်းလည်း လွတ်ကျအေားထွက်သည်။

လူငယ်၏ ညာဘက်လက်မောင်းတွင် သွေးများနီရဲ ကျဆင်းလာတော့သည်။

ဒီလူရွယ်ကို အဘယ်သူ ပစ်လိုက်သနည်းဟု ဝိုင်း



ကြည့်နေစဉ်မှာပင် သူများထက် ဦးခေါင်းတစ်လုံး ပိုမြင့်သော "သူ" လူထွားကြီး သေနတ်ကိုင်ရင်း ရှေ့သို့ ထွက်လာသည်။ သူ့လက်ထဲတွင် ဒသမလေးငါး ပစ္စတိုကြီး ကိုင်ထားပါ၏။ "သူ"လူထွားကြီးပင် အချိန်မီ စတင်းဂန်း ပစ်တော့မည့် လူငယ်ကိုပစ်လိုက်ခြင်း ဖြစ်ပေတော့သည်။

ယခုမှ "သူ"သည် တိုက်ပုံဖျင်ကြမ်း ချည်လုံချည် နွပ်ကျယ်နှင့် မဟုတ်တော့ပေ။

ဦးထုပ်ပျော့တစ်လုံး ဆောင်းထားသည်။ ဘောင်းဘီရှည် ဝတ်ထားသည်။ လောင်းကုတ်အနက်ရောင် အကျီဖားဖားကြီး ဝတ်ထားသည်။

ပါးမြိုင်းမွေး၊ မုတ်ဆိတ်မွေးတွေကတော့ နဂိုအတိုင်း ရှိနေသည်။

အောင်မြင့်စောနှင့် နွေးထံမှ စီးကရက် မီးခြစ်စသည်တို့ကို အနိုင်ကျင့် ယူသွားသော "ကိုနေမင်း" ဖြစ်နေသည်ကို နွေးနွေးရော၊ အောင်မြင့်စောရော၊ ဝိုင်းကြည့်နေသော အရပ်သူအရပ်သားတွေကော မြင်တွေ့ရသည်။

ထိုစဉ်မှာပင် လဲကျသွားသော လူငယ်သည် ပြန်၍ ရုပ်ခါ လွင့်ကျအေားထွက်သွားသော စတင်းဂန်းရှိရာသို့ ပြေးသွားသည်။

"ဟေ့ကောင် ... အိုက်ပန် ရပ်လိုက်စမ်း။ ရပ်ဆိုရင်ရပ် နော်။ ဒီတစ်ခါ ငါပစ်ရင်း မင်းနဖူး အလယ်တည့်တည့်ပဲ။ မင်း ငါ့အကြောင်းသိသားနဲ့"

www.burmeseclassic.com

www.burmeseclassic.com



သူ၏ အောင်၍ ညသော အမိန့်ကြောင့် အိုက်ပန် ဆိုသည့် သောင်းကျန်းသူသည် နေရာမှာပင် ရပ်လိုက်သည်။

နေမင်းက စတင်းဂန်းကို ကောက်ယူပြီး မောင်းပြန် ချကာ ဦးကျောက်ဖားထံသို့ ပစ်ပေးလိုက်သည်နှင့် ဦးကျောက်ဖား က ဖမ်းယူကာ ပခုံးတွင် ပြန်ချိတ်ထားသည်။

အိုက်ပန် အနီးသို့ နေမင်း တိုးကပ်သွားသည်။

"ကျွတ် ... ကျွတ် ... မင်းလက်မောင်းမှာ သွေးတွေနဲ့ ကိုးကွ အိုက်ပန်။ မင်းက တယ်ပြီး လက်ရဲဇက်ရဲနဲ့ လူ ဆွမ်းကောင်း လုပ်ချင်တာကိုး။ ရွာထဲမှာ အရက်မသောက်ရ၊ သောက်ချင်ရင် စခန်းရောက်မှသောက်လို့ ငါ အမိန့်ထုတ် ထားတာကို မင်း မနာခံဘူး။ ဟို မကြီးမငယ် ကိုကျောက် ဖားလည်း သတိထား။ ခင်ဗျားကြီးကိုလည်း စခန်းရောက်မှ ကျုပ် ဆုံးမမယ်"

ဦးကျောက်ဖား ခေါင်းငုံ့ နာခံပါ၏။

နေမင်းက အိုက်ပန်ကို ဆက်ပြောပေသည်။

"မင်းကို ငါ သေသေချာချာ မှာထားတယ်။ အခုအခေါက် ရွာထဲဝင်ရင် သေနတ်လုံးဝမပစ်ရဘူးလို့၊ မင်း မနာခံဘူး၊ ဟိုညှေ့သည်ကို သေနတ်နဲ့ပစ်ဖို့ ရိုင်ဖယ်နဲ့ရော စတင်းနဲ့ ရော နှစ်ကြိမ်မောင်းတင်တာ ငါတွေ့တယ်"

"ဒါ ... ဆရာနေမင်း ကျွန်တော့်ကို သက်သက်အနိုင်ကျင့် ပစ်လိုက်တာ။ တကယ်ဆို ကျွန်တော်က ဆရာနေမင်းရဲ့ တစ်ဖွဲ့တည်းသား တပည့်တစ်ယောက်ပါ၊ ဟိုကောင်က



လူစိမ်းသက်သက်ပဲ၊ ဒီကောင် ဒီရွာမှာ လာပြီး သူလျှိုလုပ် နေတာ မဟုတ်ဘူးလို့ ဆရာနေမင်း ပြောနိုင်မလား။ ဆရာနေမင်းပဲ အမိန့်ပေးထားတယ်။ သူလျှိုဆိုရင် ပစ်သတ် လို့။ အခုတော့ ကျုပ်ကို ဆရာနေမင်းက ပစ်တယ်"

"ပွဲက ကြည့်လို့မှ မကောင်းတာဘဲ အိုက်ပန် ... ဒီလိုတစ် ဖက်သတ်ကြီးမျိုးတော့ ငါ ဘယ်တုန်းကမှ မကြိုက်ခဲ့ဘူး လေကွာ။ ငါမကြိုက်ဘူးဟေ့ဆိုရင် ဘာတွေဖြစ်သွားတတ် မှန်း မင်းသိသားပဲ။ ပထမ မင်းလက်ထဲမှာ ရိုင်ဖယ်ရှိနေ တယ်။ မင်းက ဆရာဝန်အမျိုးသမီးကို အကြမ်းနည်းနဲ့ လက်ဆွဲခေါ်တယ်။ ဒါကို ဟိုလူက မင်းကို တွန်းပစ်တယ်။ မင်း ဖင်ထိုင်လဲကျသွားတယ်။ တကယ်ဆို ယောကျ်ားချင်း ပဲ ... မင်း လက်သီး[illegible]ပေါ့၊ နပန်းလုံးပေါ့ကွ။ အခုတော့ သူ့လက်ထဲမှာ အပ်တစ်ချောင်းတောင် မရှိတဲ့လူကို မင်း က သေနတ်နဲ့ပစ်သတ်ဖို့ မောင်းတင်တယ်။ ဒါကို ဟိုလူ က အတင်းဝင်ပူးသတ်တော့လည်း မင်းနိုင်အောင် မသဝ် နိုင်ရုံမကဘူး ... မင်းရိုင်ဖယ် သူ့လက်ထဲ ပါသွားတယ်။ မင်းတို့ လုပ်နေကျတွေကို နားလည်ပါတယ် အိုက်ပန် ... ကိုယ့်လက်ထဲက သေနတ် ရန်သူ့လက်ထဲ ပါသွားရင် စခန်းမှာ သေဒဏ်ပေးလိုက်တာပဲ။ သူ့လက်ထဲရိုင်ဖယ် ရသွားပေမယ့် သူက မင်းကို မပစ်ဘူး။ သေနတ်ကိုသာ အဝေးလွှင့်ပစ်တယ်။ ဒါကိုတောင် မင်းက ကိုကျောက်ဖား ဆီက စတင်းဂန်းကို အစာင်းယူပြီး သူ့ကိုပစ်မယ်လို့

www.burmeseclassic.com

www.burmeseclassic.com



ထပ်မောင်းတင်သေးတယ်။ ဒါကြောင့် ငါက မင်းလက်မောင်းကို ဆက်မပစ်နိုင်အောင် ပစ်ပြီး ထိန်းလိုက်တာ။ ပွဲက ကြည့်မကောင်းဘူး အိုက်ပန်။ တစ်ဖက်သတ်ကြီးကျလွန်းတယ်။ ငါက မတရားပွဲကြီးမျိုးတော့ မကြည့်ချင်ဘူးလေကွာ။ ခွေးချင်းကိုက်တာတောင် တစ်ဖက်သတ်ကြီး အနိုင်ကိုက်တဲ့ ခွေးဆိုရင် ငါ ဝင်ရိုက်ပစ်တာ။ ငါ မင်းကို ရုပ်ထိရုံလောက် သင်ခန်းစာပေးသဘော ပစ်တာလေ။ ငါ တကယ်ပစ်ရင် ဘယ်လိုဆိုတာ ... မင်း သိပြီးသားပါ အိုက်ပန်"

နေမင်းသည် ပြောရင်း ပြုံးတုံးကြောင်တောင်လေး ရပ်နေသည့် နွေးနွေးကို တစ်ချက်လှမ်းကြည့်သေးသည်။

"မင်း စတင်းဂန်း မွေ့လိုက်ရင် မသက်ဆိုင်သူတွေကို ထိကုန်မှာပေါ့ ... စတင်းဂန်းဆိုတာ ပခုံးလောက် ချိန်သီးချိန်ပစ်ရတဲ့ တစ်ချက်ချင်းထွက်တာမျိုးမှ မဟုတ်တာ။ မွေ့ပစ်တဲ့သေနတ်မျိုးပဲ။ ဒါကြောင့် ငါက မင်းကို အချိန်မီ ပစ်ပြီးတားလိုက်တာ"

ကိုနေမင်း ပြောလိုက်သော စကားသည် အိုက်ပန် စတင်းမွေ့လိုက်ပါက ကိုအောင့်ကိုရော မိမိကိုပါ ထိသွားမည်ကို မလိုလားကြောင်း ပါဝင်နေသည်။

တိမ်ဝါသဘော်ပေါ်တုန်းကလည်း လမ်းသရဲသုံးကောင်လက်မှ မိမိအရှက်ကို ကိုနေမင်း အကာအကွယ်ပေးခဲ့သည်။ ယခု မိမိအသက်ကို ကာကွယ်ပေးလိုက်ပြန်ပေပြီ။



နွေးနွေး ရင်ထဲ တစ်မျိုးလေးသော ဝေဒနာ ခံစား၏။

အိုက်ပန် စောဒကတက်သည်။

"ခါတိုင်း ရွာတွေထဲစင်ပြီး စတင်းမွေ့ရုံမကဘူး၊ ရွာတွေကိုတောင် မီးရှို့သေးတာ၊ အခုမှ ဆရာနေမင်းက သူတို့ဘက်ကလိုက်ပြီး တပည့်ရင်းဖြစ်တဲ့ ကျုပ်ကို ပစ်တာ"

သူတို့ဘက်ကလိုက်ပြီး တပည့်ရင်းကျုပ်ကို ပစ်တာသည့် အိုက်ပန်၏ စကားကြောင့် နေမင်း ငိုင်သွားပါ၏။

ထိုစဉ်မှာပင် ...

ဘေးမှ တစ်ဦးတစ်ယောက် ဝင်ပြောလိုက်သော သံတစ်ခု အများကြားအောင်ပင် ထွက်ပေါ်လာသည်။

"ဘာပဲဖြစ်ဖြစ် အခု ကိုနေမင်း လုပ်ရပ်ဟာ အဖွဲ့မှာ အမှားအယွင်းတစ်ခု လုပ်လိုက်တာ ဖြစ်ရုံမက ကျုပ်ကို စိန်ခေါ်ရာ ရောက်သွားတယ်။ ဘာလို့လဲဆိုတော့ ကျုပ်ရဲ့ လုံခြုံရေးအတွက် ကျုပ်က ကိုကျောက်ဖားနဲ့ အိုက်ပန်ကို ခေါ်လာခဲ့တာ။ ကျုပ်ခေါ်လာတဲ့လူက ကျုပ်အမိန့်ပေးတဲ့ တာဝန်ကို လုပ်တာကိုပဲ ခင်ဗျားက ပစ်လိုက်တော့ ကျုပ်ကို စိန်ခေါ်လိုက်တာနဲ့ အတူတူပဲ"

အသံလာရာ စကားပြောသူအား နွေးနွေးရော အောင်...ာရော နေမင်းပါ လှမ်းကြည့်လိုက်သည်။

အလွန်ကြည့်ကောင်းအောင် ဝတ်စားဆင်ယင်ထား... လူတစ်ယောက်ကို တွေ့မြင်ကြပါ၏။

www.burmeseclassic.com

www.burmeseclassic.com



မီးခိုးရောင် တက်ထရက်(စ်)သား ဂျာကင်နှင့် ဘောင်းဘီရှည်ကို ဝမ်းဆက် ကိုယ်တိုင်းနှင့် ချုပ်ပြီးမှ ဝတ်ဆင်ထားသည်။ အထဲက အင်္ကျီကလည်း အပြာနုရောင် ပိုးသားဆန်သော ရှပ်အင်္ကျီ ဝတ်ဆင်ထားသည်။ ဝေါကင်းရှူးဖိနပ် အရောင်းစား စီးထားသည်။

ဆံပင်ကို ခွဲကြောင်းတည့်မတ်စွာ ဖြီးထားပြီး ခေါင်းလိမ်းဆီ အကောင်းစား ကလီပေါ့ပက်ထရာတဲဆိပ် လိမ်းထားသောကြောင့် သင်းပျံ့မွှေးကြိုင်နေသည်။

ကိုနေမင်းနှင့်တော့ ကွာပါ၏။

ကိုနေမင်းက လမ်းဘေး ရယ်ဒီမိတ် ချရောင်းသော အဝတ်အစားမျိုးတွေ ဆိုက်ကြီးကြီး တွေ့ကရာကို ဝယ်ဝတ်ပုံရသည်။ ဖိုးရိုးဖားရား ပုံမကျ ဖြစ်သလို ဝတ်သည်။ နေမင်း၏ ဆံပင်တို့မှာ မနံစော်အောင် ဆပ်ပြာနှင့် ရေချိုးတိုင်း လျှော်သော်လည်း ဘာခေါင်းလိမ်းဆီမှ မလိမ်း။ ပေါပေါနှင့် လွယ်လွယ်ကူကူရသော အုန်းဆီကိုပင် မလိမ်းသူ ဖြစ်သည်။ နေမင်း၏ ခန္ဓာကိုယ်က သူ့ဟာသူ အချိုးကျနေခြင်းကြောင့်သာ သူဝတ်စားထားပုံက အတော်အသင့် ကြည့်ကောင်းရုံမျှသာ ရှိပါ၏။

နှစ်ယောက်စလုံး ခါးတွင် အပြားကြီးသော သားရေ ခါးပတ်နှင့် ဘေးသေနတ်ချိတ်နိုင်သောကြောင့် သူတို့အဖွဲ့တွင် ခေါင်းဆောင်တွေဖြစ်မှန်း သိသာနိုင်သည်။

အသစ်ရောက်လာ ပြောဆိုသူမှာ စောစောက အိုက်ပန်တို့ ပြောသည့် ဆရာကောင်းမြတ် ဆိုသူ ဖြစ်ပါ၏။



ကိုနေမင်းက ကိုကောင်းမြတ်အား ကြည့်ကာ ပြန် ည်ပြောသည်။

"အိုက်ပန်ကိစ္စမှာ ကိုကောင်းမြတ်ကို ကျုပ်က စိန်ခေါ်တဲ့ သဘောနဲ့ ပစ်လိုက်တာ မဟုတ်တာတော့ အမှန်ပဲ။ ပြီးတော့ အိုက်ပန် ကိုယ်တိုင် ကျုပ်ကိုတာပည့်ရင်းပါ။ တာဝန်အရဆိုရင် အဖွဲ့ထဲမှာ သေနတ်ကိုင်ခွင့် ပေးထားတဲ့ ငယ်သားတိုင်းဟာ ကျုပ်တပည့်ချည်းပဲ။ အခု အိုက်ပန်ကို ကျုပ် ဆုံးမတဲ့ နေရာမှာ ခင်ဗျားကို စိန်ခေါ်သလို ဖြစ်သွားတယ် ဆိုရင်လည်း စိန်ခေါ်တယ်ပဲပေါ့ ကိုကောင်းမြတ်။ ကျုပ်က ကျုပ်လုပ်ရပ် မှားပါတယ်လို့တော့ ဝန်မခံဘူး။ ကျုပ်လုပ်ရပ် မှားလည်းမမှားဘူး၊ ဆပ်ကပ်ပွဲမှာ ကျား ခြင်္သေ့ကို ထိန်းသိမ်းရတဲ့ ဆရာဟာ ကြာပွတ်ကိုင်ပြီး လိုအပ်ရင် ကျားခြင်္သေ့ကို ကြာပွတ်နဲ့ ရိုက်ရတာပဲ မဟုတ်လား ကိုကောင်းမြတ် ...။ ကဲ ... ကျုပ်က ခင်ဗျားကို စိန်ခေါ် တယ်ပဲ ထားပါတော့ ... အခု စိန်ခေါ်ပွဲကို ဘယ်လိုရှင်း မလဲ။ ကြိုက်သလိုရှင်း"

နေမင်းသည် သူ့လက်တွင် ကိုင်ထားသော ပစ္စတို နတ်ကို သူ၏ ခါးပတ်အိတ်ထဲ ပြန်ထည့်ထားလိုက်ပြီး က်နှစ်ဖက်စလုံး ဘေးတွင် ဆန့်၍ချထားလိုက်သည်။

အခိပ္ပာယ်မှာ စိန်ခေါ်သူနှစ်ဦး သေနတ်ပစ်မည်ဆို တာ အဆင်သင့်ပဲ ဆိုသည့် အဓိပ္ပာယ် သက်ရောက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုကောင်းမြတ်၏ သားရေပြား ခါးပတ်၏ သေနတ်အိတ်ထဲတွင်လည်း သေနတ်တစ်လက် ပါပြီးသား ဖြစ်ပါ၏။

ကိုကောင်းမြတ်၏ သားရေခါးပတ်ကြီးသည် ပိုမိုကောင်းမွန် သစ်လွင်ရုံမက တွဲလောင်းအိတ်ထဲမှ သေနတ်မှာလည်း ကနုတ်မာ ရောင်စုံထွက်နေသော သေနတ်ဒင်ရိုးဖြင့် ဒသမသုံးရှစ်ခြောက်လုံးပြူး လှလှလေး ဖြစ်ပါ၏။ ပစ်ဖို့ထက် အလှကိုင်ဖို့ ပို၍ကောင်းသော သေနတ်လှလှလေးပါပေ။

"ဟဲ ... ဟဲ ... ဟဲ"ဟု ကိုကောင်းမြတ်က ရယ်သွမ်းတစ်ချက်သွေးကာ နွေးနွေးနှင့် အောင်မြင့်စော ရှိရာသို့ လျှောက်လာရင်း စကားဆက်ပြောပေသည်။

"ဟဲ ... ဟဲ ... ဖြစ်လာတဲ့ သဘောကို ပြောတာပါ ကိုနေမင်း။ တကယ်တမ်းကျတော့ ကျုပ်က ကိုနေမင်းလို ဆယ်ပြားစေ့ မိုးပေါ်ပစ်မြှောက်ပြီး အောက်ကနေ မလွဲတမ်း ပစ်နိုင်တဲ့ သေနတ်သမားကို ဘယ်ယှဉ်ပြီး ပစ်ရဲမလဲဗျာ။ ဘယ်မှာ စိန်ခေါ်ရဲပါ့မလဲ။ ကျုပ်က ကျုပ်တို့အဖွဲ့မှာ အပျော်အပြောတာဝန်ခံပဲဟာ။ သေနတ်မှာ သိပ်ကျွမ်းတာမှ မဟုတ်တာ။ ကဲပါလေ ... ပြီးတာ ပြီးပြီပဲ။ ဒါမျိုးတွေ ဖြစ်တတ်တာ ကျုပ်တို့မှာ အဆန်းမှ မဟုတ်တာ"

ကိုကောင်းမြတ်သည် ကိုနေမင်း ဆီးမှ ပွတ်လျှောက်လာပြီး နွေးနွေး ရှေ့တွင် ရပ်လိုက်သည်။



ကိုကောင်းမြတ် ထံမှ ကလီယိုပက်ထရာ ခေါင်းလိမ်းဆီမွှေးနံ့ရော တခြားရေမွှေးအကောင်စားအနံ့ကိုရော နွေးနွေး ရှူရှိုက်ရပါ၏။

"ကျုပ်တို့ အခု မိုးချုပ်မှ မှော်တောရွာထဲ ဝင်လာတာဟာ ဒေါက်တာနွေးနွေးနဲ့ အရေးကြီးတဲ့ကိစ္စ ဆွေးနွေးစရာရှိလို့ပါ။ ဒေါက်တာနွေးနွေးရဲ့ မေမေကြီးအိမ်က ကျုပ် စောင့်ပါသေးတယ်။ ဒါပေမယ့် ရွာထဲမှာ ရုတ်ရုတ်သဲသဲ ဖြစ်တာရော သေနတ်သံ ကြားတာရောကြောင့် ဒီကို ဆင်းလိုက်လာတာပါ။ ဆွေးနွေးချင်တဲ့ကိစ္စက မှော်တောရွာမှာ အခု ဆေးခန်းဖွင့်တဲ့ ကိစ္စပါပဲ"

"ဟုတ်ကဲ့ ... ဆွေးနွေးနိုင်ပါတယ်။ ဒါပေမယ့် အခုလောလောဆယ်မှာတော့ လက်မောင်းဒဏ်ရာနဲ့ မောင်အိုက်ပန်ကို ကုသပေးဖို့ လိုနေပါတယ်။ ဒီအတိုင်း ကြာကြာထားလို့ မိုးဝင်သွားရင် နောက်ပိုင်း သိပ်ခံရမယ်"

နွေးနွေးရော အောင်မြင့်စောရော ဆေးသေတ္တာ မြေပေါ်တွင် ချဖွင့်ပြီး အိုက်ပန်ကို နွေးနွေးက ပြောလိုက်လေသည်။

"မင်းအကျီလက် ချိုင်းဖြတ်ရမယ်။ ဒါမှ ဒဏ်ရာကို သေချာမြင်ရမယ်"

အိုက်ပန်က ထုံပေပေပင် ရပ်နေသည်။ နွေးနွေးက ဆရာဝန်ကိုင် ကတ်ကြေးဖြင့် အကျီလက်မောင်းကို ငိုက်ပြီးညှပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နွေးနွေးရော အောင်မြင့်စောရော အိုက်ပန်၏အ
ရာကို လိုအပ်သလို အားလုံးလုပ်ပေးပါ၏။ အရိုးကို မထိ
ကြောင့် စိုးရိမ်ဖွယ်တော့ မရှိ။

အိုက်ပန်၏ တင်းမာသော မျက်နှာမှာ တဖြည်းဖြ
လျော့ရဲပြီး နွေးနွေးကို အိုက်ပန်သည် ငေးကြည့်နေသည်။

ဆရာကောင်းမြတ်နှင့် ဆရာနေမင်းတို့လည်း နွေ
၏ ကုသပေးမှုကို ငေးကြည့်နေကြပါ၏။

နှစ်ယောက်စလုံး အံ့သြသည်မှာ တကယ်ဆို
အိုက်ပန်သည် အရက်မူးသွေးဆိုးပြီး နွေးနွေး အပေါ် အကြမ်း
ခဲ့သည်။ ပြီး ဒေါက်တာအောင်မြင့်စောအား ပစ်သတ်ဖို့
ကြိုးစားကြံစွယ်သူ ဖြစ်ခဲ့သည်။ ယခု ဒါကို ဗွေမယူဘဲ အေ
တာနှစ်ယောက်စလုံးက အိုက်ပန်၏ ဒဏ်ရာကို ပြန်ကုသပေ
ခြင်းကိုပင်။

ကိုနေမင်း ပြောသည့် အချက်တစ်ချက်ကို
သတိရမိသည်။ သူတို့တောတွင်းအဖွဲ့သည် မော်တောတွင် နွေ
ဆေးခန်းကြီးဖွင့် ကုသခြင်းကို မလိုလားဟူ၍။

အိုက်ပန်ကို လမ်းပေါ်မှာပင် အရေးပေါ် ကုသ
ပြီးသွားသည်။ ဆေးထိုးပြီး ပတ်တီးစည်းပြီးသွားသည်။

"သောက်ဆေးပါ ပေးလိုက်မယ်။ တစ်နေ့ကို မနက်
ကြိမ်၊ နေ့လယ်တစ်ကြိမ်၊ ညတစ်ကြိမ် သောက်ပါ၊
တိုင်း ဆေးခန်းကို လာပြနိုင်ရင် ပိုကောင်းမယ်။ တစ်
အတွင်း အနာကျက်သွားမှာပါ"



နွေးနွေး ပြောသမျှကို နားထောင်သည်။ ပေးသော
သောက်ဆေးကို လှမ်းယူပြီး အိုက်ပန်သည် ပြင်းထန်စွာ တောက်
တစ်ချက် ခေါက်လိုက်သည်။

"ကျုပ် ခင်ဗျားကို ဘယ်တော့မှ မကျေဘူး ဆရာနေမင်း။
ကျုပ်ဟာ ငယ်ငယ် ကလေးဘဝတည်းက ကျုပ်အသား
နာအောင် လုပ်တဲ့လူကို သူ့အသားနာအောင် ပြန်လုပ်ရမှ
ကျေနပ်တဲ့လူ။ အိုဗျာ ... ကိုယ့်အသားလာကိုက်တဲ့ ခြင်
ကိုတောင် စိစိညက်ညက် ချေပစ်ရမှ ကျေနပ်တာ။ အခု
ဆရာနေမင်း ကျုပ်ကို အနိုင်ကျင့်တာ။ ကျုပ် မကျေ
ဘူး"

"မင်း ငယ်ပါသေးတယ် ... နုပါသေးတယ် အိုက်ပန်"

"အို ... ကျုပ်တို့လောကမှာ ငယ်တာ နုတာတွေနဲ့ မဆိုင်
ပါဘူး၊ တစ်နေ့နေ့ကျရင် ကျုပ်ဟာ ဆရာနေမင်းကို သေ
နတ်ချင်း ယှဉ်ပစ်တဲ့လူ ဖြစ်ရစေမယ်။ သေနတ်ပစ်ကောင်း
ကောင်း လေ့ကျင့်မယ်"

"အေး ... ကျင့်။ ဒါပေမယ့် မင်းကျင့်သလို ငါကလည်း
နေ့တိုင်းကျင့်နေတာ မင်း မြင်သားပဲ အိုက်ပန်။ ငါက
သစ်ရွက်မှာ လာနားတဲ့ ယင်ကောင်ကိုတောင် အပျင်းပြေ
ပစ်တဲ့လူပဲ။ တကယ်လို့ မင်းသာ အသိတရားရှိတဲ့ကောင်
ဆိုရင် မင်းကို ငါက အရိုးကျိုးပြီး ဒုက္ခိတဖြစ်သွားအောင်
မပစ်ဘဲ သတိပေး ရုပ်ပစ်တာကိုတောင် ကျေးဇူးတင်ဦး
မယ်"

www.burmeseclassic.com

www.burmeseclassic.com



အိုက်ပန်က နားဝင်ပုံ မရပေ။ ကိုနေမင်းက အိုက်ပ ကို ဆက်၍ သတိပေးစကား ပြောလိုက်သည်။

"ဒီမှာ အိုက်ပန် ... အခု တောထဲက တို့အဖွဲ့ထဲ ဝင်လာ တဲ့လူတိုင်းဟာ မြို့ပေါ်မှာ အထင်ကရ မနေရဲလို့ ပြေးဝင် လာတဲ့ လူချည်းပဲကွ။ ငါလည်း အတူတူပဲ။ မင်း ဒီအဖွဲ့ ထဲဝင်လာပေမယ့် မင်းမှာ မိဘ ညီအစ်ကိုမောင်နှ သံယောဇဉ် ရှိမယ်။ အိုကွာ ... မင်းမှာ ဇနီးတို့ ချစ်သူတို့ ရှိချင်ရှိမယ်။ အေး ... မင်းမှာ သံယောဇဉ် အမျှင်တန်း ရှိနေတယ် ဆိုရင်တော့ ငါ့ကို ယှဉ်ပြိုင်ဖို့ မင်း ဘယ်တော့ စိတ်မကူးနဲ့ အိုက်ပန်၊ ငါ့မှာက ဘာသံယောဇဉ်မှ တစ်မျှင် တောင် မရှိဘူး။ ဥတစ်လုံး တစ်ကောင်ကြွက်ကွ။ ငါဘယ် နေရာမှာ သေသေ ငိုမယ့်သူ မရှိဘူး။ အဲဒီလို သံယောဇဉ် လုံးဝမရှိတဲ့လူဟာ မိုက်စရာရှိရင် တူးတူးခါးခါးမိုက်တယ်။ သေမထူး နေမထူးဘဝ ရောက်နေပြီကိုးကွ။ အဲဒီတော့ ... မင်းက ငါ့ကို သေနတ်ချင်း ယှဉ်ပစ်ချင်တယ်ဆိုရင် နောက်ထပ် ငါးနှစ် ဆယ်နှစ်လောက် သေနတ်ပစ်ကျင့်ဦး အိုက်ပန်။ ပြီး ... မင်းမှာ သံယောဇဉ်ရှိနေတယ်ဆိုလည်း အဲဒီသံယောဇဉ်ကို အပြတ်ဖြတ်လိုက်ဦး။ ဒါမှ ငါ့ကို မင်း ယှဉ်ပြိုင်လို့ရမယ်။ မင်း သေသွားလို့ ငိုမယ့်သူ ရှိနေသေး သရွေ့ ငါ့ကို ယှဉ်ပြိုင်ဖို့ စိတ်မကူးနဲ့။ အေး ... အခု ငါ ပြောနေတာတွေဟာ မင်းကို ဖျောင်းဖျနေတာ မဟုတ်ဘူး။ တင်ကြိုပြီး သတိပေးတာ ... နားလည်လား အိုက်ပန်"



ပြောပြီးသည်နှင့် နေမင်းသည် ထိုနေရာမှ တခြားသို့ ဖယ်ကြဉ်ထွက်သွားလေမှ ဆရာကောင်းမြတ်၏ ရယ်သံတဟဲဟဲ ထွက်လာပြန်သည်။

"ဟဲ ... ဟဲ ... မင်း ခံလိုက်ရပြီ မဟုတ်လား အိုက်ပန်။ အေး ... ခံလိုက်ပေဦး တပည့်ရေ။ တို့တစ်ဖွဲ့လုံးထဲမှာ သူ့ကို သေနတ်ချင်း ယှဉ်ပစ်ရဲတဲ့သူ တစ်ယောက်မှမရှိဘဲ ကိုး။ ဒါကြောင့်လည်း သူက အဖွဲ့မှာ လူစွာလုပ်နေတာလေ ကွာ"

"စောင့်ကြည့်ပေါ့ ဆရာကောင်းမြတ်။ လမ်းဆုံးတဲ့အခါ ရွာတွေ့မှာပေါ့"

"အင်း ... ရွာမတွေ့ဘဲ မင်း မသာဖြစ်နေဦးမယ် အိုက်ပန်"

အိုက်ပန်သည် လက်သီးဆုပ်ပြီး အံကြိတ်ပါ၏။

အောင်မြင့်စောသည် သူတို့အဖွဲ့၏ တစ်ဦးကိုတစ်ဦး ပြောပုံတွေမှာ ကြောက်ခမန်းလိလိပါလားဟု ရင်ထဲတွင် မှတ်ချက် ချမိသည်။ စိတ်လည်း ပျက်လေသည်။

နွေးနွေး အနေနှင့်လည်း ဘာကြောင့်မှန်းတော့ ဂဃနဏမသိ။ သူမ၏ ရင်ထဲတွင် ဆရာကောင်းမြတ် ဆိုသည့် တောတွင်း ရှေမင်းသားကို မနှစ်မြို့ မလိုလားသောစိတ် ပေါ်မိ သည်။

ဆရာကောင်းမြတ်သည် သွယ်ဝိုက်သော စကားတွေ ဖြင့် အိုက်ပန်က ကိုနေမင်းအား မကျေနပ်သည်ကို ပို၍မကျေနပ် အောင် မြှောက်ပင့်ပြောဆိုခြင်းမျိုး ဖြစ်နေသည်ဟု ယူဆမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့အဖွဲ့ချင်း တူညီသည် ဆိုသည့်တိုင်အော
ကိုကောင်းမြတ်သည် ကိုနေမင်းအား နှစ်သက်ခြင်းရှိဟန် မတူ

ဆရာကောင်းမြတ်သည် အိုက်ပန်အား မြှောက်
စကား သွေးထိုးစကားပြောပြီး အောင်မြင့်စော ရှေ့တွင် မား
ကြီး ရပ်လိုက်သည်။

"ခင်ဗျားဟာ ဘယ်သူဘယ်ဝါ၊ ဘယ်ဇာတိက ဘာကော
မှန်းတော့ ကျုပ်မသိဘူး။ အကြမ်းဖျင်းအားဖြင့် ကျုပ်
တာကတော့ ခင်ဗျားဟာ မနွေးနွေးရဲ့ မိတ်ဆွေတစ်ယော
လို့ပဲသိတယ်။ အခု အိုက်ပန် ခံလိုက်ရတဲ့ ကိစ္စမှာ ခင်
ပယောဂကြောင့်လို့ ကျုပ် စွပ်စွဲချက်တင်တယ်။ ဒါကို ခင်
ငြင်းမလား"

"ငြင်းတယ်"

အောင်မြင့်စောက ရဲရဲတင်းတင်းပင် ငြင်းတယ်
ပြန်ပြောလိုက်သည်။

ယင်းအချိန်ဝယ် အိုင်ပန်သည် သူ၏ရိုင်ဖယ်
ပြန်ကောက်ယူပြီး ပခုံးတွင် ပြန်မလွယ်ဘဲ ဒင်ဘက်မှ ကိုင်
သည်။

"ငြင်းတယ်ဆိုရင် ခင်ဗျားရဲ့ ငြင်းဆိုချက် ကျုပ်
ရှင်းပြ"

"အိုက်ပန်က နွေးကို ဖွတ်အတင်း လက်ဆွဲခါ
ဒါကို မသင့်တော်လို့ အိုက်ပန်ကို ကျုပ်ဆောင့်တွန်း
လိုက်တယ်၊ အိုက်ပန်က ကျုပ်ကို သူ့ရိုင်ဖယ်နဲ့ပစ်



လုပ်လို့ ကျုပ်သူ့ကို လူချင်းဝင်ပူးလိုက်တယ်။ သူ့လက်
ထဲက ရိုင်ဖယ်ကို ကျုပ်အရယူပြီး အဝေးကို လွှင့်ပစ်လိုက်
တယ်၊ အဲဒီလိုမလုပ်ရင် ကျုပ်ကို အိုက်ပန်က ရိုင်ဖယ်နဲ့
ပစ်တော့မှာ။ ဒါကို ကျုပ် ငုတ်တုတ်ကြီး ခံရမလား"

"ဂျောက် ... ဂျက်"

အိုက်ပန်သည် ရိုင်ဖယ်မောင်းထိုးလိုက် ...

ဆရာကောင်းမြတ်က အိုက်ပန် သူ့တ... ပြီး
ဝါးကာပြီး တားမြစ်လိုက်သည်။ ...တ်"

အိုက်ပန်အား နွေး သိပ်အံ့ဩသွားပါ...တ်

ယခုလက်ငင်းပင် ကိုအောင်က သူ...မှာမှာ
ဒဏ်ရာကို ကူညီကုသပေးထားပါလျက် ယခု ကိုင...းလို့
ပစ်မည်တကဲကဲ လုပ်သည်မှာ လူမှ ဟုတ်ရဲ့လားဟု
ဖြစ်ရပါ၏။

သိပ်ကိုမိုက်ရိုင်းသော အိုက်ပန်ပါပေ။ ဒီလိုကော
လေးမျိုးကို ကိုနေမင်း ဆုံးမသည်မှာ ဆုံးမသင့်သည်ဟု နွေး ရင်
ထဲက ထပ်ဆင့်မှတ်ချက် ပြုမိရသည်။

"မင်း ခေါင်းကိုသုံးပါ အိုက်ပန်။ ထစ်ခနဲဆို မင်း ဟို
တုန်းကလူတွေကို ပစ်ခဲ့ပေမယ့်၊ ဒီလူကျတော့ ကိုနေမင်း
က အကာအကွယ် ပေးထားတဲ့လူမှန်း မင်းကိုယ်တိုင်
ကိုနေမင်း ပစ်တာကို ခံလိုက်ရပြီးပြီ မဟုတ်လား။ မင်း
သဘောနဲ့မင်း ဒီလူကိုပစ်တာ အရေးမကြီးဘူး။ တော်ကြာ
ကိုနေမင်းက မင်းကို ငါက ပစ်ခိုင်းပေလို့ ဒီလူကို ပစ်

www.burmeseclassic.com

www.burmeseclassic.com



တာလို့ ထင်ပြီး ငါ့ကို ရန်လုပ်ဦးမယ်။ မင်း ဆရာနေမင်း အသက်ရှင်နေသရွေ့ ဒီလူ့ကို မင်း သွားမထိနဲ့။ မင်းဝဲ ထပ်ပြီးခံသွားရမယ်”

အိုက်ပန်သည် ကိုကောင်းမြတ်၏ စကားကို နား ထောင်ခြင်းပေလား၊ သို့မဟုတ် ကိုနေမင်းက နောက်ထပ် သူ့ကို က်ပြင်းထန်သော ဆုံးမခြင်းပြုမည်ကို စိုးရိမ်၍လားတော့မသိ ်ကို မောင်းပြန်ချကာ ပခုံးတွင် ပြန်လွယ်ထားလိုက်သည်။

ကိုနေမင်းကိုတော့ အိုက်ပန်သာမက ကိုကောင်းမြတ် တိုင် ဖြိုနေသည်ကို တွေ့ရပါ၏။

ကိုကောင်းမြတ်သည် ဒေါက်တာအောင်မြင့်စော ပြန်လှည့်လိုက်သည်။

“ခင်ဗျားကို ကျုပ် နှစ်ရက်တိတိ အချိန်ပေးမယ်။ နက်ဖြန် တစ်ရက်နဲ့ သန်ဘက်ခါတစ်ရက်ပဲ။ ဖိန်းနွဲကာနေ့ကစပြီး ခင်ဗျား ဒီမော်တောရွာမှာ ရှိမနေနဲ့တော့။ ခင်ဗျားပြန်ပါ။ နောက်ထပ် ခင်ဗျားကို ကျုပ် မော်တောရွာမှာ မမြင်ချင် ဘူး။ ခင်ဗျား ကိုနေမင်းကိုလည်း ဆက်အားမကိုးနဲ့။ ဒီ မော်တောရွာ အပါအဝင် ဒီနားက ရွာတွေအားလုံးမှာ ကျုပ် အမိန့်ထုတ်ထားတယ်။ ဘယ်ရွာမှာမှ လူစိမ်းညှော် သည်ကို သုံးရက်ထက်ပိုပြီး လက်မခံရဘူး။ သုံးရက်ထက် ပိုနေတဲ့ ညှော်သည်ဆိုရင် သူလျှိုစပိုင်လို့ သတ်မှတ်ပြီး ပစ် သတ်တယ်။ အခု မော်တောရွာကို ခင်ဗျား ရောက်နေတာ သုံးရက်မကတော့ဘူး။ ကြီးတော်ဒေါ်ဝန်ရဲ့မျက်နှာ၊ မနွေးနွေး



ရဲ့မျက်နှာကြောင့် ကျုပ် ကြည့်နေတာ။ ဖိန်းနွဲကာမှ ခင် ဗျား မပြန်ရင် မော်တောသင်္ချိုင်းမှာ ခင်ဗျားဘာသာ တွင်းတူးရမယ်။ ခင်ဗျားကို ပစ်သတ်ပြီး အဲဒီသင်္ချိုင်းတွင်း ထဲမှာ မြှုပ်ရုံပဲ“

နွေးနွေးက မခံချင့်စိတ်လေးနှင့် ဝင်ပြောပါ၏။

“ကိုအောင်ဟာ နွေးရဲ့ မိတ်ဆွေအရင်းအချာကြီးပါ။ အခု ရွာသူရွာသားတွေရဲ့ ကျန်းမာရေးအတွက် နွေးနဲ့လက်တွဲပြီး ကုသပေးနေတဲ့ ဆရာဝန်တစ်ယောက်ပါ ကိုကောင်းမြတ်”

“အဲဒါကြောင့်ကိုပဲ သူ့ကို မော်တောရွာက မြန်မြန်နှင်ထုတ် တာပဲ နွေးနွေး။ ဘာဖြစ်လို့လဲဆိုတော့ ဒီမော်တောရွာမှာ ဒီလို ဆေးခန်းကြီး ရှိနေတာကိုပဲ ကျုပ်တို့ မလိုလားလို့ ပဲ”

“ရှင်”

နွေးနွေးထံမှ အင်မတန် အံ့ဩသော အာမေဋိတ်သံ ထွက်သွားပါ၏။

ရွာသူရွာသားများ အားလုံးအတွက် ငွေကြေး ေ ကြာက်အမြား အကုန်ခံကာ ဆေးခန်းဖွင့်ပေးသည်ကိုပင် ဆရာ ကောင်းမြတ်တို့က ဘာကြောင့် မနှစ်သက် မလိုလားပေသနည်း။ ငွေရှာရေးအတွက် ဖွင့်သည်လည်း မဟုတ်ဘဲ အခမဲ့ ဆေးခန်းမှန်း ည်း သူတို့ သိကြသည်သာ။

ရေပတ်လည်ဝိုင်းရံလျက်ရှိသော ကုန်းမြေကို ကျွန်းဟု သည်ဟု ငယ်စဉ်က အလွတ်ကျက်ခဲ့ရသော ပထဝီဖတ်စာအုပ်

www.burmeseclassic.com

www.burmeseclassic.com



ထဲက စာပိုဒ်လေးလို နွေးနွေး ကုန်းပြီး အော်ဟစ်ရွက်ဆိုလိုက်ချင်မိသည်။

"လူသားအားလုံးအား ဆိုးကျိုးပြုနေသည်မှာ တောတွင်းသောင်းကျန်းသူတွေပဲဟု ခေါ်သည်"ဟူ၍ ကုန်းဟစ်လိုက်ချင်မိသေးတော့။

"ကဲပါ နွေးနွေး ... ဒီကိစ္စကိုပဲ ဆွေးနွေးဖို့ ကျုပ်တို့အဖွဲ့ တမင် မော်တောရွာကို လာခဲ့ကြတာပါ။ အခု နွေးနွေးရဲ့ မေ့မေကြီးဒေါ်ဝန် အိမ်ကိုပဲသွားပြီး အဲဒီမှာ ဆွေးနွေးကြတာပေါ့"

ပြောပြောဆိုဆို ဆရာကောင်းမြတ်က ရှေ့မှ ထွက်သွားသည်။ ဦးကျောက်ဖားနှင့် အိုက်ပန် နောက်မှ လိုက်သွားကြပါ၏။

ဒေါက်တာအောင်မြင့်စောသည် တွေဝေသော၊ ရီဝေသော အကြည့်မျိုးဖြင့် နွေးနွေးကို ကြည့်နေသည်။ ဆရာကောင်းမြတ်က နွေးနွေးကို မနွေးနွေးဟုပင် မခေါ်ဘဲ နွေးနွေးဟု ခေါ်ပေသည်။ ပြီး ... ဆရာကောင်းမြတ်က နွေးနွေးကို ကြည့်သော အကြည့်ထဲတွင် ကြောင်ကကြွက်ကိုလည်းကောင်း၊ ကျားကသမင်ကိုကြည့်သော အကြည့်မျိုးလည်းကောင်း ပါဝင်နေမှန်း နွေးနွေးရော အောင်မြင့်စောပါ သတိထားမိကြပါ၏။

ကိုနေမင်းနှင့် လုံးဝ မတူပါလေ။

ကိုနေမင်းသည် ပုထုဇဉ်တစ်ယောက်ဖြစ်ပြီး အရွယ်ကောင်းသော ယောက်ျားပျိုတစ်ဦး အနေနှင့် သိပ်ချောသိပ်လှ



သိပ်ပြေပြစ်သော နွေးနွေးကို စိတ်ဝင်စားကောင်း စိတ်ဝင်စားပေသည်။

သို့သော် ...

သူ့သိက္ခာကို သူစောင့်သည်။ စားမည် ဝါးမည်ဆိုသော အမူအရာနှင့် အကြည့်မျိုး မရှိ။ နွေးနွေးကို မနွေးနွေးဟု [illegible]ခြွေရရ ခေါ်သည်။

"လာ... ကိုအောင် ... ရှောင်လို့မရတဲ့ အတူတူ ထိပ်တိုက်တွေ့ပစ်လိုက်တာ ကောင်းတယ် ... သွားစို့ ကိုအောင်"

မေမေကြီးအိမ်သို့ နှစ်ယောက်သား ဆက်လျှောက်လာခဲ့ကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

## ၅

မမကြီး၏ အိမ်ရှေ့မှန်ဗီရိုကြီးများ စီထားသော ရှေ့ဘက်ကြမ်းပေါ်မှာပင် သင်ဖျူးချောဖျာများ ခင်းထားသည်။

ဆရာကောင်းမြတ်သည် မမကြီးကိုမှု လေးစားစွာ ဆက်ဆံပါ၏။ သူစီးထားသော ခေါ်ကင်းရှူးဖိနပ်ကို ချွတ်ပြီးမှ သင်ဖျူးဖျာပေါ် ထိုင်သည်။

နွေးနွေး ပြန်ရောက်လာမှ သင်ဖျူးဖျာတွင် အသီးသီး နေရာယူကြသည်။

နွေးနွေးသည် အိမ်ထဲသို့ ဝင်လိုက်သည်နှင့် ခြံကြီး ထောင့်တစ်နေရာတွင် မြင်းလေးကောင် သစ်ပင်တွင်ခွဲ၍ ချည်ထား သည်ကို တွေ့ရသည်။

ဆရာကောင်းမြတ်၊ ဆရာနေမင်း၊ ဦးကျောက်ဖား နှင့် အိုက်ပန်တို့ စီးလာသောမြင်းများ ဖြစ်ပေမည်။



အိမ်ရှေ့တွင် ဦးကျောက်ဖားနှင့် အိုက်ပန် ရပ်နေ သည်။ ကင်းချထားသည့် သဘောဖြစ်သည်။

ဆရာနေမင်းက အိမ်ရှေ့တန်းလျားကြီးပေါ်တွင် ထိုင်နေသည်။ သင်ဖျူးဖျာခင်းထားသည့် နေရာတွင် သွားမထိုင် သေးပေ။ လာစဉ်က မော်တော်ပေါ်တွင် ကိုအောင့်ထံမှ ဓားပြ တိုက်ယူသွားသော ဂက်(စ်)မီးခြစ်ကို ဖွင့်လိုက် ပိတ်လိုက် လုပ် နေသည်။ အပျင်းပြေ လုပ်နေသည့် သဘောပင်။

"ကဲ ... နွေးနွေး ရောက်ပြီဆိုတော့ ဆွေးနွေးပွဲစ,ကြစို့၊ ကျုပ်တို့က တောထဲစခန်းအထိ ပြန်ရဦးမှာဆိုတော့ သိပ်မိုး ချုပ်သွားရင် မကောင်းဘူး။ ကဲ ... ဆရာနေမင်း ... ဒီမှာ လာထိုင်ဗျာ"

"လုပ်ပါ ... ခင်ဗျားရယ် ကြီးတော်ရယ် မနွေးနွေးရယ် ဆွေးနွေးကြပါ။ ကျုပ်က ဆွေးနွေးတာတို့၊ ဟောပြောတာတို့၊ အာရိုက်တာတို့ သိပ်မကျွမ်းဘူး။ ဒါတွေက ဆရာကောင်း မြတ် တာဝန်ပဲ၊ အခု ကျုပ်လိုက်လာတာက ခင်ဗျားရဲ့ လုံခြုံရေးအတွက် လိုက်လာရတဲ့ သဘောပဲဟာ"

"ဟာ ... အဲဒီလို ဘယ်ဟုတ်မလဲ။ ဆရာနေမင်း ကိုယ် တိုင် ဗာက္ကသိုလ်ဘွဲ့ရထားပြီးသားပဲ။ အခုကိစ္စ ဦးဆောင် ဆွေးနွေးတာကတော့ ကျုပ်တာဝန်ပေါ့လေ။ ဒါပေမယ့် ခင်ဗျားရဲ့ ယူဆချက် အကြံပေးချက်တွေလည်း တင်ပြနိုင် တာပေါ့။ လာပါဗျာ ဆရာနေမင်း"

မရှောင်သာသဖြင့် မလွှဲသာ ဝင်ရောက်ရသည့်

www.burmeseclassic.com

www.burmeseclassic.com



သဘောဖြင့် နေမင်းသည် တန်းလျားပေါ် ထိုင်ရာမှ သင်ဖျူးမ
ဝိုင်းသို့ ထလာခဲ့ပါ၏။

ဆရာကောင်းမြတ်က အိမ်ဦးခန်းဘက် ဘုရားစင်
နောက်ကျောပေး ထိုင်နေသည်။ အဓိက ဆွေးနွေးမည့်သူပေကို

မေမေကြီးဒေါ်ဝန်က ဆရာနေမင်းနှင့် မျက်နှာချ
ဆိုင်တွင် ထိုင်သည်။

နွေးနွေးက မှန်ဗီရိုကြီးများကို ကျောပေးပြီး ထိုင်
သည်။

နောက်ဆုံးမှ မလွှဲမရှောင်သာ ဝင်ရောက်ထိုင်ရသော
ဆရာနေမင်းမှာ နွေးနွေးနှင့် မျက်နှာချင်းဆိုင် မှန်ဗီရိုမျာ
မျက်နှာပြုပြီး လေးပွင့်ဆိုင် စတုရန်း ထိုင်လိုက်သည်။

နေမင်းသည် နွေးနွေးနှင့် မျက်နှာချင်းဆိုင် ထို
ကာမှ နွေးနွေးကို မကြည့်မိအောင် သူ့မျက်လုံးများ တခြာ
ရှောင်ကြည့်နေပေသည်။

စိတ်ထဲက နွေးနွေးကို ကြည့်ချင်နေသော်လ
အကြည့်ရဲသည်၊ ငမ်းသည်ဟု အထင်သေးမည်စိုး၍ တမင်မ
ခြင်း ဖြစ်သည်။

သို့သော် ...

နွေးနွေးကို မျက်နှာချင်းဆိုင် တည့်တည့်ကြီး
မကြည့်ပေမင့် နွေးနွေး ကျောပေးထားသော ဗီရိုမှန်ကြီးထဲ
နွေးနွေး၏ ကျောပိုင်းနှင့် နောက်ပိုင်းမှန်ထဲတွင် ပေါ်နေသည်
ခဏခဏ ကြည့်မိသည်။



ရှေ့ကကြည့်ကြည့်၊ ဘေးကကြည့်ကြည့်၊ နောက်က ကြည့်ကြည့် ... အို ... ဘယ်ကကြည့်ကြည့်၊ အမြဲကြည့်လိုက်တိုင်း ကြည့်ကောင်းသော နွေးနွေး၏ ကျောပိုင်းကို မှန်ထဲတွင် အားနာစရာမရှိ ကြည့်ခွင့်ရသည်ကိုပင် နေမင်း ကြည့်မိနေခြင်း ပါပေ။

အောင်မြင့်စောမှာ ဝင်ပြီးထိုင်ရမလိုလို ... မထိုင်ရမလိုလိုနှင့် နွေးနွေး ဘေးတွင် မတ်တတ်ရပ်နေရှာပေသည်။

"လာလေ ... ကိုအောင် ထိုင်ပါလား"

"ဝမ်းနည်းပါတယ် နွေးနွေး။ ကျွန်တော်တို့ ဆွေးနွေးပွဲမှာ အပြင်လူ မပါရပါဘူး၊ ကျွန်တော်နဲ့ နွေးနွေးတို့ အပြန်အလှန် ဆွေးနွေးချက်ကို သန်ဘက်ခါ နောက်ဆုံးပြန်ရတော့မယ့် သူ့ကို သိမသွားစေချင်ဘူး၊ အခု ဆွေးနွေးပွဲဟာ လျှို့ဝှက်ပါ"

အခု ဆွေးနွေးပွဲဟာ လျှို့ဝှက်ပါဟု ဆရာကောင်းမြတ် နောက်ဆုံးပြောလိုက်သော စကားကို နေမင်းက ဘာကြောင့်မှန်းမသိ တဟဲဟဲ ရယ်လိုက်ပါလေ၏။

"ခင်ဗျား ဘာရယ်ရတာလဲ ကိုနေမင်း။ ထောင်တန်တဲ့စကား ရယ်ပေါ့ဆိုတဲ့ စကားအတိုင်း ခင်ဗျားရယ်ပုံကြီးက ကျုပ် အလေးအနက်ထား ပြောတာကို ပေါ့ပျက်ပျက် ဖြစ်သွားနိုင်တယ်"

"ရယ်တယ် ဆိုတာ အလကားသက်သက်ကြီးတော့ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



ရယ်ပါ့မလဲ ကိုကောင်းမြတ်ရာ။ ရယ်တယ် ဆိုတ
နှလုံးသားက ထွက်လာတဲ့ သင်္ကေတပဲဟာ။ ရယ်စ
ကောင်းတာကို မြင်ရ ကြားရမှ ရယ်လို့ရတယ်"

"အခု ခင်ဗျားကဲ့ ဘာရယ်စရာ တွေ့လို့ ရယ်တာလဲ"

"ဒီမှာ ကိုကောင်းမြတ်။ အခု ဆွေးနွေးမယ့် ကိစ္စဟာ
ဗျားအတွက်တော့ လျှို့ဝှက် ဖြစ်ချင်ဖြစ်နေမယ်။ ဒါပေ
ခင်ဗျား ဆွေးနွေးမှာက ဒေါက်တာမနွေးနွေးနဲ့ မဟုတ်လ
ဒေါက်တာအောင်မြင့်စောကို လျှို့ဝှက်အစည်းအဝေးမို့
ထုတ်လိုက်တာ ... တကယ်လျှို့ဝှက် ဖြစ်နိုင်မတဲ့လ
ဆွေးနွေးပွဲပြီးလို့ ကျုပ်တို့လည်းပြန်ရော မနွေးနွေ
သူ့လူ ဒေါက်တာအောင်မြင့်စောကို ဆွေးနွေးပွဲအကြေ
မပြောဘဲ နေမတဲ့လား။ အဲဒါကပဲ ကျုပ်အမြင်မှာ
ဖြစ်နေလို့ ရယ်တာပဲ"

"ဘာပဲဖြစ်ဖြစ်ဗျာ ... ဒီဆွေးနွေးပွဲဟာ ကျုပ်ရဲ့တာဝ
လျှို့ဝှက်ဆွေးနွေးပွဲပဲ၊ ဘေးလူ ဘယ်သူမှ မကြား
ဘူး။ ဒါပဲ ... ခင်ဗျားတာဝန်က ဆွေးနွေးပွဲ ဖြစ်မြော
အတွက် လမ်းရှင်းပေးဖို့ပဲ"

နေမင်းသည် အလွန်သွေးအေးသည်။ ဆရာ
မြတ် ဘာပြောပြော တဟဲဟဲပင် ရယ်သည်။ သူ၏ ထူအ
နှုတ်ခမ်းစုံဖွင့်ပြီး သွားဖြူတန်းပေါ် ရယ်သည်ကို နွေးနွေး
မိပြန်သည်။



နေမင်းသည် ယနေ့တိုင် ကျန်နေသေးသော ငါးသုံး
းစီးကရက်ကို မီးညှိရှူဖွာပြီး ရယ်လျက်သားကပင် ဒေါက်တာ
အောင်မြင့်စောကို လှမ်းပြောလိုက်သည်။

"ကဲ ... ကိုအောင်မြင့်စောရေ၊ ခင်ဗျား ဒီလျှို့ဝှက်ဆွေးနွေး
ပွဲကြီးမှာ မကြားစေ နားမထောင်စေရဘူးတဲ့၊ လွှတ်ရာသွား
ပြီး ရှောင်နေလိုက်ဗျာ ... ကျုပ်က ဆွေးနွေးပွဲ ဖြစ်မြောက်
ရေးအတွက် လုံခြုံရေးနဲ့ လမ်းရှင်းရေးတာဝန် ယူထားရလို့
ပါ။ ဆွေးနွေးပွဲ ပြီးတာနဲ့ ကျုပ်တို့ စခန်းကို ပြန်မှာပါ။
အဲဒီတော့မှ ခင်ဗျားအမျိုးသမီးကို ဘာတွေ ဆွေးနွေးလဲ
ဆိုတာ မေးကြည့်ပေါ့ဗျာ"

နွေးနွေးသည် ဆတ်ခနဲပင် နေမင်းကို ထပ်မံကြည့်
လိုက်ပြန်သည်။

ခုနတစ်ခါ သူ့လူကို သူ မပြောဘဲ နေမလားဟု
တစ်ခွန်း။

ယခုတစ်ခါ ခင်ဗျားအမျိုးသမီးကို မေးကြည့်ပေါ့ဟု
ထပ်ပြောပြန်သဖြင့် နေမင်းကို ဆတ်ခနဲ ကြည့်မိခြင်း ဖြစ်ပါ၏။

ကိုနေမင်း စိတ်ထဲတွင် မိမိနှင့် ကိုအောင့်ကို
နှစ်သူနှစ်ဦးဟု ယူဆထားပြီး ပြောနေခြင်းမျိုး ဖြစ်နေသည်။

ဒါကိုပင် နွေးနွေးရဲ့ ရင်ထဲနှလုံးထဲ၌ မခံချင်သော
ခံစားကလေး ဝင်ရောက်ပါသည်။

သို့သော် ... ထင်ချင်သလိုထင်ဟု သဘောမျိုး
ထားလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာအောင်မြင့်စောသည် အိမ်ရှေ့ခြံထဲသို့ ဆင်းမသွားပေ။ အိမ်ရှေ့ခြံထဲတွင် ဦးကျော်ဖားနှင့် အိုက်ပန် ရှိနေသောကြောင့် ပြဿနာ ထပ်မဖြစ်စေရန် ရှောင်ခြင်းဖြစ်သည်။

သူ့အတွက် ပေးထားသော အိပ်ခန်းထဲသို့ ဝင်ရောက်သွားပါလေ၏။

"ဒီလိုပါ နွေးနွေး"

ဆရာကောင်းမြတ်သည် ဆွေးနွေးပွဲကို စတင်ဖွင့်တော့သည်။

"ကျွန်တော့်တာဝန်က ဟောဒီ တောကြီးတန်းမှာ ရှိသမျှ ရွာတွေက လူတွေဟာ ကျွန်တော်တို့ရဲ့ ဘက်တော်သားတွေ ဖြစ်လာရမယ်၊ ကျွန်တော်တို့ကို ကြည်ညိုလေးစားအားကိုးလာအောင် စည်းရုံးရမယ့် တာဝန်ဟာ ကျွန်တော့်ကို အဖွဲ့ကပေးအပ်ထားတဲ့ တာဝန်ပါ"

"ဝါး ... ဟား ... ဟား"

ကိုနေမင်းသည် ပါးစပ်ကို လက်ဝါးပိတ်ပြီး သမ်းဝေလိုက်သည်။ သူ့အသမ်းအဝေတွင် မျက်ဝန်းစုံမှ မျက်ရည်ပူများပါ ကျဆင်းလာသောကြောင့်. တကယ်ပင် ပျင်းရိသမ်းဝေခြင်းမှန်းထင်ရှားပါ၏။

ကိုနေမင်းအား ကိုကောင်းမြတ်က မလိုလားသော အကြည့်ဖြင့် ကြည့်လိုက်ပါ၏။

ကိုနေမင်းက ဘာမှ အလေးအနက်သဘော မထားဘဲ ကိုကောင်းမြတ်ကိုပင် လှမ်းပြောသည်။



"ပဏာမတွေ နိဒါန်းတွေ သိပ်မချီနဲ့ဗျာ၊ ကိုယ်လိုချင်တာကို တိုတိုရှင်းရှင်းပဲ ပြောပေါ့၊ ကျုပ်က တစ်နေရာမှာကြာကြာကြီး ထိုင်ရရင် ပျင်းတယ်ဗျ၊ ခင်ဗျားရဲ့ ပဏာမတွေ နိဒါန်းတွေကိုလည်း ကြားရဖန်များပြီး ထပ်တလဲလဲ ဖြစ်နေတော့ ကျုပ်အဖို့ ဓာတ်ပြားဟောင်းကြီးဖွင့်ပြီး အိမ်ငိုက်သလို ဖြစ်နေတယ်၊ ကျုပ်က ငြိမ်ငြိမ်ထိုင်နေတတ်တဲ့လူ မဟုတ်မှန်းလည်း ခင်ဗျား သိသားနဲ့"

"ဒါဟာ ဆွေးနွေးပွဲ တစ်ခုပါ ကိုနေမင်း။ စကားပြောတယ်ဆိုတာ တစ်ဖက်သား နားဝင်ပြီး သဘောပေါက် နှစ်သက်လာအောင် ပြောတာဟာ ပညာတစ်ခုနဲ့ အရည်အချင်းတစ်ခုပဲဗျ"

"ဩော် ... ဩော် ... ဒါဆိုလည်း ဆက်လုပ်ဗျာ"

နွေးနွေးမှာ ခေါင်းငုံ့ပြီး ကျိတ်ပြုံး ပြုံးမိရပါ၏။ ကိုနေမင်းသည် ရိုးသားသော ကလေးဆိုးကြီးနှင့်ပင် တူသေးတော့၊ ဧရိယာယ်မရှိ၊ မာယာမရှိ၊ သူ့ရင်ထဲရှိသည့်အတိုင်း ဖွင့်တင်,ဖွင့်ပြောပေသည်။ ဖွင့်လုပ်သည်။ သူ့တွင် အကြောက်အလန့်ဆို၍ ဘာမျှရှိပုံလဲမရ။

မည်သို့ဖြစ်စေ ကိုကောင်းမြတ်လို လူကို မြင်လေမှ ပြောဆိုရလေမှ ကိုနေမင်းသည် အရိုးခံစိတ်ရင်းကောင်း သိက္ခာရှိသူ တစ်ယောက်ပါလားဟု နွေးနွေး နှိုင်းယှဉ်မိသည်။

ကိုကောင်းမြတ် စကားဆက်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"နွေးနွေးလို ပညာတတ် အမျိုးသမီးတစ်ယောက်ကို သိပ်ပြီး ရှည်ရှည်ဝေးဝေး ပြောပြဖို့လည်း မလိုပါဘူးလေ။ ချက်ဆို နားခွက်က မီးတောက်ပြီးသားပါ။ တိုတိုနဲ့လိုရင်းကို ဆွေးနွေးရရင် မော်တောရွာမှာ အခုလို ဆေးခန်းကြီး ဖွင့်တာနဲ့ အခမဲ့ကုပေးနေတာကို ကျွန်တော်တို့ အဖွဲ့က မလိုလားဘူး ဆိုတာပဲ နွေးနွေး"

"ဟဲ့ ... မဟုတ်တာကြီး"

မမေကြီး ဒေါ်ဝန်က အထိတ်တလန့် အာမေဍိတ်သံကြီးနှင့် ပြောလိုက်ပါ၏။

"အို ..."

နွေးနွေး ကိုယ်တိုင်လည်း အံ့အားကြီး သင့်သွားပါ၏။

"ဘာကွယ့် ... ဆေးခန်းကြီးဖွင့်တာ မလိုလားဘူး ဟုတ်လား ... ဒီဆေးခန်းကြီးက မောင်ကောင်းမြတ်တို့ကို ဘာများအနှောင့်အယှက် ပေးလို့လဲ၊ ဒီရွာမှာ ဒီဆေးခန်းကြီး ဖြစ်လာအောင် ကြီးတော် ဘယ်လောက်စိတ်ရှည်ရှည်နဲ့ နှစ် ရှည်ရှည်ကြီး စောင့်ရတယ်ဆိုတာ အားလုံး အသိပါ။ မြေးမလေး ဆရာဝန် ဖြစ်လာတဲ့အထိ သင်ကြားပြီး စောင့်ပြီးမှ ဖွင့်ပေးတဲ့ ဆေးခန်းကြီးပါ"

"ဒီလိုရှိပါတယ် ကြီးတော်"

"ဘယ်လိုမှ ရှိမနေပါနဲ့ မောင်ကောင်းမြတ်၊ ကြီးတော်ဟာ အသက်ခုနစ်ဆယ် ကျော်ပါပြီ။ သေကာနီးပြီ ဆိုပါတော့။ ကြီးတော် ဇီဝိတဒါနကုသိုလ် လိုချင်တယ်။ ဒီရွာကစပြီး



အနီးအပါးကျေးရွာက ရွာသူရွာသားတွေရဲ့ ကျန်းမာရေးကို ကုသပေးချင်တယ်။ သူတို့အားလုံးဟာ အခုလို ကြီးတော် ချမ်းသာလာအောင် ဆောင်ရွက်ပေးကြတဲ့ ရွာသူရွာသားတွေပါ။ သူတို့အားလုံးကို ပြန်ပြီး ကျေးဇူးဆပ်ရာရောက်အောင် ဒီဆေးခန်းကြီး ဖွင့်ပေးထားတာပါ။ ရောဂါရလို့ ဒီရွာတွေက မြို့သွားပြန်လည်း စရိတ်ကြီးလွန်းလို့ မတတ်နိုင်ရှာကြတာကို မောင်ကောင်းမြတ်တို့ အသိပါ။ မြွေကိုက်တာတို့ ဖြန်းခနဲ ထိခိုက်ဒဏ်ရာ ရတာတို့ မိန်းကလေးတွေ မီးမဖွားနိုင်တာတို့ ဆိုတဲ့ ချက်ချင်းကုသရတဲ့ အပိုင်းမှာ မကုသနိုင်လို့ မသေသင့်ဘဲ သေရတာတွေ အများကြီးပါ။ နောက်ပြီး ... ရွာသူရွာသားတွေကို ကြည့်ဦး။ စားနဲ့ပေါက် ဆိန် ပေါက်တူး လုပ်စားရတဲ့ သူတွေမို့ အချိန်မရွေး ဒဏ်ရာရတတ်ပါတယ်။ အခု ဒီဆေးခန်းကြီးသာ ပြန်ပိတ်ပေးလိုက်ရင် ကိုယ့်ရွာသူရွာသားတွေကို ကိုယ်ပြန်သတ်သလို ဖြစ်သွားမှာပေါ့ကွယ်"

မမေကြီးဒေါ်ဝန်သည် တစ်သက်နှင့် တစ်ကိုယ် ဤမျှရှည်လျားသော စကားမျိုး ပြောခဲ့ခြင်း မရှိခဲ့ဘူးပေ။ ယခု ဆေးခန်းကြီးအတွက် လေသံမပြတ် အားတက်သရော ပြောနေသည်ကို နွေးနွေးက ကြင်နာသော အကြည့်ဖြင့် ကြည့်နေရှာသည်။

ကိုနေမင်းကတော့ နဂိုကတည်းက ဤဆွေးနွေးပွဲကို စိတ်ဝင်စားသည် မဟုတ်သောကြောင့် ကြီးတော်နှင့် ကိုကောင်းမြတ်

www.burmeseclassic.com

www.burmeseclassic.com



တို့ ပြောသမျှကို စိတ်မဝင်စားလှဘဲ ဗီရိုမှန်ကြီးထဲတွင် ပုံရိပ်ပေါ်နေသော နွေးနွေး၏ အလှကိုသာ ခဏခဏ ကြည့်နေမိသည်။

"မှန်ပါတယ် ကြီးတော် ... အခု ကြီးတော်ပြောသမျှတွေဟာ ကြီးတော်ဘက်က ရှုဒေါင့်နဲ့ ကြည့်ရင် တစ်လုံးမှ မမှားပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ရဲ့ ရှုဒေါင့်ဘက်ကကြည့်ရင်တော့ ကြီးတော်နဲ့ တခြားစီ ဖြစ်နေလို့ပါ"

"ဘယ်လို တခြားစီ ဖြစ်နေလို့လဲကွယ်"

"ကျွန်တော်တို့ လုပ်ရပ်ကိုက ကျွန်တော်တို့ နယ်မြေထဲမှာ ဆေးရုံ၊ ဆေးခန်း ဖြစ်ဖြစ်၊ အလယ်တန်းကျောင်းဖြစ်ဖြစ်၊ သက်သာချောင်ချိရေးဆိုင်တွေဖြစ်ဖြစ် ... လာဖွင့်ရင် ဖျက်ပစ်ရပါမယ် ကြီးတော်"

"ဗုဒ္ဓေါ မြတ်စွာဘုရား"

ကြီးတော် ဒေါ်ဝန် ဘုရားတ,ရပြန်ပါ၏။

"ကျေးရွာသူ ကျေးရွာသားတွေမှာ ကျန်းမာရေးနဲ့ ပတ်သက်ပြီး အခက်အခဲတွေ ရှိနေရမယ်။ စီးပွားရေးကျပ်တည်းအောင် ဖန်တီးပေးရမယ်။ လမ်းပန်းဆက်သွယ်ရေးတွေကောင်းပြီး စီးပွားရေးကောင်းနေရင်လည်း ဒီလမ်းတွေကို မသွားရဲ မလာရဲအောင် ပိတ်ဆို့ပစ်ရမယ်။ ဖျက်ဆီးပစ်ရမယ်"

"ဒါပေါ့ ... ဒါပေါ့ ... ရေပတ်လည် ဝိုင်းရံလျက်ရှိသော ကုန်းမြေကို ကျွန်းဟုခေါ်သည်ပေါ့ ကိုကောင်းမြတ်"



"အဲဒါ ဘာကို ဆိုလိုတာလဲ နွေးနွေး။ အခု ကျွန်တော်တို့ ဆွေးနွေးနေတာနဲ့ ဘာဆိုင်လဲ"

"ဆိုင်လား မဆိုင်လားတော့ မသိဘူး ကိုကောင်းမြတ်။ နွေးနွေးတို့ ကလေးဘဝ မူလတန်းမှာ ကျောင်းနေတုန်းက ပထဝီစာအုပ်တစ်အုပ်မှာ ရေပတ်လည်ဝိုင်းရံလျက်ရှိသော ကုန်းမြေကို ကျွန်းဟုခေါ်သည်လို့ သင်ကြားကျက်မှတ်ခဲ့ရဖူးတယ်လေ"

"အဲဒါ ဟုတ်သားပဲ။ အဲဒီတော့ ဘာဖြစ်လဲ နွေး"

"အဲဒီလို ငယ်ငယ်က ကျက်မှတ်ခဲ့ရတဲ့ စာတန်းလေးမျိုးနဲ့ အလားတူ စာတန်းလေးတစ်ခုကို နွေးနွေး တွေးမိလို့ပါ ကိုကောင်းမြတ်"

"ဘယ်လို စာတန်းမျိုးလဲ နွေးနွေး"

"လူသားအားလုံး၏ ကောင်းကျိုးမှန်သမျှကို ဆန့်ကျင်နေသူများသည် ကိုကောင်းမြတ်တို့လို လူတွေ ဖြစ်ကြသည်လို့ နွေးနွေး တွေးမိလို့ပါ"

"ဟား ... ဟား ... ဟား"

နွေးနွေး၏ ခေတ်သစ်စာတန်းလေး ရွတ်ပြပြီးဆုံးသွားသည်နှင့် ကိုနေမင်းသည် သဘောကျစွာ တဟားဟား ရယ်လေသည်။

"ဖြန်း"

ဆရာကောင်းမြတ်က မျက်နှာကြီး မဲပွားရုံမက

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်သင်ဖြူးဖျာကို ဖြန်းခနဲ အသံထွက်အောင် ဒေါသတွေမောတွေနှင့် လက်ဝါးကြီးဖြင့် ရိုက်လိုက်သည်။

"ဒါ ... နွေးနွေး သက်သက် ကျွန်တော့်ကို စော်ကားတာ။ ကျွန်တော် တစ်ယောက်တည်းကိုသာ စော်ကားရုံမကဘူး ကျွန်တော်တို့အဖွဲ့ရဲ့ လုပ်ငန်းစဉ်ကြီးကိုပါ စော်ကားတာ။ ဒီနေရာမှာ နွေးနွေး မဟုတ်ဘူး၊ တခြားလူသာဆိုရင် ကျုပ် ပစ်သတ်လိုက်ပြီ"

ကိုနေမင်းက ဒေါသကြီးနေသော ကိုကောင်းမြတ်ကို ဝင်ရောက်ဖြေသိမ့်စကား ပြောလိုက်သည်။

"ဖြည်းဖြည်း ... ဖြည်းဖြည်း ပြောပေါ့ ဆရာကောင်းမြတ်။ ခင်ဗျားက ကျုပ်တို့ အဖွဲ့မှာ စည်းရုံးရေးတာဝန်ခံပဲ။ ခင်ဗျားပဲ ပြောလေ့ရှိပါတယ်။ စည်းရုံးရေးဆိုတာ၊ တိုက်ခိုက်ရေးထက် ပိုပြီးခက်ခဲတယ်၊ နက်နဲတယ်၊ သိမ်မွေ့တယ်၊ လူတစ်ဖက်သား နားဝင်အောင် ပြောနိုင် ဟောနိုင်မှ စည်းရုံးရေးကောင်းသမားတစ်ယောက် ဖြစ်နိုင်တယ်ဆို ... အခုဟာက နှစ်ဖက်ဆွေးနွေးပွဲပဲဗျာ ... သူ့ဘက်က ဒီလိုမြင်တာကို မဟုတ်ကြောင်း မမှန်ကြောင်း ခင်ဗျားအာဝဇ္ဇန်းနဲ့ ဟောပြပေါ့ဗျ။ ဘယ့်နှယ် ကျုပ်ပြောတာ ဆန့်ကျင်ရင် တခြားလူသာဆိုရင် ပစ်သတ်မယ် ဆိုတာကြီးက စည်းရုံးရေးသမားရဲ့ စကားမှ မဟုတ်တာ၊ ကျုပ်တို့ တိုက်ခိုက်ရေးသမားတွေရဲ့ အလုပ်ပဲဟာ"



ကိုနေမင်းသည် အခုလို စကားအရှည်ကြီး ပြောလေ့မရှိကြောင်း။ တိမ်ဝါသဘော်ပေါ်မှာ စတွေ့ပြီး ယခုအချိန်ထိမို့ နွေးနွေး သိထားသည်။

ယခု ကိုကောင်းမြတ်က သူတို့ကို စော်ကားသူကို ပစ်သတ်မည် ဘာမည် ဆိုသည့် စကားမျိုး မိမိကို ပြောလာသောကြောင့် ဝင်ရောက်ခါ စကားအရှည်ကြီးဖြင့် ကိုကောင်းမြတ်အား ဖျောင်းဖျသည့်သဘော ပါရှိပုံရပါလေ၏။

"ဆောရီးပဲ နွေးနွေး ... ကျွန်တော် ဆန္ဒစောသွားလို့ပါ။ ကျွန်တော်တို့လည်း ပုထုဇဉ်အသည်းနှလုံးနဲ့ လူသားတွေပဲဗျာ ... ဘယ်မှာလာပြီး လူသားတွေမှာ ဆိုးကျိုးမကောင်းကျိုးတွေ ဘယ်ဖြစ်စေချင်မှာလဲ။ ဒါပေမယ့် အခုလက်ရှိ အခြေအနေအရ လူတွေမှာ စီးပွားရေးတွေ အဆင်ပြေ၊ ကျန်းမာရေးတွေ အဆင်ပြေ၊ အဲဒီလို ပြေလည်နေရင် လက်ရှိအစိုးရအပေါ်မှာ ဘယ်အပြစ်မြင်တော့မလဲ။ သူတို့မှာ ဒုက္ခတွေ ပင်လယ်ဝေမှ အစိုးရကို အကြည်အညိုပျက်လာမှာပေါ့ ... ဒါကြောင့် လူတွေမှာ အဆင်မပြေအောင် ကျွန်တော်တို့ရဲ့ ပေါ်လစီအရ လုပ်ရတာပါ။ ဒါကို နွေးနွေး သဘောပေါက်ပါဗျာ"

"အင်းပေါ့လေ ထားပါတော့ ... အဲဒါဟာပဲ ကိုကောင်းမြတ်တို့ရဲ့ ပေါ်လစီလုပ်ရပ်လို့ပဲ။ ဒါဆိုလည်း ဒီတွဲတေးတောကြီးတန်းက ဒီလိုရွာသိမ်ရွာငယ်လေးတွေမှာ ဘာလို့ ဒီလိုလုပ်နေမလဲ။ တကယ့်မြို့ကြီးတွေမှာနေတဲ့ လူတွေမှာ

www.burmeseclassic.com

www.burmeseclassic.com



ကျန်းမာရေးဆိုလည်း အဆင်ပြေ အဆင်သင့်၊ ဆေးရုံကြီး
တွေနဲ့။ စီးပွားရေးဆိုလည်း ကားတစီစီစီးနိုင်တဲ့လူတွေ
သွားရေးလာရေးအတွက် မီးရထား၊ သင်္ဘော၊ ဟီးနိုးကား
ကြီးတွေနဲ့ အဆင်ကို ချောနေတဲ့ လူများစုတွေပဲ။ အဲဒီတွေ
မှာ ကိုကောင်းမြတ်တို့တက်ပြီး ပေါ်လစီအတိုင်း လုပ်ပေါ့
အခုလို တစ်ပဲခြောက်ပြား ကိုးကွယ်ရာမရှိတဲ့ ရွာသိမ်ရွာ
ငယ် ကျေးရွာက လူတွေကို ဘာလို့ ဒုက္ခပေးနေမလဲရှင်၊
နောက်ပြီး ... ဒီဆေးခန်းကြီးကို ကိုကောင်းမြတ်တို့အဖွဲ့က
အမိန့်နဲ့ ပိတ်ခိုင်းလို့ ပိတ်လိုက်ရပါပြီတဲ့ ရွာသူရွာသားတွေ
ဟာ အရင်ကလိုပဲ ကျန်းမာရေးဒုက္ခတွေ ပြန်တွေ့မယ်၊
ဒီတော့ အမိန့်နဲ့ ပိတ်လိုက်တဲ့ ကိုကောင်းမြတ်တို့ကို
ရွာသူရွာသားတွေ ဘယ်လိုမြင်ကြမလဲ၊ နောက်ပြီး အခု
နွေးနွေးတို့ ဖွင့်နေတာ အစိုးရဆေးခန်း မဟုတ်ဘူး၊
မေမေကြီးရဲ့ ငွေတွေ သိန်းနဲ့ချီပြီး ပုဂ္ဂလိက ကုသိုလ်ဖြစ်
အခမဲ့ဆေးခန်းဆိုတာကိုလည်း ရွာတွေကရော ရွာတိုင်းရဲ့
ရွာသူရွာသားတွေကရော နားလည်ပြီးသားပါ။ ကိုကောင်း
မြတ်တို့ အမိန့်နဲ့ ပိတ်ရင် ကိုကောင်းမြတ်တို့ အဖွဲ့ကို
မကောင်းမြင်မှာပေါ့ ... ဒါဆို ကိုကောင်းမြတ်ရဲ့ စည်းရုံး
ရေးကြီး သိပ်ကျဆင်းသွားမှာပေါ့"

"ဒါကတော့ နှမ်းတောင်းကြီးထဲက နှမ်းစေ့တချို့တဆေ
ဖိတ်စင်သွားတဲ့ သဘောပဲ နွေးနွေး။ ဒီလောက်လေးနဲ့တော့
ကျုပ်တို့ ပေါ်လစီကြီးကို အထိခိုက် မခံနိုင်ဘူး"



ဟဲ ... ဟဲ ... ဟဲ ... ဟု ရယ်သွမ်းသွေးပြီး ကိုနေမင်းက ဝင်ရောက်ပြောပြန်သည်။

"ဒါတော့ မှန်တယ် ဒေါက်တာမနွေးနွေး၊ ကျုပ်တို့ပေါ်လစီကိုက အဖျက်လုပ်ငန်းတွေ လုပ်ရတာ။ တံတားတွေမိုင်းဗုံးထောင်ချိုးပစ်၊ မီးရထား၊ သင်္ဘော၊ အဝေးပြေးကားတွေကို ဓားပြတိုက်၊ ရွာတွေကိုဝင်စီးပြီး ဆက်ကြေးမပေးတဲ့ ရွာတွေကို မီးရှို့၊ ကျုပ်တို့ကို အာခံတဲ့လူတွေကို ပေါ်လစီအရ ပစ်သတ်၊ အဲဒါတွေ အားလုံး ပေါ်လစီအရ လုပ်ကြတာလေ ... ဟဲ ... ဟဲ ... ဟဲ"

ဆရာကောင်းမြတ် ဒေါကန်ရပြန်ပြီ။

"ဒီမှာ ဆရာနေမင်း ... အခု နွေးနွေးနဲ့ အဖွဲ့ကိုယ်စား ကျုပ်ဟာ ဆွေးနွေးနေတဲ့ပွဲပါ။ ခင်ဗျားကိုယ်တိုင်က ကျုပ်တို့ရဲ့ လုပ်ရပ်တွေကို ဟာသ,သဘောမျိုး ပေါ့ရွှတ်ရွှတ်ဖြစ်အောင် ဝင်မပြောပါနဲ့"

"ဟာဗျာ ... ဆရာကောင်းမြတ် ... ကျုပ်က ဟာသဝင်ပြီး လုပ်ရအောင် ကျုပ်ဇာတ်စင်ပေါ်က လူရွှင်တော်မှ မဟုတ်တာ။ ကျုပ်တို့ရဲ့ တကယ့်အဖျက်လုပ်ငန်းတွေကို ပေါ်လစီအရ လုပ်ရတာလို့ ဝင်ပြောပေးနေတာပဲဟာ ... ခင်ဗျားကျုပ်ကို မဟောက်နဲ့"

တကယ်တမ်းကျတော့ ကိုနေမင်းက ပြန်ပြီး မျက်နှာထားတင်းမာခြင်းနှင့် ပြောသောအခါ ကိုကောင်းမြတ်သည်

www.burmeseclassic.com

www.burmeseclassic.com



တခြားဘက်သို့ မျက်နှာလွှဲပစ်လိုက်သည်။ ကိုနေမင်းလို လူ
တော့ ကိုကောင်းမြတ် ကိုယ်တိုင် လန့်သည်ထင်ပါ၏။

ဆွေးနွေးပွဲမှာ တင်းမာသော အခြေအနေသို့ ရော
လာပြီမို့ မေမေကြီး ဒေါ်ဝန်ကပင် ကြားဝင်ပြောဆိုလိုက်သည်

"ကဲပါလေ ... ကြီးတော် နည်းနည်း ထပ်ပြောမယ်
ကြီးတော်ဟာ မောင်ကောင်းမြတ်တို့ အဖွဲ့မှာ ရန်ပုံငွေ
တယ်ဆိုတိုင်း ငါးထောင်မျိုး တစ်သောင်းမျိုး လှူနေကျပဲ
အခုလည်း ကြီးတော်ကို မောင်ကောင်းမြတ်က တစ်
လိုက်လျောပေးပါ"

"ဘာကို လိုက်လျောရမှာလဲ ကြီးတော်"

"ကြီးတော် သိပ်ပြီး စိတ်အားထက်သန်နေတဲ့ ဆေး
ကြီးကိုတော့ မဖျက်သိမ်းပါရစေနဲ့ ... မောင်ကောင်းမြတ်
အဖွဲ့မှာ ရန်ပုံငွေ လိုနေတယ်ဆိုရင် ကြီးတော်က အခု
တစ်သိန်း လှူပေးလိုက်ပါမယ် မောင်ကောင်းမြတ်"

ခွေးနွေး ပျာပျာသလဲ ဝင်ပြောပြန်ပါ၏။

"ဘာရယ် မေမေကြီး ... ငွေတစ်သိန်း ဟုတ်လား။
တစ်သိန်း ဆိုတာ ရန်ကုန်မြို့ကြီးရဲ့ တချို့ရပ်ကွက်မှာ
နဲ့ဝင်းနဲ့ တစ်ထပ်တိုက်လေးတစ်လုံး ဝယ်နိုင်တဲ့ငွေ
မေမေကြီး"

**(မှတ်ချက်။ ထို ၁၉၅၀ ခုနှစ်က အိမ်တန်ကြေးကို ဆိုခြ
ဖြစ်ပါ၏။)**



"ရပါတယ် သမီးရယ် ... မေမေကြီး ချမ်းသာသရွေ့လှူ
မယ် တန်းမယ်ဆိုတဲ့ စိတ်ရှိပြီးသားပဲ။ အခု မောင်ကောင်း
မြတ်တို့ကိုလည်း အလှူရန်ပုံငွေတစ်သိန်း လှူတာပဲပေါ့"

ကိုကောင်းမြတ် လေသံပျော့သွားသည်။

"အင်း ... ကြီးတော်အနေနဲ့ ကျွန်တော်တို့ အဖွဲ့ကို ငါး
ထောင်မျိုး တစ်သောင်းမျိုး လှူခဲ့တာတွေလည်း များလှပါ
ပြီ။ ကြီးတော်နဲ့ ပတ်သက်လာရင် ကျွန်တော် လိုက်လျော
ချင်ပါတယ်။ ဒါပေမယ့် အခုကိစ္စမှာ တော်တော်ခက်နေ
တယ် ကြီးတော်"

မေမေကြီးက ဘာမှ ပြန်မပြောသေးမီ ကိုနေမင်းက
ကိုကောင်းမြတ်ကို လှမ်းပြီး မေးမြန်းလိုက်သည်။

"နေပါဦး ကိုကောင်းမြတ် ... အခု မော်တောရွာမှာ ဖွင့်
နေတဲ့ ဆေးခန်းကြီး ဖျက်သိမ်းပစ်စေဆိုတဲ့ ညွှန်ကြားချက်
မျိုး ခင်ဗျားဆီ ပေးပို့လို့လား"

"အဲဒီလိုတော့ ညွှန်ကြားချက် မလာသေးပါဘူး။ ဒါပေမယ့်
ဒါဟာ ပေါ်လစီလုပ်ငန်းပဲ။ ညွှန်ကြားချက် မရလည်း
လုပ်ရိုးလုပ်စဉ်ပဲဟာ"

"ဟုတ်ပါတယ် ... ကျုပ်ကလည်း ညွှန်ကြားချက် မပို့သေး
မရသေးဘူးလို့ပဲ ထင်ပါတယ်။ ဘယ့်နှယ်ဗျာ ... အစိုးရ
တပ်တွေတိုက်လို့ ကျုပ်တို့အဖွဲ့ လွင့်ပြေးခဲ့ရာက ဒီတော
ကြီးတန်းထဲ ရောက်လာတာပဲဟာ။ ကျုပ်တို့လိုပဲ အတိုက်
ခံရလို့ ကျုပ်တို့အဖွဲ့ကြီး ဘယ်ထွက်ပြေးသွားမှန်းတောင်

www.burmeseclassic.com

www.burmeseclassic.com



မသိတာ ... ဘယ်က ညွှန်ကြားချက် လာနိုင်တော့မှာလဲ"

"ဒါတော့ ဒါပေါ့ဗျာ ... ဒါပေမယ့် ခင်ဗျားလည်း သိသားနဲ့ ကိုနေမင်း၊ ကျုပ်တို့အဖွဲ့ရဲ့ ငယ်သားတွေ တပည့်တွေကိုနေ့စဉ် ကျွေးမွေးစရိတ် ကျည်ဆန်ဝယ်စရိတ်တွေက အမြဲလိုငွေပြနေတာ"

"ကဲ ... ဒါဆို ဒီဆွေးနွေးပွဲကိစ္စအတွက် နောင်တစ်ချိန်မှာ အထက်အဖွဲ့က အမေးအမြန်း ရှိလာရင် တိုက်ခိုက်ရေးခေါင်းဆောင် နေမင်းရဲ့ ဆုံးဖြတ်ချက်နဲ့ပဲ လုပ်တာပါ၊ ခင်ဗျားဆန္ဒမပါပါဘူးလို့ တင်ပြလိုက် ... ကြီးတော် လှူတဲ့ ရန်ပုံငွေတစ်သိန်းကို ခင်ဗျား လက်ခံပါ။ ဒေါက်တာမနွေးနွေးနဲ့ ကြီးတော် ဆန္ဒရှိနေတဲ့ ဆေးခန်းကို ဆက်ဖွင့်ခွင့် ...။ ဒါပဲပေါ့ဗျာ ... ပွဲသိမ်းပါတော့ ကျုပ် အနားယူချင်နေပြီ"

"အင်း ... ရပါတယ်လေ ... ဆရာနေမင်း ဆုံးဖြတ်ချက်အတိုင်း ကျုပ် လက်ခံပါ့မယ်။ အဲ ... ဒီအလှူငွေကိစ္စအတွက် နွေးနွေးက ကျွန်တော့်ကို ဘယ်လိုမှ အထင်မလွဲစေချင်ဘူး ဒီအလှူငွေကို အဖွဲ့အတွက် သုံးရမှာပါ။ ကျွန်တော့်ကိုယ်ကျိုး တစ်ပြားမှ မပါပါဘူး။ ယုံပါ မနွေးနွေး"

"ဟုတ်ကဲ့ ... ယုံလိုက်ပါ့မယ်"

မေမေကြီး ဒေါ်ဝန်က ငွေတစ်သိန်းယူရန် သူမ အိပ်ခန်းသို့ ထသွားယူခဲ့ပြီး ကိုကောင်းမြတ် လက်သို့ ပေးအပ်လိုက်သည်။



ကိုကောင်းမြတ်က သူ့တွင် အသင့်ပါလာသော ဆွဲအိတ်ထဲသို့ ငွေအထုပ်တွေ ထည့်နေစဉ်မှာပင် ကိုနေမင်းသည် အလွန်သွက်လက်လျင်မြန်လွန်းသော လှုပ်ရှားမှုတစ်ခု လုပ်လိုက်တော့သည်။

ကိုနေမင်းသည် လွှားခနဲ အားလျားမှောက်ချလိုက်ရင်း နွေးနွေးကိုလည်း ပက်လက်ကျသွားစေရန် နွေးနွေး၏ ပခုံးကို တအားတွန်းချလိုက်ရာ နွေးနွေးမှာ ပက်လက်လန် ကျသွားသည်။

"ဒိုင်း ... ခွမ်း"

မှောက်လျက် ပက်လက် ဖြစ်သွားချိန်မှာပင် ဒိုင်းခနဲ သေနတ်သံ ထွက်ပေါ်လာပြီး မှန်ဗီရိုကြီး မှန်မှာလည်း ခွမ်းခနဲ ကွဲသံထွက်လာသည်။ မှန်ကွဲများ နေမင်း အပေါ်နှင့် နွေးနွေးအပေါ်သို့ ကျရောက်လာပေသည်။

သွက်လိုက် မြန်လိုက်သည့် ကိုနေမင်း။

ချက်ချင်း ဆတ်ခနဲ ပြန်ထပြီး ခါးမှ ပစ္စတိုကို ဆွဲထုတ်ပြီးသား မောင်းဆွဲပြီးသားပြုကာ လွှားခနဲ ... လွှားခနဲ အိမ်ပေါ်မှ အောက်သို့ ဆင်းသွားသည်။

သေနတ်သံ၊ မှန်ကွဲသံကြောင့် အောင်မြင့်စော အိပ်ခန်းထဲမှ ပြေးထွက်လာသည်။

ရုတ်တရက်ကြီး ဖြစ်လာသည်မို့ မေမေကြီးရော နွေးနွေးရော အောင်မြင့်စောရော ဘာဖြစ်မှန်းကို မသိတော့ပေ။ သိလိုက်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ငွေတွေထည့်နေသော ကိုကောင်းမြတ်ကတော့ ဘ
ဖြစ်မှန်း သိပုံရကာ ကိုနေမင်း လွှားခနဲ ပြေးဆင်းသွားရာသ
လှမ်းအော်ပေသည်။

"ဟေ့လူ ... ကိုနေမင်း ... အရမ်းမလုပ်နဲ့ ... အရမ်း
မလုပ်နဲ့"

ဆရာကောင်းမြတ် လှမ်းအော်ပြောလေမှ အောင်မြ
စော၊ နွေးနွေးနှင့် မေမေကြီးတို့သည် ပြေးဆင်းသွားသ
ကိုနေမင်းအား လိုက်ကြည့်ကြသည်။

အမိပွာယ် သိရပါ၏။

အဖြစ်အပျက်ကို သဘောပေါက်ရပါ၏။

အိုက်ပန် ဂြိုဟ်ကြွလိုက်ခြင်း ဖြစ်တော့သည်။

ဆွေးနွေးပွဲတွင် လမ်းဘက် အိမ်ရှေ့ဘက်ကို ကျေ
ပေးထိုင်နေသော ကိုနေမင်းအား အိုက်ပန်က ခြံထဲမှနေပြီး 
ဖယ်နှင့် ကိုနေမင်း၏ ကျောပြင်ကို ပစ်ခြင်းဖြစ်တော့သည်။

သို့သော် ...

ကိုနေမင်းသည် ထိုင်ကတည်းက ဗီရိုမှန်ကို မျက်
ပေး၍ ထိုင်သူမို့ အိုက်ပန်၏ မိမိကို ရိုင်ဖယ်နှင့် ပစ်တော့မည်
မှန်ထဲမှ မြင်လိုက်ရသည်။ ရှေ့သို့ ဝမ်းလျားထိုး ချလိုက်
ဖြစ်ပေသည်။

"ဘုရား ... ဘုရား ... ဘုရား"

နွေးနွေး သဘောပေါက်သည်နှင့် ဘုရားသုံး
စိတ်အင်မတန် လှုပ်ရှားစွာနှင့် တ,မိတော့သည်။



အကယ်၍သာ ...

ဆရာနေမင်းက ကိုယ်လွတ်ရန်း မှောက်ချလိုက်လျှင်
အိုက်ပန် ပစ်လိုက်သော ကျည်ဆန်သည် ကိုနေမင်းကို မထိဘဲ
မျက်နှာချင်းဆိုင် တည့်တည့်ရှိ နွေးနွေး၏ ရင်ဘတ်ကို ထိမည်မှာ
သိပ်သေချာပါ၏။

ယင်းအချက်ကို သတိအင်မတန်ကောင်းသော ကိုနေ
မင်းက မိမိကိုပါ ပက်လက်တွန်းချပြီး ကျည်လမ်းကြောင်းမှ
လွတ်သွားစေရန် ဖြစ်ပေတော့သည်။

"ဟေး ... ကိုနေမင်း ... မပစ်နဲ့"

မြင်ကွင်းမှာ အိုက်ပန်သည် ရိုင်ဖယ်ကြီးကိုင်ရင်း
ရှေ့မှ ပြေးသည်။

နေမင်းက ပစ္စတိုကိုင်ရင်း နောက်မှ အမီလိုက်သည်။
ပြေးရင်း ကိုနေမင်း တုံ့ခနဲရပ်ခါ ပြေးနေသော အိုက်ပန်၏ ခါး
အောက်ပိုင်း တင်ပါးနှင့်ပေါင်ကို ချိန်ပြီး ဒိုင်းခနဲ ပစ်ချလိုက်
သည်။

အိုက်ပန် ခေါက်ခနဲ လဲကျပြီး နစ်ပတ် သုံးပတ်
လိမ့်သွားသည်။

အိုက်ပန်ကလည်း ဖွဲကြီးသည်။ ချက်ချင်း ပြန်လူး
သံထကာ ထိုင်လျက် ဒူးထောက်ဖြင့် မောင်းထိုးပြီး ရိုင်ဖယ်ကို
ကိုနေမင်းသို့ ချိန်လိုက်သည်။

ဒိုင်း။

ပထမ သေနတ်သံ။

www.burmeseclassic.com

www.burmeseclassic.com



ဒိုင်း။

ဒုတိယ သေနတ်သံ။

နှစ်ချက်သည် တစ်စက္ကန့်ခြားလောက်နှင့် ဆင့်ကဲ ထွက်လာပြန်တော့သည်။

ပထမ သေနတ်သံမှာ ကိုနေမင်း ပစ်လိုက်သော ပစ္စတိုသံဖြစ်ပြီး ဒုတိယသေနတ်သံမှာ အိုက်ပန်ပစ်သော ရိုင်ဖယ် သေနတ်သံ ဖြစ်ပါ၏။

အထိအမှန်ဖြင့် ပက်လက်ကြီး လန်လဲသွားသူမှာ အိုက်ပန်ပင် ဖြစ်ပေတော့သည်။

သေနတ်ခြင်း ယှဉ်ပစ်ပြီဆိုလျှင် စက္ကန့်ဆိုသော အချိန်ပိုင်းလေးသည် အလွန် အရေးပါ အရာရောက်စေပါ၏။

ကျည်ဆန်၏ ပြေးနှုန်းမှာလည်း စက္ကန့်ပိုင်းလေးတွင် အလွန်အရေးပါ အရာရောက်စေပါ၏။

စက္ကန့်ပိုင်းလေး နောက်ကျသွားခြင်းဖြင့် အိုက်ပန်၏ သေနတ်ကျည်ဆန်သည် မိုးပေါ်ထောင် လေထုထဲသို့ ဖြတ်သန်း သွားတော့သည်။

ဆရာကောင်းမြတ်သည် ရှေ့ဆုံးမှ ပြေးထွက်လာသည်။ အောင်မြင့်စောနှင့် နွေးနွေးတို့က နောက်မှ ပြေးလိုက်လာ သည်။

အိုက်ပန်သည် မြေကြီးပေါ်တွင် ပက်လက်ကြီးလဲပြီး တုတ်တုတ်မျှ မလှုပ်တော့ပြီ။ သူ၏ ရိုင်ဖယ်သေနတ်မှာလည်း သူ့ဘေးတွင် အလျားလိုက် ရှိနေပါ၏။



မည်သို့ဖြစ်စေ။

အိုက်ပန် သေရမည်သာ။

ပထမ နေမင်းက ဆုံးမသည့် အနေဖြင့် လက်မောင်း ကို ပစ်ခဲ့သည်။

ဒုတိယ သူ့ ဆရာနေမင်းကို အသေပစ်ဖို့ ကြိုးစား ပြီး ထွက်အပြေးတွင် သူ၏ လက်ဝဲဘက်ပေါင်ကို နေမင်းက ပစ် ပြီး မပြေးနိုင်ရုံ ပစ်ခဲ့သည်။

တတိယ ပေါင်ကိုထိပြီး လဲကျပြီးနောက် ပြန်ထ ဒူးထောက်ခါ ဆရာနေမင်းကို ပြန်သတ်ဖို့ ကြိုးစားပြန်သည်။

ဒီတော့လည်း နေမင်းက လက်ဝဲရင်အုံကို ပစ်ထည့် လိုက်ရာ အိုက်ပန် သေပွဲဝင်သွားသည်။

နေမင်းသည် ဘာကိုမှ ဂရုမထားဘဲ သူ့မြင်းရှိရာ မေမေကြီးအိမ်သို့ ပြန်ခဲ့ပြီး သူ့မြင်း၏ဘေးရှိ ကုက္ကိုပင်ကြီးကို မှီကာ စီးကရက်တစ်လိပ် စိတ်အေးလက်အေး သောက်နေစဉ်မှာ ပင် နွေးနွေးတို့အားလုံး ပြန်လာကြသည်။

နွေးနွေးသည် ကိုနေမင်း အိလျှော့မှီရပ်နေရာရှေ့သို့ မားမားလေးပင် သွား၍ ရပ်လိုက်သည်။

"သေသွားပြီ ... အိုက်ပန်ရဲ့ လက်ဝဲရင်အုံကိုထိတဲ့ ကျည် ဆန်က သူ့နှလုံးကို ဖောက်ပစ်လိုက်လို့ သေတာ"

နွေးနွေး၏ အသံလေး တုန်နေသည်။ ပြောသည့် လေသံကလည်း နေမင်းကို အပြစ်တင်ပြောသည့် လေသံဖြစ် သည်။

www.burmeseclassic.com

www.burmeseclassic.com



နေမင်းက ဘာမှပြန်မပြောဘဲ သွေးလျှမ်းပြီး ပန်းနုရောင် ပြေးနေသော နွေးနွေး၏ မျက်နှာလှလှလေးကိုသာ ငေးကြည့်နေသည်။

“ရှင့်အဖို့တော့ လွယ်လိုက်တာ။ ဒိုင်းခနဲ သေနတ်တစ်ချက်ဆွဲရုံနဲ့ လူတစ်ယောက် အသက်သေသွားတယ်။ နွေးနွေးတို့ ဆရာဝန်တွေမှာတော့ လူ့အသက်တစ်ချောင်း မဆုံးရှုံးအောင် နည်းမျိုးစုံနဲ့ ကုသပေးရတယ်ဆိုတာ ရှင် မြင်ဖူးစေချင်တယ်”

“ကျုပ် ဆယ်နှစ်သား အရွယ်ကတည်းက သေနတ်ပစ်သိပ္ပံဝါသနာကြီးခဲ့တယ် ဒေါက်တာ မနွေးနွေး”

“သြော် ... သြော် ... ရှင်က ငယ်ငယ်တည်းက ဝါသနာကြောင့် ရှင့်က အပျော်တမ်း လူတွေကို သတ်နေတာလား ကိုနေမင်း”

“ဆယ်နှစ်သားတုန်းကတော့ ဘီအက်(စ်)အေ နံပါတ်ဝမ်း လေးသေနတ် အပျော့စားလေးနဲ့ စာလေးတွေ၊ နှံပြည်စုတ်လေးတွေ၊ ဆက်ရက်လေးတွေ၊ ပုတ်သင်ညိုတွေကို ပစ်ခဲ့တယ်။ ဒီထက်နည်းနည်း အသက်ကြီးလာတော့ ဘီအက်(စ်)အေ နံပါတ်တူး သေနတ်ကို ကိုင်တယ်။ ဒီနောက် ယမ်းအားကျည်ဆန်ပါတဲ့ ပွိုင့်တူးတူးတို့ နှစ်လုံးပြူးတို့ တစ်လုံးပြူးတို့ကိုင်ပြီး ကျွန်တော် တောထဲမှာ အမဲလိုက်တယ်”

နွေးနွေးသည် ကိုနေမင်းသည် လူသတ်ပြီး သွေးရူးသွေးတမ်း ကယောင်ချောက်ချားတွေ ပြောနေသလားတောင်



ထင်မိပါ၏။ အိုက်ပန်ကို ပစ်သတ်မှုအတွက် နွေးနွေးက သူ့ကို အပြစ်တင်နေခြင်းကိုလည်း သူ စိတ်ဆိုးပုံ မရပါလေ။ နွေးနွေးသည် သူ့ကို ရင်ထဲက မကျေနပ်နေသော်လည်း သူပြောသော စကားများကိုတော့ နားထောင်ချင်စိတ် ရှိနေပါ၏။

“ရခဲ့တယ်ပေါ့ဗျာ ... ငှက်ငယ်တွေရော ငှက်ကြီးတွေရော ယုန်တို့ ချေတို့ ဆတ်တို့ ဆိုတဲ့ အကောင်မျိုးစုံ ကျွန်တော် ပစ်လို့ရခဲ့တယ်။ သေနတ်ဆိုတာက စက်ကိရိယာတစ်ခုပဲ ဗျာ။ ကိုင်တွယ်ပါ များတယ်၊ အလေ့အကျင့် များတယ် ဆိုရင် အလိုလို လက်ဖြောင့်လာတယ်၊ အလိုလို ကျွမ်းကျင်လာတယ်”

“လာ ... ကိုအောင်။ နွေးတို့ အိမ်ပေါ်တက်ကြစို့တော့”

နွေးနွေးသည် သူ့စကားကို ဆက်ပြီးနားမထောင်ချင်ပါလေတော့။ သူပြောသမျှ စကားတွေမှာ သူတစ်ပါးအသက်တွေကို သတ်ခဲ့ကြောင်းတွေချည်း ဖြစ်နေသည်။

“ဒီမယ် ... နွေး ... ကျုပ်ပြောတာကို ဆုံးအောင်နားထောင်ပေးပါ”

နွေးနွေး ခြေလှမ်းတုံ့ခနဲ ရပ်သွားပါ၏။

သူ့အမိန့်ကြောင့် တုံ့ခနဲ ရပ်သွားသည်တော့မဟုတ်။ မိမိအား အမြဲပင် မနွေးနွေးဟုလည်းကောင်း၊ ဒေါက်တာမနွေးနွေးဟုလည်းကောင်း ခေါ်ဆိုနေရာမှ ယခု ကိုအောင်မြင့်စော ခေါ်သလို “နွေး”ဟု တစ်လုံးတည်း သူက ခေါ်လိုက်ခြင်းကြောင့် အလိုလို ခြေလှမ်းရပ်သွားရခြင်း ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲ ... နောက်ပိုင်းကျတော့ ကျုပ် ငှက်ကလေးတွေ ယုန်ကလေးတွေကို မပစ်ချင်တော့ဘူး။ ပြော် ... သူတို့ ခမျာ အသီးအရွက်စားပြီး ဘယ်သူ့ကိုမှ ရန်မလုပ်တဲ့ အကောင်မျိုးလေးတွေကို ကျုပ် သတ်နေတာ မတရားဘူး အနိုင်ကျင့်ရာရောက်တယ် ... ဒီအကောင်မျိုးလေးတွေဟာ တချို့သူတွေက အမြတ်တနိုး အလှအပသဘောနဲ့တောင် မွေးတတ်ကြပါလားဆိုတဲ့ အသိစိတ်နဲ့ ကျုပ် မပစ်တော့တာ"

"ကောင်းတာပေါ့ ... သူတစ်ပါးအသက် သတ်တယ်ဆိုတာ လူမကြိုက် နတ်မကြိုက် ဘုရားမကြိုက်တဲ့ ဟာမျိုးပဲ"

"ဘယ်ဟုတ်လိမ့်မလဲ နွေး၊ ကျုပ်က သေနတ်ဝါသနာအိုးပဲဟာ။ အဲဒီလို လူတွေကို အန္တရာယ်လုံးဝမပေးတဲ့ အသီးအရွက်စား အကောင်လေးတွေကို ကျုပ် မပစ်တော့ပေမယ့် တောထဲမှာ ကျားကို အမဲလိုက်ပြီး ပစ်တယ်။ အဆိပ်ရှိ မြွေဆိုးတွေကို ကျုပ်ပစ်တယ်။ ငန်းတော်ကျားတို့ လင်းမြွေတို့ စပါးကြီးမြွေတို့ကိုတော့ ကျုပ် မပစ်ပါဘူး။ အဲ အခု အိုက်ပန် ... ဒီကောင် အဆိပ်ပြင်းချင်တယ်။ အစွယ်ထက်ချင်တယ်၊ အနိုင့်အထက် လုပ်ချင်တယ်၊ တစ်ဖက်သား အပေါ်မှာ မာန်ကြီးချင်တယ်"

သူသည် သူ့မြင်းကြီးပေါ်သို့ လွှားခနဲ ခွတက်ထိုင်လိုက်သည်။ မြင်းဇက်ကြိုးကို လျော့ရဲရဲ ကိုင်ထားရင်း ပြောပြန်သည်။



"အိုက်ပန်က ကျုပ်လစ်ပြီအထင်နဲ့ ကျုပ်နောက်ကျောကို အသေပစ်ဖို့ ကြိုးစားတယ်။ သူ့ကို သက်ညှာတဲ့ကြားကပဲ ဒဏ်ရာရတဲ့ကြားက ကျွန်တော့်ကို ပြန်ပစ်သတ်ဖို့ ကြိုးစားပြန်တယ်။ ကိုယ့်အသက်ကို သတ်မယ့်သူကို ကိုယ်က ဦးအောင် ပြန်သတ်လိုက်တာဟာ တရားမျှတမှု ရှိပါတယ် နွေး"

ထိုစဉ်မှာပင် ...

ငွေတစ်သိန်း ထည့်ထားသောအိတ်ကို ဆွဲပြီး ကိုကောင်းမြတ် သူ့မြင်းဆီသို့ ရောက်လာပြီး ဝင်ရောက် ပြောလိုက်သည်။

"ဘာပဲပြောပြော ... ဆရာနေမင်း လွန်တယ်။ ဘယ်နှယ်ဗျာ ... ကိုယ့်လူကို ကိုယ်က ပစ်သတ်လိုက်တယ်လို့"

နေမင်းသည် မြင်းပေါ်ကပင် ဖျတ်ခနဲ ပစ္စတိုကို ဆွဲထုတ်ပြီး ကိုကောင်းမြတ်ကို ချိန်ထားလိုက်သည်။

"ဆရာကောင်းမြတ် ... အခုကိစ္စမှာ ကျုပ်လွန်တယ်ဆိုတဲ့ စကား နောက်တစ်ခွန်း ထပ်မပြောနဲ့။ အခု ဒိုက်ပန်နဲ့ ဖြစ်ခဲ့တဲ့ကိစ္စမှာ ခင်ဗျားရဲ့ ပယောဂ ပါနေတယ်လို့ ကျုပ်ယူဆတယ်၊ ဒီကိစ္စ ကျုပ်ကလည်း မမေ့ပါဘူး၊ ခင်ဗျားနဲ့ စခန်းရောက်ရင် ရှင်းမယ် ကိုကောင်းမြတ်"

"ရှင်းမယ် ... သိပ်ကိုရှင်းမယ် ... ခင်ဗျားရဲ့ ငှမ်းရိပ်တွေကို တိုင်ကြားစာလည်း ပို့မယ်"

www.burmeseclassic.com

www.burmeseclassic.com



နေမင်းက ပြုံးပြီး ပခုံးတွန့်ပြလိုက်သည်။

"တိုင်ချင်ရာတိုင်လေ။ ကျုပ်က ဂရုမစိုက်ဘူး။ ကျုပ် တောထဲကို ဝင်လာကတည်းက ခင်ဗျားတို့ရဲ့ ပေါလစီတွေ လမ်းစဉ်တွေကို ယုံကြည်သက်ဝင်လို့ ခင်ဗျားတို့ရဲ့ အဖွဲ့ထဲ ဝင်လာတာမှ မဟုတ်တာ။ ကျုပ်မှာ ဘာခံယူချက် ဘာဝါဒ၊ ဘာယုံကြည်ချက်မှ မရှိဘူး။ နေမွန်းတည့်ကြီးမှာ နေပူဒဏ်ကြောင့် အရိပ်ဝင်ခိုတဲ့ သဘောနဲ့ ဝင်လာတာပဲရှိတယ်။ အခု ကျုပ်လွှန်တယ်လို့ ခင်ဗျား နောက်တစ်ခွန်း ပြောကြည့်လေ၊ ခင်ဗျား ငွေအိတ်ဆွဲထားတဲ့ လက်မောင်းကို ပစ်ချလိုက်မယ်၊ ငွေအိတ်ကြီး လက်ထဲက ပြုတ်ကျသွားမယ်မှတ် ကိုကောင်းမြတ်"

တကယ်တမ်းကျတော့ ကိုကောင်းမြတ်သည် ကိုနေမင်းကို ထပ်ပြီး တစ်ခွန်းမှ မပြောရဲ။ အားကိုးအားထား အကြည့်ဖြင့် စတင်းကိုင် ဦးကျောက်ဖားကို လှမ်းကြည့်သည်။

ဦးကျောက်ဖားသည် ဆရာနှစ်ယောက်နှင့် ဝေးရာတွင် သွားရပ်နေသည်ကို တွေ့ရပါ၏။ ဦးကျောက်ဖားလည်း ဆရာနေမင်းကို ကြောက်ဟန်တူပေသည်။

ကိုကောင်းမြတ်က ဦးကျောက်ဖားအား လှမ်းအော်အမိန့်ပေးလိုက်သည်။

"ဗျို့ ဦးကျောက်ဖား ... အိုက်ပန်ရဲ့ အလောင်းကို သူ့မြင်းပေါ်မှာတင်ပြီး စခန်းကို ဆွဲယူလာခဲ့"



ဦးကျောက်ဖားသည် အိုက်ပန်၏ အလောင်းကို မြင်းကုန်းနှီးပေါ်တွင် ဟိုဘက်ဒီဘက် တွဲလောင်းမှောက်တင်ပြီး ဦးကျောက်ဖားလည်း သူ့မြင်းပေါ် တက်ရောက်သည်။

ကိုကောင်းမြတ်သည် သူ့မြင်းပေါ် တက်ရောက်ခွစီးပြီး မထွက်ခွာသေးမီ ဒေါက်တာအောင်မြင့်စောအား လှမ်းပြောသည်။

"ဒီမှာ ... ဒေါက်တာအောင်မြင့်စော ... အိုက်ပန် ဒီလိုသေရတဲ့ ပထမဆုံး ရေစီးကြောင်းဟာ ခင်ဗျားပဲ။ အေး ... ဒီပွဲမှာ ဆရာနေမင်းကိုလည်း ကျုပ် သိပ်အံ့ဩသွားတယ်။ ဆရာနေမင်းက သူနဲ့ တိုက်ရိုက်မပတ်သက်ရင် သူ့တပည့်တွေ ဘာလုပ်လုပ် ဆေးလိပ်သောက် မပျက်ဘူး။ ဘယ်တုန်းကမှလည်း ဝင်ပြီး မစွက်ဖက်ဖူးဘူး။ အခု ခင်ဗျားနဲ့ အိုက်ပန် စပြီးဖြစ်တဲ့ ကိစ္စမှာ ဆရာနေမင်းမှာ ဘာတွေ သံယောဇဉ် ဝင်သွားသလဲ မသိဘူး၊ တပည့်ဖြစ်တဲ့ အိုက်ပန်ကို ပစ်ခတ်ပြီး ခင်ဗျားကို ကယ်လိုက်တယ်။ ခင်ဗျားကို ချစ်ခင်လို့တော့ ဟုတ်မယ်မထင်ဘူး၊ နွေးနွေးရဲ့ မျက်နှာကြောင့် ခင်ဗျားကို ဝင်ကယ်ပေးတာပဲ ဖြစ်မယ်။ ကဲ ... ခင်ဗျားကို ကျုပ် ထပ်ပြင်တဲ့အမိန့် ပြောလိုက်မယ်။ ခင်ဗျား ဒီမှာ ဖိန်းနွဲ့ကာအထိ နေခွင့်ကို ရုတ်သိမ်းတယ်။ နက်ဖြန်ညနေကျရင် ခင်ဗျားကို ဒီရွာမှာ မတွေ့ချင်ဘူး။ ဒါပဲ ..."

ကိုကောင်းမြတ်သည် သူ့မြင်းကို ဇက်ကြိုးရိုက်

www.burmeseclassic.com

www.burmeseclassic.com



မနောင့်ထိုးဖြင့် ဖွက်ခွာသွားသည်။ ဦးကျောက်ဖားသည် အိုက်ပန် အလောင်းတင်မြင်းကို ဆွဲခါ သူ့မြင်းဖြင့် ဆရာကောင်းမြတ် နောက်သို့ လိုက်သွားသည်။

ကိုနေမင်းသည် သူတို့ထွက်သွားပေမယ့် မထွက်ခွာသေးဘဲ နွေးနွေးကို လှမ်းကြည့်နေသည်။ နွေးနွေးက သူကို ပြန်အကြည့်တွင် မျက်လုံးချင်း ဆုံမိပြန်လေသည်။

နွေးနွေး ရင်တဒိတ်ဒိတ် ခုန်သွားသည်။ ဘာကြောင့် ရင်ခုန်သွားမှန်း နွေး ကိုယ်တိုင် ကိုယ့်ကိုယ်ကိုယ် မသိ။

ကိုနေမင်းက ပြုံးပြုံးပါ၏။ သွားရန် နှုတ်ဆက်ပြီးဖြစ်တန်ရာသည်။ အသံထွက်ပြီး ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ မြင်းဦးခေါင်းကို ခြံပေါက်သို့ ဆွဲလှည့်လိုက်သည်။

"ဒီမှာ ကိုနေမင်း"

အောင်မြင့်စောက လှမ်းခေါ်သဖြင့် ကိုနေမင်းက ဒေါက်တာအောင်မြင့်စောကို မြင်းပေါ်မှ သမင်လည်ပြန် ပြန်ကြည့်သည်။

"ကိုကောင်းမြတ်ရဲ့ အမိန့်အတိုင်း ကျွန်တော် ဒီရွာက တကယ်ပြန်ရမလား ကိုနေမင်း"

"အင်း ... ခင်ဗျား ဆက်ပြီး အသက်ရှင်နေချင်သေးတယ်ဆိုရင်တော့ နက်ဖြန် ဆက်ဆက်ပြန်ပါ၊ ဆရာကောင်းမြတ်ဟာ ဒီရွာက ခင်ဗျားကို အမြန်ဆုံး ပြန်စေချင်တာဟာ ပေါ်လစီကိစ္စ၊ အိုက်ပန်ကိစ္စကြောင့်ချည်း မဟုတ်ဘူးလို့ ကျုပ် ထင်တယ် ... သူလျှောက်မယ့် လမ်းတစ်ခုမှာ ခင်





ဗျားဟာ ခလုတ်တစ်ခု ဆူးတစ်ချောင်း ဖြစ်နေတာမို့ လမ်းရှင်းတဲ့ သဘောနဲ့ ခင်ဗျားကို အမြန်ဆုံး မောင်းထုတ်ဖစ်တာ ဖြစ်မယ် ... ကျုပ်ကလည်း ခင်ဗျားကို နှစ်ဆယ့်လေးနာရီ အချိန်ပြည့် အကာအကွယ် မပေးနိုင်ဘူးလေဗျာ။ ကျုပ် လစ်တာနဲ့ ဆရာကောင်းမြတ်က ခင်ဗျားကို အန္တရာယ် ပေးနိုင်တယ်"

ဒီနောက် မြင်းကြီးကို ဖက်ကြိုးခတ်လိုက်သည်နှင့် မြင်းကြီးသည် ခြံထဲမှ တစ်ရှိန်ထိုး ကဆုန်စိုင်း ထွက်သွားတော့သည်။

ဒေါက်တာအောင်မြင့်စောက ကဆုန်စိုင်း ထွက်သွားသော ကိုနေမင်းကို ငေးကြည့်ပြီးနောက် နွေးနွေးဘက် လှည့်ကာ ပြောလိုက်သည်။

"ဒီလူ ကိုနေမင်း ဘာကို ဆိုလိုသွားတာလဲ မသိဘူးနော် နွေး ... ကိုကောင်းမြတ်ဟာ ကိုယ့်ကို အမြန်ဆုံးမောင်းထုတ်တာ အိုက်ပန်ကြောင့်လည်း မဟုတ်ဘူး။ သူတို့ ပေါ်လစီကြောင့်လည်း မဟုတ်ဘဲ ကိုယ်က သူသွားတဲ့ လမ်းကြောင်းမှာ ခလုတ်တစ်ခု၊ ဆူးတစ်ချောင်း ဖြစ်နေလို့ ရှင်းတာဆိုတာ ဘာအဓိပ္ပာယ်နဲ့ ဘာကို ရည်ရွယ်ပြောတာ ပါလိမ့်"

"ဟုတ်တယ် ... နွေးလည်း အဲဒီ ကိုနေမင်း ပြောသွားတဲ့ စကားဟာ ဘာအဓိပ္ပာယ်လဲ ဆိုတာကို စဉ်းစားနေတယ် ကိုအောင်"

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ နွေးနွေးသည် ကိုနေမင်း ဘာကို ရည်ရွယ်ပြီး ဘာအဓိပ္ပာယ်နှင့် ပြောသွားမှန်း ရင်ထဲကသိပါ၏။

ကိုကောင်းမြတ်၏ မျက်လုံးအကြည့်နှင့် မိမိကို ဆက်ဆံပုံသည် မရိုးသားကြောင်း နွေးနွေး အကဲခတ်မိသည်။

ကိုကောင်းမြတ်သည် မိမိကို ချဉ်းကပ်ပေတော့မည်။ ယင်းသို့ ချဉ်းကပ်ဖို့ ကိစ္စတွင် နွေးနွေး မျက်နှာသာပေးထားသော ကိုအောင် ရှိနေပါက ကိုကောင်းမြတ် အဖို့ ခလုတ်တစ်ခု၊ ဆူး တစ်ချောင်း ဖြစ်နေသည် မဟုတ်ပါလား။

"လာပါ ကိုအောင်ရယ် ... အိမ်ပေါ် ပြန်တက်ကြပါစို့တော့ မေမေကြီး စောင့်နေတော့မယ်"

နှစ်ယောက်သား အိမ်ပေါ်သို့ ပြန်တက်ရောက် လာခဲ့တော့သည်။

၆

တကယ်ပင် ...

ဒေါက်တာအောင်မြင့်စော ရန်ကုန်ပြန်ဖို့ ပြင်ဆင်ရ တော့သည်။

ဦးရွှေနိုင်ပင် ဒေါက်တာအောင်မြင့်စောကို ဒေးဒရဲ မြို့သို့ သင်္ဘောအမီ လိုက်ပို့ရပေမည်။

မှော်တောရွာတွင် ဒေါ်ဖွားရင်၏သား ကိုခင်မောင် ကြီး ဆိုသူက ဒေးဒရဲ–မှော်တောသို့ လူစီးပါစင်ဂျာ မော်တော် တစ်စီး ထောင်ထားသည်။

ဦးရွှေနိုင်က ဒေးဒရဲ–ရန်ကုန်သင်္ဘောပေါ်သို့ရောက် အောင် ဒေါက်တာအောင်မြင့်စောကို ပို့ရမည်။ သင်္ဘောထွက်မှ မှော်တောသို့ ပြန်ရမည် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မမကြီးက ဒေါက်တာအောင်မြင့်စော ယခုလို ပြန်ရသည်ကို စိတ်မကောင်းစွာဖြင့် ပြောသည်။

"မမကြီးရဲ့ ဆန္ဒမှာရော နွေးနွေးရဲ့ ဆန္ဒမှာရော အခုလို ချက်ချင်းကြီး မောင်အောင်ကို မပြန်စေချင်တာ အမှန်ပဲ။ အခု ဆေးခန်းကြီး စအဖွင့်မှာ မောင်အောင် ကူညီတဲ့အတွက် သိပ်ကို အရာရောက်ပါတယ်။ နောက်တစ်ခုက သမီးလေးနွေးနွေးကို အိမ်ထောင်ဖက် ရွေးချယ်တဲ့နေရာမှာ သူ့နှလုံးသား၊ သူ့ဦးနှောက်နဲ့ ရွေးချယ်ခွင့် မမကြီး ပေးထားပါတယ်။ ဒါပေမယ့် မောင်အောင် ရန်ကုန်ကို ပြန်ပါ။ တကယ်တမ်း မောင်ကောင်းမြတ် အကြမ်းဖက် လာမယ်ဆိုရင် မောင်အောင့်အတွက် အသက်ဘေးအန္တရာယ်အထိ စိုးရိမ်စရာ ရှိနေတယ်။ မောင်ကောင်းမြတ်လို လူဟာ ကြောက်စရာကောင်းတယ်။ သူတို့ပါးစပ်က ထွက်တာဟာ ဒီရွာတစ်ဝိုက်မှာတော့ အမိန့်ဥပဒေဖြစ်နေတယ်၊ မောင်အောင်လို မိကောင်းဖခင် လူချမ်းသာရဲ့သား၊ ဆရာဝန်လို လူတစ်ယောက် အဖို့ မော်တော်လို ရွာမှာ အချည်းနှီး အသက်မဆုံးရှုံးသင့်ဘူး။ ဒါကြောင့် မမကြီး ကိုယ်တိုင် မောင်အောင်ကို ပြန်ပါလို့ ပြောရတာပါ"

"ဒါဆို ဒီမှာ ကျန်ခဲ့တဲ့ နွေး အတွက်ကော စိတ်ချရပါ့မလား မမကြီး၊ နွေးကို ကျွန်တော် အတန်တန်ပြောပါတယ်၊ ရန်ကုန်မှာ ကျွန်တော်နဲ့နွေး အတူတူ ဆေးတိုက်



ဖွင့်ဖို့လေ။ ဒါဆို ရန်ကုန်ဆေးတိုက်မှာ နွေးကိုထားခဲ့ပြီး ကျွန်တော်က နိုင်ငံခြားမှာ ထပ်ဆင့်သမားတော်ဘွဲ့ယူမယ်လို့"

ဒါကျတော့ မမကြီးက ဦးခေါင်းကို သွက်သွက်ပင် ယမ်းပြသည်။

"အဲဒါကတော့ မဖြစ်နိုင်သေးဘူး မောင်အောင်။ နွေးနွေးကို ဆရာဝန်ဖြစ်အောင် သင်ခဲ့တာကိုက ဒီရွာကရော တခြားတစ်ဝိုက် ရွာတွေကရော မမကြီးရဲ့ အလုပ်သမား ရွာသူရွာသားတွေရဲ့ ကျန်းမာရေးကို ကယ်တင်ချင်တဲ့ ရည်ရွယ်ချက်နဲ့ပါ။ အဲ ... မမကြီး သေဆုံးသွားရင်တော့ ကျန်တာ မြေးမလေး နွေးနွေးရဲ့ သဘောဆန္ဒအတိုင်းပေါ့လေ။ နောက်တစ်ချက်က မမကြီး အသက်ရှင်နေသရွေ့ မော်တောမှာ မြေးမလေး နွေးရဲ့ လုံခြုံမှုဟာ စိတ်ချရပါတယ်။ မောင်ကောင်းမြတ်ရော မောင်နေမင်းရော မမကြီးကို မထိပါးရဲပါဘူး။ တကယ်လို့ မမကြီးကသာ ငါ သည်းမခံနိုင်တော့ဘူးဟေ့လို့ ကြေညာလိုက်တာနဲ့ ဒီရွာကရော ဒီတစ်ဝိုက် ရွာတွေကရော ရွာသူရွာသားတွေဟာ အုံကြွပြီး ဓားဆွဲ လှံဆွဲနဲ့ ပြန်ချမယ့် လူတွေချည်းပဲ။ တောကျွမ်းစတမ်းဆိုရင် ဒီရွာက ရွာသူရွာသားတွေက မောင်ကောင်းမြတ်တို့ထက် ပိုပြီးတောကျွမ်းတာပေါ့။ လက်နက်အင်အား မမျှပေမယ့် ရွာသူရွာသားတွေရဲ့ လူအင်အားက အားချင်း အများကြီး ကွာတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါတွေ ထားပါလေ။ မြေးမလေး နွေးနွေးရဲ့ လုံခြုံမှု မောင်အောင် စိတ်ချစေချင်လို့ မေမေကြီးက ပြောနေတာ ပါ”

“ရွာသူရွာသားတွေဟာ မေမေကြီးကို ထိရင် မခံကြဘူး ဆိုတာ ကျွန်တော် သဘောပေါက်ပြီးသားပါ။ အဲ ... မောင် ကောင်းမြတ်လို လူကတော့ သူ့အန္တရာယ်သူ နားလည်ပြီ မေမေကြီးအပေါ်မှာ အကြမ်းမဖက်ရဲဘူးပဲထားပါ ဒါပေမယ့် ကိုနေမင်းလို လူကျတော့ မေမေကြီး သတိထား သင့်တယ်။ ဒီလူက တော်တော်ကြမ်းတယ်။ ဘယ်သူ့ မှလဲ ဂရုမစိုက်ဘူး။ သူ့ဘဝကိုတောင် သူသေရင် ငိုမယ့်လူ မရှိတဲ့လူပဲ မေမေကြီး ... သူ့ဘဝက ကြမ်းတော့ လူကလည်း ကြမ်းတဲ့သဘော ရှိတယ် ... သူ့ကိုကော မေမေကြီး အနေနဲ့ နွေးအတွက် မစိုးရိမ်ဘူးလား”

“မင်း မှားနေပြီ မောင်အောင်၊ တကယ်တော့ မောင်နေမင်း ဟာ အများအမြင်မှာ တကယ့်လူကြမ်းတစ်ယောက်ပါ အပစ်အခတ်မှာ ကျွမ်းကျင်သလောက် ပစ်ရဲခတ်ရဲ သတ္တိမျိုးလည်း သူ့မှာ ရှိတယ် ... ဒါပေမယ့် မောင်နေမင်း ဟာ မောင်ကောင်းမြတ်ထက် ပိုပြီး သဘောကောင်းတယ် သဘောထားကြီးမြင့်တယ် ... သိက္ခာနဲ့ သမာဓိကို သူ့ဟာ ထိန်းတယ် ... စည်းလည်း စောင့်တယ်။ ဒီအနီးတစ်ဝိုက်မှာ မိန်းမကိစ္စနဲ့ ပတ်သက်ပြီး ဘာမှ ရှုပ်ရှုပ်ပွေပွေ မရှိဘူး နာမည်ပျက် မရှိဘူး”



နွေးနွေးသည် ကိုနေမင်း အကြောင်း မေမေကြီး ပြောသမျှကို နားစွင့်ထောင်မိသည်။

နွေးအနေနှင့် မော်တောအကြောင်း၊ ပတ်ဝန်းကျင် အကြောင်း၊ ယခု တောထဲမှာ လူဆိုးအဖွဲ့အကြောင်း ဘာမှ ဆနဏ မသိသေးပေ။ နွေးက မော်တောသူဆိုပေမင့် မော်တော နှင့် အနေနည်းခဲ့သည်။ မေမေကြီးကတော့ တစ်သက်လုံး မော် တောသူအဖြစ် မော်တောမှာပင် နေသောကြောင့် အကြောင်းအရာ အားလုံးကို သိနေပေသည်။

“ရွာတွေမှာ ဆက်ကြေးတောင်းတာတွေ၊ ရိက္ခာအတွက် ဆန်၊ ဆီ၊ ဆား အလှူခံတာတွေ၊ ကြက်၊ ဘဲ၊ ဝက် ဆွဲ သွားတာတွေ အားလုံးဟာ မောင်ကောင်းမြတ်အမိန့်နဲ့ လုပ်နေတာ။ နောက်ပြီး ရွာတွေက မိန်းကလေး အသင့် အတင့် ချောချောလှလှဆိုလည်း မောင်ကောင်းမြတ် ဖျက် ဆီးနေတာ၊ မောင်နေမင်းမှာ အဲဒါမျိုးတွေ လုံးဝမရှိ ဘူး”

“အဲဒီလို ရွာက မိန်းကလေးတွေ ဖျက်ဆီးတာမျိုးကို ရွာသူရွာသားတွေက ခေါင်းငုံ့ခံနေသလား မေမေကြီး”

“အင်း ... အဲဒါလည်း ပြောရတာ တော်တော်ခက်သားပဲ မောင်အောင်။ မောင်ကောင်းမြတ်က အဲဒီကိစ္စမျိုးမှာ အကြမ်း မဖက်ဘူး။ ရွာတစ်ရွာက မိန်းမပျိုလေးတစ်ယောက်ကို သူ သဘောကျပြီဆိုရင် သိမ်သိမ်မွေ့မွေ့ ချဉ်းကပ်တယ်၊ ငွေငွေ လက်ဝတ်လက်စားပေးတယ်၊ အဝတ်အစား ဝယ်

www.burmeseclassic.com

www.burmeseclassic.com



ပေးတယ်၊ ဒီတောရွာက မိန်းကလေးတွေမှာ ကျော်င်းလည် မနေရ၊ အပြင်ဗဟုသုတလည်း ဘာမှ မရှိဆိုတော့ ဦးနှော နည်းကြတယ်ဆိုပါတော့ ... ဆင်ခြင်တုံတရား မရှိကြ လေ။ ဒီတော့လည်း မောင်ကောင်းမြတ်ရဲ့ ဖြားယောင်းချ ကပ်ချက်ထဲကို စိတ်တူသဘောတူ ပါသွားတာပဲ။ အ မောင်ကောင်းမြတ်က ပင်ကိုယ်ရုပ်လေးလည်းရှိ၊ အဝ အစားကလည်း အပျံစားဝတ်တော့ မောင်ကောင်းမြတ် မိန်းကလေးတွေက သဘောကျတယ် ... ဒီတော့ ကာယ ရှင် ကိုယ်တိုင်က သဘောတူလက်ခံလေမှတော့ ဘေး တွေက ဘာအုံကြွစရာ ရှိတော့မှာလဲကွယ် ... အေး မောင်နေမင်းကျတော့ သူ့မှာ ပေးကမ်းစရာ ရွှေငွေလည် မရှိဘူး၊ သူကိုယ်တိုင်ကလည်း ဒါမျိုးတွေကို စိတ်ဝင်စာ မရဘူးလေ။ ဘယ်ရွာက ဘယ်မိန်းကလေးနဲ့မှ အရော တယ်လို့ မကြားဘူး"

"သူ့မှာ ပေးကမ်းစရာ ရွှေငွေ မရှိဘူးဆိုတာ ဟုတ်နိုင် မလား မမကြီး ... တောထဲမှာ ကိုနေမင်းဟာ ကိုကော မြတ်နဲ့ အဆင့်တူ ဆရာတစ်ယောက်ပဲ။ ကိုကောင်းမြ ရသလို သူလည်း ရတာပဲဟာ"

"အဲ ... မောင်အောင် ထပ်ပြီးမှားပြန်ပြီ။ မောင်နေမင်း သူတို့အဖွဲ့မှာ အဆင့်မြင့် သေနတ်သမားမို့ လခစား ဝ လုပ်နေတာ မောင်အောင်ရေ့"

"ဗျာ ... လခစား ... ဟုတ်လား"



"ဟုတ်တယ် ... မောင်နေမင်းက တိုက်ရေးခိုက်ရေး ကျွမ်းတယ်။ သေနတ်လက်နက်တွေမှ ကျွမ်းတယ်၊ သတ္တိရှိတယ်။ ဒါကြောင့် သူတို့အဖွဲ့မှာ သူ့တောင်းတဲ့ ကြိုက်ဈေးလခရလို့ ဝင်လုပ်နေတာ၊ မောင်ကောင်းမြတ်တို့ ဆက်ကြေးရတာတွေ၊ အလှူခံရတာတွေနဲ့ မောင်နေမင်းက ဘာမှ မဆိုင်ဘူး။ ဘာဝေစုမှလဲ မယူဘူး။ နေ့စဉ် ထမင်းကောင်းကောင်း ကျွေး။ လခမှန်မှန်ပေးရင် ပြီးရော။ ဒီတော့ မောင်နေမင်းမှာ ရွှေတွေ ငွေတွေ ဘယ်ရှိမလဲ"

"ဟုတ်ပါ့မလား မမကြီးရယ် ..."ဟု နွေးနွေး ကပင် အံ့သြစွာ ဝင်မေးသည်။

"ကိုနေမင်းဟာ ကိုကောင်းမြင်နဲ့ အဆင့်တူပဲ။ တပည့်တွေက ဆရာကောင်းမြတ်လို့ ခေါ်သလို သူ့ကိုလည်း ဆရာနေမင်းလို့ ခေါ်ကြတာပဲ မမကြီး"

"ဟုတ်တယ်လေ သမီး ... အိုက်ပန်လို တပည့်ဆိုးတွေကို အုပ်ချုပ်နိုင်ဖို့အတွက် မောင်နေမင်းကို မောင်ကောင်းမြတ်နဲ့ အဆင့်တူ နေရာပေးထားရတာပေါ့ ... မောင်နေမင်း ရောက်မလာခင်ကတော့ ကိုကျော်ဖားက လက်နက်ကိုင်တွေကို အုပ်ချုပ်တယ်။ ဒါပေမယ့် ကိုကျော်ဖားက ပျော့တယ်၊ ညံ့တယ်၊ အရည်အချင်းနည်းတယ်။ ဒါကြောင့် လက်နက်ကိုင်တပည့်တွေကို နိုင်နိုင်နင်းနင်း မအုပ်ချုပ်နိုင်ဘူး၊ ဒါကြောင့် မောင်နေမင်းကို မောင်ကောင်းမြတ်က

www.burmeseclassic.com

www.burmeseclassic.com



ဆရာနေရာပေးပြီး ကြိုက်ဈေး လခပေးပြီး ခေါ်ထားတာ။ ဒါကြောင့်လည်း မောင်ကောင်းမြတ်မှာသာ ပေါ်လစီတွေ၊ ခံယူချက်တွေရှိတာ။ မောင်နေမင်းမှာ ဘာပေါ်လစီ၊ ဘာ ခံယူချက်မှ မရှိဘူး၊ ဘယ်သူ့ကိုမှလဲ မကြောက်ဘူး၊ ဂရု မစိုက်ဘူး"

"ဒါဆို သူ ကိုနေမင်းက ဘာလို့ တောထဲမှာ လာပြီး လခ စားလုပ်တာလဲ မမကြီး၊ ဘာလို့ တောထဲမှာ ခိုအောင်း နေရတာလဲ"

"ဒါကတော့ သူ့ကိုယ်စောင့်နတ်နဲ့ ဘုရားရဟန္တာမှ သိမှာပဲ၊ ဒီတစ်ပိုက်မှာတော့ မောင်နေမင်း ဘယ်ကလာလဲ၊ ဘယ် ဇာတိလဲဆိုတာ ဘယ်သူ တစ်ယောက်မှ မသိဘူး"

ဒေါက်တာအောင်မြင့်စောက မေးပြန်သည်။

"ဒါဖြင့် ... အခု မမကြီးဆီက အလှူရန်ပုံငွေ တစ်သိန်း ထဲက ကိုနေမင်း ဘာဝေစုမှ မရနိုင်ဘူးပေါ့။ ဒါပေမယ့် ငွေတစ်သိန်း ပေးလိုက် လှူလိုက်ပါလို့ ကိုနေမင်းကပဲ ဝင်ပြောလိုက်တာပဲ"

"သူ ဝင်ပြောလို့ တစ်သိန်းနဲ့ ပြီးသွားတာပေါ့ သမီး၊ နို့မို့ရင် မောင်ကောင်းမြတ်က မမကြီးကို ဆေးခန်းပိတ်ဖို့ ကိစ္စအညှာကိုင်လိုက်ရင် သူ လိုသလောက်ငွေတွေ ရနိုင် မှန်း သိနေတာပဲ။ အဲ ... မောင်နေမင်း ဝင်ပြီး ဖြန်ဖြေဘာ ကျတော့ သူ လက်မခံဘဲ မနေရဲဘူး"



အောင်မြင့်စောကတော့ မခံချင်စိတ်များဖွာနှင့် ဆက် ပြောသည်။

"ဒါဆို ကိုကောင်းမြတ်က မမကြီးကို သက်သက်မယ့် ငွေညှစ်သွားတာ၊ ဘလက်မေး(လ်)လုပ်သွားတာ"

"မမကြီးကတော့ ဆေးတိုက်ဆေးခန်းအတွက် လှူ လိုက်၊ ဒါနပြုလိုက်တာလို့ပဲ မှတ်ယူပါတယ် ... ဒီဆေးခန်း ကြီးကို မမကြီး ပိတ်မှ မပိတ်ချင်တာကိုး ... အဲဒါတွေ ထားလိုက်ပါတော့လေ ... ဒါပေမယ့် မမကြီးရော၊ မြေးလေး နွေးနွေးရော၊ မောင်နေမင်းကို သိပ်ကျေးဇူးတင် စရာ ရှိသွားတယ်။ အိုက်ပန် ပစ်လိုက်တဲ့ ကျည်ဆန်ဟာ မောင်နေမင်းက မှောက်ချလိုက်တော့ ငါ့မြေး နွေးနွေးဆီကို တန်းခနဲ လာတာ။ ဒါကို မောင်နေမင်းက နွေးနွေး လွတ်အောင် ပက်လက်တွန်းပစ်လိုက်လို့ လွတ်သွားတာ၊ မှန်ဗီရိုကို ကျည်ဆန်တည့်တည့်ကြီးကို ထိတာ။ မြေးလေး နွေးနွေးသာ တစ်ခုခုဖြစ်ရင် မမကြီးလည်း ရင်ကွဲနာကျ သေမှာ။ ဒါကြောင့် မောင်မင်းကြီးသား မောင်နေမင်း ကျန်းမာပါစေ၊ ချမ်းသာပါစေလို့ ဆုတောင်းပေးရသေး တယ်"

မမကြီး၏ စကားကို နွေးနွေးရော အောင်မြင့် စောပါ စိတ်ရောကိုယ်ပါ ထောက်ခံကြပါ၏။

နွေးနွေး၏ အသက်လည်း ကယ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အောင်မြင့်စော၏ အသက်ကိုလည်း ကိုနေမင်းဝင်ကယ်လိုက်သည် မဟုတ်လား။

နွေးနွေးသည် ကိုနေမင်းက မိမိကို ပက်လက်တွန်းပြီး သူက ရင်အုပ်ကြီးနှင့် အပေါ်မှ မှောက်လျက်သား ရှိသည်ကို ပြန်တွေးမိပြီး ကြက်သီးတွေထ ရင်တွေ ခုန်လာပြန်ပါ၏။

နွေးအဖို့ ဒီအသက်အရွယ်အထိ အဘယ်သို့သော ယောကျ်ားသား၏ ရင်ခွင်ထဲ မဝင်ရောက်ဘူးသေးပါပေ။

"နွေး ငေးသွားတယ်။ ဘာလို့လဲဟင်။ ပြီးတော့ မျက်နှာမှာ ပြုံးရိပ်သန်းနေတယ်"

"ဩော် ... နွေး ကံကောင်းလို့ မသေတာပါလားလို့ ပြန်တွေးမိလို့ပါ"

တကယ်တော့ ထိုသို့ဖြစ်စဉ်က အောင်မြင့်စောမှာ သူ့အခန်းထဲ ဝင်ရောက်ခိုက်မို့ နွေးနှင့် ကိုနေမင်း ရင်ချင်းအပ် ဖြစ်သွားသည်ကို မမြင်လိုက်ပေ။ သူ ထွက်လာချိန်တွင် ကိုနေမင်းက အိုက်ပန်နောက်သို့ ပြေးလိုက်နေသည်ကိုသာ တွေ့ရသည်။

"ဩော် ... နွေးရယ် ... ကံကောင်းလို့ မသေတာဟာ ပြုံးစရာမှမဟုတ်တာ၊ ထိတ်စရာ၊ လန့်စရာမျိုးပါ"

"နွေး တကယ်ပြုံးမိသွားသလားဟင် ... ကိုအောင်။ နွေး ဘာသာ ဘာလို့ ပြုံးမိသွားမှန်းတောင် မသိပါဘူး ကိုအောင်ရာ။ ကဲ ... နွေး ထမင်းပွဲ ပြင်တော့မယ် ... ကိုအောင် ဆာရောပေါ့"



"ကိုယ် ထမင်းမစားချင်တော့ဘူး နွေး။ ကိုယ် ရင်ထဲမှာ အလုံးဆို့နေတယ်။ ထမင်းစားလည်း ဝင်မှာ မဟုတ်ဘူး။ အိပ်လို့လည်း ပျော်မှာ မဟုတ်ဘူး"

နွေးနွေးသည် ညင်သာသော သက်ပြင်းလေးတစ်ချက် ချမိပါ၏။

www.burmeseclassic.com

www.burmeseclassic.com

## ၇

မေမေကြီးအိမ်တွင် ဧည့်ခန်းအလယ်ဗလို အပေါ်ထုတ်တန်းတွင် သံကြိုးစက်သီးတတ် မှန်အိမ်ကြီး ထားရှိသည်။ ညပိုင်းမိုးချုပ်လျှင် စက်သီးကြိုးဖြင့် အမြင့်တွင် ပြန်ထားပြီး သံကြိုးထစ်ကို ချိတ်ထားလိုက်သည်။ ဒါက နေ့စဉ် ညတိုင်းထွန်းညှိခြင်း ဖြစ်သည်။

မေမေကြီးက အသုံးလိုသော အိမ်ထောင်ပစ္စည်းအမျိုးမျိုးကို ဝယ်ယူစုဆောင်းသည်။ အထိန်အလင်းကြီး ထွန်းညှိရန် လိုအပ်ပါက အောက်လင်းဓာတ်မီးကြီး သုံးလုံးအပြင် အာလာဒင်မီးအိမ် သုံးလုံး ဝယ်ထားသည်။ ရေနံဆီဆိုလည်း ပုံးလိုက်အသင့်ဆောင်ထားသည်။



ဆေးခန်းအတွက်လည်း ဒီဇယ်မီးစက်ကြီးတစ်လုံး ဝယ်ထားပါသေး၏။ ဆေးခန်းတွင် မီးစက်နှင့် ဖွင့်ရန် ဝါယာတွေလည်း အသင့်သွယ်ထားပြီး ဖြစ်သည်။

မေမေကြီးသည် ဒေါက်အောင်မြင့်စောနှင့် စကားပြောအပြီးတွင် ဘာကိစ္စမှန်းမသိ ရှာထဲထွက်သွားရာ အိမ်ကြီးတွင် ဒေါက်တာအောင်မြင့်စောနှင့် နွေးနွေး နှစ်ယောက်တည်း ကျန်ခဲ့သည်။

မေမေကြီးက မြေးမလေး နွေးနှင့် ဒေါက်တာအောင်မြင့်စောတို့နှစ်ယောက်တည်း လွတ်ပေးခြင်းမျိုးတော့ မဟုတ်။ သူ့ဟာသူ ကိစ္စရှိသောကြောင့် ထွက်သွားခြင်းသာ ဖြစ်သည်။

မေမေကြီးက နွေးကို ပြောထားပြီးသား ဖြစ်သည်။ မည်သူ့ကိုမဆို နွေး နှစ်သက်လျှင် လက်ထပ်နိုင်သည် ဟူ၍ပင်။

နွေးနွေးသည် အိမ်ဗဟိုခန်းတွင် မှန်အိမ်ကြီးထွန်းပြီးနောက် ထမင်းပွဲပြင်ရန် မီးဖိုဆောင်ဘက်သို့သွားရန် ခြေလှမ်းပြင်သည်။

"နေပါဦးလား နွေး ... ကိုယ် ရန်ကုန်မပြန်ခင် နွေးနဲ့ စကားတွေ အများကြီး ပြောချင်လို့ပါ။ အခု တစ်ညသာ ပြောခွင့်ရှိတော့တယ် မဟုတ်လား။ မိုးလင်းတာနဲ့ ကိုယ် ရန်ကုန်ကို ပြန်ရတော့မယ်လေ"

နွေးနွေး မငြင်းသာပါပေ။

အိမ်ရှေ့ ခုံတန်းလျားကြီးတွင် နှစ်ယောက်ထိုင်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ပြောမယ့်စကားတွေကတော့ အပ်ကြောင်းထပ်စကားတွေပါပဲ နွေး ... ဒါပေမယ့် အခုလက်ရှိ အခြေအနေတစ်မျိုး ဖြစ်သွားပြီလေ။ ကိုယ့်အနေနဲ့ နွေးကိုတွယ်တာလွန်းလို့ မော်တောမှာပဲ ဆေးခန်းအတူဖွင့်ပြီး ဆက်နေဦးမယ်ဆိုဦးတော့ ဆက်နေလို့ မရတော့ဘူးလေ။ ကိုကောင်းမြတ်က ရာဇသံနဲ့ နယ်နှင်မိန့် ထုတ်သွားပြီမဟုတ်လား။ ကိုနေမင်းကလည်း အမြဲတစေ ကိုယ့်ကိုလုံခြုံရေးအကာအကွယ် မပေးနိုင်ဘူးလို့ ပြောသွားတော့ကိုယ် နက်ဖြန် ရန်ကုန်ပဲ ပြန်ရပြီပေါ့။ ကိုယ့်အနေနဲ့ကတော့ နွေးအပေါ် လိုက်လျောမှုအစွမ်း ကုန်သွားပြီ နွေး၊ ဒီတော့ နွေးက ကိုယ့်ဘက်ကို ပြန်ပြီး လိုက်လျောပါလား။ ရန်ကုန်ကို နွေးပါ လိုက်ခဲ့ပြီး ကိုယ် နဂိုတည်းက ပြောခဲ့တဲ့အတိုင်း ရွှေဘုံသာလမ်းမှာ ဆေးခန်းဖွင့်ပြီး နှစ်ယောက်အတူ လက်တွဲစို့လား။ ကိုယ် နိုင်ငံခြားသွားပြီး ဘွဲ့ယူခွင့်ကျတာနဲ့ နွေးကို လက်ထပ်မယ်။ ဆေးခန်းကို နွေးပဲ ဦးစီးလုပ်ပေါ့၊ အဲဒီ အစီအစဉ်အတိုင်း ကိုယ့်ကို ပြန်လိုက်လျောပါလား နွေး"

နွေးသည် သိသိသာသာကြီးကို သက်ပြင်းချလိုက်ပြီးမှ ပြန်ပြောပါ၏။

"ခက်တယ် ကိုအောင်။ နွေးအနေနဲ့ မေမေကြီးရဲ့ ဆန္ဒကိုတခြားဘာကြီးနဲ့ဖြစ်ဖြစ် မလဲနိုင်ဘူးဆိုတာ ကိုအောင်



သိပြီးသားပါ။ မေမေကြီးနဲ့ ဆေးခန်းကြီးကို ထားခဲ့ပြီး ကိုအောင်နဲ့ ရန်ကုန်ကို နွေး လိုက်ဖို့လို့မှ မဖြစ်တာ"

"ဒါဆိုရင် ကိုယ့်အဖို့ နမလက်လျှော့နေပေတော့ ဖြစ်ပြီပေါ့ နွေး၊ နွေးကို ကိုယ် ကျောင်းသားကတည်းက ချစ်ခဲ့တာပါ"

"ဒီလောက်လည်း စိတ်ဓာတ်မကျပါနဲ့ ကိုအောင်၊ မေမေကြီးက ပြောထားသားပဲ၊ သူ အသက်ရှင်နေသရွေ့တော့ မော်တောဆေးခန်းကြီး ရှိနေရမယ်တဲ့။ သူ သေသွားရင်တော့ သေသောသူဟာ ဘာမှ မရှိ၊ ဘာမှ မသိတော့တာမို့ နွေးရဲ့ သဘောဆန္ဒအတိုင်း လုပ်တော့လို့လေ။ နောက်ပြီး နောက်တစ်ချက် ရှိနေသေးတယ် ကိုအောင်"

"ဘာများလဲ နွေး"

"မနေ့က နေ့ခင်းပိုင်းမှာပဲ ဖိုးဝဲတစ်ယောက် ဆေးခန်းလာ နွေးနဲ့ တွေ့တာ ကိုအောင် မြင်မိမှာပေါ့"

"မြင်သားပဲ"

"အဓိက ဖိုးဝဲ နွေးဆီလာတာကတော့ ဖွားစိန်ကို နွေးပြောပြီးပြီလားဆိုတာ လာမေးတာပါ။ နွေးက ဖွားစိန်နဲ့ မတွေ့သေးဘူးလို့ ပြောလိုက်တယ်။ အဲ ... ဖိုးဝဲက နောက်ဆက်တွဲ သတင်းစကားတစ်ခု သူ ကွမ်းခြံကုန်းက ကြားလာတာကို ပြောပြတယ်"

"ဘာသတင်းလဲ နွေး"

www.burmeseclassic.com



"အခု တောကြီးတန်းထဲမှာ ခိုအောင်းနေတဲ့ သောင်းကျန်း အဖွဲ့ကို စစ်ဘက်နဲ့ ရဲဘက် ပူးပေါင်းပြီး အပြတ်တိုက်ထုတ် ပစ်ဖို့ စီစဉ်နေကြပြီဆိုတဲ့ သတင်းပဲ။ အဲဒီလို အပြတ်တိုက် ရင် ကိုကောင်းမြတ်တို့ တခြားကို ထွက်ပြေးရမှာ သေချာ တယ်။ အခု ပုံစံက ကြောင်မရှိလို့ ကြွက်ထ ပုံစံပဲဟာ၊ အဲဒီတော့ သောင်းကျန်းသူအဖွဲ့ မရှိတော့ဘူး၊ ကိုကောင်းမြတ် တို့ ထွက်ပြေး ထွက်ခွာသွားပြီဆိုတာနဲ့ ကိုအောင့်ဆီ နွေး အကြောင်းကြားလိုက်မယ်။ ကိုအောင် ပြန်လာခဲ့ပေါ့၊ ကိုအောင် ပြန်လာမယ်ဆိုရင် မော်တော တစ်ရွာလုံးက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြမှာပါ"

"နို့ ... နွေးကကော ..."

"အင်းပေါ့လေ ... နွေးကလည်း ရွာသူရွာသားတွေနဲ့အတူ ကိုအောင့်ကို ကြိုမှာပဲ ဆိုပါတော့"

"ကောင်းပြီ နွေး။ နွေးရဲ့ အဲဒီလောက်အဖြေကိုပဲ ကိုယ် ကျေနပ်ပါတယ် ..."

"ကဲ ... ကျေနပ်ပြီဆိုရင် ရင်ထဲက ဆို့နေတဲ့ အလုံးကြီး ချလိုက်ပြီး ထမင်းစားကြစို့"

ထမင်းဝိုင်းမှာ မေမေကြီးမရှိသောကြောင့် နှစ်ယောက် တည်း ဝိုင်းကြရသည်။

"မေမေကြီးကို မစောင့်တော့ဘူးလား နွေး"

"မေမေကြီးကို မစောင့်နဲ့ ကိုအောင်ရေ ... မေမေကြီးက တစ်ရွာလုံး သူ့ စားအိမ်သောက်အိမ်တွေချည်းပဲ။ အဲဒီက



ထွက်သွားရင် ကြုံတဲ့အိမ်မှာ မေမေကြီးက ထမင်းစားမှာ၊ ရွာကလူတွေကလည်း မေမေကြီးဆိုရင် သိပ်ကျွေးချင်တာ။ သူတို့အသားတောင် လှီးကျွေးမယ့်သူချည်းပဲ"

နံနက်မိုးလင်းသည်နှင့် ရန်ကုန်ပြန်ရတော့မည်မို့ နွေး အိပ်မပျော်ချင်သေးလျှင် စကားပြောကြပါစို့ဟု ဆိုသဖြင့် နွေးနွေးမှာ လိုက်လျောပြီး စကားထိုင်ပြောနေရပေသည်။

အချစ်ကိစ္စ လက်ထပ်ရေးကိစ္စတွေမှာ ဒီစကား ဒီစကားပဲ ထပ်တလဲလဲ ဖြစ်နေသောကြောင့် ထိုကိစ္စကို မပြော တော့ဘဲ ယခု မကြာခင် ညဦးပိုင်းက ဖြစ်ခဲ့သော ကိစ္စများကို ပြန်ပြောနေကြသည်။

နွေးနွေးကိုယ်တိုင် ယနေ့ညနေ ညဦးပိုင်းတွင် ဖြစ်ခဲ့သော အဖြစ်အပျက်များတွင် စိတ်ဝင်စားစွာ ပြောမိသည်။

သို့သော် ထိုအကြောင်းအရာမှာလည်း အနံ့ဌာရှိ အကြောင်းတွေမို့ ဆက်မပြောချင်ကြတော့ပေ။

"သြော် ... နွေး ... ဒီမေမေကြီးအိမ်ကို ကိုယ် ရောက်စ ကတည်း မှန်ဗီရိုပေါ်မှာ တင်ထားတဲ့ စောင်းကောက်ကြီး တွေ့တယ်၊ စောင်းကောက်ကြီးပုံသဏ္ဌာန်က ခေတ်ဟောင်း စောင်းကောက်ကြီး ပုံစံပဲ။ လက်ရာကလည်း တော်တော် မြောက်တယ်၊ ရွှေချထားတာကလည်း တကယ့်ရွှေချထား တာမို့ ဝင်းလက်ပြီး မြင်ရတာ ကျက်သရေအပြည့်ပဲ၊ အဲဒီ စောင်းကောက်ကြီးဟာ မေမေကြီး တီးတာလား၊ နွေး တီးတာလား။ ဒါမှမဟုတ် အလှထားတာလား နွေး"

www.burmeseclassic.com

www.burmeseclassic.com



“မေမေကြီးရဲ့အိမ်မှာ မြို့ကအိမ်တွေလို တကယ်အသုံးမဝင်
ဘဲ အလှထားတဲ့ ပန်းအိုး ဘာတစ်ခုမှမရှိဘူး ကိုအောင်
အဲဒီ စောင်းကောက်ကြီးက မေမေကြီးတို့ခေတ်၊ မေမေ
ကြီး အပျိုကတည်းက တီးခဲ့တာ”

“မေမေကြီးက စောင်း(တီး)တတ်တယ်ပေါ့နော်”

“အပျိုတုန်းကတည်းက စောင်းတီးဆရာကြီး ဦးဘသိန်း
စနစ်တကျ မေမေကြီး သင်ခဲ့တာပဲ ကိုအောင်။ မေမေကြီး
က အခုတော့ အသက်အရွယ်ရပြီး မတီးတော့ပါဘူး
နွေးပဲ စိတ်ဆာတဲ့အခါ ယူပြီး တီးတာ”

“သြ ... ဒါဆို နွေးလည်း စောင်းတီးတတ်တာပေါ့
စောင်းပညာဟာ တူရိယာထဲမှာ တော်တော်ခက်ခဲတယ်
ကိုယ့်မာမီ ပြောသံကြားဖူးတယ်၊ ဒီလို ခက်ခဲ လွန်းလို့လည်း
သူ့ခေတ်ဟာ အလိုလို ကုန်သလို ဖြစ်သွားတာတဲ့။ ဒီ
ခက်ခဲတာကိုတောင် နွေးက တီးတတ်တယ်နော်။
တက္ကသိုလ် ခုနစ်နှစ်လုံးလုံးမှာ နွေးဟာ ကိုယ့်ကို စော
တီးတတ်တယ်လို့ မပြောဖူးဘူး၊ နှစ်ပတ်လည်ပွဲမျိုး
မှာလည်း တခြားအမျိုးသမီးတွေ စန္ဒရားတို့၊ ဂစ်တာ
တီးပြီး ပညာပြ ပေါ်ပြူလာဖြစ်ပေမယ့် နွေးက လုံးဝ
ကို စောင်းတီးတတ်တာကို လျှိုထားတယ်”

“နွေး ... ဆယ်နှစ်သမီးအရွယ်ကတည်းက မေမေကြီး
စောင်းတီးပညာ သင်ပေးတာပါ။ နှစ်စဉ် ကျောင်းရက်
ပိတ်တဲ့အခါ မော်တောကို ပြန်ရင်လည်း မေမေကြီး



လက်ကျမသွားအောင် အမြဲ တီးခိုင်းပါတယ်။ ကျောင်းရဲ့
နှစ်ပတ်လည်ပွဲတွေမှာ ဝင်ပြီး မပါဝင်တာကတော့ ကျောင်း
မပြီးသေးဘဲ ဒါတွေဟာ မလိုအပ်ဘူးလို့ ယူဆပြီး နေလိုက်
တာကြောင့်ပါ။ နွေး ... မေမေကြီး စနစ်တကျ သင်ပေးထား
လို့ စောင်းကို ကောင်းကောင်းတီးတတ်ပါတယ် ကိုအောင်”

ဒေါက်တာအောင်မြင့်စောသည် ဘာမပြောညာမပြော
ထ,သွားပြီး ဗီရိုကြီးပေါ်က စောင်းကို ပွေ့ပိုက်ယူလာသည်။

“ကိုယ့်ကို တီးပြပါလား နွေး၊ ကိုယ်လေ တူရိယာထဲမှာ
စောင်းရယ်၊ တယောရယ်၊ မယ်ဒလင်ရယ်၊ ဂီတာရယ်၊
သိပ်ကို နှစ်သက်ပါတယ်။ ဂီတာဆိုတာ အခု လျှပ်စစ်ကြိုး
နဲ့ သွယ်ပြီး ခေတ်လူတွေတီးနေတဲ့ ဂစ်တာကို ပြောတာ
မဟုတ်ဘူး နွေး၊ ပေါင်နှစ်ဖက်ပေါ် ပက်လက်တင်ပြီး
ဘယ်လက်က သံဘီဇုံ ကြိုးတွေကို ဖိပြီး ညာလက်မနဲ့
လက်ညှိုးနဲ့ တီးတဲ့ဂီတာကို ပြောတာ။ ကိုယ့်ဒက်ဒီက
အဲဒီ ဂီတာနဲ့မယ်ဒလင် ကောင်းကောင်း တီးတတ်တယ်၊
အားလပ်ရက်မှာဆိုရင် ဒက်ဒီက ဂီတာတီးပြီး မာမီက
မြန်မာသံစဉ် ခေတ်ဟောင်းသီချင်းတွေ ဆိုတယ်။ အဲဒီ
အခါ ကိုယ့်ရင်ထဲသိပ်ကို ပီတိဖြစ်တယ်။ ကိုယ်လေ အခု
ခေတ် လျှပ်စစ်အားနဲ့ မြိုင်ပြီးအသံထွက်တဲ့ ခေတ်တီး
ဝိုင်းတွေထက် ဒက်ဒီက တီးပြီး မာမီကဆိုတဲ့ ရှေးမြန်မာ
သံစဉ်ဝိုင်းကို ပိုပြီး နှစ်သက်တယ် နွေး။ ကဲ ... ကိုယ့်ကို
နွေး စောင်းတီးပြပါ ... ဆိုပြပေးပါ”

www.burmeseclassic.com

www.burmeseclassic.com



နွေးနွေးသည် အပိုတွေဟန်ပန်တွေ ပရိယာယ်
မရှိတတ်။ သိပ်တီးတတ်တာ မဟုတ်ပါဘူး၊ နည်းနည်းပါးပါး
မကောင်းရင်မကဲ့ရဲ့နဲ့နော် စသည့် မူလကျီမျိုးတွေ မရှိတတ်။

နွေးနွေးက ကိုယ့်နရီရောက်ပြီဆိုလျှင် ပေါက်ကျိုင်း
ထွက်ဟော့ဆိုပါက ပေါက်ကျိုင်းပီပြင်ရမည်။ နဂါးထွက်ဟော့
လျှင် နဂါးပီပြင်ရမည်။ ကိုယ့်နရီမတိုင်သေးဘဲ ဓာတ်ဆရာ
မန္တီးလေနဲ့ အိပ်ရေးပျက်တယ်ဟု ပြန်ပြောမည်သာ။

ဆေးကျောင်းပွဲတော်တွေတွင် နွေး မတီးမဆို
ဝှက်ထားသည်က ပညာသင်ချိန်ခါတွင် မစွက်ဖက်နဲ့ဟူ၍
ဆုံးမကြောင့်ရော၊ မေမေကြီး မှာကြားထားချက်ကြောင့်ရော
ဝင် မဆင်နွှဲဘဲ လျှို့ဝှက်ထားခဲ့ခြင်း ဖြစ်ပါ၏။

ယခုတော့ ကိုယ့်နရီ ရောက်ပြီမို့ မူလကျီ လုပ်နေ
မလိုတော့ပြီ။

ကိုအောင် လှမ်းပေးသော စောင်းကို ယူလိုက်သည်
ပေါင်ပေါ်တင် ရင်ခွင်တွင် စောင်းကို ဌာန်ကရိုဏ်းကျကျ
တွယ်ပြီး စောင်းကြိုးများ၏ အသံကို စမ်းလိုက်သည်။

မေမေကြီးသည် အမြဲတစေ စောင်းကြိုးများ
ညှိထားသည်။ အသစ်ကြိုးလည်း လဲတန်လဲထားသည်။

ရန်ကုန်တွင် မိမိ ပညာသင်ကြားနေစဉ်တစ်လျှော
တွင် မေမေကြီးသည် မြေးမလေး နွေးနွေးကို သတိရသည့်အ
စောင်းကို ယူတီးတတ်သည်ဟု အိမ်နီးချင်းနေ ဦးလေးရွှေ
ပြောဖူးသည်။



"ကဲ ... ပြော ... ကိုအောင် ဘာသီချင်း နားထောင်မလဲ။ နွေး ဘာသီချင်း တီးပြရမလဲ"

"နှင်းပျောက်တဲ့နွေ"

နွေးနွေးသည် မျက်လုံးလေးမှိတ်ပြီး နှင်းပျောက်တဲ့နွေ ... နှင်းပျောက်တဲ့နွေဟု နှုတ်မှ ရွတ်ရင်း သီချင်းစာသားတို့ကို စဉ်းစားသည်။ စောင်းအတီးတွင် လက်မပျက်သေးစေကာမူ သီချင်းသွားနှင့် သီချင်းစာသားတွေကို မေ့တန်သရွေ့ မေ့နေပြီမို့ ပြန်စဉ်းစားကြည့်ရခြင်း ဖြစ်ပါ၏။

"အင်း ... နှင်းပျောက်တဲ့နွေ သီချင်းကို မြန်မာဆန်တဲ့ တေးလောကမှာလူတော်တော်များများ နှစ်သက်ကြတယ်၊ ခံစားကြတယ်၊ အဲဒီသီချင်းကို နွေးလည်း နှစ်သက်ပြီး တီးဖူးဆိုဖူးခဲ့တယ်၊ အခုတော့ မတီးမဆိုတာ ကြာပြီဆိုတော့ သီချင်းအသွားရော၊ စာသားရော မေ့တော့ ဖြစ်နေတယ် ကိုအောင်၊ ကိုအောင် ရှေ့က ကြောင်းပြီး ဆိုပေးသွားလေ၊ ဒါဆို နွေးက တေးသားကို တီးပြီးစမ်းမယ်"

"အား ... ဒါကျတော့ ဆောရီးမှာ ပြသွားတယ် နွေး။ ကိုယ့် ပါရမီကိုက ဒီဘက်မှာ မပါဘူးလေ။ သူခုမနဲ့ ပတ်သက်လာရင် သူများဆိုတာ တီးတာကို ကိုယ် အင်မတန် စိတ်ဝင်တစားနဲ့ နားထောင်ပေးမယ့် ကိုယ်တိုင်ဆိုကြည့်ရင်တော့ကျိုးကန်းကြီး အာတာကမှ နားထောင်ကောင်းဦးမယ်၊ ကိုယ် လုံးဝမဆိုတတ်ဘူး၊ အသံမထားတတ်ဘူး၊ အတီး

www.burmeseclassic.com

www.burmeseclassic.com



ဆိုလည်း ဝါးလက်ခုပ်ကိုတောင် စည်းချက်မှန်အောင် မတီးတတ်ဘူး။ ဒီဘက်မှာတော့ ကိုယ် သိပ်ဖျင်းတယ်"

"ကဲ ... ဒါဆိုလည်း သီချင်းသားကို ကိုအောင်က စာသားကြီးပဲ ရွတ်ပြ၊ နွေး ဖော်လိုလိုက်ရင်း သီချင်းသား တွေ ပြန်မှတ်မိအောင်လေ"

အောင်မြင့်စောက နှင်းပျောက်တဲ့နွေသီချင်းအစကို ရွတ်ပြသည်။ သီဆိုပြခြင်း မဟုတ်။ ဂါထာရွတ်သလို ရွတ်ပြခြင်းသာ ဖြစ်ပါ၏။

*"နှင်းငွေရောင်ဖြူလွ၊ တူစွသဏ္ဌာန်ပေ။*
*ငွေရည်ပုလဲတို့ စုကာဖျန်းတော့၊*
*လန်းဆန်းစိုပြည်၊ နှင်းတွေဝေကျ၊"*

"အိုကေ ... ရပြီ ... ရပြီ ကိုအောင်၊ နွေး ပြန်မှတ်မိသွားပြီ၊ ကဲ ... ကိုအောင် နားထောင်၊ နွေး ဆိုလည်း ဆိုမယ်၊ တီးလည်း တီးမယ်"

နွေးနွေးသည် စောင်းကြိုးများကို ခတ်ခါ ပထမ စမ်းပျိုးလိုက်သည်။ ပြီးမှ သီချင်းကို ဆိုလည်းဆိုသည်၊ တီးလည်း တီးပေတော့သည်။

*"နှင်း ... ငွေရောင်ဖြူလွ၊ တူစွသဏ္ဌာန်ပေ၊*
*ငွေရည်ပုလဲတို့စုကာဖျန်းတော့ လန်းဆန်းစိုပြည်။*
*နှင်းတွေဝေကျ၊ ဆောင်းပေါ်မန္တ၊*
*ပြောင်း ... နှောင်းပြန်တော့လေ ...*
*ဟောင်းရွက်ကြွေ ... ၊ မြေမှာခ၊*



*ကြွေကျတဲ့ အခါသမယမှာပဲလေ ...*
*ဩော် ... နွေဦးရောက်ပြီ ... နှင်းလည်းပျောက်ပြီလေ ..."*

နွေးနွေး၏ အသံမှာ လွင်သည်။ ကြည်သည်။ ပြေပြင်သည်။ စူးရှပြီး လွင်သောအသံမျိုး မဟုတ်၊ အုပ်အုပ်သြသြ လေးဖြင့် လွင်ပြီး အေးသောအသံမျိုး ဖြစ်ပါ၏။ ခံစားတတ်သူ ဆိုလျှင် ခြင်ကိုက်သည်ကိုပင် မပုတ်မိဘဲ နားစွင့်ထောင်ရလောက် ပါ၏။

နွေးနွေး၏ စောင်းတီးခတ်ပုံမှာ အဆင့်မြင့်သည်။ သံစဉ်အလိုက် အထားအသို၊ အသွင်းအထုတ်၊ အဖြည့်အစွက်တို့ တွင် ကျွမ်းကျင်သည်။ မပျာမယာပဲ တည်ငြိမ်စွာ တီးနိုင်စွမ်း ရှိ ပါ၏။

*"နှင်းမှုန်ရည် ပုလဲငွေဥသဏ္ဌာန်တွေ၊*
*မယ်ရင်ထဲ စွဲလမ်းမျှော်မှန်း၊*
*ရမ်းရော်နေဆဲမှာဘဲ ...*
*ရာသီချိန်နှောင်း ... ညှောင်းခဲ့ပေါ့လေ ...*
*လေရူးဆော်က မှနှာင့်ချေတော့၊*
*ပျောက်လေပေါ့ ... နှင်းရေ ... နှင်းရေ ..."*

ဒီအပိုဒ်အထိတော့ နွေးနွေးသည် ဖြောင့်ဖြောင့်ဖြူး ဖြူး ရှိသေးသည်။ နောက်တစ်ပိုဒ်အကူးတွင် နွေးနွေး ယောင်ချာ ချာ ဖြစ်တော့သည်။ နောက်အပိုဒ်ကို နွေးနွေး မေ့နေပြန်သည်။ အဆိုချာချာလည်သောအခါ အတီးပါ ယောင်ချာချာ ဖြစ်နေရပါ ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် ငြိမ့်ညောင်းသာယာသော တယောသံတစ်ခုသည် စီစီပီပီ ပေါ်ထွက်လာသံကို နွေးနွေးရော အောင်မြင့်စောရော ထင်ထင်မြင်မြင် ကြားလိုက်ရသည်။

ဦးလေးဦးရွှေနိုင် အိမ်ဘက်မှ ထွက်ပေါ်လာသော တယောသံ ဖြစ်ပါ၏။

ယင်းတယောသံကပင် နွေးနွေး ချာချာလည် ယောင်ချာချာ ဖြစ်သွားသော အပိုဒ်ကို တယောဖြင့် ဆက်တီးပြသံရော၊ သီဆိုပြသံရော ကြားရသဖြင့် မေ့နေသော အပိုဒ်ကို နွေးနွေး သတိပြန်ရပေသည်။ သို့သော် နွေးနွေးက စောင်းကို ဆက်မတီးတော့ဘဲ တယောသံနှင့် သီဆိုသံကိုသာ စိတ်ဝင်စားစွာ နားထောင်နေမိတော့သည်။

*"နှစ်ကိုယ်တူ ... ကြည်ဖြူမယ်လေ။*
*ရည်ရွယ်စိတ်ထဲ ကြိတ်ခဲလို့ပဲနေ။*
*ဘယ်ဝယ် ... ဘယ်လမ်းကိုဖြင့် မြန်းမလေ*
*လွမ်းမပြေ တမ်းတမျှော်ရင်း*
*နှင်း ... နှင်းပျောက်တဲ့နွေ"*

အောင်မြင့်စောရော နွေးနွေးရော ဦးလေးရွှေနိုင် အိမ်သို့ လှမ်းမျှော်ကြည့်ကြသည်။

ဦးလေးရွှေနိုင်၏ အိမ်မှာ လမ်းခြား မျက်နှာချင်းဆိုင် စားလွယ်ခုတ်တွင် ရှိနေသဖြင့် နေ့လယ် နံနက် အလင်းရောင်ရှိချိန်၌ ကြည့်လိုက်ပါက ဦးလေးရွှေနိုင်၏ အိမ်ကို အတိုင်းသားလှမ်းမြင်ရသည်။



သို့သော် ဦးလေးရွှေနိုင်၏ ပိတောက်ပင်ကြီး အရိပ်…ာ အိမ်ရှေ့ကွပ်ပျစ်ပေါ်တွင် အရိပ်လွှမ်းနေသောကြောင့် ယခုလို ညမှာမူ ပီပီပြင်ပြင်ကြီး မမြင်ရပေ။

ယခု သီဆိုသွားသော အသံမှာ အမျိုးသားတစ်ဦး၏ အသံဖြစ်သည်။ သီချင်းကို တမင် ညှိဆိုသော လုပ်ဆိုသော ဆိုခြင်းမျိုး မဟုတ်ဘဲ ပင်ကိုယ်အသံဖြင့် သက်သောင့်သက်သာ ဆိုသွားခြင်းမျိုး ဖြစ်သည်။

ဂီတသမားချင်းမို့ ထိုတယောထိုးသူ၏ လက်ကွက် သက်ပေါက်မှာ အဆင့်မြင့်ကြောင်း နွေးနွေး အကဲခတ်မိသည်။ အဆိုပိုင်သလောက် အတီးတွင် လက်ပေါက်စိပ် တီးဆိုသွားသည်ကို နွေးနွေး သတိထားမိသည်။

ဦးလေးရွှေနိုင်တွင် ရှေးဟောင်းဟွန်းတယောကြီး တစ်လက်ရှိမှန်း နွေးနွေး သိသည်။ ဦးလေးရွှေနိုင်က ဝါသနာပါသဖြင့် တစ်ခါတစ်ရံ တယောထိုးသည်။ သီချင်းလည်း ဆိုသည်။

သို့သော် ...

ဦးလေးရွှေနိုင် တယောထိုးတတ်ခြင်းမှာ မည်ကာမျှ အခြေခံသာရှိသည်။ သိပ်အဆင့်နိမ့်သည့် သီချင်းသုံးလေးပုဒ်လောက်ကို အလွတ်ဆို သင်ထားပြီး ထိုသီချင်းသုံးလေးပုဒ်ကိုပင် အပ်ခါတလဲလဲ ထိုးခြင်းဖြစ်သည်။ တခြား ကိုယ့်ဟာကိုယ် အကွက်ရှာ အသံရှာ ထိုးတတ်ခြင်းမရှိ။

ပြီး ... ဦးလေးရွှေနိုင်သည် သီချင်းဆို၍ တီးပါ၏။ သီချင်းဆိုသံ တခြား၊ ထိုးသောတယောသံ တခြားဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လုံးဝ နားထောင်မကောင်း၊ ဝါသနာပါ၍ ဆိုသည် တီးသည် သဘောမျှသာ။

"အဲဒီ တယောထိုးတဲ့ သူဟာ ဦးလေးရွှေနိုင်လား နွေး"

"ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူး ကိုအောင်"

"ဒါဆို ဘယ်သူဖြစ်မလဲ ... ဒီလေယူလေသိမ်း အသံမျိုး ကိုယ် ကြားဖူးသလိုလိုပဲ"

"နွေးလည်း အဲဒါကိုပဲ စဉ်းစားနေတာပဲ ကိုအောင်၊ ဘယ်သူများလဲ မသိဘူးနော်"

"နွေးက ဒီရွာဇာတိပဲ၊ ဒီအသံဟာ ဒီရွာသား ဘယ်သူဆိုတာ သိနိုင်သားပဲ"

"ဟင့်အင်း ... ယေဘူယျအားဖြင့် လူတစ်ယောက်ရဲ့ စကားပြောသံနဲ့ သီချင်းဆိုသံဟာ ကွဲလွဲနေတတ်တယ်၊ တယ်လီဖုန်း နားထောင်တဲ့သဘောမျိုး ဆိုပါတော့၊ တစ်ဖက်ကပြောသူရဲ့ လေယူလေသိမ်းနဲ့ ပြောဟန်ဆိုဟန်ကို သိပ်ရင်းနှီးပြီးသား လူဆိုမှ တစ်ဖက်က ပြောသူ ဘယ်သူဆိုတာ သိနိုင်တာ၊ မရင်းနှီးဘူးဆိုရင် တစ်ဖက်က ပြောနေတာ ဘယ်သူဆိုတာ ဘယ်သိမလဲ ... ဟော ... ဟော ဆက်နားထောင်ကြည့် ကိုအောင်"

*"ချစ်တဲ့သူနှင်းရေ ... ရင်ထဲမိချိအောင်လေ၊*
*စွဲရစ်နှောင်ဖွဲ့ပါလို့ မြှော်လေတဲ့လွမ်းဘွဲ့ကိုစေ၊*
*ရည်တူမျှတ၊ ... ခြေဘိ ... ကြည်ဖြူရမှ*
*နှင်းက ပေါ်မလာတော့ပေ။*



*တကယ်တမ်း ဆန်းစစ်တော့ မြူနှင်းလေလား၊*
*ဆောင်းနှင်းလေလား၊ စိတ်မှာတွေပြား*
*မခွဲခြားနိုင်ခဲ့၊ ကြင်ဖော်မဲ့ ကင်းတယ်လေ*
*နှင်း ... နှင်း ပျောက်တဲ့ နွေဦးရောက်ပြီလေ ..."*

တေးသံအဆုံး တယောသံ လက်သံအချနှင့် တယော ထိုးခြင်း ပြီးမြောက်သွားပါ၏။

အောင့်မြင့်စောရော နွေးနွေးရော ခုံတန်းလျားမှ ထကာ ရှေ့သို့ ခြေလှမ်းပြီး ဦးလေးရွှေနိုင်၏ ပိတောက်ပင်ကြီး အောက် ကွပ်ပျစ်ဆီသို့ မြင်နိုင်သမျှ လှမ်းကြည့်ကြသည်။

မသဲမကွဲ ဝိုးတဝါးသာ မြင်ရပါ၏။

ပထမ ဟွန်းတယောကြီးမှာ သော်ငွေရောင်မို့ ကြယ် ရောင်တွင် လက်ခနဲ မြင်လိုက်ရသည်။ တယောထိုးသူက ပခုံး တင်ထိုးရာမှ ပြီးသဖြင့် အောက်အချတွင် လက်ခနဲ တွေ့ရခြင်း ဖြစ်ပေသည်။

တယောထိုးသူသည် ကွပ်ပျစ်ပေါ်မှ ဆင်းကာ မတ်တတ်ရပ်သည်။ လူလုံးမကွဲသော်လည်း ကောင်းကင်ရောင်၊ ကြယ်ရောင်ဖြင့် ပုံရိပ်သဏ္ဌာန်ကိုတော့ ရေးရေးမြင်နိုင်ပေသည်။

အရပ်မြင့်မား ထောင်မောင်း သူတစ်ဦးဖြစ်ပါလေ၏။ ဦးလေးရွှေနိုင်က ပုပုဝဝ ဗိုက်ရွှဲပုံစံ ရှိသည်။

ထောင်မောင်းအရပ်ရှည်သော သူသည် အရိပ်ကျ အမှောင်ထဲတွင် ရောက်နေပြီး ပိတောက်ပင်စည်ကွယ်နေသော မြင်းကြီးတစ်ကောင် ယခုမှ ဆွဲယူပြီး လမ်းဘက်သို့ ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖိပိပြင်ပြင်ကြီး မဟုတ်သော်လည်း လူလုံးကွဲအောင် မြင်ရပါလေပြီ။

"ဟင် ... ကိုနေမင်းပါလား ကိုအောင်"

"ဟုတ်တယ် ... ကိုနေမင်းပဲ။ ဒါကြောင့် လေယူလေသိမ်း ဟန်ပန်ကို ကိုယ် သိသလိုလို ရှိတာ၊ လက်စသတ်တော့ ကိုနေမင်း ဖြစ်နေတာကိုး ... ဒါပေမယ့် ကိုယ် ဆက်စပ်လို့မရတာတော့ ရှိတယ်"

"ဘာများလဲ ကိုအောင်"

"ဩော် ... သေနတ်ကိုင်ပြီး တဒိုင်းဒိုင်း ပစ်နေတဲ့သူ့လို လူမှာ ဒီလောက် ငြိမ့်ညောင်းတဲ့ တယောသံမျိုး ဖြစ်အောင် ဆိုနိုင်သတဲ့လား၊ ရက်ရက်စက်စက် ဆန့်ကျင်တဲ့ သူလို လူဟာ တစ်ဖက်သား ခံစားနိုင်လောက်တဲ့ သီဆိုသံပြုနိုင်သလား ဆိုတာပဲ နွေး"

"ဩော် ... ဒါတော့ ကိုအောင်ရယ် ... ဥသြငှက်ဟာ တစ်ကောင်လုံး မည်းနက်ပြီး ကျီးကန်းရဲ့ အရောင်အသွေးရှိတဲ့ ငှက်ဖြစ်ပေမယ့် သူ့အသံကျတော့ ဥသြ ... ဥသြနဲ့ ကြားရသူမှာ နားဝင်ချိုပြီး ငြိမ့်ညောင်းစေတယ် မဟုတ်လား"

အောင်မြင့်စော ခေါင်းညိတ်သဘောတူပါ၏။

စောင်းကြီးကို ယူပြီး ဗီရိုပေါ်သို့လည်း ပြန်၍ အောင်မြင့်စော တင်ပေးလိုက်ပါ၏။

## ၈

ဒီရွာအားလုံးတွင် စနေ တနင်္ဂနွေ မရှိ။

အဖိတ်၊ ဥပုသ်သာရှိသည်။ အဓိက ဥပုသ်နေ့တွင် သက်ကြီးရွယ်အိုများ ဥပုသ်စောင့်ကြသည်။

မေမေကြီးလည်း ယနေ့ ဥပုသ်စောင့်ရန် ဘုရားကြီးကျောင်းသို့ မိုးလင်းသည်နှင့် ထွက်သွားသည်။

မော်တောရွာတွင် ဘုန်းတော်ကြီးကျောင်းနှစ်ကျောင်း ရှိသည်။

အရှေ့ကျောင်းနှင့် ဘုရားကြီးကျောင်းတို့ ဖြစ်ပါ၏။

မော်တောရွာ၏ အရှေ့ပိုင်းနှင့် မြောက်ပိုင်းနေ ရွာသူရွာသားများက အရှေ့ကျောင်းအား ကိုးကွယ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာအလယ်ပိုင်းနှင့် အနောက်ပိုင်း ရွာသူရွာသားများက အနောက်ကျောင်းကို ကိုးကွယ်ကြသည်။

မေမေကြီးကတော့ နှစ်ကျောင်းစလုံး၏ ပစ္စည်းလေးပါး ဒါယကာမကြီးဖြစ်သည်။ မည်သည့်ကျောင်း၌မဆို လိုအပ်ချက်များကို လှူဒါန်းသည်။ ဥပုသ်နေ့တိုင်း ဥပုသ်စောင့်ရာတွင် တစ်လှည့်စီ စောင့်သည်။ ယခင် ဥပုသ်က အရှေ့ကျောင်းတွင် စောင့်သောကြောင့် ယခု ဥပုသ်တွင် ဘုရားကြီးကျောင်းတွင် စောင့်ခြင်း ဖြစ်ပါ၏။

အဖိတ်ဥပုသ်ဖြစ်စေ၊ စနေတနင်္ဂနွေဖြစ်စေ၊ နွေးနွေးသည် ဆေးခန်းတစ်ရက်ပိတ်လျှင် နောက်နေ့တွင် လူနာတွေ ပြုံကျလာသည်။ အကူအညီ ကိုအောင်မရှိတော့သည်မို့ နွေးနွေးက ပိတ်ရက်မထားတော့ပေ။ မေမေကြီး အဆက်အသွယ်နှင့် စီစဉ်မှုကြောင့် သူနာပြုဆရာမတစ်ယောက်တော့ ရပေမည်။ နောက်အပတ်ထဲတွင် ရောက်မည်ဟု ပြောသည်။

အရှေ့ကျောင်းမှာ ရွာနှင့် တစ်ဆက်တည်း အရှေ့ပိုင်းရွာအစွန်တွင် တည်ရှိသော်လည်း ဘုရားကြီးကျောင်းသည် ရွာ၏ အပြင်ဘက် ပုပ္ပါးရွာသို့ သွားသောလမ်းတစ်ဝက်တွင် တည်ရှိသည်။

ဘုရားကြီးကျောင်းနှင့် မနီးမဝေးတွင် ဉာဏ်တော်ရော၊ လုံးပတ်တော်ရော၊ အတော်အတန်မြင့်သည့် အုတ်ထုံးသုတ် စေတီကြီးတစ်ဆူ တည်ထားပြီးသားရှိသည်။



ဘုရားကြီးကျောင်း၏ ဘေးတစ်ဝိုက်တွင် တောအုပ်တစ်အုပ်ရှိပြီး ရေကန်ကြီးတစ်ခုလည်း ရှိသည်။ ထိုစေတီတော်ကြီး တည်စဉ်က မြေကြီးတွေတူး အုတ်ဖုတ်သဖြင့် ရေကန်ကြီးအဖြစ် ကျန်ခဲ့ခြင်းဟု ရှေးလူကြီးသူမတွေ ပြောကြသည်။

ရေကန်မှရေသည် နောက်ကျိုသဖြင့် ဘယ်သူမှ ထိုကန်ရေကို မသုံးကြပေ။ ကလေးများ ဆင်းရေကူးခြင်းနှင့် နွားများ ရေချိုးခြင်းသာ ပြုကြသည်။ သို့စေကာမူ ရေကန်ကြီးပတ်လည်တွင် တောအုပ် သစ်ပင်များ ရှိသဖြင့် ငှက်ကျေးသာရကာများနှင့် သာယာပေသည်။

ကျောင်းအပြင်ဘက် စေတီတော်ကြီးနှင့် မလှမ်းမကမ်းတွင် ပျဉ်ထောင်သွပ်မိုး ဇရပ်ကြီးတစ်ဆောင်လည်း ရှိသည်။ ယင်းအပြင်ဇရပ်ကြီး ရှိစေကာမူ ဥပုသ်သည်များသည် ကျောင်းအတွင်း ကျောင်းပေါ်မှာပင် သီတင်းတည်ဆောက်ကြ၏။

ထိုစဉ်က ကျောင်းပိတ်ရက် ရက်ရှည်မိတ်၍ မော်တောသို့ ပြန်လာလျှင် မေမေကြီး ဥပုသ်စောင့်သည်ကို အတူ နွေးနွေး လိုက်ပါခဲ့သည်။ ယခုမူ ဆေးခန်း ဖွင့်ထားသောကြောင့် မလိုက်နိုင်ပေ။

ယနေ့ နေ့ခင်းပိုင်း လူနာပါးချိန်တွင် နွေးနွေးသည် အားလပ်ချိန်လေး ရသည်မို့ ဓာတ်ခဲသုံး ရေဒီယိုလေး ဖွင့်ပြီး နားထောင်သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ရေဒီယိုတေးသီချင်းခန်းတွင် "နှင်းပျောက်တဲ့နွေ" သီချင်း ပါရှိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုသီချင်းကို နားထောင်ရင်း နောက်ဆုံး ကိုအောင်[…] အား စောင်းဖြင့် ထိုသီချင်း တီးပြဆိုပြခဲ့သည်ကို အမှတ်မထင်[…] သတိရလိုက်မိသည်။

ကိုအောင့်ကို အမှတ်မထင် သတိရခြင်းမျိုး သာ[…] သက်သာ ဖြစ်ပါ၏။ လွမ်းဆွတ်ခြင်းမျိုးတော့ မဟုတ်ပါလေ[…]

ကိုအောင့်နှင့်ပတ်သက်ပြီး နွေးနွေးတွင် ရင်ခုန်ခြင်း[…] သတိရခြင်း၊ တမ်းတခြင်းမျိုး မရှိပါလေ။

နွေးနွေးအဖို့ ယောကျ်ားကို အားကိုးအားထား[…] ချင်သောကြောင့် အိမ်ထောင်ပြုရသည်မျိုးကတော့ မလိုအပ်[…] မိမိကိုယ်တိုင် ဆရာဝန် အတတ်ပညာဖြင့်လည်းကောင်း၊ မေ[…] ကြီး ကွယ်လွန်လျှင် ကျန်ခဲ့သော အမွေတွေကို မိမိ မြေးတစ်ယော[…] တည်း ခံစားရမည် ဖြစ်သောကြောင့်လည်းကောင်း လင်အားကိုး[…] အိမ်ထောင်ပြုရန်ကိုတော့ မလိုပေ။

ကိုအောင့် အကြောင်း စဉ်းစားမိရာမှ ထိုည[…] ကိုအောင်ပြောသည့် စကားတစ်ခု ဆက်စပ်ပြီး အမှတ်ရပြန်သည်[…]

"ကိုနေမင်းကို နွေးကပဲ ကျေးဇူးပြုပြီး ပြောပေးပါနော်
အိုက်ပန်နဲ့ ဖြစ်ခဲ့တုန်းက ကိုနေမင်းသာ ဝင်မကယ်[…]
ကိုယ့်အသက်ဟာ မျှော်လင့်ချက် မရှိမှာ သေချာတယ်[…]
ကိုနေမင်းဟာ ကိုအောင့်ရဲ့ အသက်ကယ်တင်ရှင်ပါ[…]
သိပ်ကို ကျေးဇူးတင်တဲ့အကြောင်း နွေးက ကိုယ့်ကိုယ်[…]
ပြောပေးပါ"

ဟူသောစကားကို အမှတ်ရမိခြင်း ဖြစ်သည်။



အတန်ငယ် ကိုအောင်က မှာသွားသော်လည်း ကိုအောင် ပြန်သည့်နေ့မှစ၍ ယခုသီတင်းတစ်ပတ် ရှိလာသည့်တိုင်အောင် ကိုနေမင်းကို နွေးနွေး မတွေ့သောကြောင့် မပြောရသေးပါပေ။

တွံတေးတောတန်းကြီး မော်တောဝန်းကျင် ဘယ်တောကြီးထဲ၌ ကိုနေမင်း နေမှန်း နွေး မသိ။ ကိုနေမင်းက လာတွေ့မှသာ မိမိ အနေနှင့် ကိုနေမင်းကို ပြန်တွေ့နိုင်မည် ဖြစ်ပါ၏။

ဆက်စပ်ပြီး ကိုနေမင်း အကြောင်း တွေးလိုက်မိသည်နှင့် နွေးနွေးခမျာ ဘာကြောင့်မှန်း မသိ ရင်တွေ ခုန်လာပြန်သည်။

ကိုနေမင်းသည် ကိုအောင်၏ အသက်ကယ်တင်ရှင်သာ မဟုတ်သေး၊ မိမိ နွေးနွေး၏ အသက်ကယ်တင်ရှင်လည်း ဖြစ်ပါ၏။

ကိုအောင် မပြန်ခင်ညက မိမိ စောင်းတီးခဲ့ပြီး မိမိမေ့နေသော တီးကွက်နှင့် သီချင်းသားကို ကိုနေမင်းသည် ဟွန်းတယောအိုကြီးတီးပြီး ကြောင်းပြခဲ့သည့် နေ့မှစ၍ ယနေ့ထိ ကိုနေမင်းကို နွေးနွေး မတွေ့ရသေးပါလေ။

ကိုနေမင်းသာ မလာရှိမည်။

ကိုကောင်းမြတ်ကတော့ ကိုအောင် ပြန်သွားသည့်နေ့က တစ်ခေါက်။ နောက်ထပ် ဤသီတင်းပတ်ထဲမှာပင် နှစ်ခေါက် စုစုပေါင်းသုံးခေါက် လာသွားပြီးပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ် မော်တော်ရွာသို့ ကိုကောင်းမြတ် လာခြင်းတွင် တခြားကိစ္စ ဘာမှ မပါဘဲ မိမိထံသို့ လာခြင်းသာ ဖြစ်ကြောင်း နွေး သိပါ၏။

တစ်နည်းဆိုမူ ...

ကိုကောင်းမြတ်သည် မိမိအား ချဉ်းကပ်လာခြင်း ဖြစ်သည်။

မိမိကို ဥစ္စာစစ္စည်း ပြည့်စုံသော အမျိုးသမီးလည်း ဖြစ် ဆရာဝန်ပညာအထိ သင်ကြားခဲ့သူလည်း ဖြစ်သူကို ရွှေငွေ အဝတ်အထည် လက်ဆောင်ပေး၍ ဖြားယောင်းမရနိုင်သည်ကို ကိုကောင်းမြတ် နားလည်သည်။

သို့သော် သူ၏ ချဉ်းကပ်ပုံနည်းဗျူဟာမှာ ထုံးစံအတိုင်း ပေးကမ်းခြင်းသည် အောင်မြင်ရာဆိုသည့် နည်းဗျူဟာသို့ပင် သက်ဝင်ပါ၏။

ပထမတစ်ခေါက်လာစဉ်က တောရွာတွင် အင်မတန် ရှားပါးသော နိုင်ငံခြားချောကလက်ပြားသုံးပြား ယူလာပြီး လက်ဆောင်ပေးသည်။ အညွှန်းမှာ မေမေကြီးစားဖို့နှင့် ဆွမ်းတော်တင်ရန်ဟု ညွှန်းပြီးပေးခြင်းမျိုးပင် ဖြစ်ပေသည်။

နွေးက မယူချင်၊ မယူဖို့ ငြင်းဆန်ရန်လည်း နှုတ်က အသင့်ဖြစ်ပါ၏။

သို့သော် မေမေကြီးက မှာထားသည်။ ကိုနေမင်းကိုဖြစ်စေ၊ ကိုကောင်းမြတ်ကိုဖြစ်စေ၊ ဖလိုက်ဇလျော ဆက်ဆံပါ။ ကိုယ့်ဘက်က တင်းမာလိုက်လို့ သူတို့ဘက်က ပြန်တင်းမာလာ



င် ဆေးခန်းကြီး ထိခိုက်နိုင်သည်။ အေး ... သူတို့ဘက် အဲဒီ အတင်းအကျပ်တွေ လုပ်လာလျှင် မေမေကြီး ကိုယ်တိုင် သူထုနှင့် အတိုက်အခံလုပ်မည်။ ဒါဆို သိပ်ကို တင်းမာသွားသည်ဟု ပြောထားပေသည်။

"နွေးနွေး ချောကလက် မကြိုက်ဘူး ကိုကောင်းမြတ်၊ ရန်ကုန်မှာ ကျောင်းနေကတည်းက ချောကလက် စားလေ့မရှိဘူး"

"နွေးနွေး မကြိုက်လည်း ကြီးတော်ကတော့ ကြိုက်မှာပါ၊ လူကြီးဆိုတော့ အချိုအဆိမ့်လေး စားတတ်တာပဲ။ နောက်ပြီး ဘုရားဆွမ်းတော် တင်ရင်လည်း ရတာပဲဟာ"

နွေးနွေး မေမေကြီးက သတိပေးထားသောကြောင့် မငြင်းတော့ပေ။ လက်ခံလိုက်ပါ၏။

ဒုတိယအခေါက်တွင် တစ်မျိုးပါလာပြန်သည်။

ရှားပါးဈေးကြီးသော သောက်ဆေးကတ်များနှင့် ဆေးတွေ ဝယ်သွားဟု ဘယ်သူက ညွှန်ပေးမှန်းတော့ မသိပါပေ။ (ပ်)သွင်းသော ဂလူးကို့(စ်)ပုလင်း ကတ်ဘူးပင် ပါဝင်ပါ၏။

"အဲဒါ ... နွေးနွေးနဲ့ ကြီးတော် သိပ်သံယောဇဉ်ကြီးမားတဲ့ ဆေးခန်းမှာ သုံးဖို့တွေပါ၊ ကျွန်တော်ကိုယ်တိုင် မြို့တက်ပြီး ဝယ်ရတာ၊ အန္တရာယ်တော့ မသေးလှဘူးပေါ့"

ဆေးခန်းကြီးတွင် ရေနံ့ဆီသုံး ရေခဲသေတ္တာကြီး ကြီးက ဝယ်ထားသည်မို့ ဆေးအပိုးတန်များ ရေခဲသေတ္တာ င် ထည့်ထားလိုက်ရပါ၏။

www.burmeseclassic.com



ဒုတိအကြိမ် ဆေးမျိုးစုံ လက်ဆောင် ကိုကောင်းမြတ်
ပေးသွားပြီး နောက်တစ်နေ့မှာပင် နွေးနွေး ဆေးခန်းတွင်
ဆန်းဆန်းပြားပြား နှစ်ခု ၊ တွေ့ကြုံရပေသည်။

နွေးနွေးသည် သူမ၏ ဆေးခန်းကို နံနက်(၆)နာရီ
တွင် ဖွင့်ပေးသည်။ လက်လုပ်လက်စား ရွာသူရွာသားတွေ
နေထိုင်မကောင်းသည်ကို အစောကြီးလာပြပြီးမှ လုပ်ငန်းခွင်
ဆင်းသည်များ ရှိသောကြောင့်တစ်ကြောင်း၊ အချိန်နာရီ ပိုပြီး
ဖွင့်ပေးခြင်းဖြင့် လူနာများ ပြွတ်သိပ်ပုံကျမလာဘဲ တအိအိ
လာစေခြင်းဖြင့် နိုင်နိုင်နင်းနင်း ရှိစေရန်တစ်ကြောင်း၊ ယင်း
အကြောင်းများကြောင့် ဆေးခန်းကို စောစောဖွင့်ပေးခြင်း ဖြစ်သည်။

ယနေ့ ...

ဆေးခန်းဖွင့်သည်နှင့် လူနာတွေ ထိုင်ရန် ချပေးထား
သော ခုံတွင် အသက်ဆယ့်ကိုးနှစ်ဆယ်ခန့် ဖြူဖြူသွယ်သွယ်
ကြည့်ပျော်ရှုပျော် မိန်းကလေးတစ်ယောက် ထိုင်နေသည်ကို နွေး
သတိထားမိသည်။

ထိုမိန်းကလေးနောက်မှ ရောက်လာသော သူတွေ
သည်သာလျှင် တစ်ယောက်ပြီးတစ်ယောက် ဝင်လာကြသည်။

ထိုမိန်းကလေးသည် ဒေါက်တာနွေးနွေး၏ စမ်းသပ်
ကုသခန်းသို့ ဝင်မလာပေ။ အပြင်ဘက်ခုံတန်းတွင် ထိုင်မြဲထိုင်
နေပါလေသည်။

မိန်းကလေးကို ထူးဆန်းနေပါလားဟု နွေးနွေး
သတိထားမိသည်။ မိန်းကလေးသည် မျက်နှာလေးလည်း ညှိုးနေ



သည်။ မျက်ကွင်းနားထင်လေးတွေ ချိုင့်နေပါ၏။ မိန်းကလေး
ခင်သားအစုံမှာလည်း လိုသည်ထက် ပိုမို မို့မောက်ကြီးနေသည်ကို
လည်း ဒေါက်တာနွေးနွေး သတိထားမိသည်သာ။

လူနာတွေ ရှင်းသွားသည့်တိုင်အောင် ထိုင်နေသေး
သော မိန်းကလေးအား နွေးနွေးကပင် ထွက်၍ မေးမြန်းရတော့
သည်။

"ငါ့ညီမ ရောက်နေတာ ကြာပြီ။ ဘာလို့ဆေးကုသတဲ့
အခန်းထဲ ဝင်မလာတာလဲ။ ကဲ ... ပြော ညီမမှာ ဘယ်
လိုဝေဒနာ ခံစားနေရလဲ ..."

မိန်းကလေးသည် ဘေးဘီကို ကြည့်လိုက်သေး
သည်။ အဘယ်သူမှ မရှိမှန်း သေချာမှ ပြောပြပေတော့သည်။

"ကျွန်မနာမည် အိမွှန်ပါ။ ဝါးသစ်ရွာမှာ နေပါတယ်"

"ဟဲ့ ... ဝါးသစ်ဆိုတော့ မော်တောနဲ့ အလှမ်းသားပဲ။
အိမွှန်က အစောကြီး ရောက်နေသားနဲ့ ဘာလို့ ဝင်မလာ
တာလဲ။ ဝါးသစ်ကလာတာဆိုတော့ မိုးမလင်းခင် ထလာ
ရမှာပေါ့။ အဖော် ပါလာတာလည်း မတွေ့ပါလား"

"ဟုတ်ပါတယ် မမနွေး၊ မနက်အစောကြီး မြို့တက်
ကုန်စိမ်းသမားတွေနဲ့ရောပြီး လိုက်လာတာပါ။ ဒီက ကြီး
တော်ကြီးရဲ့ ခြံအလုပ်သမားတွေပဲ မမနွေး"

"ကဲ ... ဒါဆိုလည်းပြော။ ညီမမှာ ဘာဖြစ်နေလို့လဲ"

"ကျွန်မ သွေးမပေါ်တာ သုံးလရှိလို့ပါ မမနွေး"

"ညီမက အပျိုလား၊ ယောကျ်ားနဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မမှာ ယောကျ်ားမရှိပါဘူး မမနွေး"

"ကဲ ... အိပ်စင်ပေါ်တက်၊ မမနွေး စမ်းသပ်ပေး

နွေးနွေးသည် စမ်းသပ်ပါ၏။

အဲမွန်ဗိုက်ထဲတွင် ကိုယ်ဝန်သုံးလခန့် ရှိနေ သေချာအောင် သွေးထိန်နေခြင်းလားဟု ထပ်ဆင့် စမ်းသပ် ပြန်သည်။ သေချာပါ၏။ အဲမွန်တွင် ကိုယ်ဝန်ရှိနေခြင်း

"ကဲ ... ပြန်ထိုင်တော့"

အဲမွန် ပြန်ထ အောက်ဆင်းပြီး ခုံလေးပေါ် ထိုင်သည်။

"ညီမ,မှာ ချစ်သူရှိပြီး မိဘတွေ မသိအောင် အနေအ လွန်ကဲခဲ့သလား အဲမွန် ... အခု အဲမွန် ဗိုက်ထဲမှာ ဝန်သုံးလရှိနေပြီ။ အဲဒါ အတွက် အဲမွန်က မမနွေး ဘာအကူအညီ တောင်းမလဲ ... ပြော ... အဲမွန်"

"ခုကူပါပဲ မမနွေးရယ်"

အဲမွန် ငိုချလိုက်တော့သည်။

"အဲမွန်ကို ကယ်ပါ မမနွေး၊ အဲဒီကိုယ်ဝန်ကို ဖျက် ပါလားဟင်"

"အယ် ... မဟုတ်တာ"

"အဲမွန်ကို သနားပါ မမနွေးရယ် ... ဒီကိုယ်ဝန်ကို အ ဘယ်လို မွေးမလဲ။ လင်မရှိဘဲ ကလေးမွေးတာမျိုးဆို အဲမွန် ကိုယ့်ဟာကိုယ် သတ်သေလိုက်တာပဲ ကောင်း မမနွေး"



"ဒါကတော့ မည်သူမပြု မိမိမှုပဲ အဲမွန်၊ မမနွေး လုပ်ပေးနိုင်တာကတော့ ကိုယ်ဝန်ဆောင်အမျိုးသမီးတွေကို ကုသပေးတဲ့အတိုင်း လုပ်ပေးနိုင်တယ်၊ သင့်တော်တဲ့ ဆေးတွေ ပေးမယ်၊ လ,နသေးရင် တစ်လတစ်ခါ မမနွေးဆီ လာခဲ့။ ကလေးအနေအထား ကောင်းဖို့အောင်နဲ့ လူကြီးကျန်းမာ အားရှိစေတဲ့ ဆေးတွေ ပေးမယ်။ လ,ရင့်လာရင် တစ်ပတ်တစ်ခါလာ"

"သိပ်ကို ခက်နေပါတယ် မမနွေး"

"ဘာမှ ခက်မနေနဲ့ ... ဒီကိုယ်ဝန်ကို ရစေတဲ့လူကို လက်ထပ်ဖို့ပြော။ မရရင် အရပ်လူကြီးတွေကိုတိုင်။ အရပ်လူကြီးတွေ စီမံပေးလိမ့်မယ်။ မမကြီးက တစ်ဆင့် အဲမွန်တို့ရွာအရပ်လူကြီးတွေကိုလည်း မမကြီးက တိုက်တွန်းပေးလိမ့်မယ်"

"ဘယ်လိုမှ မဖြစ်နိုင်ပါဘူး မမနွေး၊ အဲမွန် သူ့ကို ခြေသလုံးဖက် ရှိခိုးပြီး လက်ထပ်ဖို့ တောင်းပန်ပါတယ်၊ သူက လုံးဝကြီးကို လက်ထပ်ဖို့ ငြင်းပါတယ်၊ သူက အဲမွန်ကို ငွေလိုချင်သလောက်ပြော၊ ကလေးကို ဖျက်ချဖို့ချည်းပဲ ပြောပါတယ်၊ နောက်ပြီး သူနဲ့ အဲမွန် လွန်ကျူးမိတာလည်း အဲမွန်ရဲ့ ဆန္ဒမပါပါဘူး။ အဲမွန် အတန်တန် ငြင်းတဲ့ကြားက သူက ဇွတ်ပြုမူခဲ့တာတွေပါ မမနွေး"

"ကဲ ... ဒါဆို မမကြီးက တစ်ဆင့် အဲဒီလူကို မမနွေး ပြောခိုင်းပေးမယ် ... ပြော ... အဲဒီလူ ဘယ်သူလဲ အဲမွန်"

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်မှာ မဟုတ်ဘူး မမနွေး၊ ရွာက လူကြီးတွေကိုယ်တိုင်က သူ့ကို ကြောက်နေရတာ"

"ဟဲ့ ... သူက ဘယ်သူမို့လဲ"

"တောထဲက ဆရာကိုကောင်းမြတ်ပါ မမနွေး"

"ဗုဒ္ဓေါ ..."

တကယ့်လူနဲ့မှ သွားငြိတာပါလားဟု နွေးနွေးသည် သူမဘာသာ ရင်ထဲက ပြောမိပါလေ၏။

"ဆရာကိုကောင်းမြတ်က အဲမွန်ကို ပြောတယ်၊ သူ ငွေတစ်သောင်းပေးမယ်၊ ဖျက်ချလိုက်တဲ့"

"ငွေတစ်သောင်းမကလို့ ဆယ်သိန်းပေးပေး မမနွေး မလုပ်ဘူး အဲမွန်။ မမနွေးက လူ့အသက်တွေကိုသာ ရှင်အောင် လုပ်ပေးတာ။ သူတစ်ပါးအသက်သေအောင် ဘယ်တော့မှ မလုပ်ဘူး"

အဲမွန်သည် မျက်နှာလက်ဝါးအုပ် ငိုယိုပြီး ဆေးခန်းထဲမှ ပြေးထွက်သွားပေတော့သည်။

ဖြစ်ချင်တော့ တိုက်ဆိုင်ချင်တော့ ...

မနက်ဆေးခန်း လူနာပါးပြီး မွန်းမတည့်မီ နွေးနွေး ဆေးခန်းပိတ်ခါ ထုံးစံအတိုင်း ရေမိုးချိုး အဝတ်အစားလဲပြီး နံနက်စာထမင်းစားရန် အိမ်သို့ ပြန်လာခဲ့ပေသည်။

နွေးနွေး ထမင်းစားသောက်ပြီး ခေတ္တအနားယူနေစဉ်မှာပင် ကိုကောင်းမြတ်သည် မြင်းစီးပြီး ရောက်လာပါလေ၏။



ကိုကောင်းမြတ်၏ လက်ထဲတွင် ဂျပန်ပြည်လုပ် အကောင်းစားနာရီလေးတစ်လုံး ပါလာပြီး နွေးနွေးရှေ့တွင် ချပြလိုက်သည်။

"နွေးနွေး ဆေးခန်းအတွက် ဓာတ်ခဲနာရီလေးတစ်လုံး ရလာခဲ့တယ် နွေး၊ ဓာတ်ခဲတစ်ခါထည့်ရင် တစ်ဆယ့်ရှစ်လ ခံတယ်တဲ့၊ နာရီထိုးတိုင်း တစ်နာရီတစ်ခါ သံစုံမြည်ပြီး ရောက်နေတဲ့နာရီကို အသံခေါက်ပြတယ်"

"ကျေးဇူးတင်ပါတယ် ကိုကောင်းမြတ်။ ဆေးခန်းအတွက် ဒီနာရီကို နွေးနွေး ယူပါ့မယ်၊ တန်ဖိုး ဘယ်လောက်ကျသလဲ ပြောပါ ကိုကောင်းမြတ်"

"တန်ဖိုးစကား မပြောပါနဲ့ နွေး၊ ဒီက စေတနာမေတ္တာနဲ့ ပေးတာပါ။ အဲ ... ဒီတစ်ခေါက်မှာတော့ နွေးကို ကျွန်တော် ပြောချင်တာလေးရှိတာ ပြောဖြစ်အောင် ပြောတော့မယ်လို့လည်း ဆုံးဖြတ်လာပါတယ်"

ဘာဆုံးဖြတ်လာတာလဲဟု နွေးနွေးက မမေးပေ။ မေးလိုက်လျှင် ရေလာမြောင်းပေးသဘော သက်ရောက်မည် စိုးသောကြောင့် ဖြစ်ပါ၏။

"တိုတိုနဲ့လိုရင်းပဲ ကျွန်တော်ပြောပါ့မယ်၊ ကျွန်တော် နွေးနွေးကို လက်ထပ်ပါရစေ၊ ကျွန်တော့်မှာ စုဆောင်းပြီးသားငွေ သိန်းနှစ်ဆယ်လောက် ရှိပါတယ်၊ နွေးကသာ လက်ထပ်မယ်ဆိုရင် ကျွန်တော် အစိုးရမှာ လက်နက်ချ အလင်းဝင်ပြီး ဒီမြော်ဘောရွာထဲမှာပဲ နွေးနဲ့အတူ ပေါင်းရောင်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်းဝယ် လုပ်စားကိုင်စားတော့မယ်၊ အဲဒါ ... ဘယ်
လဲ နွေး"

နွေးက ပထမ မရယ်လိုပါလျက် ရယ်သံပြုလို
ပါ၏။

နံနက်ကပင် ဆေးခန်း၌ ဝါးသင်္ချာမှ ဦးဖိုးသင်
ဒေါ်ငွေဖော့၏ သမီးလေးအမွှန် လာပြီး ပြောသွားသောကြော
အလွန်နှလုံးနာ စက်ဆုတ်ဖွယ်ကောင်းသော ကိုကောင်းမြတ်
အကြောင်းကို သိထားပြီးသား ဖြစ်နေသည်။

ယခု မိမိကို လာပြီး လက်ထပ်ပါရစေဟု ပြောသော
အခါ နွေးနွေးသည် စိတ်ကို မထိန်းတော့ဘဲ ရင်ထဲရှိသည့်အတိုင်း
ပြောချလိုက်တော့သည်။

"ကိုကောင်းမြတ် ဒီစကားပြောဖို့ အိမ်နံပါတ်မှားလာပြီ
ကိုကောင်းမြတ်မှာရှိတဲ့ ငွေသိန်းနှစ်ဆယ်နဲ့ လက်နက်
အလင်းဝင်ပြီး၊ လက်ထပ်ဖို့ သင့်တော်တာက ဝါးသင်္ချာ
က ဦးဘိုးသင်း ဒေါ်မယ်ဖော့ရဲ့ သမီးလေး အမွှန်
မဟုတ်လား၊ ဒါဆို ကိုကောင်းမြတ်မှာ သားဦးရတနာ
ဖြစ်ဖြစ်၊ သမီးဦးရတနာလေးဖြစ်ဖြစ် မကြာခင်ရလာ
မဟုတ်လား"

"ဘာ"

"ဩော် ... ကိုကောင်းမြတ် လက်ထပ်သင့်တာ အမွှန်
နွေးက ပြောနေတာပါ၊ ကောင်မလေးမှာ ကိုကောင်း
နဲ့ရတဲ့ကိုယ်ဝန် သုံးလတောင်ရှိနေပြီပဲရှင်"



ချက်ချင်းပင် ကိုကောင်းမြတ်သည် ထိုင်ရာမှ ထ၍
ရပ်သည်။ သူ လက်ဆောင်ပေးသည်ဆိုသည့် စာတ်ခဲနှင့် သံစုံ
နာရီကိုလည်း ကောက်ယူကာ ဒေါကြီးမောကြီး ခြေသံပြင်းပြင်း
နှင့် အိမ်ပေါ်က ဆင်းကာ မြင်းကို ဒုန်းစီးထွက်သွားပေတော့
သည်။

ယင်းသို့ ပြောချလိုက်ရသဖြင့် နွေးနွေးရင်ထဲတွင်
ကျေနပ်သွားပါ၏။ ပေါ့ပါးသွားပါ၏။ သို့သော် ကိုကောင်းမြတ်
သည် ကြွက်မနိုင် ကျီးမိုးရှို့သလို ကောင်မလေးအမွှန်ကို သွားရမ်း
မည်လား မသိ။

ကိုကောင်းမြတ်၏ ရမ်းကားမှုကို ကယ်တင်နိုင်သူ
မှာ ကိုနေမင်းသာ ရှိသည်မို့ ကိုနေမင်းကို နွေးနွေး သတိရမိ
သည်။

ကိုနေမင်းကို နွေးနွေး တွေ့ချင်စိတ် ပြင်းထန်လာ
တော့သည်။

နွေးနွေးသည် အိမ်ရှေ့စာန်းလျားမှာပင် ငူငူငေါင်
ငေါင် ထိုင်နေမိသည်။ မိမိ ပယောဂကြောင့် အရှက်ရသွားသော
ကိုကောင်းမြတ်က အမွှန်ထံ သွားရောက်ပြီး နိပ်စက်ညှဉ်းပန်း
မည်ကို နွေးနွေးက အားကြီးစိုးရိမ်ကာ ငိုင်ပြီး တွေနေမိသည်။

ထိုစဉ်မှာပင် ...

"နွေးနွေးရေ ... ညည်းမေမေကြီးကို သွားကြည့်ဘူးလား၊
ငါတော့ ဆရာတော်ကျောင်းက ပြန်လာပြီ။ ဒေါ်မြလာပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ဝန်က သူ နေစောင်းနေချိမှ ပြန်ခဲ့မယ်လို့ ညည်းကို ပြောလိုက်ပါဆိုလို့ ငါ ပြောတာ နွေးနွေး"

ဒေါ်ကြီးမြက ဆွမ်းအုပ်ရွက်ရင်း လမ်းပေါ်မှ အိမ်ရှေ့ ခုံတန်းလျားတွင် တွေ့ရသောကြောင့် လှမ်းပြောခြင်း ဖြစ်ပါသည်။

"ဟုတ်ကဲ့ပါ ဒေါ်ကြီးမြ"ဟု ပြန်အော်ပြောရင်း နွေးနွေးသည် မေမေကြီးကို ဘုရားကြီးကျောင်းသို့လိုက်ပြီး ကြိုဖို့ ဆုံးဖြတ်လိုက်သည်။

ဝါးသခ်ရွာမှ အမွှန်လေး ကိစ္စအတွက် မေမေကြီး ဝင်ရောက်ကယ်ပေးပါရန် ပြောချင်သည်။

သို့သော် ...

ဒီကိစ္စတွင် ကိုကောင်းမြတ်အား မေမေကြီး၏ ပြောရေးဆိုခွင့်ဖြင့် ငြိမ်းအေးနိုင်ပါမည်လားဟုလည်း နွေးနွေး ရင်ထဲ သံသယဝင်မိသည်။

မော်တော်ရွာနှင့် ဘုရားကြီးကျောင်းသို့ သွားသော လမ်းမှာ အတော်အတန်လေးဝေးပြီး လူပြတ်သောကြောင့် ထိုသို့သော နေရာမျိုးတွင် ကိုနေမင်းအား တွေ့လေမလားဟု လည်း မျှော်လင့်မိသည်။

မြွေဆိုးကို အလမ္ပာယ်ဆရာသာလျှင် နိုင်ပေမည်။

ကျားဆိုးကို ခါးလုံးလေးမြား ကျွမ်းကျင်သော မုဆိုးကသာ နိုင်သည်။



အလားတူပင် ...

ကိုကောင်းမြတ်အား ကိုနေမင်းလို လူကသာလျှင် နိုင်နိုင်နင်းနင်း ကိုင်တွယ်နိုင်စေမည်။

အိုက်ပန်နှင့် ကိုအောင်ဖြစ်ခဲ့သော ကိစ္စတွင် ကိုနေမင်း က ကိုကောင်းမြတ်အား ဘာမဆီပုံစံနှင့် ကိုအောင့်ကို ကယ်တင် ရာတွင် ကိုကောင်းမြတ် ကိုနေမင်းအား ဖြုသွားသည်ကို နွေးနွေး မျက်မြင်ဖြစ်ခဲ့သည်။

ကိုနေမင်းသည် သူ့ဟာသူ ဆိုးချင်ရာတွင် ဆိုးမည်။

သို့သော် ရပ်သူရွာသား မည်သူ့အပေါ်မှ အနိုင်မကျင့်၊ မဆိုးဝါးဟု မေမေကြီးက ပြောဖူးသည်။

မေမေကြီးကိုယ်တိုင် မောင်နေမင်းသည် အမြင်သိပ် ကြမ်းသော်လည်း ဝမ်းတွင်းစိတ်ထားစေတနာ ကောင်းကြောင်း လည်း မေမေကြီးက အမွှန်းတင်ပြောဖူးသည်။

ညနေပိုင်း ဆေးခန်းကို ပြန်ဖွင့်ရန် စောလည်းစော သေးသည်။ ပြီး ယခု နွေးနွေးတွင် အာရုံဖောက်ပနေသည်မှာ အမွှန်လေးအား ကိုတောင်းမြတ်က သွားပြီးအနိုင်ကျင့် နိုပ်စက် မည်ကိုသာ တွေးပြီး ပူပန်သည်။

ကိုနေမင်းကို နွေးနွေး သိပ်တွေ့ချင်နေသည်။

ရွာပြင်ဘက် ဘုရားကြီးကျောင်းသို့ သွားရာလမ်း တွင် ကိုနေမင်းအား တွေ့လိုတွေ့ငြားဆိုသည့် စိတ်က တအား ထက်သန်နေသည်။

နွေး ထိုင်ရာမှ ထသည်။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလျှော်ပြီး ဆံပင်အုံကြီးခြောက်သွေ့သွားရန် နောက်တွင် ချထားသော နွေး၏ ဆံကေသာသည် တင်ပါးဖုံး နက်မှောင်ကျဆင်းနေသည်။ အိမ်တံခါးကို မပိတ်ဘဲ ခြံတံခါးကိုသာ သော့ခတ်ပိတ်ပြီး နွေးနွေး ဘုရားကြီးကျောင်းသို့ ထွက်လာသည်။

## ၉

ဘုရားကြီးကျောင်းသည် ရွာခြံစည်းရိုး အပြင်ဘက် ဘက်ခန့်အကွာ ပုပ္ပါးရွာသို့ သွားသော လမ်းအလယ်လောက် င်တည်ရှိသည့်မို့ ရွာထဲမှ ထွက်လာကာ ဘုရားကြီးကျောင်းဆီ နွေးနွေး လာခဲ့သည်။

ရွာပြင်ဘက်ရောက်သည်နှင့် လက်ဝဲလက်ယာတွင် ယ်ကွင်းတွေ ရှိနေပါ၏။

လယ်ကွင်းပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော ညှင်းသည် သန့်စင်လတ်ဆတ်လှပါ၏။

လေကောင်းလေသန့်ကို နှစ်သက်သော ဆရာဝန်မ နွေးနွေးသည် လတ်ဆတ်သန့်စင်သောလေကို အားရပါးရ မိသည်။

www.burmeseclassic.com

www.burmeseclassic.com



နွေးနွေး ဖားလျားဆံပင်မှာ လေသင့်ရာလွင့်ပြီး သူ့ဗဟာသူ လေအေးဖြင့် ခြောက်သွေ့သွားသည်သာ။

ထဘီသားနှင့် အင်္ကျီသားမှာ ရှေ့မှ တည့်တည့်တိုး သောလေကြောင့် ရင်နှင့်ပေါင်တံကို ကပ်နေသောကြောင့် နွေးနွေး ၏ ခန္ဓာကိုယ် အလှမှာ ပကတိအတိုင်း ပေါ်လွင်နေတော့သည်။

နွေးနွေးမှာ ဖားလျားလွင့်နေသော ဆံပင်ကိုလည်း သိမ်းရသည်။ လေတိုးသဖြင့် တစ်ခြမ်းပေါ်လွင်နေသော ထဘီ ကိုလည်း လက်တစ်ဖက်က ဖိထားရသည်။

အရမ်းကြီးကို ရုပ်ရောကိုယ်ရော လုနေသည့် နွေး ပါပေ။

တဖြည်းဖြည်း လျှောက်လာရင်း ဘုရားကြီးကျောင်း အနီးသို့ ရောက်ခါနီးတွင် အသံတစ်ခုကို နွေးနွေး ကြားလိုက်ရ သောကြောင့် ခြေလှမ်းကိုရပ်ခါ ထွက်ပေါ်နေသော အသံ ဂရုတစိုက် နားစွင့်ထောင်မိသည်။

သာယာငြိမ့်ပြောင်းသော တယောသံနှင့် အသံ ခပ်အုပ်အုပ် ခပ်ဩဩ သီဆိုနေသော တေးသံကို ကြားနေသော ကြောင့်ပင်။

အသံထွက်ပေါ်လာရာသည် ဘုရားကြီးကျောင်း အဝင်လက်ဝဲဘက် တောအုပ်လေးထဲမှ ဖြစ်နေပါ၏။

*"နှစ်ကိုယ်တူ ကြည်ဖြူမယ်လေ၊*
*ရည်ရွယ်စိတ်ထဲ ကြိတ်ခဲ့လို့ပဲနေ၊*



*ဘယ်ဝယ်လမ်းကိုဖြင့် မြန်းမလေလှမ်းမပြေ၊*
*တမ်းတမျှော်ရင်း နှင်းပျောက်တဲ့နွေ"*

ယင်းသို့ တယောလက်သံနှင့် တွဲဖက်လျက် ယင်းစပ် အုပ်အုပ်ဩဩ သီဆိုသံကိုယခင်က နွေးနွေး တစ်ကြိမ်ကြားဖူး ထားပြီး ဖြစ်ပါသည်။

တယောလက်သံနှင့် သီဆိုသံမှာ ကိုနေမင်းပါတည်း။

အသံလာရာသို့ လှမ်းကြည့်ရာ ချုံနွယ်ပိတ်ပေါင်း တွေ ရှိနေသောကြောင့် ကိုနေမင်းကို မမြင်နိုင်ပေ။

နွေးနွေး ရှေ့သို့ ဆက်မလှမ်းတော့ဘဲ တယောသံ နှင့် သီဆိုသံကို ရပ်ပြီး နားစွင့်ထောင်ပါ၏။

*ချစ်တဲ့သူနှင်းရေ။ ရင်ထဲမချိအောင်လေ၊*
*ဖွဲ့ရစ်နှောင်မှို့ပါလို့*
*မျှော်လေတိုင်း လွမ်းတွဲ့ကိုစေ၊*
*ရည်တူမျှတ ... ခြော် ... ကြည်ဖြူရမှ*
*နှင်းကမပေါ်လာတော့ပေ။*

နွေးသည် လမ်းကိုမှဲ့ကာ တောအုပ်ချုံနွယ်တွေမှ ထွက်ပေါ်လာသော အသံရှင်ဆီသို့ အလိုက်အလျောက်ပင် လျှောက် လာမိသည်။

နဂိုစိတ်ကပင် ကိုနေမင်းကို တွေ့ချင်ပြီး အဲမှုန်လို့ ပြောချင်နေသည်မို့ ယခု ကိုနေမင်း၏ တယောသံနှင့် သီဆိုနေရာ သို့မဆိုင်းမတွ ဝင်လာခဲ့ခြင်း ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ခံဆောင်ပြီး တောအုပ်ချုံနွယ်ထဲသို့ ဝင်လာခဲ့သည်။ ထိုနေရာသည် ရွာမှလူများ အသွားအလာနည်းပါးလွန်းသော နေရာမျိုးမဟုတ်။ ချုံနွယ်တွေ မြက်ရိုင်းပင်တွေ ဆူးပင်တွေ အရှုပ်ရှုပ်ပေါက်နေသည့် ကြားသို့ တိုးဝင်လျှောက်လာရခြင်း ဖြစ်သည်။

ခြေညှပ်ရှေ့ထိုးဖိနပ်လေး စီးလာသော နွေးနွေးမှာ ခြေလှမ်းတိုင်း ဆူးစူးမည်စိုး၍ သတိထားအာရုံစိုက်လျှောက်နေရပါ၏။

"အမယ်လေး"

မြင်းတစ်ကောင်၏ နှာမှုတ်သံနှင့် ခွာပေါက်သံ ရုတ်တရက် ကြားလိုက်ရသဖြင့် နွေးနွေးခမျာ အမယ်လေးတဲ့၊ မိပါ၏။ အထိတ်တလန့် ဖြစ်ရပါ၏။

မြင်းကြီးမှာ ချုံတွေ သစ်ပင်တွေ ကွယ်နေ၍လည်းကောင်း၊ အောက်သို့သာ ဂရုတစိုက် ဆူးပင်ရှောင်၍ နင်းနေရသည်ကြောင့်လည်းကောင်း၊ မြင်းကြီးကို မတွေ့မိဘဲ နှာမှုတ်သံနှင့် ခွာပေါက်သံကြားမှ လန့်အော်ရင်း ကြည့်လိုက်ရာ မြင်းကြီးကို တွေ့ရတော့သည်။

ကိုနေမင်း စီးနေကျမြင်းကြီး ဖြစ်ပါ၏။

တကယ်လိမ္မာသော မြင်းကြီးပါပေ။

လူစိမ်းဝင်လာသည်ကို သူ့သခင်အားသိစေရန် နှာမှုတ်ခွာရိုက်ပြီး ခွင့်ကြိုသတိပေးခြင်း ဖြစ်မည်။

မြင်းကြီး၏ သခင်ကလည်း လျှင်ပါပေ။



လက်ထဲတွင် မှုစ္စတိုသေနတ်တစ်လက် အဆင့်သင့်ကိုင်ပြီး ချုံနွယ်တစ်ဖက်တွင် တယောပြားလေးကိုင်ကာ ထွက်ပေါ်လာတော့သည်။

"သြ ... သြ ... သြ ... နွေးနွေးဆိုတဲ့ ခင်ဗျားပေကိုး"

"ဟုတ် ... ဟုတ်ပါတယ် ကိုနေမင်း၊ နွေး ဘုရားကြီးကျောင်းမှာ ဥပုသ်ယူနေတဲ့ မေမေကြီးကို လာကြိုတာပါ။ တယောသံနဲ့ သီချင်းသံကြားလို့ လမ်းကိုဖွဲ့ပြီး ဒီကိုဝင်လာတာပါ။ ဂ...က်... နွေး ပြန်တော့မယ် ကိုနေမင်း"

တွေ့ချင်သောဆန္ဒ ရှိနေပါ၏။

ပက်ပင်းကြီး တွေ့လိုက်ရတော့လည်း လှုပ်ရှားနေသော စိတ်ကြောင့် အာရုံကားတစ်ခွန်းမှ မပြောရသေးမီ ပြန်တော့မည်ဟု ယောင်တိယောင်ကန်း ပြောမိသည်။

"သွားလေ ... ကျွန်တော်လည်း လမ်းပေါ်ကို ပြန်လိုက်ခဲ့ပါ့မယ်။ ဒီတောအုပ်နဲ့ရေကန်ဘေးမှာ ခင်ဗျားနဲ့ ကျုပ် နှစ်ယောက်တည်း ရှိနေတာကို နွားကျောင်းသားတွေ ဘာတွေ မြင်ပြီး ရွာထဲမှာ တွေ့ကရာ လျှောက်ပြောရင် ခင်ဗျားရဲ့ ဂုဏ်သိက္ခာ ထိခိုက်မယ်"

သူကပင် မိမိသိက္ခာကျမည့်အတွက် ပြောလိုက်သော စကားကြောင့် နွေးနွေး သူ့အား ထပ်မံလေးစားသွားမိရပြန်သည်။

"လာကွာ ... အလိမ္မာကြီး၊ ငါတို့ လမ်းပေါ် ပြန်တက်စို့"

သူက သူ့မြင်းကြီးကို ဇက်ကြိုးဆွဲပြီး ရှေ့က သွားသည့်နောက်သို့ နွေးနွေး ပြန်လိုက်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့မြင်းကြီးကို သူက အလိမ္မာဟု နာမည်ပေးထားသလို မြင်းကြီးကလည်း သခင်ဖြစ်သော သူ့အား တကယ်ခင်တွယ်ပုံရသည်။ ဇက်ကြိုးကိုပင် ကိုင်ဖို့မလိုဘဲ မြင်းကြီးက သူ့ဟာသူ လမ်းရှိရာဘက်သို့ ထွက်သွားသည်။ သူ ပြောသည်ကို နားလည်သလိုပါပေ။

"အား ... ကျွတ် ... ကျွတ်"

နွေးနွေး၏ ရေခဲညှပ်ဖိနပ်မှ ထွက်နေသော ခြေသန်းလေးကို ဆူးစူးပေပြီ။ သူ့နောက်ကျောပြင်ကို ကြည့်ရင်း ငေးရင်းလိုက်လာသည်မို့ တခဏ အောက်သို့ မကြည့်ဘဲ နေလိုက်မိသည်နှင့် ဆူးစူးလိုက်ခြင်း ဖြစ်တော့သည်။

ခြေသန်းကိုပဲစူးစူး ဘယ်နေရာကိုပဲ စူးစူး အသားကို ဆူးစူးလျှင် ဆစ်ခနဲ နာကျင်သည်သာ။

ဆစ်ခနဲ ဆူးစူးသဖြင့် လူတွေ၏ ထုံးစံအတိုင်း စူးသောနေရာကို ခြေဖွသက်ညှာကာ တစ်ဖက်သို့ ယိမ်းလိုက်သည်နှင့် နွေးနွေးမှာ လဲပြိုတော့ရန် ထိမ်းစောင်းသွားသည်။

သို့သော် နွေးနွေးလဲ မကျပါပေ။

ကိုနေမင်းသည် ဈာခနဲ လှည့်ကာ လဲပြိုတော့မည့် နွေးနွေး၏ ကိုယ်လုံးလေးကို အချိန်မီ ရစ်ပတ်ဖေးမထားလိုက်နိုင်ပေသည်။

နွေးနွေးမှာ ဆူးစူးဒဏ်ကြားကပင် သူ၏ အရစ်အပတ် အပွေ့အပိုက်ကြောင့် တရှိန်းရှိန်း၊ တဖိန်းဖိန်းနှင့် ရင်ခုန်သော ခံစားချက်တစ်မျိုးပါ ရောထွေးခံစားလိုက်ရသည်။



သူ အချိန်မီ ရစ်ပတ်သိမ်းပွေ့ပိုက်သည်ကြောင့် နွေးနွေး လဲကျခြင်း မဖြစ်ခဲ့တော့သည်။ သူက အရစ်အပတ်၊ အပွေ့အပိုက်ကို ချက်ချင်း ပြန်လွှတ်ပြီး ရှေ့မှ သွားမြဲသွားသည်။

သို့သော် စိတ်မချသည့်အလား နွေးနွေးကို သမင်လည်ပြန် လှည့်ကြည့် လှည့်ကြည့် ဖြစ်နေပါ၏။

နွေး ရှက်ပါ၏။ ရင်တွေလည်း ခုန်လွန်းနေပါ၏။ ဆူးစူးခံထားရသော ခြေသန်းလေးကလည်း ဖိနင်းတိုင်း နာနာကျင်ကျင်လေး ရှိနေပါ၏။ နွေးနွေး တစ်ချိန်တည်းတွင် ခံစားရချက်တွေ စုံသွားတော့သည်။

"နေပါဦး နွေးနွေး ... နွေးနွေး လမ်းလျှောက်တာ ထော့နင်းထော့နင်း ဖြစ်နေတယ်၊ ဘာဖြစ်သွားသလဲဗျာ"

"ဘာမှ မဖြစ်ဘူး ... ဆူးစူးတာလေးပါ"

"ဒါဆိုလည်း အခုပဲ ဆူးကို နှုင်ပစ်လိုက်ရို့ပါလား။ ရက္ခဗေဒနဲ့ပတ်သက်လို့ ကျုပ် နားမလည်ပါဘူး။ ဒါပေမယ့် တောထဲမှာ အနေကြာလာလို့ အလေ့ကျပေါက်နေကဲ့ အပင်တွေ ဆူးတွေအကြောင်းတော့ သိတန်သလောက် သိထားတယ်။ တချို့ဆူးတွေမှာ အဆိပ်ရှိတယ်။ စူးပြီဆိုတာနဲ့ နှုင်ထုတ်ပစ်တာ အကောင်းဆုံးပဲ။ ဆူးစူးနေလျက်နဲ့ အသားထဲ ပိုပြီးမြုပ်ဝင်လေဖြစ်ရင် ပိုပြီး ခံရမယ်။ ကျုပ်က လက်တွေ့တောထဲမှာ တွေ့ကြုံရတဲ့ အပိုင်းနဲ့ ပြောနေတာပါ"

www.burmeseclassic.com

အရှေးကြီးကျောင်းသွားရာ မြေလမ်းပေါ်သို့လည်း ပြန်ရောက်လာပြီး လမ်းပေါ်မှာပင် နွေး ရင်ခုန်နေသည်ကို ထိန်းလိုက်သည်။

"ဟုတ်ပါတယ် ကိုနေမင်း၊ ဆူးရှူးတာတို့၊ သံစူးတာတို့ဟာ အဆိပ်တက်တတ်မှန်း နွေး သိပါတယ်။ ဒါပေမယ့် ဒီမှာက လမ်းမှာ ခတ်တတ်ကြီး၊ နွေးမှာ ဆူးထွင်ဖို့ အပ်တို့၊ ဓာတ်နာတို့၊ အရက်ပျံတို့မှ ပါမလာတာ။ အခု ဘာလုပ်လို့ရမလဲ။ အိမ်ကျမှ ထွင်ရတော့မှာပေါ့"

"အင်း ... ဟုတ်ပေသားပဲ၊ နွေးနွေးက ဆရာဝန်ပဲ၊ ကျုပ်ပြောတာဟာ မိကျောင်းမင်း ရေခင်းပြ ဖြစ်သွားတယ်၊ ဒါပေမယ့် ရွာထဲက်အိမ်ကို ပြန်ရောက်ဖို့က ဝေးသေးတာပဲ၊ ရောက်လေ ဆူးပိုပြီး အသားထဲ ဝင်လေဝင်လေ ဖြစ်သွားမယ်။ ကျုပ်မှာ ဓာတ်နာလည်းပါတယ်၊ ဆေးတွေလည်း ပါတယ်၊ အရက်ပျံလည်း ပါတယ်၊ ကျုပ်က တောထဲမှာ ဒါမျိုးတွေ ဖြစ်တတ်လို့ ဆောင်ထားတာပါ။ ခဏလေး နေဦး ... နွေးနွေး"

ကိုနေမင်းသည် သူ၏ အလိမ္မာမြင်းကြီးဆီသို့ လျှောက်သွားသည်။ မြင်းကုန်းနှီးနှင့် ဘေးတွဲလောင်းအိတ်ကြီး ထဲမှ ကြက်ခြေနီတံဆိပ်ပါသော သားရေဆေးအိတ်ပြားလေးကို ထုတ်ယူလာခဲ့သည်။

"အဲဒါ ... ကျုပ်ရဲ့ ကြက်ခြေနီဆေးအိတ်ပဲ၊ ကဲ နွေးနွေး ဆူးထွင်ပေတော့"



နွေးနွေးသည် ကြက်ခြေနီသားရေအိတ်ပြားကို လှမ်းယူဖွင့်ကြည့်သည်။ အံ့လည်း အံ့ဩမိသည်။

ဆေးတွေ စုံလင်အောင် ရှိနေသည်ကို တွေ့ရသည်။

အရေးပေါ် ဆေးမျိုးတွေချည်း ဖြစ်သည်။ ဗိုက်နာလျှင် သောက်သည့်ဆေး၊ ခေါင်းမူး ခေါင်းကိုက်လျှင် သောက်သည့်ဆေး၊ ထိခိုက်ဒဏ်ရာရလျှင် အရေးပေါ် သုံးနိုင်သောဆေး၊ အိမ်သုံးဆေးအမျိုးမျိုးအပြင် ဆေးထိုးအပ်၊ ပိုက်နှင့် ပင်နယ်စလင် ထိုးဆေးကတ်ဘူးပါ ပါရှိသည်တို့ကို တွေ့မြင်ရသည်။

"အရေးပေါ် သောက်ဆေး၊ လိမ်းဆေးတွေ ဆောင်ထားတာကတော့ မမှားပါဘူး။ ဒါပေမယ့် ထိုးဆေးဖြစ်တဲ့ ပနယ် စလင်မျိုးကျတော့ အရမ်းထိုးရင် အသက်အန္တရာယ် ရှိနိုင်တယ် ကိုနေမင်း"

"တောထဲမှာ ကျားနဲ့တွေ့ရင်၊ အဲဒီကျားကို ကိုယ်က နိုင်အောင် အရင်သတ်၊ မသတ်နိုင်ရင် ကိုယ်ပဲ ကျားကိုက်သေရုံပဲ မဟုတ်လား နွေးနွေး"

လုပ်ချပြန်လေပြီ။ နွေးက ပနယ်စလင်ဆေးထိုးများလျှင် သေတတ်ကြောင်း ပြောပြသည်ကိုသူက သေချာနား ထောင်ပြီးမှ ဘယ်ကလာ၊ ဘာတွေပြော ပုံစံဖြင့် တောထဲမှာ ကျားနှင့်တွေ့လျှင် သတ်ရမည့်အကြောင်း မဆီမဆိုင် စကားတွေ ပြောနေပါ၏။

မည်သို့ဖြစ်စေ နွေးနွေးကတော့ ကိုနေမင်းပြောသော စကားတွေကို နားထောင်နေမိပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့လို လူစားတွေမှာ ကိုယ့်အချင်းချင်း နယ်လု ရင်း၊ နေရာလုရင်း သူပစ်ကိုယ်ပစ်နဲ့ သေချင်သေ၊ ဒဏ်ရာ ရချင် ရတတ်တာပဲ။ အစိုးရတပ်တွေနဲ့ တိုက်မိုက်တဲ့ အခါမှာလည်း ဒီလိုပဲ ဒဏ်ရာရချင်ရ၊ မရရင် သေပဲ။ အဲဒီလို အဖြစ်မျိုးက ခဏခဏ ကြုံနေရတော့ ကြားဖူးနားဝ ရှိတဲ့ ဆေးမျိုးတွေ ဆောင်ထားရတာပဲ နွေးနွေး၊ အကြော ဆေးသာ ကိုယ့်ဟာကိုယ် မထိုးရဲတာ၊ ပင်နယ်စလင်လို အသားဆေးကျတော့ လိုတယ်ထင်ရင် ကိုယ့်ဟာကိုယ် ထိုးလိုက်တာပါပဲ"

"ပင်နယ်စလင်ဟာ မတည့်တဲ့လူ မတည့်ဘူး ကိုနေမင်း။ မတည့်ရင် ရော(ခ်)ဖြစ်ပြီး သေနိုင်တယ်"

"ဘာတတ်နိုင်မလဲ ... ဒဏ်ရာကြီး ရမှတော့ သေမယ့် အတူတူ ရှင်လိုရှင်ငြား ပင်နယ်စလင်ထိုးလိုက်ရတာပေါ့၊ ဒါပေမယ့် အရမ်းမထိုးပါဘူး။ လက်မောင်းတို့ ပေါင်တို့ မှာ နည်းနည်း တစ်စက်လောက် ထိုးကြည့်ပြီး နာရီဝက် လောက်ထားတယ်။ အဲဒါမှ ဘာမှ မဖြစ်မှ ဆေးပြွန်ထဲ ရှိသမျှ အားလုံး ထိုးလိုက်တာပါ"

ယခုမှပင် ကိုနေမင်း ပြောသလို ကျားနဲ့တွေ့ရင် ကိုယ်က သတ်နိုင်သတ်၊ မသတ်နိုင်ရင် ကိုယ် ကျားကိုက်လို့ သေမှာပဲဆိုသော ဥပမာလေးချက်ကို နွေးနွေး သဘောပေါက်ရပါ၏။ ဒဏ်ရာဖြင့် ဒီအတိုင်း သေမယ့်အတူတူ ရှင်လိုရှင်ငြားဆိုသည့် နှိုင်းယှဉ်ဥပမာပေးခြင်းပေကိုး။



"ဘာပဲဖြစ်ဖြစ်ပေါ့ မနွေးနွေးရယ် ... တစ်ဂဏန်းဟာ သုညထက်တော့ ပိုပြီး တန်ဖိုးရှိတာ မဟုတ်ဘူးလား။ ကိုယ်မှာ သုညဖြစ်တော့မယ့် အခြေအနေမှာ တစ်ဂဏန်း ရလို့ရငြားပေါ့"

နွေးနွေးသည် ပင်နယ်စလင်အကြောင်း ဆက်ပြီး မဆွေးနွေးပါလေတော့။ ကိုနေမင်းဘဝမှာ သူ့ဟာနှင့်သူတော့ လုပ်ဆောင်ချက်မှန်နေသည်ဟုသာ ရင်ထဲမှ ကောက်ချက်ချရပါ၏။

နွေးနွေးသည် ဆေးအိတ်ကို ဘေးချထိုင်ကာ ခြေသန်း ကိုစူးနေသော ဆူးကို ဇာဂနာနှင့် ဆွဲနုတ်ရန် စတင်ဆောင်ရွက် တော့သည်။

မလွယ်ကြောကြီးပါလေ။

တင်ပျဉ်ခွေထိုင်ပြီး ဆူးစူးနေသော ခြေဖဝါးကို ဝက်လက်ထားကာ ဆူးကို ခေါင်းတအားငုံ့ ရှာရသည်။

"ဟဲ ... ဟဲ ... ဟဲ"

သူ့ရယ်သံ ထွက်လာပြီး သူ၏ ဆက်၍ပြောသော စကားသံ ထွက်လာပြန်သည်။

"ကြည့်ရတာ မော်တောရှာက ဦးရွှေနိုင်ကြီးလို ဖြစ်နေပြီ။ ဆံပင်လာညှပ်တဲ့ လူကျတော့ သူက ရှေ့က ရပ်ညှပ်၊ ဘေးက ရပ်ညှပ်၊ နောက်ကရပ်ပြီး ညှပ်နဲ့၊ အဆင်ကိုချော လို့။ သူ့ခေါင်းကို သူ့ဟာသူ ဆံပင်ညှပ်တော့ ပြန်ညှပ် လို့ မရတော့ဘဲ မြို့ကိုရောက်မှ ဆံပင်ညှပ်ရတယ်တဲ့လေ။ နွေးနွေးလည်း အဲဒီလို ဖြစ်နေပြီ။ ကိုယ့်ဆီလာတဲ့လူ နာ

www.burmeseclassic.com

www.burmeseclassic.com



တွေကျတော့ ရောဂါအမျိုးမျိုးကို သင့်တော်တဲ့ ဆေးတွေ
ဆေးတွေထိုးနဲ့ ကုပေးတာကို အဆင်ကိုချော်လို့ ... ဟော
အခု ကိုယ့်ခြေသန်းမှာ စူးနေတဲ့ ဆူးကျတော့ နုတ်
မလွယ်ဖြစ်နေတယ်”

နွေးကူ သူမအား ဦးရွှေနိုင် ဆံပင်ညှပ်သည်နှ
ပုံခိုင်းပြောသည်ကို သဘောကျပြီး ပြုံးမိသည်။

“ကဲ ... ပေး ... ပေး ... ဇာဂနာနဲ့ အပ်ကိုပေး။ ကျ
ဆူးထွင်ပေးမယ်”

ပြောပြောဆိုဆိုနှင့်ပင် ကိုနေမင်းသည် နွေး
လက်ထဲမှ ဇာဂနာနှင့်အပ်ကို ယူလိုက်သည်။

နွေးကိုယ်တိုင် ကိုယ့်ဟာကိုယ် ဆူးထွင်မရသေ
ကြောင့် အလွယ်တကူပင် ဇာဂနာနှင့်အပ်ကို ပေးလိုက်ပါ၏

ကိုနေမင်းသည် နွေးနွေး၏ ခြေဖဝါးလေးကို
လက်တစ်ဖက် လက်ချောင်းများဖြင့် ပယ်ပယ်နယ်နယ် ဆုပ်ကိုင်
အမြင်ရှင်းအောင် ခြေဖဝါးပက်လက်ဖြစ်အောင် လှန်လိုက်သည်
ပြီး ... ခြေသန်းမှ ဆူးကို သူ ငုံ့ကြည့်သည်။

“အင်း ... တွေ့ပြီ။ ဆူးက အသားထဲ တော်တော်ဝင်နေပြီ

သူသည် အပ်ကို သူ့အိတ်ထဲရှိ ဂက်(စ်)မီးခြစ်
ထုတ်ယူပြီး အပ်ဖျားကို မီးအပူပေးသည်။ ထို့နောက် အရက်ပြ
ဂွမ်းဆွတ်၍ အပ်ဖျားကိုလည်း အရက်ပျံဂွမ်းဖြင့် ပွတ်သည်
နွေးနွေး၏ ခြေသန်းတစ်ခုလုံးကိုလည်း အရက်ပျံဆွတ်ဂွမ်း
ပွတ်ပေးသည်။



သို့ ကိုနေမင်း အပ်ဆွကြမ်းသည်။

“အား ... ကျွတ် ... ကျွတ် ... နာတယ်”

အပ်နှင့် အသားကို ထိုးဆွမှတော့ နာပြီပေါ့။ နွေးနွေး နာကျင်သဖြင့် ညည်းတွားစုတ်သပ်ရင်း ငုံ့နေသော ကိုနေမင်း၏ ပခုံးကို ကိုင်မိကိုင်ရာသဘောဖြင့် ဆုပ်ကိုင်မိသည်။

ကိုနေမင်းက ငုံ့နေစေကာမူ အရပ်မြင့်သူမို့ နွေးနွေးနှင့် ထွက်သက်ချင်း မျက်နှာချင်းမီအောင် နီးကပ်နေသည်။

သို့သော် သူ့ပခုံးကိုင်မိကိုင်ရာကိုင်သည်ကို သတိရသည်နှင့် နွေးနွေးက သူမ၏ လက်ကို ပြန်ရုတ်ပါ၏။

“ဟဲ ... ဟဲ လူနာတွေကျတော့ ခွစ်ခနဲ ခွစ်ခနဲ အပ်နဲ့ သွင်းပြီး ဆေး ထိုးတယ်။ နွေးနွေးကျတော့ အသံညည်းကြောင်ပြီး ညည်းလိုက်တာ”

“အိုး ... တခြားစီပါ။ ဆေးထိုးတာက တစ်ချက်တည်း အပ်ကို သွင်းလိုက်တာ။ ဆတ်ခနဲလောက်ပဲ နာတာ။ အခုဟာက အသားကို အပ်နဲ့ ဆွနေတာ ... နာတာပေါ့”

“အေးပါ ... နွေးနွေးရဲ့ အသားကို မနာစေချင်ပါဘူး။ ဒါပေမယ့် ဆူးစိုက်နေရာထိ အပ်နဲ့ လိုက်နှိုက်ရတာမို့ပါ”

သူသည် အပ်ကို ဘေးချပြီး ဇာဂနာဖြင့် ဆူးကိုဆွဲထုတ်ပါ၏။

ကိုနေမင်းသည် တောထဲတွင် ဆူးခလုတ်ကြ ... အဆူးခံရသော တပည့်တွေကို ဆူးနှုတ်ပေးနေကျမို့ ... ဆူးထွင်ကျွမ်းကျင်လှပါ၏။

www.burmeseclassic.com

www.burmeseclassic.com



နွေးနွေးမှာ ကိုနေမင်းနှင့် ထွက်သက်ချင်းခတ် မျက်နှာချင်း နီးကပ်ပြီး သူမ၏ ခြေဖဝါးကို ပယ်ပယ်နယ်နယ ဆုတ်ကိုင်ထားရုံမက ဂရုတစိုက် ဆူးနှုတ်ပေးနေသည်များကြော နွေးနွေးရင်ထဲ တွင် အမည်မဖော်တတ်သော တလှပ်လှပ် ခံစား တွေ ခံစားနေရပါ၏။

ယင်း တလှပ်လှပ် ခံစားရသည်ကပင်လျှင် မကြုံ မတွေ့ဘူးသော အရသာတစ်မျိုး ခံစားရသကဲ့သို့ ရှိနေပါ၏

"ကဲ ... ရပြီ။ ပါလာပြီ။ ဆူးက တော်တော်ကြီးသား ရော့ ... နွေးနွေးကို စူးတဲ့ဆူး။ သူ့ကြောင့် နွေးနွေ ထော့နင်းထော့နင်း ဖြစ်နေတာ။ လက်ဝါးဖြန့် ကိုယ့် စူးတဲ့ဆူးကို သေချာကြည့်"

နွေးနွေးမှာ သူ့အမိန့်အတိုင်း လက်ဝါးဖြူဖြူဝင်းဝ လေး ဖြန့်ပေးသည်။ သူက ဇာဂနာထိပ်တွင် ညှပ်ပါလာသ ဆူးမည်းမည်းချောင်းလေးကို နွေးနွေး လက်ဖဝါးတွင် ထည့် လိုက်သည်။

ဆူးမည်းချောင်းလေးကို နွေးနွေး ကြည့်နေခိုက် ပင် ကိုနေမင်းက အပ်ဆွထားသော နေရာကို အရက်ပျံ ထပ်ဆွ ပေ ခနေပါလေ၏။

"ကိုနေမင်း ... ဒီတောအုပ်ကန်ဘောမှာ နေ့တိုင်း တယော ထိုး သီချင်းညည်းသလားဟင်"

"အိုက်ပန်နဲ့ အခင်းဖြစ်ပြီးတဲ့နောက် ကျုပ် ဒီနေရာ လာပြီး တယောထိုး သီချင်းညည်းတာ ငါးကြိမ်ရှိသွား



ဒီနေ့နဲ့ပါဆိုရင်တော့ ခြောက်ကြိမ်ရှိပြီပေါ့"

သူ့ဆေးအိတ်ထဲသို့ ပစ္စည်းများ ပြန်ထည့်ရင်း ကိုနေမင်းက သူမကို မကြည့်ဘဲ ပြောနေခြင်း ဖြစ်ပါ၏။

"စနေ်းက ထွက်လာတုန်းကတော့ ရွာကို သွားမယ်ဆိုတဲ့ စိတ်နဲ့ ထွက်လာတာချည်းပဲ။ အဲ ... မှော်တောရွာကို လှမ်းမြင်ရတဲ့ ဒီဘုရားကြီးနားရောက်တာနဲ့ မှော်တောရွာ ကို ဆက်သွားဖို့ ကိုယ့်လိပ်ပြာ ကိုယ်ရှက်မိတယ်။ ဒါကြောင့် ဆက်ပြီး မှော်တောကို မသွားတော့ဘဲ ဒီနေရာ၊ ဒီတောအုပ်၊ ဒီကန်ဘောမှာပဲထိုင်ပြီး တွေးချင်ရာတွေးတယ်၊ မိုးချုပ်ခါနီး ကျမှ စနေ်းကို ပြန်တယ်"

"ဘာလို့ မှော်တောရွာထဲ ဝင်လာဖို့ ကိုယ့်လိပ်ပြာကိုယ် ရှက်တာလဲဟင်။ ကိုကောင်းမြတ်ဆိုရင် ရွာကို ခဏခဏ လာတာပဲ"

နွေးနွေးက ကိုနေမင်းထွင်ပေး၍ ထွက်ရှိလာသော သက်ဝါးပြူလေးထဲမှ ဆူးမည်းလေးကို ကြည့်ရင်း လွှင့်မပစ်ရ မှာကိုပင် နမြောနေမိသလို စိတ်တွင် ခံစားနေရပါ၏။

"ဆူးဆိုတာ သူ့ကို မနင်းမိအောင် ကိုယ့်ကို မစူးမိအောင် ကိုယ်က ရှောင်နိုင်ရင် အကောင်းဆုံးပေါ့ နွေးနွေး။ ဆူးစူးပြပော့ဆိုရင် ပြန်နုတ်ရ တော်တော်ခက်တာ။ နွေးနွေး အခု ကိုယ်တွေ့ပဲ။ အဲ ... အခုလို မြင်သာထင်သာနေတဲ့ နေရာမှာ စူးလို့ နုတ်လို့ရသေးတာ။ နုတ်မရ ထွင်းရတဲ့ နေရာမျိုးမှာ စူးပြီဆိုရင်တော့ ခုက္ခမှ မဟာဒုက္ခပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"နှုတ်လို့ ထွက်လို့ မရတဲ့နေရာမှာ ရှူးတဲ့ဆေးရှယ်လို့ ရှိလို့လား ကိုနေမင်း။ ကိုယ်အရေပြားမှာရှူးတဲ့ ဆေးမှန်သနွေ နှုတ်လို့ရတာချည်းပါနော်"

ကိုနေမင်းသည် ဦးခေါင်းမော့လာကာ နွေးနွေး မျက်နှာလေးကို သေချာ တစ်ချက် စိုက်ကြည့်လိုက်သည်။

ပြီး ... သူ ပြုံးသည်။

ပြုံးချိုင် မို၍ ကြည့်ကောင်းသော ကိုနေမင်း၏ မျက်နှာကို နွေးနွေးကလည်း ပြန်စိုက်ကြည့်မိသည်။

နှစ်ဦးသား မျက်နှာချင်းဆိုင်ပင် ထ၍ မတ်တတ် ရပ်ကြသည်။

ကိုနေမင်းသည် ဆေးအိတ်ကို အလိုမှာမြင်းကြီး ရပ်နေရာသို့ သွားပြီး ကုန်းနှီးတွင် ပြန်ချိတ်ထားပြီး ရပ်နေသော နွေးနွေးထံသို့ ပြန်လျှောက်လာသည်။

နွေးနွေးကို ထပ်ပြီး မျက်နှာချင်းဆိုင်ရပ်ခါ ကြည့် ပြန်သည်။

နွေးနွေးသည် ပြိုင်မကြည့်ရဲတော့သဖြင့် ဦးခေါင်း ငုံ့သွားသည်။

"အသည်းထဲမှာ ဝင်စူးတဲ့ဆူးမျိုးကျတော့ ဘယ်လိုနှုတ်လို့ ရမလဲ နွေး"

"အို ... ကြံကြံဖန်ဖန် ... အသည်းထဲမှာ ဝင်စူးတဲ့ဆူးရယ် လို့ ... ဘယ်မှာမှ မရှိတာ"



နွေးနွေးက ရုတ်တရက်မို့ ရိုးရိုးကြီးပင် အသည်း ကိုစူးသောဆူး ဘယ်တော့မှ မရှိဟု ပြောပြီးမှ ဖိုနှင့်မချစ်ချင်း ဆတ္တာတွင် အသည်းနှလုံးအား အချစ်မြားလေးစူးပြီဆိုသည့် အင်စားချက်ကို ပြန်သတိရလိုက်မိတော့သည်။

"နွေးနွေးမှာ အချိန်ရသေးရင် ကျုပ်နဲ့ စကားခဏလောက်လေး ပြောကြစို့လား။ အဲဒါလည်း နွေးနွေးဆန္ဒရှိမှပါ။ သေနတ် ကြီးတကားကားနဲ့ ကျုပ်ကို ကြောက်လို့ လိုက်လျောရတာ မျိုးတော့ မလုပ်လိုက်ပါနဲ့"

"နွေးမှာ ကိုနေမင်းနဲ့ စကားပြောချင်တဲ့ဆန္ဒ ရှိနေပါတယ်။ ကိုနေမင်းရဲ့ တေးညည်းသံနဲ့ တယောညည်းသံကို ကြား တာနဲ့ မှတ်မိနေပြီ။ ကိုနေမင်းရှိနေတဲ့ တောအုပ်ကန်ဘေးကို လမ်းကဖဲ့ပြီး တမင်လာတာပါ"

"ကျုပ်ကို တမင်လာတွေ့တာ ဟုတ်လား"

"ဟုတ်ပါတယ် ... ကိုနေမင်းဆီက အကူအညီတစ်ခု တောင်းချင်လို့ပါ"

"ကဲ ... ဒါဆိုပြော ... ကျုပ် နွေးနွေးကို ဘာကူညီပေးရမလဲ"

"နွေးနွေးရဲ့ ကိုယ်ပိုင်ကိုယ်ရေးကိုယ်တာကိစ္စတော့ မဟုတ် ပါဘူး။ ဒါပေမယ့် နွေးနွေး စိုးရိမ်စိတ်နဲ့ ပူပန်နေတယ်။ နွေးနွေး ကိုယ်တိုင် ဘယ်လိုမှ မကူညီနိုင်တာမို့ ကိုနေမင်း ကတစ်ဆင့် ကူညီစေချင်တာပါ။ ကိစ္စကတော့ ဝါးသခ် ရွာက ဦးဘိုးသင်း ဒေါ်နွေဖော့ရဲ့ သမီးလေးအဲမွန့်ကိစ္စပါ"

www.burmeseclassic.com

www.burmeseclassic.com



ဟု အစချီကာ အဲမွန်နှင့် ကိုကောင်းမြတ်ကိစ္စကို ပြောပြသည်။ ကိုကောင်းမြတ် မိမိထံ လာရောက်သည်နှင့် အဲမွန်ကိစ္စ ပြောပြလိုက်သည့်အတွက် အရမ်းဒေါပွသွားကြောင်းနှင့် ကိုကောင်းမြတ်က အဲမွန်အား သွားရောက်ရန်လုပ် အန္တရာယ်ပြုမည်ကို မိမိ ပူပန်စိုးရိမ်သည့်အကြောင်း အားလုံး ပြောပြလိုက်သည်။

ကိုနေမင်းသည် ဘာမှ ပြန်မပြောသေးဘဲ နွေးနွေး ပြောပြသမျှကိုသာ နားထောင်နေပါ၏။

"အဲဒါပါပဲ ကိုနေမင်း။ နွေးနွေး ကိုနေမင်းကို တွေ့ပြီး အကူအညီတောင်းချင်နေတာ အဲဒီကိစ္စပါပဲ။ အဲမွန် နွေးဆီကို လာတာဟာ လာပြီး တိုင်တောတဲ့သဘောလည်း မဟုတ်ပါဘူး။ ကိုယ်ဝန်ဖျက်ချချင်လို့ လာတာပါ။ နွေးက ဒီကိုယ်ဝန် ဘယ်သူ့နဲ့ ရတာလဲလို့ အတင်းမေးမှ သူက ငိုပြီး ပြောတာပါ။ အဲမွန် အန္တရာယ်ဖြစ်ရင် နွေး ပယောဂများ ပါမလားဆိုပြီး ကိုနေမင်းဆီမှာ အကူအညီတောင်း ရတာပါ ကိုနေမင်း"

ကိုနေမင်း သက်ပြင်းရှည်ကြီးတစ်လုံး ချပါ၏။

"အင်း ... လွယ်တော့ မလွယ်လှဘူး နွေးနွေး။ ကိုကောင်းမြတ် ဒီလို လုပ်လေ့ရှိတာကို ကျုပ် သိနေတာပဲ။ သူ မျက်စိကျတဲ့ မိန်းမပျိုလေးတွေကို သူ ဆက်ဆံပြီး ကိုယ်ဝန်ရှိလာရင် ငွေတွေပေးပြီး အဲဒီမိန်းကလေးကို ရှာပစ်လိုက်တာပဲ။ ဒီလူ လွန်တာတော့ သိပ်လွန်နေပြီ။ ဒါပေမယ့်



ကျုပ်က သူ့ကိုယ်ရေးကိုယ်တာပိုင်းမှာ မစွက်ခဲ့ဖူးဘူး။ အင်းလေ ... နွေးနွေး အကူအညီတောင်းလာတာဆိုတော့ ကျုပ် မငြင်းနိုင်ဘူး။ ဝါးသန်က အဲမွန်ကို ကျုပ် အကာအကွယ် တတ်နိုင်သလောက် ပေးပါ့မယ်။ ကဲ ... ဒါဆို နွေးနွေးက ကျုပ်ကို တွေ့ချင်နေတယ်ဆိုတာ ဒီကိစ္စသက်သက်ပဲပေါ့"

"အဲဒါချည်းသက်သက် မဟုတ်ပါဘူး ကိုနေမင်း။ နွေးနွေး ကိုနေမင်းနဲ့ စကားပြောရတာ စိတ်ဝင်စားတယ်။ ပျော်လည်းပျော်ပါတယ်။ ရွာမှာ နွေးနွေးနဲ့ တက်ညီလက်ညီ စကားပြောသူဟာ သိပ်ရှားတယ်လေ"

"ဒါဆို ကျုပ် ဆက်ပြီး ပြောမယ့်စကားကို နွေးနွေး နားထောင်ဦးမလား"

"ရတယ် ကိုနေမင်း ... ဒါပေမယ့် ခဏစောင့်နော်၊ ဘုရားကြီးကျောင်းမှာ မမကြီး ဥပုသ်စောင့်နေတယ်။ မမကြီးကို သွားပြောလိုက်ဦးမယ်။ ဒါမှ နောက်ဆံမတင်းရဘဲ ကိုနေမင်းနဲ့ စကားပြောရမှာ"

ကိုနေမင်း ခေါင်းညိတ်ပါ၏။ နွေးနွေး ဘုရားကြီးကျောင်းသို့ သွားသည်။ နီးနီးလေး ဖြစ်ပါ၏။

သို့တစေ နွေးနွေး ငါးမိနစ်အတွင်း ပြန်ရောက်လာသည်။ ခြေထောက် ထော့နင်းမဖြစ်တော့၊ နဂိုအတိုင်း ပြန်လျှောက်နေသည်ကို တွေ့ရသည်။

"မမကြီး အဖော်တွေနဲ့ ပြန်သွားပြီတဲ့။ နွေးနွေးတို့

www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ ရှိနေသားနဲ့ မေမေကြီး ပြန်သွားတာကို မတွေ့လို ရဘူးနော်”

“နွေးနွေး ... တောအုပ်ရေကန်ဆီလာတုန်း ပြန်သွား ဖြစ်မှာပေါ့။ တောအုပ်လေးကွယ်နေလို့ မမြင်လိုက် ဖြစ်မှာပါ။ မေမေကြီး ပြန်သွားပြီဆိုတော့ နွေးနွေး ပြန်ချင်ပြီလား”

“အဲ ... ကိုနေမင်းပဲ နွေးနဲ့ စကားပြောချင်တယ်ဆို”

“မလွဲသာ အားနာပါးနာနဲ့ နားထောင်ရမှာစိုးလို့ပါ။ လို နားထောင်ရတာမျိုးဆိုရင် ပြောရတဲ့စကားတွေ ပေါ့သွားပြီး မလေးနက်ဘဲ ဖြစ်သွားနိုင်လို့”

“ရတယ် ကိုနေမင်း ... ဒီနေ့ နွေး ဆေးခန်းပိတ်ခဲ့တ ကဲ ... ဒါဆိုလည်း ဟိုဘုရားကြီးအပြင်ဘက် ဇရပ်ကိုသွားစို့။ အဲဒီမှာ ထိုင်ပြောကြတာပေါ့”

ဇရပ်ဆီသို့ လာခဲ့ကြသည်။ မြင်းကြီးအလိမ္မာ ဟာသူ နောက်မှ လိုက်လာပါ၏။

“နွေးနွေး ကျုပ်ကို စိတ်မချရင် ပြန်ချင်ပြန်လို့ရတယ် ကျုပ်က လူဆိုးတစ်ယောက်။ နွေးနွေးထက်လည်း ခွန်အားကြီးမားတယ်။ ခါးမှာလည်း သေနတ်နဲ့။ ဥပ ကျောခိုင်းထားသူ။ အခု မိုးလည်း ချုပ်ခါနီးပြီ။ ကျ မကြောက်နဲ့ ...။ ကျုပ်ကို စိတ်မချရင် ပြန်နိုင်ပါ နွေးနွေး”

“တိမ်ဝါသဘော်ကြီးပေါ်မှာတုန်းကရယ်၊ ကျိုက်ထော



မော်တော်ဌားစီးလာတုန်းကရယ်တော့ ကိုနေမင်းကို နွေးနွေး ကြောက်မိတာ အမှန်ပဲ။ ဒါပေမယ့် ရွာရောက်ပြီးတဲ့နောက် မေမေကြီး ကိုယ်တိုင်ကရော၊ ရွာကလူတွေကရော ဦးလေး ရွှေနိုင်ကရော၊ ကိုနေမင်းအကြောင်း ပြောပြတယ်။ အခုတော့ ကိုနေမင်းကို ဘယ်နေရာမျိုးမှာ ဘယ်အချိန်မှာပဲ တွေ့ရ စကားပြောရဖို့ နွေးနွေး စိတ်ချပါတယ် ကိုနေမင်း”

ဇရပ်ဆောင်တွင် ခြေတွဲလဲချကာ ကိုနေမင်းက နွေးနွေးနှင့် သုံးပေလောက်အကွာတွင် ထိုင်သည်။

“နွေးနွေးစိတ်ထဲမှာ ဘဝင်မကျတာ တစ်ခုရှိတယ်”

“ဘာကို ဘဝင်မကျတာလဲ”

“ရန်ကုန်ကို ကိုအောင် မပြန်ခင် ညပိုင်းက နွေးနွေး ကိုအောင်တီးပြပါဆိုလို့ စောင်းတီးပြတယ်၊ နွေးနွေးတီးတဲ့ သီချင်းထဲမှာ နွေးနွေး မတီးတာကြာလို့ ရှေ့ဘယ်လို ဆက်တီးရမှန်း မသိဖြစ်နေတုန်း ဦးလေးရွှေနိုင်ရဲ့ ဟွန်း တယောအိုကြီးကို ကိုနေမင်း တီးပြီး နွေး ယောင်လည်လည် ဖြစ်နေတဲ့ အပိုဒ်ကို တယောသံရော၊ သီဆိုသံရောနဲ့ ကိုနေမင်းက တီးဆိုပြီး ရှေ့က ကြောင်းပြသွားတယ်။ အဲဒီ ညပိုင်းကစပြီး ကိုနေမင်း မော်တောကို လုံးဝမလာ တော့ဘူး။ ကိုကောင်းမြတ်ကတော့ ခဏခဏ မော်တော်ကို လာတယ်။ ကိုနေမင်း မော်တောကို ဘာလို့ မလာတော့ တာလဲ ဆိုတာကိုပဲ နွေး ဘဝင်မကျဖြစ်ခဲ့တာကို ပြောတာ ပါ”

www.burmeseclassic.com

www.burmeseclassic.com



ကိုနေမင်း ချက်ချင်း ပြန်မပြောသေးပေ။ သူ့အင်္ကျီအိတ်မှ ဆေးပေါ့လိပ်အသေးစားလေး တစ်လိပ်ကို မီးညှိရှူဖွာနေသေးသည်။ ဆေးလိပ်ညှိသော မီးခြစ်ကတော့ ကိုအောင်ထံမှ ယူသွားသော မီးခြစ်ဖြစ်နေသော်လည်း ယခုသောက်သည်မှာ ဆေးပေါ့လိပ်ဖြစ်နေသည်။ ကိုအောင်ထံမှ ယူသွားသော ငါးသုံးလုံးစီးကရက် ကုန်သွားပြီပဲ ဖြစ်ပေမည်။ ကျိုက်ထော်လူကြုံနှင့်ဖြစ်စေ၊ ဒေးဒရဲ လူကြုံနှင့်ဖြစ်စေ ငါးသုံးလုံးစီးကရက် တစ်ကာတွန့်ဝယ်ပြီး ကိုနေမင်းအား ပေးကမ်းလိုစိတ် နွေးနွေးတွင် ဖြစ်ပေါ်ရသည်။

"နွေးနွေး ဆေးခန်းအတွက် ဝယ်လှောင်ထားတဲ့ ဆေးတွေရော ရှိသေးရဲ့လား"

"အိုး ... ဘာဆိုင်လဲ ... နွေးပြောနေတာက အဲဒီညကစပြီး ကိုနေမင်း ဘာဖြစ်လို့ မော်တောကို မလာတော့တာလဲလို့ မေးနေတာ၊ ဆေးခန်းနဲ့ ဘာဆိုင်လဲ။ နွေးမှာ ဆေးတွေအလုံအလောက် ရှိပါတယ်။ ကုန်ရင်လည်း ဦးလေးရွှေနိုင်ကို ဆေးစာရင်းပေးပြီး မြို့တက်ဝယ်ခိုင်းရင် ရတာပဲ"

"မော်တောကို သိပ်ပြီးလာချင်ပါတယ် နွေးနွေး။ ဒါပေမယ့် မင်း မသွားတာဘဲ ကောင်းတယ်လို့ ကိုယ်စောင့်နတ်က တားလို့ မလာဘဲ တမင် အောင့်အည်းနေတာပါ"

"ဘာလို့ ကိုယ်စောင့်နတ်က တားတာလဲ"

"ကိုယ်စောင့်နတ်ဆိုတာ လူသားတစ်ယောက်ရဲ့ ဆင်ခြင်တုံတရားကို ပြောတာပါ"



"ဒါဆို ... ကိုနေမင်းရဲ့ ဆင်ခြင်တုံတရားက မော်တောကို မသွားဖို့ တားတာပေါ့ ဟုတ်လား"

"ဒီမှာကြည့်ပါ နွေးနွေး"

နွေးနွေးက လည်ပင်းစောင်းပြီး ကိုနေမင်းဘက်ကို ကြည့်လိုက်သည်။

ကိုနေမင်းက ဒေါက်ခနဲ ဂက်(စ်)မီးခြစ်ကို ခြစ်ပြီး တောက်စေသည်။

"ဒီမှာကြည့်ပါ နွေးနွေး"

နွေးနွေးက ကြည့်သည်။ မီးခြစ်ကို ခြစ်သောကြောင့် မီးတောက်ညွန့်လေး ထွက်ပေါ်လာသည်ကို "ဒါ ... အဆန်းလား" ဟု စိတ်မှာ တွေးရင်း ငေးကြည့်နေမိသည်။

"မီးခြစ်လေးထဲမှာ ခြစ်လိုက်ရင် မီးပွင့်စေတဲ့ကျောက် ပါတယ်။ မီးပွင့်တဲ့ကျောက်ရဲ့ အနီးမှာ လောင်စာဂက်(စ်)ပေါက် ရှိတယ်။ ဂက်(စ်)အိုးထဲက မီးခြစ်ခလုတ် နှိပ်လိုက်တာနဲ့ ဂက်(စ်)ထွက်လာတယ်။ မီးပွင့်နဲ့တွေ့ပြီး မီးလောင်တဲ့ မီးညွှန့်မီးတောက်လေးပဲ။ အဲဒါ ခလုတ်နှိပ်ပြီး မီးခြစ်လို့ မီးတောက်လေး လောင်လာတာပေကိုး။ သူ့ကို ခလုတ်မနှိပ်မခြစ်ဘဲ ထားရင် ဘယ်ကလာပြီး မီးတောက်မီးညွှန့် ဖြစ်တော့မှာလဲ"

"ဒါတော့ နွေး သိတာပေါ့။ တကတည်း နွေးကို သူငယ်တန်းကလေးကျနေတာပဲ။ ရှင်းပြနေပုံက ..."

www.burmeseclassic.com

www.burmeseclassic.com



"သဘော်ကို သိစေဖို့ မြင်လာစေဖို့ မီးခြစ်ကို ခြစ်ပြ ရှင်းပြနေတာပါ နွေးနွေး။ မီးခြစ်ထဲက ကျောက်ကလေးဟာလည်း ကျောက်ကလေးဘာသာ နေပါစေလား။ ဂက်(စ်)ဟာလည်း သူ့နေမြဲနေပါစေလား။ ဘာလို့ ခလုတ်ကို နှိပ်ချင်တာလဲ ... ခလုတ်နှိပ်ရင် မီးတောက် ထွက်လာမှာပဲပေါ့ နွေး"

"ဘာတွေ ပြောနေတာလဲ ကိုနေမင်း"

"ပြော် ... နွေးနွေးရယ် ... ကျွန်တော် မှော်တောရွာကို မလာဘဲ အောင့်အည်းပြီးနေတာဟာ ကျောက်လည်း ကျောက်ဘာသာနေ၊ ဂက်(စ်)လည်း ဂက်(စ်)ဘာသာနေ၊ ခလုတ်မနှိပ်နဲ့ ... မီးတောက်သွားမယ်ဆိုတာကြောင့် ကျုပ် မှော်တော်ကို မလာတာပါ။ ခလုတ်မနှိပ်မိအောင် အောင့်အည်း ထိန်းချုပ်ထားတာပါ"

သူ၏ မီးခြစ်လေးဥပမာပေးပုံကို နွေးနွေး သဘောပေါက်သွားပြီး နှလုံးသားထဲ စိမ့်ဝင်သွားသော ခံစားချက်တစ်မျိုး ခံစားလိုက်ရသည်။ ကိုနေမင်း၏ ဥပမာလေးသည် အသေးအဖွဲလေး ဖြစ်စေကာမူ အနက်အဓိပ္ပာယ်မှာ ထုထည်ကြီးမားလှပါဘိကောင်း။

အကယ်၍ နွေးနွေးကသာ ကိုနေမင်းပြောတာတွေ နွေး သဘောမပေါက်ဘူး၊ ဘာအဓိပ္ပာယ်လဲဟု မေးလိုက်ပါက ကိုနေမင်းသည် သူမအား နှလုံးသား၏ ချစ်ခြင်းမေတ္တာတွေ ပွင့်အန်ပြောတော့မည်သာ။

နွေးနွေး ငြိမ်ငြိမ်လေး နေလိုက်သည်။



"ဟဲ ... ဟဲ ... နွေးနွေး စိတ်ရှုပ်သွားပြီ မဟုတ်လား။ ဒါကြောင့် ကျုပ် ပြောတာပေါ့၊ ကျောက်လည်း ကျောက်ဘာသာနေပါစေ။ ဂက်(စ်)လောင်စာလည်းဂတ်(စ်)ဘာသာ နေပါစေလို့"

"နွေး ပြောလိုက်တာက ကိုအောင် ရန်ကုန်ပြန်သွားပြီးမှ ကိုကောင်းမြတ်က မှော်တောကို ခဏခဏလာပြီး ကိုနေမင်းက ဘာလို့ မလာတာလဲလို့ မေးမိတာပါ။ သဘောကတော့ ကိုကောင်းမြတ်နဲ့ ကိုနေမင်း အတူတူလာတတ်ပြီး အခုမှ ကိုကောင်းမြတ်သာ လာနေတယ်၊ ကိုနေမင်း မလာပါလား ဆိုတဲ့ သဘောပါ"

"ကိုကောင်းမြတ် မှော်တောကို ခဏခဏ သွားနေမှန်း ကျုပ်လည်း သိသားပဲ။ သူက ယင်ကောင်ပဲ နွေးနွေး၊ အညှီရှိတဲ့နေရာကို သွားအုံတာ ဆန်းတာမှ မဟုတ်တာ။ အဲဒါကိုလည်း နွေးနွေး လန့်နေတယ် မဟုတ်လား။ ဒါကြောင့် ကျုပ်ကို အကူအညီ တောင်းချင်နေတာလား။ ဒီလူ နွေးနွေး စိတ်သဘောမတူဘဲ ဇွတ်ကြမ်းလာတာမျိုး ဆိုရင်တော့ နွေးနွေးကတောင် ကျုပ်ဆီ အကူအညီတောင်း နေဖို့ မလိုပါဘူး။ သူနဲ့ကျုပ် သေနတ်ချင်း ယှဉ်ပစ်ရုံပေါ့။ ကဲ ... ပြောလက်စနဲ့ ကျုပ် မပြောဘဲ မနေနိုင်တော့ဘူး"

ကိုနေမင်းသည် ပြောပြီး နွေးနွေးကို အကြာကြီးကို ကြည့်ပါ၏။ ပြီးမှ ...

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် နွေးနွေးကို ချစ်နေပြီ"

"အို မဟုတ်တာ"

"သိတယ် နွေးနွေး။ ကျုပ်က နွေးနွေးကို ချစ်တယ်လို့ ပြောတာနဲ့ နွေးနွေးက သိုးသိုးခါးခါးကြီး အံ့သြသွားမယ်ဆိုတာ ကျုပ် တင်ကြိုတွက်ဆ မျှော်လင့်ထားပြီးသားပါ။ ဒါကြောင့်လည်း ဖွင့်ပြောမိမှာစိုးလို့ မှော်တောက နွေးနွေးဆီကို ကျုပ် တမင် မလာဘဲ နေခဲ့တာ"

သူသည် ဇရပ်ကို ခြေတွဲလဲချထိုင်ရာမှ မတ်တတ် ရပ်လိုက်သည်။ ပြီး သူ့မြင်းကြီး အလိမ္မာရှိရာသို့ ခြေလှမ်းစပြုရင်း ဆက်ပြောပါသေး၏။

"တစ်ခုတော့ ရှိပါတယ် နွေးနွေး၊ ငရဲဘုံက ငရဲသားဟာ နတ်ဘုံက နတ်သုဒ္ဓါဆေးဝါးအဖြစ်လေးနဲ့ပဲ မှိဝဲဦးတော့ ငရဲဘုံနဲ့ နတ်ဘုံက အကွာခြားကြီး၊ ကွာခြားတာမို့ နတ်သုဒ္ဓါမရနိုင်မှန်း သိသားပဲ။ ဒါပေမယ့် စိတ်ရဲ့ တောင်းဆိုချက်၊ နှလုံးသားရဲ့ တောင်းဆိုချက်ဆိုတာက တော့ ရတာ၊ မရတာ အမြဲမဟုတ်ဘူးလေ။ စိတ်ထဲ နှလုံး ထဲရှိတာကို ဖွင့်လိုက်ရရင် ကျေနပ်ပြီဆိုတဲ့ သဘောပေါ့ဗျာ။ ကောင်းကင်မှာ ပျံသန်းနေတဲ့ ဟင်္သာကို မြေပြင်က ခြေ ခွေးက အလိုရှိလို့လိုက်လည်း လိုက်ရင်း ရင်ကွဲနာသာ ကျသေမယ်၊ ဟင်္သာကိုတော့ မရနိုင်ဘူးပေါ့ နွေးနွေး"

"အို ... ဘာတွေပြောနေတာလဲ ကိုနေမင်း"



"ကျုပ်ဟာ ငရဲသားတစ်ကောင်၊ မြေခွေးမိုက်တစ်ကောင် ဖြစ်နေပြီလို့ ပြောတာပဲ နွေးနွေး"

နေမင်းက မလာရသေးဘဲ နေမင်း ရပ်ပြီး လှမ်းစပြုသည်ကို မြင်တွေ့သော အလိမ္မာမြင်းကြီးသည် သူ့ဟာသူပင် ကိုနေမင်းရှိရာသို့ ရောက်လာပါလေ၏။

ကိုနေမင်းသည် အလိမ္မာမြင်းကြီးပေါ်သို့ လွှားခနဲ ခုန်တက်လိုက်သည်။

"ကျုပ် နွေးနွေး ပြောထားတဲ့ အဲမွန်ကိစ္စကို ကူညီမှာပါ။ အဲမွန်ဆိုတာ ကျုပ် တစ်ခါမှ သိလည်း မသိဘူး။ မြင်လည်း မမြင်ဖူးဘူး။ ကျုပ်တို့ အချင်းချင်း စည်းကျော်ရာ ရောက်ချင် ရောက်ပါစေ၊ နွေးနွေးဖြစ်စေချင်တဲ့အတိုင်း ကျုပ် ကူညီမှာပါ။ ကဲ ... သွားပြီ နွေးနွေး။ နွေးနွေးလည်း ပြန်ပေတော့။ မှော်တောရွာဘက်က လူနှစ်ယောက်လာ နေတာ ကျုပ် တွေ့တယ်။ နွေးနွေးရဲ့ မေမေကြီးက နွေးနွေးကို အကြိုလွှတ်တဲ့လူတွေ ဖြစ်မယ်"

မြင်းကြီးစီး ... နွေးနွေးကို ကျောပေးကာ ကိုနေမင်း ထွက်ခွာသွားပေတော့သည်။

နွေးနွေးသည် ကိုနေမင်း၏ ကျောပြင်ကို တောထဲ ဝင်ရောက်ပျောက်ကွယ်သည်အထိ ငေးကြည့်ရင်း မျက်ဝန်းမှ မျက်ရည်များသည် အလိုလို ထွက်လာကာ ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာပါ၏။

အဘယ်ကြောင့်ကျသော မျက်ရည်ပေနည်း။

www.burmeseclassic.com

www.burmeseclassic.com



သူက ချစ်ကြောင်းဖွင့်အပြောတွင် မိမိက "အို ... မဟုတ်တာ" ဟု မိန်းမသားသဘာဝအတိုင်း လွှတ်ခနဲ ပြောလိုက်မိသည်။

သူသည် မိမိအပြောကြောင့် ဒီပွဲတွင် သူ ရှုံးလေပြီဟု တွက်ဆသွားပုံရသည်။

"ဩော် ... ကိုနေမင်းရယ် ... ဒီပွဲမှာ ကိုနေမင်း မရှုံးပါဘူး ကိုနေမင်း နိုင်တာပါ"

"နွေး ကိုနေမင်းကို ရင်ထဲက ချစ်ပါတယ်"

လာကြိုနေသူနှစ်ဦးမှာ ဦးလေးရွှေနိုင်နှင့် ဖိုးဝဲတို့ ဖြစ်ကြပါ၏။ သူတို့နှစ်ယောက် အနီးမရောက်မီ နွေးနွေးသည် ပါးပြင်ထက်မှ မျက်ရည်များ ကုန်စင်အောင် သုတ်ထားလိုက်တော့သည်။

## ၁၀

"ကြီးတော် ... ကြီးတော်ရေ"

"ဟဲ့ ... စံအောင် ... ဘာဖြစ်လာတာလဲ ... မောကြီးပန်းကြီးနဲ့ နှင့်ဟာက ..."

"ချကုန်ပြီ ကြီးတော်ရေ ... ဝါးသစ်မှာ ချကုန်ပြီ"

မော်တောမှ ဝောတက်သမား စံအောင်သည် ယနေ့ညနေပိုင်း ခြံပေါက်မှ ရပ်ခါ ကြီးတော်ရေ ချကုန်ပြီဟု အမောတကော အသံကြောင့် မေမေကြီးဘုရားစင်သန့်ရှင်း ရေတော်ကပ်၊ ပန်းတော်လဲ၊ နေရာမှ ထွက်လာခဲ့ပြီး စံအောင်ကို မေးလိုက်သည်။

နွေးနွေးသည် ညနေပိုင်းဆေးခန်းဖွင့်ရန် ထွက်အလာ မေမေကြီးနှင့် ကိုစံအောင်တို့ ပြောနေသည်ကို ကြားသဖြင့် ဆက်၍ နားစွင့်နားထောင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာချကုန်တာလဲ စံအောင် ... နင့်ဟာက အရင်း မရှိ အဖျားမရှိ"

"ဆရာနေမင်းနဲ့ ဆရာကောင်းမြတ်တို့ နှစ်ယောက်ချင်း ဝါးသခ်မှာ သေနတ်ယှဉ်ပစ်တာ ဆရာကောင်းမြတ် နဖူး အလယ်တည့်တည့်မှာ ဆရာနေမင်းပစ်တဲ့သေနတ်ကျည်ဆံ ဝင်ပြီး ပွဲချင်းပြီး သေတယ်လေ"

"ဟယ် ... ဘုရား ... ဘုရား"

"ဟုတ်ရဲ့လား စံအောင်ရယ် ... သူတို့က အဖွဲ့တူအဖွဲ့ သားချင်းတွေပဲဟာ၊ ဘာလို့ သေနတ်ချင်းယှဉ်ပစ်ရတာတဲ့ တုံး စံအောင်"

"ဘာလို့မှန်းတော့ မသိဘူး ကြီးတော် ... ဒီနေ့ ဝါးသခ်က ကိုဘိုးသင်းနဲ့ မနွေဖော့က သူ့အစ်ကိုဆေးလာကုပေးပါ ပင့်လို့ ကျုပ် သွားတာ။ ဝါးသခ် ကိုဘိုးသင်းနဲ့ မနွေဖော့ အိမ်ရောက်လို့ ထိုင်ကာပဲ ရှိသေးတယ် ဆရာကောင်း မြတ်ရယ်၊ သူ့တပည့်နှစ်ယောက်ရယ်၊ ကိုဘိုးသင်း အိမ်ထဲ ဝင်လာတယ်၊ ဆရာကောင်းမြတ်က ရောက်တာနဲ့ အိမ်ပေါ်တက်ပြီး အိပ်ခန်းထဲမှာရှိတဲ့ ကိုဘိုးသင်းနဲ့ မနွေဖော့ ရဲ့သမီးလေး အဲမွှန်ကို ဆံပင်ဆွဲခေါ်ထုတ်ပြီး အိမ်ရှေ့မှာ ရိုက်တော့တာပဲ ကြီးတော်"

"အို ... ဖြစ်မှဖြစ်ရလေ"

"ကိုဘိုးသင်းနဲ့မနွေဖော့ကိုလည်း တပည့်နှစ်ယောက်က သေနတ်ဒင်နဲ့ ထုသေးတယ်။ ကျုပ်လည်း ကြောက်ကြောက်



လန့်လန့်ဆင်းပြေးပြီး ကွယ်ရာကနေ ချောင်းကြည့်နေ တယ်။ အနီးအနားရွာထဲက လူတွေလည်း အိမ်ပြင်တောင် မထွက်ရဲဘဲ အထဲကပဲ ချောင်းကြည့်နေကြတယ်"

"အဲဒီလို အဲမွှန်ကို ဆရာကောင်းမြတ်က ဆံပင်ဆွဲ၊ ပါးရိုက်၊ ခြေထောက်နဲ့ကန်နေတုန်းမှာပဲ ဆရာနေမင်းက အဲမွှန်ကောင်မလေးကို မရိုက်နဲ့၊ ကောင်မလေးမှာ ခင်ဗျားရဲ့ ကိုယ်ဝန်ရှိနေတယ်။ မရက်စက်ချင်ပါနဲ့လို့ ဝင်ပြောဟန့် တားတယ်။ မရပါဘူး ကြီးတော်"

"ဟန့်တားတာမရရင် မောင်နေမင်းက မောင်ကောင်းမြတ် ကို ပစ်ထည့်လိုက်တာလား စံအောင်"

"ဘယ်ဟုတ်ရမလဲ ကြီးတော်၊ ဆရာနေမင်းက အဲမွှန်ကို ရိုက်တာနှက်တာ လက်လွန်သွားမှာစိုးလို့ ပါးစပ်နဲ့ ဟန့် တားရုံတားတာ၊ ဝင်ပြီး ဆွဲတာတို့ ဖယ်တာတို့တောင် မလုပ်ပါဘူး။ အဲဒီမှာ ဆရာကောင်းမြတ်က ပိုပြီး ဒေါသထွက်သွားတယ်"

"ဩော် ... ဩော် ... အဲမွှန်မှာ ငါ့နဲ့ကိုယ်ဝန်ရှိတာတောင် မင်းက သိနေသကိုးတဲ့။ မင်းကို ဟိုမှော်တောက ဆရာ ဝန်မက ပြောလိုက်တာ မဟုတ်လားတဲ့။ ဒီကပြီးရင် အဲဒီ ဆရာဝန်မကိုလည်း စခန်းကို ခေါ်သွားပြီး စစ်ဆေးရဦး မယ်လို့ ပြန်ပြောတယ်။ အဲမွှန်ကိုလည်း ဆရာနေမင်း ပြောကာမှ ပိုရိုက်ပြီး လာစခန်းလိုက်ခဲ့ဆိုပြီး သူ့မြင်းပေါ် ဆွဲခေါ်ဖို့ ဆရာကောင်းမြတ်က လုပ်တယ်။ အဲဒီအထိကျ

www.burmeseclassic.com

www.burmeseclassic.com



တော့ ဆရာနေမင်းက မြင်းပေါ်ကဆင်းပြီး အဲမွန်ကို
စခန်းမခေါ်ရဘူးလို့ ဗာင်းတင်းကျပ်ကျပ် တားမြစ်တယ်"
"ကြီးတော်လည်း သိတဲ့အတိုင်းပဲ၊ သူတို့စခန်းကို ခေါ်
ဖမ်းသွားပြီဆိုတဲ့လူဟာ ဘယ်မှာ ပြန်လမ်းရှိတော့လို့လဲ
အဲမွန်ကို စခန်းခေါ်တယ်ဆိုတာလဲ စခန်းရောက်မှ သက်သေ
မရှိ မျက်မြင်မရှိ သတ်ပြီး အလောင်းမြှုပ်လိုက်မှာပဲပေါ့
ကြီးတော်။ ဒါကို ခာတ်သိ ဆရာနေမင်းက တားမြစ်တာ
လေ။ အဲဒီမှာတင် ဆရာကောင်းမြတ်က ဆရာနေမင်းကို
ဝင်ရှုပ်ရမလားဆိုပြီး သူ့ခါးထဲက သေနတ်ထုတ်ပြီး ပစ်
ဖို့ချိန်တုန်းမှာပဲ ဆရာနေမင်း လျင်ပုံတော့ မပြောပါနဲ့
ကြီးတော်ရယ် ... သူက နောက်မှ သေနတ်ထုတ်ပေမယ့်
သိပ်မြန်တယ်၊ သိပ်လက်သွက် လက်တည့်တာပဲ။ ဒိုင်း
ဒိုင်းနဲ့ သေနတ်သံနှစ်ချက် ပြိုင်တူလိုထွက်လာပြီး ဆရာ
နေမင်းပစ်တဲ့ ကျည်ဆံက ဆရာကောင်းမြတ် နဖူး
အလယ်တည့်တည့် ထိပြီး လဲကျသွားတယ်။ ဆရာကောင်း
မြတ်ပစ်တဲ့ သေနတ်ကျည်ဆံကတော့ မိုးပေါ်ထောင်သွား
တယ် ထင်ပါရဲ့။ ဆရာနေမင်းကို မထိဘူး။ ဆရာကောင်း
မြတ်တော့ အဲဒီနေရာမှာပဲ ပွဲချင်းပြီးသွားတော့တာပဲ ကြီး
တော်"

"တပည့်နှစ်ယောက်လည်း ဆရာနေမင်းကို ကြောက်လို့
ကိုဘိုးသင်းနဲ့ မနွေဖော့ကို ဆက်မရိုက်ရဲတော့ဘူး။ ဆရာ
နေမင်းက ဆရာကောင်းမြတ်အလောင်းကို မြင်းပေါ်



တင်ခဲ့လို့ တပည့်နှစ်ယောက်ကို အမိန့်ပေးပြီး သူ့မြင်းပေါ်
ပြန်တက် ထွက်သွားတာပဲ ကြီးတော်။ အဲ ...
ဆရာကောင်းမြတ် သေပြီဆိုတော့ ကြီးတော်ဆီကို ရန်ပုံငွေ
ခဏခဏ လာတောင်းတဲ့လူ မရှိတော့ဘူးပေါ့။ ဆရာနေမင်း
က အဲဒီလို ရန်ပုံငွေ တောင်းတာတို့၊ ရွာထဲဝင်ပြီး ကြက်၊
ဘဲ၊ ဆန်ဆီ ယူတာမျိုးတွေကို ကြိုက်မှမကြိုက်တာ။ အဲဒါ
ကြီးတော်သိအောင် ကျွန်တော် ဝင်ပြောတာ။ ကိုဘိုးသင်းနဲ့
မနွေဖော့က ကြီးတော်ရဲ့ ခြံအလုပ်သမားတွေ မဟုတ်လား"

ပြောပြီး ကိုစံအောင် ထွက်သွားသည်။

မေမေကြီး မျက်နှာတွင် ဘယ်လိုမှ ထူးထူးခြားခြား
ဖြစ်သွားသော အမူအရာမျိုး မရှိပေ။

ဤနေရာ ဤဒေသမျိုးဝယ် ဤအဖြစ်မျိုးတွေက
ရိုးနေပြီဆိုသည့် သဘောဖြစ်ဟန် တူပါ၏။

အကယ်၍သာ ...

အခုလို အချင်းချင်း ပစ်ခတ်ကြရာတွင် ကိုကောင်း
မြတ်နှင့် ကိုနေမင်း မဟုတ်ဘဲ တခြားနှစ်ဦးသာဆိုပါက နွေးနွေး
ကိုယ်တိုင်လည်း ထူးမခြားနား ရိုးနေသော သတင်းဟုသာ မှတ်
ယူမိချေမည်သာ။

သို့သော် ...

ကိုနေမင်းက ကိုကောင်းမြတ်ကို ပစ်သတ်လိုက်
ခြင်းအတွက်မှ နွေးနွေး ရင်ထဲ တဒိတ်ဒိတ် ခုန်သည်အထိ ခံစား
ရပါ၏။

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမှ မိမိ ချစ်မိနေပြီဖြစ်သော ကိုနေမင်းအား မိမိက အဲမွန်အတွက် အကူအညီတောင်းမိသည့်အတိုင်း ကိုနေမင်းက ဆောင်ရွက်ပေးရင်း ကိုကောင်းမြတ် သေဆုံးသွားခြင်း ဖြစ်ပါ၏။ ဒီကိစ္စတွင် မိမိပယောဂပါနေမိသည်လည်း ဖြစ်ပေသည်။

ကိုစံအောင် ပြောသွားသော စကားတွင် ကိုကောင်းမြတ်က ဒီဆရာဝန်မကိုလည်း စခန်းခေါ်ရဦးမယ် ဆိုသည်ကို ကိုနေမင်း လုံးဝ လက်မခံနိုင်သောစကား ဖြစ်သွားပေမည်။ ကိုကောင်းမြတ်က စခန်းကို ခေါ်ပြီဆိုလျှင် သူတို့လုပ်ချင်တာလုပ်ပြီး ဖျောက်လေ့ရှိမှန်း ကိုနေမင်းက ခတ်သိဖြစ်နေ ပါ၏။

မိမိအပေါ် ချစ်နေပြီဖြစ်သော ကိုနေမင်းသည် ယင်းအချက်ကို လုံးဝ လက်မခံနိုင်သဖြင့် ကိုကောင်းမြတ်အား ပစ်သတ်ဖို့ ဝန်မလေးခြင်းမျိုး ဖြစ်တန်ရာသည်။

ကိုစံအောင် စကားအရပင် ကိုကောင်းမြတ်က စတင်ပြီး သေနတ်ထုတ်ခါ ကိုနေမင်းကို ချိန်ခြင်းဖြစ်ပေသည်။ တခြားချောင်းကြည့်နေသော ရွာသူရွာသားများကလည်း ကိုစံအောင် မြင်သည့်အတိုင်း မြင်ကြမည် ဖြစ်ပါ၏။

ကိုနေမင်း အလွန်မရှိပါလေ။ ကိုယ့်အသက်ကို ကိုယ်ကာကွယ်ပိုင်ခွင့် ဥပဒေကပင် ခွင့်ပြုထားသည် မဟုတ်ပါလား။

အိုက်ပန်ကို ပစ်သတ်ရခြင်း၌လည်းကောင်း၊ ယခု ကိုကောင်းမြတ်ကို ပစ်သတ်ရခြင်း၌လည်းကောင်း တည်ဆဲ



တရားဥပဒေအရ ကိုနေမင်းမှာ နှစ်ခုစလုံး ကိုယ့်အသက်ကိုယ် ကာကွယ်လိုက်ရသည့်မို့ အပြစ်မရှိတန်ပါပေ။

ဘာကြီးပဲဖြစ်ဖြစ်

ကိုနေမင်းကို အမြဲမွေ့ အလျှန်အမင်းပင် တွေ့ချင်စိတ် ဖြစ်ပေါ်မိပေသည်။

www.burmeseclassic.com

www.burmeseclassic.com

## ၁၁

မေမကြီး စီစဉ်ဆောင်ရွက်ပေးမှုကြောင့် နွေးနွေး၏ ဆေးခန်းအတွက် ကွမ်းခြံကုန်းမှ သူနာပြုသင်တန်းအောင်မြင်လက်မှတ်ရပြီးသား နော်မူအေး ရောက်ရှိလာကာ နွေးနွေးကို ဆေးခန်းတွင် ကူညီဆောင်ရွက်နေလေပြီ။

နော်မူအေးသည် လုပ်ငန်းနားလည်ကျွမ်းကျင်သူဖြစ်ပါ၏။

နွေးနွေးအဖို့ နားနားနေနေ ကုသနိုင်ပေပြီ။

ဒီနေ့လည်း မပေါ်လာ အတော်ကြာပြီ ဖြစ်သောကိုနေမင်း အကြောင်းကို အနားရချိန်လေးတွင် နွေးနွေးသည် ဆေးခန်းရှိ သူမ၏ သီးသန့်ခန်းလေးထဲတွင် တွေးနေမိသည်။

ထိုစဉ်မှာပင် နော်မူအေး ဝင်လာသည်။



"အပြင်မှာ ညှိုသည်တစ်ယောက် ရောက်နေပါတယ်။ ဒေါက်တာနဲ့ တွေ့ချင်လို့တဲ့။ အထဲကို လွှတ်ပေးလိုက်ရမလား ဒေါက်တာ"

"လူနာလား ဆရာမ"

"မဟုတ်ပါဘူး ဒေါက်တာ၊ ရဲအရာရှိဝတ်စုံနဲ့ ရဲအရာရှိတစ်ယောက်ပါ"

"ရဲအရာရှိ ဟုတ်လား၊ မော်တောမှ ဘယ်တုန်းကမှ ရဲအရာရှိ မရှိတာ။ အထဲလွှတ်လိုက်ပါလေ၊ မမနွေး တွေ့ချင်ပါတယ်"

တစ်ခဏအတွင်းမှာပင် ပခုံးတွင် ငွေသပြေခက်ပွင့်ချောင်းနှင့် ရဲယူနီဖောင်း ဝတ်စုံကို သေသပ်စွာ ဝတ်ဆင်ထားသော အသက်အစိတ်ခန့် ရဲအရာရှိငယ် နွေးနွေးအခန်းထဲသို့ ဝင်ရောက်လာပါ၏။

"ထိုင်ပါရှင် ... နွေး ဘာအကူအညီပေးရမလဲ"

"ကျွန်တော့်နာမည် ဝေဖခင်ပါ။ ကျွန်တော် ခေါင်းဆောင်တဲ့ တိုက်ကင်းအဖွဲ့ဟာ ဒီနေ့ပဲ မော်တောဝန်းကျင်တောကြီးတန်းက ဖြတ်ပြီး မော်တောကိုလာခဲ့တာပါ"

"ဒါဆို ... ဦးဝေဖခင်တို့အဖွဲ့က တောကြီးတန်းထဲမှာရှိနေတဲ့ သောင်းကျန်းသူအဖွဲ့ကို တိုက်ထုတ်ပစ်ဖို့လားရှင်"

"အဲဒီအဆင့်အထိတော့ မရောက်သေးပါဘူး။ ဒါပေမယ့် တောကြီးတန်း လုံခြုံရေးအတွက် မော်တောရွာမှာ ယာယီစခန်းဖွင့် လက်နက်ကိုင်သောင်းကျန်းသူ တွေကို တိုက်ခိုက်

www.burmeseclassic.com

www.burmeseclassic.com



ဖို့ အစီအစဉ် အထုက်က ချမှတ်ပေးလိုက်ပါတယ်။ အခု မော်တောမှာ စခန်းချဖို့ နေရာရွေးရေးအတွက် ရောက်လာတဲ့သဘောလောက်ပဲ ရှိသေးတယ် ဒေါက်တာ”

“ဩော် ... ဩော် ... ဒါဆို ဟိုတလောက တောထဲအဖွဲ့က ဆရာကောင်းမြတ်ဆိုတဲ့လူ ပစ်သတ်ခံရမှုအတွက် လာစစ်ဆေးတာ မဟုတ်ဘူးပေါ့နော်”

ကိုနေမင်းအပေါ်တွင် သံသယဇဉ်နှင့်ချစ်ခင်နေပြီး အစိုးရိမ်လွန်ကာ အတွင်းရှိ ဟန်မဆောင်နိုင်စိတ်ဖြင့် လွတ်ခနဲ မေးလိုက်မိခြင်းပါပေ။

“အဲဒီကိစ္စ သတင်းကလည်း အခု ကျွန်တော် ဒီရောက်မှ ကြားရတဲ့ သတင်းတစ်ခုပါ ဒေါက်တာ။ ဒီသတင်းမျိုးကလည်း အဆန်းမှ မဟုတ်တာ။ တောတွင်းလက်နက်ကိုင် သောင်းကျန်းအဖွဲ့တွေမှာ နေရာလုရင်း တိုက်ခိုက်ရှိသူကို ဝေစုခွဲရာမှာ မကျေနပ်မပြေလည်ရင်း ဒီလို အချင်းချင်း ပစ်ခတ်ကြတာဟာ သူတို့ရှိအောင်းတဲ့နေရာတိုင်းမှာ ဖြစ်လေ့ဖြစ်ထ ရှိနေတာပဲ။ ဒီလိုအမှုကိစ္စမျိုးမှာ ကျွန်တော်တို့ သီးခြား ဆောင်ရွက်လေ့ မရှိပါဘူး။ ရွာသူရွာသားတွေကို အနိုင်ကျင့်မယ်၊ လုယူတယ်၊ အမျိုးသမီးလေးတွေကို မတော်မတရားလုပ်တယ် ဆိုတာမျိုးကျတော့ ကျွန်တော်တို့ အရေးယူသင့်တာယူဖို့ တာဝန်ရှိတာပါ”

“ဟုတ်ကဲ့ ... ဒါဆို မော်တောမှာ စခန်းချမယ့် ဦးဝေဇင်တို့အဖွဲ့ကို နွေးက ဘာအကူအညီ ပေးရမလဲရှင်”



“ဘာအကူအညီမှ မလိုပါဘူး ဒေါက်တာ။ ဒီနယ်မြေ တောကြီးတန်းမှာ စခန်းဖွင့်ဖို့နေရာလည်း ကျွန်တော် ရွေးပြီးပါပြီ။ နယ်မြေရဲ့ အခြေအနေကိုလည်း ဒီတစ်ဝိုက် ကျေးရွာတွေက အတော်အတန် သတင်းတွေ ရပြီးပါပြီ။ ဒီနေ့ပဲ မော်တော်နဲ့ ကျွန်တော် ခဏ ပြန်သွားရမှာပါ”

“ဟုတ်ကဲ့ ... ဒါဆို ဦးဝေဇင်က နွေးကို လာတွေ့တဲ့ကိစ္စကကော”

“ကျွန်တော့်ကို ရန်ကုန်က ဒေါက်တာအောင်မြင့်စောက စာတစ်စောင်ပေးထားပါတယ်။ ကျွန်တော် တောကြီးတန်းဘက်မှာ တာဝန်ထမ်းဆောင်ရမယ်ဆိုလို့ ပေးထားတဲ့စာပါ။ စာက ဒေါက်တာမနွေးနွေးကို ပေးဖို့ပါပဲ။ ဒါကြောင့် အခု အဲဒီ ဒေါက်တာအောင်မြင့်စောရဲ့စာကို ဝင်ပေးတာပါ။ ဒေါက်တာမနွေးနွေးနဲ့သူဟာ ဆေးတက္ကသိုလ်ကို အတူတူ အတန်းတူတက်ခဲ့ကြတာလို့လည်း ပြောပါတယ်”

“ဩော် ... ဩော် ... ကိုအောင်က စာပေးခိုင်းလို့ကိုး။ ကိုအောင်နဲ့ ဦးဝေဇင်ဟာ နဂိုတည်းက အသိအကျွမ်းတွေလားရှင်”

“ဟုတ်ပါတယ် ... ဟိုက်စကူးတစ်လျှောက်လုံးမှာ အတူတူ အောင်ကြတဲ့ သူငယ်ချင်းတွေပါ။ အောင်မြင့်စောက ဆေးတက္ကသိုလ် အမှတ်မိလို့ ဆေးတက္ကသိုလ် တက်ရှာ တယ်။ ကျွန်တော်က ရိုးရိုးသိပ္ပံဝိဇ္ဇာကိုပဲ တက်ပြီး ဘွဲ့အကြိုစိ ဘွဲ့ရခဲ့တဲ့နောက် ဝါသနာပါတဲ့ ရဲအလုပ် လျှောက်ခဲ့တာပါ။

www.burmeseclassic.com



အဲဒီကတည်းက အောင်မြင့်စောနဲ့ ကွဲသွားကြပြီး တစ်ခါတလေမှ ဆုံမိကြတယ်။ ကျွန်တော် မန္တလေးမှာ သုံးနှစ်တာဝန်ထမ်းဆောင်ပြီး နောက်တစ်ဆင့် ရာထူးတက် ရန်ကုန်ရောက်လာတဲ့နောက် ယာယီစခန်းမှူးတာဝန် ချထားပါတယ်။ အောင်မြင့်စောနဲ့ ပြန်တွေ့ပြီး ကျွန်တော် ဒီဘက်မှာ တာဝန်ကျတဲ့အကြောင်း ပြောပြလို့ အောင်မြင့်စောက မှော်တောရွာအကြောင်းနဲ့ ဒေါက်တာမနွေးနွေး အကြောင်းတွေ ပြောပြပြီး ဒီစာကို ဒေါက်တာ့ကို ပေးပါလို့ ပေးလိုက်တာပါ"

ကိုဝေဇင်က ကော်ကပ်ပိတ်ထားသော စာအိတ်တစ်အိတ်ကို သူ့အိတ်မှ ထုတ်ယူပြီး နွေးနွေးကို ပေးသည်။

ထိုစာကို နွေးနွေးက ယူပြီး စားပွဲပေါ်မှာပင် တင်ထားရင်း စိတ်ထဲတွင် ကိုဝေဇင်အား တီးခေါက်ကြည့်ချင်သောစကားတို့ကို တီးခေါက်မေးမြန်းလိုက်မိသည်။

"ကိုအောင်နဲ့ ဦးဝေဇင် သူငယ်ချင်းနှစ်ယောက် တွေ့ကြတုန်းက ကိုအောင်က မှော်တောရွာအကြောင်း ပြောမပြဘူးလား။ ကိုအောင်က နွေးနဲ့အတူတူ ဒီမှော်တောရွာ လိုက်လာပြီး တစ်ပတ်လောက် နေသွားသေးတယ်လေ"

"ပြောပါတယ် ... သူ မှော်တောမှာ ကံကောင်းလို့ မသေဘဲ အသက်ဘေးလုပြီး ထွက်ပြေးလာရတဲ့အကြောင်းလည်း ပြောပြပါတယ်"

"ဒါဆို ဒီတောကြီးတန်းတစ်ဝိုက်မှာ ခေါင်းဆောင်နေတဲ့



တောထဲက ဆရာကိုကောင်းမြတ်တို့၊ ဆရာကိုနေမင်းတို့ အကြောင်းကိုတော့ ပြောမပြဘူးလား"

"ပြောပြရုံမကပါဘူး။ နေမင်းနဲ့ကောင်းမြတ်ရဲ့ ဓာတ်ပုံတစ်ပုံစီကိုတောင် ကျွန်တော့်ကို ပေးလိုက်ပါသေးတယ်"

"ဓာတ်ပုံ ဟုတ်လား ... ကိုအောင်က ဒီလူနှစ်ယောက် ဓာတ်ပုံ ဘယ်က ရသတဲ့လဲ"

"အဲဒါလည်း အောင်မြင့်စောက ပြောပြပါတယ်။ သူ ဒေါက်တာနွေးနွေးနဲ့ မှော်တောမှာ လိုက်လာတုန်းက သူ့အိတ်ထဲမှာ 'ကင်မရာ ပါလာတယ်။ မှော်တောကို သွားတဲ့လမ်း မော်တော်ပေါ်မှာ သောင်းကျန်းခေါင်းဆောင်ကိုနေမင်းက သူ့ဂက်(စ်)မီးခြစ်နဲ့ စီးကရက်ဘူးကို ယူသွားတာကို သာကေထားပြီး သူ့ကင်မရာကို ထုတ်ကိုင်မပြဘဲ ထားရတယ်တဲ့"

"အဲ ... မှော်တောရောက်ပြီး ဒေါက်တာမနွေးနွေး အိမ်မှာ အဲဒီခေါင်းဆောင်နှစ်ယောက်နဲ့ ဆေးခန်းကိစ္စ ညှိနှိုင်းဆွေးနွေးပွဲလုပ်တော့ သူ့ကို သူစိမ်းလူမို့ ဆွေးနွေးပွဲနဲ့ မသက်ဆိုင်ဘူးလို့ ကောင်းမြတ်က ပြောတာနဲ့ သူ အခန်းထဲမှာပဲ ရှောင်နေရင်း အဲဒီအခန်းထဲကနေပြီး ဒီလူနှစ်ယောက်ရဲ့ ဓာတ်ပုံကို ရိုက်ယူထားလိုက်တာတဲ့။ သူ့ကင်မရာက မှန်ဘီလူး သိပ်ကောင်းတဲ့ တန်ဖိုးကြီးကြီး ကင်မရာလေ။ တော်ရုံလောက်ဆို ဖလက်(ရှ်)မီးမထည့်ဘဲ ရိုက်လို့ရတာတဲ့။ ဒီမှာကြည့်လေ ... သူ ပေးလိုက်တဲ့ ဓာတ်ပုံသုံးပုံ"

www.burmeseclassic.com

www.burmeseclassic.com



ဦးဝေဇင်က ထုတ်ပြသည်။

ကိုအောင် အိပ်နေ်းထဲမှ ရိုက်ရသဖြင့် နွေးနွေး၏ ကျောဘိုင်းပုံသာပါသည်။

ကိုကောင်းမြတ်၏ပုံနှင့် ကိုနေမင်း၏ပုံကတော့ မျက်နှာထင်ထင်ရှားရှား ပါဝင်သောပုံများ ဖြစ်နေသည်။ ပို့စကတ်အရွယ် ကူးထားသော ဆေးရောင်စုံဓာတ်ပုံ ဖြစ်ပါ၏။

"အဲဒီ ဆွေးနွေးပွဲလုပ်တဲ့နေ့က အဖြစ်အပျက်တွေကိုလည်း အောင်မြင့်စောက ပြောပြပါတယ်။ သူ့ကို သတ်မယ် တကဲကဲလုပ်နေတဲ့ အိုက်ပန်ဆိုတဲ့ ကောင်ရဲ့လက်က ခေါင်းဆောင်နေမင်းက ကယ်လိုက်လို့ သူ ကံကောင်းလို့ မသေတာတွေက အစ ဖြစ်ပျက်ခဲ့သမျှ အားလုံး သူ ပြောပြတယ်။ အထူးသဖြင့် အဲဒီနေ့က ခေါင်းဆောင်နေမင်းဟာ သူ့အသက်ကိုရော ဒေါက်တာမနွေးနွေးရဲ့ အသက်ကိုရော ကယ်တင်နိုင်တာကို အဓိကထားပြောသွားတယ်။ အဲဒီအတွက် ခေါင်းဆောင်နေမင်းကို သူ သိပ်ကျေးဇူးဟာင်တာကိုလည်း ထပ်တလဲလဲ ပြောတယ်"

"ဒါဆို မေးပါရစေ ဦးဝေဇင်။ ကိုနေမင်းက သူ့တပည့် အိုက်ပန်ကို ပစ်သတ်လိုက်တဲ့အတွက် ကိုနေမင်းကို ဥပဒေအရ အရေးယူမလားဟင်"

"ဒါကတော့ စစ်ဆေးပြီး မျက်မြင်သက်သေတွေရဲ့ ထွက်ဆိုချက်ပေါ်မှာ မူတည်ပါလိမ့်မယ် ဒေါက်တာ။



ဥပဒေဆိုတာကတော့ လမ်းပေါ်လျှောက်သွားနေတဲ့ ရှူးသွပ်သူကို မတော်တဆကားနဲ့ တိုက်မိရင်တောင် ကားမောင်းသူကို စစ်ဆေးမှုတွေ ပြုရပြီး ရုံးတော်ကို တင်ပြရတာပဲ။ တရားရုံးတရားသူကြီးက အမျိုးမျိုး ကြားနာစစ်ဆေးပြီးမှ အမှန်ဆုံးနဲ့ အသက်ညာဆုံး စီရင်ချက်ချပေးတတ်ပါတယ်။ အခု ဒီရွာမှာ ဖြစ်ပျက်ပုံကို အောင်မြင့်စောပြောပြချက်အရပဲ အိုက်ပန်ဟာ အရက်တွေ သိပ်မူးနေတယ်။ ဒေါက်တာမနွေးနွေးကို ဆွဲလားကိုင်လား လုပ်တယ်၊ ဒါကို ဝင်ပြောတဲ့ အောင်မြင့်စောကို အသေပစ်သတ်ဖို့ ကြိုးစားတယ်။ အဲဒီအချိန်မှာ နေမင်းက သူ့တပည့် အိုက်ပန်က အောင်မြင့်စောကို မပစ်နိုင်အောင် အိုက်ပန်ရဲ့ လက်မောင်းကို ဝင်ပစ်ပေးတယ်။ အိုက်ပန်က ဒါကို အငြိုးထားပြီး ဆွေးနွေးပွဲလုပ်နေတုန်း နေမင်းရဲ့နောက်ကျောကို သေနတ်နဲ့လှမ်းပစ်တယ်။ နေမင်း အရှောင်အတိမ်းသွက်လို့ နေမင်းကို မထိဘူး။ ဒီမှာတင် နေမင်းက အိမ်ပေါ်က ဆင်းလာပြီး အိုက်ပန်နောက်ကို လိုက်တယ်။ အိုက်ပန် ထွက်မပြေးနိုင်အောင် ပေါင်ကို ပထမပစ်တယ်။ အိုက်ပန်က လဲကျရာက ထထိုင်ပြီး သူ့ရိုင်ဖယ်နဲ့ နေမင်းကို ပစ်ဖို့ မောင်းတင် ခလုတ်ဆွဲချိန်မှာ နေမင်းက အိုက်ပန်ရဲ့ ရင်ဘတ်ကို ပစ်လို့ အိုက်ပန် သေသွားတယ်ဆိုတာတွေဟာ အောင်မြင့်စောရဲ့ မျက်မြင်ဖြစ်နေတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင် တစ်ယောက်တည်း မျက်မြင်မဟုတ်ပါဘူး ဦးဝေဇင်။ ရွာကလူတွေ တော်တော်များများကြီးပဲ အဲဒီလို ဖြစ်သွားတာ မျက်မြင်တွေပါ။ နွေးကိုယ်တိုင်လည်း ဒီလိုပဲ မြင်တွေ့ရတာ"

"အင်း ... ဒါဆိုရင်တော့ နေမင်း အပေါ် အပြစ်ပေးလို့ မရဘူးပေါ့။ တရားဥပဒေက မိမိအသက်ကို မိမိ ရှာကွယ် ပိုင်ခွင့် ရှိနေတာပဲ"

ကိုဝေဇင်၏ စကားကြောင့် နွေးနွေးမှာရင်အေး သွားရပါ၏။

"နွေးတို့အကြားပေါ့လေ ... နွေးတင်မဟုတ်ပါဘူး၊ ဒီမော် တောရွာကရော ပတ်ဝန်းကျင်ကျေးရွာတွေက ရွာသူ ရွာသားတွေ သိထားသလောက်တော့ ကိုနေမင်းဟာ ဘာနိုင်ငံရေးယုံကြည်ချက်မှ မရှိဘဲ အဲဒီသောင်းကျန်းသူအဖွဲ့ မှာ လခစား ဝင်လုပ်နေတာတဲ့။ သူ့တို့ တိုက်ခိုက်ရ တာတွေကို ဘာဝေစုမှ မယူဘဲ၊ သူ့လခကိုသာ မှန်မှန် ယူတာတဲ့။ နောက်ပြီး ရွာတွေကို ဝင်အနိုင်ကျင့်တဲ့အခါ ကိုနေမင်းက ဘယ်ရွာသူရွာသား တစ်ယောက်ကိုမှ ဝင်ပြီး အနိုင်မကျင့်ဘဲ ဘေးကပဲ ရပ်ကြည့်နေတာတဲ့ ဦးဝေဇင်။ သူ့တပည့်တွေ သိပ်လွန်လာရင်တောင် သူက ဝင်ပြီး တားမြစ်ဟန့်တားပေးတယ်လို့ ပြောကြတာပဲ။ အင်းပေါ့ လေ ... အဲဒါတွေက ဦးဝေဇင်တို့ တကယ်စုံစမ်းစစ်ဆေး လာရင် သိလာမှာတွေပါ"



"ဒေါက်တာမနွေးနွေး ကိုယ်တိုင်ရော အဲဒီကိုနေမင်းနဲ့ စကားတွေ ဘာတွေ ပြောဖူးသလား။ သူ့ကို ဒေါက်တာ ဘယ်လို အကဲခတ်မိသလဲ"

"ကိုနေမင်းနဲ့ ပြောဖူးပါတယ်။ လူက တည်တည်တံ့တံ့ လူစားမျိုးပဲ။ သူ တော်ထဲရောက်လာပြီး သောင်းကျန်းသူ ဘဝခံယူထားတာဟာ ကိုကောင်းမြတ်တို့နဲ့ ခံယူချက်ချင်း လုံးဝ မတူဘူးလို့ ထင်တာပဲ။ လခကောင်းကောင်းရလို့ အလုပ်ဝင်လုပ်တဲ့ သဘောမျိုး ထင်ပါရဲ့"

"အဲဒီလိုပဲ အောင်မြင့်စောကလည်း အခု ဒေါက်တာပြော သလိုပဲ ထင်မြင်ချက်ပေးတယ်။ အောင်မြင့်စောပြောလို့ ဒီ နေမင်းဟာ တမူထူးခြားနေသလားဆိုပြီး သူ့ဓာတ်ပုံကို ကျွန်တော် သေချာဆန်းစစ်ကြည့်တယ်။ သူ့ကို လူကိုယ်တိုင် ကျွန်တော် မြင်ဖူးထားတယ်လို့လည်း ဝိုးတဝါး မြင်တယ်။ ဘယ်နေရာမှာ ဘယ်လို မြင်ဖူးတယ်ဆိုတာတော့ ခုချိန်ထိ စဉ်းစားလို့ မပေါ်သေးဘူး။ ကျွန်တော် အေးအေးဆေးဆေး အားတဲ့အချိန်မှာ သူ့ပါးမြိုင်းမွေးတွေ၊ မုတ်ဆိတ်မွေးတွေ၊ နှုတ်ခမ်းမွေးတွေကို ဓာတ်ပုံပညာနဲ့ ဖယ်ရှားပြီး သူ့ပင်ကိုယ် မျက်နှာပေါ်လာအောင် ကြည့်မယ်လို့လည်း စိတ်ကူး ထားပါတယ်။ ကဲ ... စကားကောင်းနေတာ မော်တော် အထွက်နောက်ကျတော့မယ်။ ကျွန်တော့်ကို သွားခွင့်ပြုပါ ဒေါက်တာ။ အဲ ... အောင်မြင့်စောကို မှာစရာရှိမှာလိုက်ပါ။ သူနဲ့ ကျွန်တော်ဒီက အပြန်မှာ တွေ့ကြဦးမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"အထူးမှာစရာ မရှိပါဘူး ဦးဝေဇင်။ နွေးရဲ့ မော်တော်က ကိုအောင်နဲ့အတူ စပြီး ပျိုးထောင်ခဲ့တဲ့ ဆေးခန်းဟာ အခုဆို အထာကျ၊ အသားကျသွားပါပြီလို့၊ ကွမ်းခြံကုန်းက သူနာပြုဆရာမလေး နော်မူအေးလည်း ရောက်နေပါပြီ ဆိုတာလောက်ပဲ ကိုအောင့်ကို ပြောပြပေးပါ ဦးဝေဇင်"

ကိုဝေဇင် နှုတ်ဆက်ပြီး ပြန်သွားသည်။ ရာထူးကြောင့် ဦးတပ်ခေါ်ရသော်လည်း ကိုဝေဇင်မှာ အသက်အစိတ်အရွယ်တစ်ဦးသာ ရှိပါသေး၏။

ကိုဝေဇင် ပြန်သွားပြီးနောက် ကိုအောင်မြင့်စောပေးလိုက်သော စာကို ယူကာ နွေးနွေးသည် ဆေးခန်းမှ အိမ်ပြန်လာခဲ့သည်။ အိမ်တွင် ရေမိုးချိုး သနပ်ခါးလိမ်း ထမင်းနံ့နက်စာစားပြီးမှ ကိုအောင်မြင့်စောပေးလိုက်သော စာအိတ် ကော်ကပ်ပိတ်ကိုဖွင့်ကာ အိမ်ရှေ့တန်းလျားတွင် ထိုင်၍ ဖတ်ကြည့်သည်။

ချစ်ရပါသောနွေး

မတတ်သာလို့ ခပ်ခွာခွာ နေတဲ့အခြေအနေနဲ့ ကိုယ်နွေးတို့ မော်တောရွာက ထွက်ပြေးခဲ့ရတာပါ နွေး။

နွေးကို တစ်နေ့မှ မမေ့ပါဘူး။

ကိုယ် ရန်ကုန်ကို သိတင်းတစ်ပတ်နဲ့ ပြန်လာတာကို အဖြစ်မှန်မသိတဲ့ ဒက်ဒီနဲ့ မာမိက ဝမ်းသာကြတယ်။

ဆေးပညာတွေ သင်ကြားပြီး နိုင်ငံခြားမသွားရသေးမီ အလကား အချိန်တွေကုန်တယ်ဆိုပြီး ဒက်ဒီနဲ့မာမိက



ရွှေဘုံသာလမ်းမှာ 'မဝါ'နဲ့ တွဲပြီး ဆေးခန်းဖွင့်ပေးတယ် နွေး။

'မဝါ'ကို နွေး သိပြီးသားပါ။

နာမည်အရှည်က ဝါဝါခိုင်လေ။ ဝင်ဒါမီယာထဲမှာ နေတယ်။ မဝါရဲ့ မိဘတွေက အဆက်အသွယ်ကောင်းကြတယ်။ မဝါကို အက်(ဖ်)အာစီပီဘွဲ့ ထပ်ယူစေဖို့ ကြိုးစားနေကြတယ်။ မဝါရဲ့မိဘတွေနဲ့ ကိုယ့်ဒက်ဒီမာမိတို့ ခင်မင်ကြတယ်။

ကျောင်းမှာတုန်းကတော့ မဝါကို ကိုယ် ခပ်တန်းတန်းပဲ နေခဲ့တယ်။ ဒါလည်း နွေး အထင်လွဲမှာ စိုးလို့ပါ။

နွေးနဲ့မဝါနဲ့က သိပ်မခင်ကြဖူးလေ။ နွေးက အဆောင်ကျောင်းသူဆိုတော့ အဆောင်သူတွေနဲ့ပဲ အတွဲများတယ် မဟုတ်လား။

မဝါက ဒေးတက်တား ကိုယ်ပိုင်ကားနဲ့ ကိုယ့်လိုပဲ တက်ခဲ့တယ်မို့လား။

အဲဒါ ကိုယ် မော်တောက ပြန်လာပြီးမဝါတို့အိမ်မှာ ဘုရားကိုးဆူ ပူဇော်တာဖိတ်လို့ ဒက်ဒီမာမိက အတင်းခေါ်တာနဲ့ ကိုယ် လိုက်သွားတယ်။ အဲဒီမှာပဲ ကိုယ်ရော မဝါရော အလကားနေ အလကားပဲဆိုပြီး ကိုယ့်မိဘတွေနဲ့ မဝါမိဘတွေ ညှိနှိုင်းပြီး ရွှေဘုံသာလမ်းမှာ မဝါနဲ့ အတူ တွဲပြီး ကိုယ် ဆေးခန်းဖွင့်ဖြစ်သွားတယ်။

ဒါထက် နွေးကို ကိုယ် ပြောရဦးမယ် ...

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာ မမျှော်လင့်ဘဲ ကိုယ်နဲ့ ဟိုက်စကူးမှာ တုန်းက သိပ်တွဲခဲ့တဲ့ ငယ်သူငယ်ချင်းဝေဇင်နဲ့ ရုပ်ရှင်ရုံမှာ တွေ့ကြတယ်။ ငယ်သူငယ်ချင်းချင်းမို့ အဲဒီနေ့က ဟိုတယ်မှာ အတူသွားစားသောက်ကြရင်း ဝေဇင်ကလည်း သူ့အကြောင်းကိုယ့်ပြော၊ ကိုယ်ကလည်း ကိုယ့်အကြောင်း ဝေဇင့်ကို ပြောနဲ့ပေါ့ နွေး။

အဲဒီမှာ သူ မန္တလေးမှာ တာဝန်သုံးနှစ်ထမ်းဆောင်ပြီး ရာထူးတက် ရန်ကုန်ပြန်အလာ သူ့ကို တွဲဘေးတောကြီးဘက်မှာ ယာယီစခန်းဖွင့်ပြီး သောင်းကျန်းနှိမ်နင်းဖို့ အထူးတာဝန်ပေးခံရတယ် ဆိုတဲ့စကား ပါလာတယ်။ အဲဒီမှာ ကိုယ်လည်း အဲဒီ တွဲဘေးတောတန်းဘက်က မော်တောရွာကို ရောက်ခဲ့ဖူးတဲ့အကြောင်း ပြောရင်း နွေးနဲ့ ကိုယ်ခင်မင်မှုကိုလည်း ပြောပြတယ်။ ပြီး မော်တောမှာ ကိုယ်တွေ့ကြုံခဲ့ရသမျှတွေကိုလည်း ပြောပြတယ်။

မော်တောကို သွားကြတုန်းက ကိုယ်မှာ ကင်မရာအကောင်းစားတစ်လုံး ပါလာတာကို ကိုယ် မပြောဘဲ မြှုံနေမိတယ်။ ဒီကင်မရာက သိပ်တန်ဖိုးကြီးတော့ ဂက်(စ်)မီးခြစ်လို အသိမ်းခံရမှာစိုးပြီး ကိုယ် နွေးကိုတောင် မပြောဘဲ မြှုံထားမိတာပါ။

အဲ ... တစ်နေ့ နွေးတို့ အိမ်မှာ ဆေးခန်းပိတ်ပစ်ရေး ဆွေးနွေးကြတော့ ကိုယ့်ကို ပ,ထုတ်တာနဲ့ ကိုယ်အိပ်ခန်းထဲဝင်ခဲ့ရပြီး အိပ်ခန်းထဲက ပြတင်းပေါက်နည်းနည်း



ဟပြီး အဲဒီဆွေးနွေးပွဲက ကိုကောင်းမြတ်နဲ့ ကိုနေမင်းပုံကို အရယူရိုက်ခဲ့တယ်။ အဲဒီဓာတ်ပုံကို ရန်ကုန်ရောက် ဖလင်ဆေးပြီးကြည့်တော့ ကိုနေမင်းနဲ့ကိုကောင်းမြတ် ဓာတ်ပုံကို ထင်ထင်ရှားရှားရတယ်၊ အဲဒါကို ပို့စကတ်ဆိုက် ကူးထားတယ်။ အဲ ... စကားစပ်ပြောရင်း ကိုယ်က အဲဒီဓာတ်ပုံကို ဝေဇင့်ကို ပြတယ်။

ဝေဇင်က ပြောတယ်။ ကိုကောင်းမြတ်ကိုတော့ သူလုံးဝ မသိဘူးတဲ့၊ ဒါပေမယ့် ကိုနေမင်းရဲ့ မျက်နှာကိုတော့ သူ သိဖူးသလို မြင်ဖူးသလို မှတ်မိနေတယ်တဲ့။

နောက်တစ်နေ့ကျတော့ ဝေဇင်ဟာ ဓာတ်ပုံတစ်ခုယူလာပြီး ဒီဓာတ်ပုံကို ကြည့်စမ်း၊ မင်း မော်တောကရိုက်လာတဲ့ ဓာတ်ပုံထဲက ကိုနေမင်းနဲ့များ တူသလားလို့ တဲ့လေ။

ကိုယ် ဓာတ်ပုံကို ကြည့်တယ်။

ကိုနေမင်းနဲ့တော့ မျက်နှာပေါက်ချင်း တော်တော်တူတယ်။ ဒါပေမယ့် သူယူလာတဲ့ ဓာတ်ပုံထဲကလူက နုပျိုနေတယ်။ ပါးမြိုင်းမွေး မုတ်ဆိတ်မွေးတွေ မရှိဘူး။ ဆံပင်လည်း မရှည်ဘူး။

ကိုယ့်မျက်စိအမြင်မှာ ကိုနေမင်းနဲ့တော့ တူတယ်။ ဒါပေမယ့် စေဇဝါ တူပုံမျိုးပဲလို့ ပြောတော့ ... ဝေဇင်က ဒါဆို ဒီမှာကြည့် ... ငါပြမယ်ဆိုပြီး သူယူလာတဲ့ဓာတ်ပုံမှာ ကိုနေမင်းပုံပါအတိုင်း ပါးမြိုင်းမွေး မုတ်ဆိတ်မွေးတွေ

www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ရှည်တွေကို ခဲတံအကောင်းစားနဲ့ ဖြည့်စွက်ထည့်ရေးပြတယ်။ ဝေဇင်က ကျောင်းသားဘဝတည်းက ပန်းချီဆွဲဝါသနာသမားကိုး။

အံ့ဩစရာပဲ နွေး။

ဝေဇင် ခဲနဲ့ ဆွဲလိုက်တော့ သူယူလာတဲ့ပုံထဲက လူဟာ ကိုနေမင်းပုံနဲ့ သွားတူနေတယ်။

ဒီတော့ ကိုယ်က ဝေဇင့်ကို အဲဒီကိုနေမင်းကို မင်းသိလားလို့။

ကိုနေမင်းကို ငါ မသိကျွမ်းခဲ့ဘူးတဲ့။ ဒါပေမယ့် သူ့အကြောင်းကို ငါ သိထားတယ်တဲ့။ သူ့နာမည်အမှန်က ကိုနေမင်း မဟုတ်ဘူး။ တိုးတိုးတဲ့။ အဲဒီတိုးတိုးဟာ မန္တလေးဆေးတက္ကသိုလ်မှာတက်နေတဲ့ ဆေးကျောင်းသားတစ်ယောက် ဖြစ်ခဲ့တယ်တဲ့။

တိုးတိုးဟာ မန္တလေးမြို့တော်ခန်းမကြီးမှာ ကျင်းပတဲ့ မင်္ဂလာဧည့်ခံပွဲတစ်ခုက သတို့သမီးကို ဖြောင်သေနတ်နဲ့ ဝင်ပစ်ပြီး ထွက်ပြေးသွားတာတဲ့။

သတို့သမီးနာမည်က မေဥမ္မာတဲ့။

အဲဒီ မေဥမ္မာဆိုတဲ့ သတို့သမီးနဲ့ တိုးတိုးဟာ အတိတ်နောက်ကြောင်း တစ်ခုခု ရှိလို့နေမှာပေါ့ နွေး။ မေဥမ္မာကို သေနတ်နဲ့ပစ်ပြီး တိုးတိုးဟာ တောထဲသောင်းကျန်းသူနယ်မြေထဲ ဝင်သွားတယ်တဲ့။ ဒီအမှုကို မန္တလေးမှာ တာဝန်ကျနေတဲ့ ဝေဇင်တို့ ကိုင်ဖို့ အထက်က တာဝန်ပေး



အပ်ပေမယ့် သောင်းကျန်းသူနယ်မြေတောထဲ ဝင်သွားတဲ့ လူကို ဘယ်လိုလိုက်လို့ရတော့မလဲတဲ့။ သူ့နာမည် တိုးတိုးကနေပြီး နေမင်းလို့ ပြောင်းတာ တောထဲရောက်မှ ပြောင်းတဲ့နာမည် ဖြစ်မှာတဲ့။

အဲဒီအမှုကို ဝေဇင်က ရာထူးတက်ပြီး ရန်ကုန် ပြောင်းတော့ မန္တလေးစခန်းက သူ့နေရာကို ဝင်လာတဲ့ အရာရှိကို လွှဲအပ်ခဲ့ရတယ်လို့ ပြောတာပဲနွေး။

ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ နွေး။

ကိုနေမင်းဟာ ကိုယ့်ရဲ့ အသက်ရော နွေးရဲ့အသက်ကိုရော ကယ်တင်ခဲ့တဲ့ အသက်သခင်မို့ ဘယ်တော့မှ ကိုယ် ကျေးဇူးမမေ့ပါဘူး။

ကဲ ... နွေးရေ ... စာတော်တော်ရှည်သွားပြီ။ စိတ်ချရတဲ့ သူငယ်ချင်းဝေဇင်နဲ့ အကြုံပေးရတာမို့ အားရပါးကြီး ကိုယ်ရေးလိုက်တာပါ။

နွေးကို ကိုယ်ချစ်တာ သင်္ချာနဲ့သာတွက်ရင် ကုဋေကုဋာပေါင်း များစွာပါ။

နွေးကို သိပ်ချစ်တဲ့
ကိုယ်

နွေးသည် စာကို အစမှ အဆုံးဖတ်ပြီးသည့်တိုင်အောင် စာရွက်တွေကို ပြန်မခေါက်နိုင်သေးဘဲ ငူတူတူ ငိုင်တိုင်တိုင်နှင့်ပင် ဆက်ပြီး အိမ်ရှေ့တန်းလျားတွင် ထိုင်နေမိသည်။

www.burmeseclassic.com

www.burmeseclassic.com



တွေးနေမိသည်။

တိုးတိုး ဆိုသူသည် ဘာကြောင့် သတို့သမီး မေဥမ္မာကို သေနတ်နှင့် မင်္ဂလာပွဲထဲ ဝင်ပစ်ခဲ့သနည်း။

အသည်းမှာ စူးဝင်ခဲ့ဖူးသော ဆူးကို သေနတ်ဖြင့် ဆွဲနုတ်ခဲ့သည်များ ဖြစ်နေရော့သလား။

## ၁၂

မှော်တောရွာ၏ အရှေ့ဘက် တောစာန်းမနီးမဝေး တွင် ကိုဝေဇင်တို့ ရဲအဖွဲ့ ယာယီ အဆောက်အအုံသဲအိတ်ကာဖြင့် စခန်းလာဖွင့်သည်။

မှော်တောရွာထဲတွင် စခန်းမဖွင့်ပေ။

ကိုဝေဇင်သည် တည်ကြည်ဖြောင့်မတ်စည်းကမ်းရှိသော ရဲအရာရှိတစ်ဦးပါပေ။ သူ၏ အကြပ်တွေ ရဲသားတွေကို ရွာထဲသို့ စည်းမဲ့ကမ်းမဲ့ သွားရောက်ခွင့်မပြု။ ကိစ္စရှိမှလွှတ်သည်။

ရွာမှပေးသော ကြက်၊ ဝက် စသည်တို့ကိုလည်း မယူပေ။ သူတို့ရိက္ခာနှင့်သူတို့ စားကြသည်။

ကိုဝေဇင်သည် ကိုအောင်မြင့်စောနှင့် ပတ်သက်ပြီး ရွေးရွေးနှင့် သိကျွမ်းသူ ဖြစ်သွားစေကာမူ ခွေးခွေးထဲသို့ အကြောင်း ချိ မလာပေ။

www.burmeseclassic.com

www.burmeseclassic.com



သူ့တပည့်တွေသော်လည်းကောင်း၊ သူကိုယ်တိုင်သော်လည်းကောင်း နေထိုင်မကောင်းဖြစ်မှသာ နွေးနွေး၏ဆေးခန်းကို လာသည်။

ရွာအရှေ့ဘက် တောတန်းတွင် စခန်းချပြီးသည့်နေ့စပြီး သူတို့၏ တိုက်ကင်းသည် တောအနှံ့ သောင်းကျန်းသူများကိုလိုက်တိုက်ပေသည်။

ကျားလာ သမင်ပြေး။

ကြောင်လာ ကြွက်ပြေး။

ရဲအဖွဲ့က တံကယ်စခန်းချ တိုက်ခိုက်လာတော့လည်း သောင်းကျန်းသူတွေ တောနက်ရာမှ ပို၍ နက်သည့်တောထဲသို့ဝင်ပြေးကြသည်။

ယခင်ကလို ရွာထဲဝင်လိုက် ထွက်လိုက် တစ်ယောက်မျှ မရှိတော့ပေ။

ဒီအတွက် နွေးနွေးတွင် ခံစားမှုလေး • တစ်ခုရင်ထဲတွင် ခံစားနေရပါ၏။

နာနာကျင်ကျင်လေးကိုပင် ခံစားနေရခြင်း ဖြစ်သည်။

ကိုနေမင်း လုံးဝကြီးကို ပေါ်မလာတော့သောကြောင့်ပေ။

နွေးနွေး ကိုနေမင်းကို အရမ်းတွေ့ချင်နေသည်။

ရင်တွင်းမှ သူ့ဟာသူ ဖြစ်ပေါ်လာသော နှလုံးသားမေတ္တာဆိုသည်ကလည်း အခက်သား။



အထူးသဖြင့် မိန်းမသားတို့၏ နှလုံးသားမေတ္တာသည် ခိုင်မာစွဲမြဲလွန်းတတ်သည်။

ယောကျ်ားသားတို့၏ နှလုံးသားမေတ္တာကမှ လက်ဝဲဆလပြင်းတိုက်လျှင် လက်ယာယိမ်းသေးသည်။

မိန်းမသားတစ်ယောက်အဖို့ ရင်ထဲနှလုံးသားထဲက ချစ်လာမိပြီဆိုလျှင် အမြစ်ကကျွတ်ပြီး အပင်ကြီးလဲချင်လဲပလေ့စေ၊ မုန်တိုင်းဒဏ်ကို ကြံ့ကြံ့ခံတတ်သည်။

ဘယ်တိုက်၍ ညာမယိမ်း။

ညာလေတိုက်၍ ဘယ်မယိမ်း။

အထူးသဖြင့် ယခုအရွယ်အထိ နှလုံးသားမေတ္တာနှင့် ပတ်သက်၍ ယခင်က တစ်ကြိမ်တစ်ခါမှ မလှုပ်ရှားမိဘဲ ယခုမှ စတင် နှလုံးသားလှုပ်ရှားသော နွေးနွေးလို မိန်းမသားမှာမှ၍ ဒဏ်ရာရတတ်သည်။

နွေးနွေး ရင်ထဲနှလုံးထဲက ကိုနေမင်းကို တကယ့်ကိုချစ်မိလေပြီကော။

ဘာကြောင့် ကိုနေမင်းကို မိမိက ချစ်သွားမှန်းလည်း ကိုယ့်ဟာကိုယ် မသိ။

တကယ်တမ်း နွေးနွေး ချစ်သင့်ပြီး လက်ထပ်သင့်သူမှာ ကိုအောင်ခေါ် ဒေါက်တာအောင်မြင့်စော ဖြစ်သည်။

သို့သော် ...

ဒေါက်တာအောင်မြင့်စော အပေါ်တွင် နွေးနွေး၏

www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားထဲမှ အချစ်ကောင်လေးက ဘယ်လို နှိုးနှိုး မနိုး၊ လှုပ်နှိုးမရ။ ယမ်းနှိုးမရ။ ပေကပ်ပြီး အိပ်မောကျနေလိုက်သည်။

နွေးနွေး၏ ဦးနှောက်က ဒေါက်တာအောင်မြင့်အော အား ချစ်စေရန် မဲတင်းပေးသည်။ ချိန်ခွင်လျှာ ထွက်ခိုင်း မရပါလေ။

ကိုနေမင်းကျတော့ ဘာကဘယ်လို မိမိ နှလုံးသား ထဲက အချစ်ကောင်လေးက ဘယ်သူမှ လှုပ်မနှိုး ယမ်းမနှိုးပါဘဲ လျက် သူ့ဟာသူ အိပ်မောကျရာမှ ကမန်းကတန်း ပြူးတူးပြဲ နိုးလာသည်။ မတ်တတ်ရပ်လာသည်။ လက်နှစ်ဖက်ဆန့်တန်းပြီး တောင်းခံလာသည်။

ချစ်ခြင်းအစ မျက်စိက (Love at First Sight) ဆို သည့် သီးဆောင်းစကားတစ်ခုက မှန်သင့်သလောက်မှန်ပါလေ၏။

မျက်စိက မြင်လိုက်သည်နှင့် ဦးနှောက်သို့အော နှလုံးသားချစ်ကောင်လေးသို့ရော သတင်းပို့လိုက်သည်။

ထိုရောအခါ ...

ဦးနှောက်ကလည်း အဆုံးအဖြတ်ပေးသည်။

နှလုံးသားကလည်း အဆုံးအဖြတ်ပေးသည်။

ဤမှာပင် ဦးနှောက်နှင့် နှလုံးသားတို့သည် လယ်ပြင် တွင် ဆင်နှင့်ကျား တိုက်ပွဲဝင်တော့သည်။

နွေးနွေးအဖို့ ဦးနှောက်ပိုင်းကို နှလုံးသားပိုင်း အနိုင်ယူပေပြီ။



ကိုနေမင်းကိုသာ နွေး ချစ်သည်။

ကိုနေမင်းကိုသာ နွေး လက်ထပ်လိုသည်။

"မိန်းမကြိုက်တော့ မျှော်လိုက်ခါ" ဆိုသလို နေ့ရှိ သရွေ့ ကိုနေမင်းကို နွေး မျှော်နေသည်။

ယခုမူ ကိုဇော်ဇင်တို့အဖွဲ့ ရောက်လာစခန်းချ တိုက်ခိုက်ခြင်းဖြင့် ကိုနေမင်းလည်း ဝေးရာသို့ ပြေးနေရပြီလား မပြောတတ်။ ပေါ်မလာတော့ပါပေ။ အလိမ္မာမြင်းကြီးကို ကျားကျား ယားယားစီးပြီး လာသည်ကိုသာ နွေးနွေး မျက်စိထဲတွင် တမ်းတမှန်းဆမြင်ယောင်နေရပါ၏။

သို့ဖြင့် တစ်နေဝင်ပြီး တစ်နေထွက်သောရက်တွေ တအိအိ ကုန်လွန်လာခဲ့တော့သည်။

ယနေ့ ...

နွားတွေ ကျောင်းရာမှ ရွာသို့ ပြန်သွားချိန်ဆည်းဆာ ညနေခင်းဝယ် အိမ်ရှေ့၌ နွားကျောင်းသားလေး ပေတလူ ရပ် လိုက်သည်ကို တွေ့ရပါ၏။

"ဗျို့ မမနွေး။ ဒီမှာဗျ စာပေးလိုက်လို့"

ပေတလူကရပ်ပြီး နွေးနွေးကို ခေါ်နေစဉ် ...

နွားတွေက ခြံဝင်လိုစိတ်ဖြင့် သူတို့ဟာသူတို့ ရွာ သို့ ဆက်သွားနေကြသည်။

"ဘယ်ကလဲ ပေတလူ၊ ဘယ်ကစာလဲ မင်းတို့ ကြီးတော်ကို ပေးခိုင်းတဲ့စာလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ဘူးဗျ။ အဲဒီလူကြီးက ကြီးတော်ရှိနေရင် ဒီစာကို မမနွေးကို မပေးနဲ့တော့တဲ့၊ ဆုတ်ပစ်လိုက်လို့တောင် မှာသေးတယ်။ မမနွေးကို သာ ပေးရမှာတဲ့ဗျ။ အဲဒီလူကြီး ဘုရားကြီးကျောင်းအပြင်က ဇရပ်ပေါ်မှာ အရက်သောက်နေတယ်"

"ဟဲ ... အဲဒီလူဟာ ဘယ်သူမှန်း နင် မသိဘူးလား ပေးတလူရဲ့"

"သိတယ်လေ ... ဟိုတလောတုန်းက ရွာထဲမှာ သူ့တပည့် အိုက်ပန်ကို ပစ်သတ်လိုက်တဲ့ တောထဲက မြင်းနဲ့လာတဲ့ လူကြီးလေဗျာ"

"အယ် ..."

"ရောဗျာ ... သူပေးလိုက်တဲ့စာ၊ ကျုပ် နွားတွေ ရှေ့က ထွက်သွားတာ တော်ကြာ တောင်တို့မြောက်တို့တွေ ဖြစ်ကုန်မယ်။ ချိုစောင်းကြီးက ဆိုးချင်တယ်"

စာကို အတင်းပေးပြီး ပေတလူ သူ့နွားတွေနောက်သို့ လိုက်သွားတော့သည်။

မျှော်တုန်းမျှော်ဆဲ ရောက်လာသော ကိုနေမင်း၏ စာမှန်းသိသည်နှင့် နွေးနွေးမှာ အလိုလို ရင်ခုန်လာရပြီး တုန်တုန်ယင်ယင်လက်လေးများဖြင့် စာကို ဖွင့်ဖတ်တော့သည်။

**နွေးနွေး**

**ဘုရားကြီးကျောင်းက ဇရပ်မှာ ကျုပ် စောင့်နေပါတယ်။ တမင် နွေးနွေးဆီ လာခဲ့တာပဲ ဆိုပါတော့။**



လာခဲ့ပါလား။ ပြောချင်တာလေးတွေ ပြောရအောင်လို့ပါ။

စိတ်ချ။ နွေးနွေး သဘောမတူရင် ကျုပ် မတော်မတရားစိတ်နဲ့ လက်ဖျားနဲ့တောင် နွေးနွေးကို မတို့ဘူး နွေးနွေး၊ မှဲ့တစ်ပေါက် မစွန်းစေရဘူး။

အဲဒါ ကတိစကားပါ။ ကျုပ်က လရောင်ကိုသာ ခံစားတာပါ။ လမင်းကိုတော့ မရယူလိုပါဘူး နွေးနွေး။

ကျုပ်

နွေးသည် ကိုနေမင်းစာကို ဖတ်ပြီးနောက် ကောင်းကင်ပြင်နှင့် ဝန်းကျင်ကို ကြည့်လိုက်သည်။

ပြီး ထိုင်ရမလို၊ ထရမလို ဂနာမငြိမ် ဖြစ်ရသည်။ သွားသင့် မသွားသင့် ချိန်ဆပြန်သည်။

နွားရိုင်းသွင်းချိန် ညနေဆည်းဆာသို့ ရောက်နေပြီ။

သူ အရက်တွေ သောက်လို့တဲ့။

တော်ကြာ အရက်မူးမူးနဲ့ ငါ့ကို ဟူသော အတွေးလေးငင်ပြီး နွေးနွေး ကျောကလေးတွန့်မိသည်။

မဝံ့မရဲ ဖြစ်ရလွန်းပါ၏။

အို ... သူ ဒီလို လူစားမျိုး မဟုတ်ပါဘူး။ သူ ခမ်းကားတယ်လို့ ဘယ်သူကမှလဲ ပြောသံ မကြားရဖူးဘူး။ နောက်ပြီး သူက တိတိကျကျ ကတိပေးတာပဲ။ လက်ဖျားနဲ့တောင် မတို့ဘူး၊ မှည့်တစ်ပေါက်မစွန်းစေရဘူးတဲ့။

www.burmeseclassic.com

www.burmeseclassic.com



လွန်ကြိုးနှစ်ဖက်စကို ဆွဲသလို ဖြစ်နေသည်။ အဇ္ဈတ္တ အတွင်းစိတ်ကိုက သွားချင်သည့်ကြိုးဘက် များနေသည်။

အို ... ငါ့ကို သူ မျှော်နေမှာပဲဟု ယတိပြတ် ဆုံးဖြတ်ပြီး စာရွက်ကို တရိုတသေ ပြန်ခေါက်သိမ်းဆည်းပြီးနောက် နွေးနွေးသည် အိမ်ပေါ်မှ ဆင်းလာခဲ့သည်။ ခြံတံခါးကို စေ့ရုံစေ့ထားခဲ့ပါ၏။

ဘုရားကြီးကျောင်း၏ အပြင်ဘက်ဇရပ်သို့ ရောက်သောအခါ နွေးနွေး ရင်မောသွားရတော့သည်။

ဇရပ်ကြီးမှာ မည်သူမျှမရှိဘဲ ဟောင်းလောင်း တွေ့ရသည်။

မြင်းကြီး အလိမ္မာကိုလည်း မတွေ့၊ ကိုနေမင်းကိုလည်း မတွေ့ရပါချေ။

ဇရပ်ထဲတွင် အရက်နံ့တော့ရသည်။

ပေတလူ ပြောခဲ့ရာတွင် ကိုနေမင်းသည် ဇရပ်ထဲတွင် အရက်သောက်နေသည်ဟု ပြောခဲ့သည်။ အရက်ပုလင်းလဲပြီး ဇရပ်ကြမ်းပြင်ပေါ် ကျခဲ့လေသောကြောင့် ယခု အရက်နံ့ရ သလား မပြောတတ်။

စာရပြီး ဒီနေရာလာဖို့ကို အချိန်အဆတွေနှင့် မ မရဲ ဖြစ်ခဲ့သည်။

ယခုလာချင်စိတ်က ပြင်းထန်လာသဖြင့် လာ တော့ ကိုနေမင်းကို မတွေ့ရသောကြောင့် နွေးနွေး ရင်ထဲတွင် ဟာတာတာကြီး ဖြစ်ရသည်။



ခဏစောင့်လို့မှ ကိုနေမင်း မလာပါက ပြန်ရုံပဲ ရှိသည်ဟု တွက်ခါ ယခင်မိမိနှင့် သူ ခြေတွဲလောင်းချထိုင်ခဲ့သည့် ဇရပ်၏ ဘောင်စွန်းတွင် နွေးနွေး ထိုင်ချလိုက်သည်။

ယင်းသို့ ထိုင်လေမှ ခြေတွဲလောင်းလေးအောက် မြေကြီးတွင် တုတ်နှင့် ခြစ်ရေးထားသော စာတန်းလေးနှစ်ကြောင်းကို နွေးနွေး တွေ့ရပြန်ပါ၏။

မွေးလွန်းသည့်ပန်း၊ မနမ်းဝံ့ပြီ၊
လှလွန်းသည့်ပန်း မလှမ်းဝံ့ပြီ။

ယင်းမြေခြစ်စာတန်းလေးနှစ်ကြောင်းကို နွေးနွေးသည် ငေးငေးစိုက်စိုက်လေး ကြည့်နေမိပါ၏။

ကိုနေမင်း ဒီကို လာမှန်း သေချာသွားသည်။ ဒီစာတန်းလေးနှစ်ကြောင်းကိုလည်း သူ့ရင်ထဲက ခံစားချက်အတိုင်း ရေးသွားမှန်း သိသာပါ၏။

မန္တလေးမှ မေဥမ္မာကိုပဲ ရည်ညွှန်းရေးခြင်းလော။ သို့မဟုတ် မိမိ နွေးနွေးကိုပင် ရည်ညွှန်း ရေးသားခြင်းပေလား။

နွေးနွေး ရင်ထဲက ယှိုက်လှဲစွာ သိချင်ပါ၏။

"နွေးနွေး"

တိုးတိုးနှင့် ညင်ညင်သာသာလေး ခေါ်လိုက်သံ ကြားရာဘက်သို့ နွေးနွေး ချာခနဲ လှည့်ကြည့်လိုက်သည်။

"ဟင် ... သူ ရှိနေသားပဲ။ နွေးက ပြန်သွားပြီ ထင်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



ကိုနေမင်းသည် ဘေးတွင် မားမားကြီး ရပ်နေပါ၏။ အလိမ္မာမြင်းကြီးက ထုံးစံအတိုင်း ကိုနေမင်းနောက်ပိုင်း၌ ရပ်နေသည်ကိုလည်း တွေ့ရသည်။

နွေးနွေး ထိုင်ရာမှ ထရပ်လိုက်သည်။

ကိုနေမင်းရှေ့ မျက်နှာချင်းဆိုင်လိုက်ပါ၏။ နွေးနွေး၏ပုံစံမှာ ပျောက်သွားသည့်အဖိုးတန် ပစ္စည်းတစ်ခု ပြန်တွေ့ရသဖြင့် ဝမ်းသာသော မျက်နှာလေးမျိုး ပေါ်လွင်နေသည်။ ကိုနေမင်း အသံကြားရပြီး ကိုနေမင်းကို ပြန်တွေ့ရသည်နှင့် နွေးနွေး၏ လက်နှစ်ဖက်သည် ကိုနေမင်း၏ လက်မောင်းများကိုပင် လှမ်းကိုင်တော့မလိုအထိ ဖြစ်သွားပေသည်။

ကိုနေမင်းသည် သူ၏ နှုတ်ခမ်းစုံကို ဖွင့်ဟပြီး ကျေနပ်စွာ ပြုံးသောအပြုံးကြောင့် ပုလဲစီတန်း သွားဖြူတန်းလေး ပေါ်လွင်လာသည်။

ယခု မြင်ရသော ကိုနေမင်း၏ အပြုံးမှာ ခါတိုင်းထက်ပင် အဆပေါင်းများစွာ ပို၍ နွေးနွေး မျက်စိထဲ ကြည့်ကောင်းပေသည်။

အကြောင်းမှု ...

ကိုနေမင်း၏ ပါးပြင်၊ နားထင်၊ မေးစေ့၊ နှုတ်ခမ်း ၎င်းအထက်တွင် အမြဲမည်းနက်စွာ လွှမ်းထားသော ပါးမြိုင်းမွေးတွေ၊ နှုတ်ခမ်းမွေးတွေ၊ မုတ်ဆိတ်မွေးတွေ လုံးဝမရှိပါလေတော့ပဲ ရိတ်ထားသောကြောင့် ထိုရိတ်ထားသည့်နေရာများတွင် စိမ်းဖျော့ဖျော့အရောင်လေး သန်းနေပေသည်။



အရှိန်းကြီးကို ကြည့်ကောင်းသွားပါ၏။

ကိုနေမင်း အများကြီး ပိုနုပျိုသွားသည်။

ယင်းသို့ နဂိုနုပျိုရုပ် ထွက်လာလေမှ နွေးနွေးနှင့် ကိုနေမင်း အသက်ချင်း မကွာလှကြောင်း သိသာလာပေသည်။

"ကျုပ် မပြန်ပါဘူး။ နွေးကို တွေ့ချင်လို့ တမင်တောင် အဝေးကြီးက စွန့်စားပြီး 'လာခဲ့တာပဲဟာ။ ဒါပေမယ့် နွေးလာတာကို အဝေးကြီးကတည်းက လှမ်းမြင်လို့ နွေးရဲ့ တကယ့်ရင်တွင်းအမှန်ကို သိချင်တာနဲ့ ကျုပ်ရော၊ အလိမ္မာကြီးပါ ကွယ်ရာမှာ ပုန်းနေပြီး နွေးကို အကဲခတ်ကြည့်နေတာပါ"

"ပုန်းနေရတယ် ဟုတ်လား။ သူက နွေးလာတာကို မြင်တာနဲ့ ဘာလို့ ပုန်းရတာလဲ ကို ... အဲ ... ကိုနေမင်း"

နွေးနွေး၏ နှလုံးသားချစ်စိတ်က သက်ရောက်နေပြီးသား ဖြစ်နေသောကြောင့် သူ့အား ယခင်ကလို 'ကိုနေမင်း' ဟု ခေါ်ရမည်ကိုပင် စိမ်းနေသည်ဟု ယူဆမိသောကြောင့် ဘယ်လိုခေါ်ရမည်မှန်း မသိဘဲ စကားထစ်သွားရခြင်း ဖြစ်ပေသည်။

"ကျုပ်ဟာ ကိုအောင်မြင့်စောနဲ့ဆိုရင် သက်တူရွယ်တူလောက် ရှိမှာပါ။ ကိုအောင်မြင့်စောက နွေးထက် အသက် နှစ်နှစ် သုံးနှစ် ပိုကြီးမယ် ထင်ပါရဲ့။ ဒါဆို ကျုပ်ကလည်း နွေးထက် နှစ်နှစ်သုံးနှစ်လောက် ပိုကြီးတော့ နွေးမှာ အစ်ကိုရှိရင် အစ်ကိုအရွယ်ပေါ့ နွေး။ ကျုပ်ကို "အစ်ကို" လို့ပဲ ခေါ်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



နွေးနွေး ပြုံးပြီး ခေါင်းညိတ်ပါ၏။

ကောင်းပါ၏။ အစ်ကိုဟု ခေါ်ခြင်းသည် ချစ်သူချင်းဖြစ်စေ ခေါ်၍ကောင်းပေသည်။ မကလက်၊ ဣန္ဒြေရသော အခေါ်လေးပင် ဖြစ်ပါ၏။

"ဒါဆို ထပ်မေးမယ်။ အစ်ကိုက နွေးကိုလာဖို့ ခေါ်တုန်းကခေါ်ပြီး နွေးကို အဝေးက လှမ်းမြင်မှ အစ်ကိုက ဘာလို့ ပုန်းလိုက်တာလဲ"

"ကိုယ် သိပ်သတိထားနေရပြီ နွေး။ ငါးစာထဲမှာ ငါးမျှားချိတ် ရှိနေမလားလို့ အမြဲ သတိထားနေရပြီ။ အခုဆိုရဲအဖွဲ့ဟာ မော်တောအနီးမှာပဲ စခန်းချပြီး တောထဲက ကိုယ်တို့ကို တရကြမ်း လိုက်တိုက်လို့ ပြေးနေရပြီလေ။ နွေးကို တွေ့ချင်လွန်းလို့သာ ဖွတ်တိုးပြီး လာခဲ့တာပါ"

"ဒါနဲ့ပဲ နွေးက ငါးစာဖြစ်ရောလား"

"ကိုယ့်အသက်လေးကို မသေစေချင်သေးတော့ အရာရာမှာ အန္တရာယ်ကို ကြိုတင်ရှောင်တိမ်းရတယ် နွေး။ ကိုယ် အားလုံးကြားထားတယ်လေ။ အခု ရဲအရာရှိ စခန်းခေါင်းဆောင် ကိုဝေဇင်ဟာ ပထမတစ်ခေါက်လာကတည်းက နွေးရဲ့ ဆေးခန်းမှာလာပြီး နွေးကို တွေ့သွားတာ တစ်နာရီလောက်ကြာတယ်လို့လေ။ ဒီတော့ သောင်းကျန်းခေါင်းဆောင် ကျုပ်ကို နွေးနဲ့မျှား မျှားပြီး ဖမ်းလေမလားဆိုတာ ကိုယ့်ဘက်က တွက်ထားရင် မမှားဘူးပေါ့"



"ဒါကျတော့ အစ်ကိုရဲ့စကားနဲ့ စိတ်ထားက နွေးအပေါ် ရက်စက်လွန်းတယ်။ နွေးက ငါးစာအဖြစ်ခံပြီး ငါးမျှားချိတ်မှာ အချိတ်ခံမှာတဲ့လား။ အစ်ကို့ကို ငါးမျှားချိတ်အစူးခံပါ့မလား။ ဒါ နွေးရဲ့ မေတ္တာကို အစ်ကို စော်ကားတာ"

"အဲဒီလို မဟုတ်ဘူးလေ နွေး။ ကိုဝေဇင်ရဲ့ ငါးစာ၊ ကိုဝေဇင်ရဲ့ တယ်ကြက်သဘောမျိုး မဟုတ်။ ကိုယ်ပြောတာကနွေးနဲ့ကိုယ် အဆက်အသွယ် ရှိနေတာကို ကိုဝေဇင်က သိနေတယ်။ ဒီတော့ နွေးကို စောင့်ကြည့်နေမယ်။ နွေးကိုယ့်ဆီလာတာကို နောက်က လိုက်လာနိုင်တဲ့ သဘောမျိုး ပြောတာပါ နွေး"

"တစ်ခါတုန်းကတော့ ကိုဝေဇင် နွေးရဲ့ ဆေးခန်းကို လာဖူးတယ်။ တစ်နာရီလောက် ကြာအောင်လည်း စကားတွေ ပြောသွားတယ်၊ နွေးဆီကို တမင်သက်သက်လာတာမျိုး မဟုတ်ဘူး။ ကိုဝေဇင်နဲ့ ကိုအောင်ဟာ ဟိုက်စကူးတစ်လျှောက်မှာ အတူတူနေလာခဲ့တဲ့ ငယ်သူငယ်ချင်းတွေတဲ့။ အသီးသီး ဆယ်တန်းအောင်ကြတော့ ကိုအောင်က ဆေးတက္ကသိုလ်တက်ခွင့်ရတယ်။ ကိုဝေဇင်ကတော့ ရိုးရိုးဝိဇ္ဇာသိပ္ပံ တက်ခွင့်သာရပြီး ဘွဲ့ရတာနဲ့ ရဲအဖွဲ့ထဲဝင်ခဲ့တာလို့ ပြောတယ်။ ကိုဝေဇင် ရာထူးတက်ပြီး မန္တလေးကပြောင်းရွှေ့လာရာမှာ တွဲတေးတောကြီးတန်းတစ်ဝိုက်မှာ အထက်က ယာယီစခန်းမှူးတာဝန် ချပေးတယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်နဲ့တွေ့ပြီး ကိုအောင်သိလို့ မော်တောအဝင် ဆိုပြီးကိုဝေဇင့်လူကြုံနဲ့ နွေးဆီကိုပေးတဲ့စာ ကိုဝေဇင် ပေးလာတာပဲ အစ်ကို။ ဒီနောက်တော့ ကိုဝေဇင် နွေးဆီ ကို နောက်ထပ် တစ်ခါမှ မလာပါဘူး။ ကဲပါလေ ... အဲဒါတွေ ထားလိုက်ပါ၊ အစ်ကို နွေးကို ဒီလာဖို့ စာရေး ခေါ်တာ ဘာပြောစရာရှိလို့လဲ။ ဘာပဲဖြစ်ဖြစ် ဒီနေ့ အစ်ကို့ကို နွေးမြင်ရတာ အရမ်းကြည့်ကောင်းနေတာပဲ"

"ဟုတ်တယ် ... ကိုယ် ဒီလာကာနီးမှ နွေးနဲ့ တွေ့ရတော့ မယ်ဆိုပြီး မုတ်ဆိတ်မွေးတွေ ဘာတွေ အားလုံး ရိတ်ပစ် လိုက်တာ။ အခြေအနေကောင်းမှ ဦးရွှေနိုင်ကြီးဆီမှာ ဒီဆံပင်ရှည်ကြီးကို ညှပ်ရဦးမယ်"

"ထိုင်ကြစို့အစ်ကို ... မတ်တတ်ကြီး ညောင်းပါတယ်"

နှစ်ဦးသား တစ်ပေခန့်ခွာပြီး ဇရပ်၏ဘောင်ခံ ပန်းတွင် ခြေတွဲလွှဲချထိုင်သည်နှင့် မြေကြီးပေါ်တွင် ခြစ်ရေးထား သောစာနှစ်ကြောင်းဆီသို့ နွေး ပြန်ကြည့်မိပြန်သည်။

"အဲဒီစာနှစ်ကြောင်းဟာ အစ်ကို ဘယ်သူ့ကို ရည်ရွယ်ပြီး ရေးထားတာလဲ။ မေဥမ္မာကို ရည်ရွယ်ပြီး ရေးထားတာလား အစ်ကို"

"အာ ... မေဥမ္မာ ဟုတ်လား နွေး"

မေဥမ္မာအမည်ကို ထုတ်ပြောလိုက်သည်နှင့် အစ်ကို နေမင်း တုန်လှုပ်သွားသည်ကို နွေး အကဲခတ်မိလိုက်ပါ၏။

သို့သော် တဒင်္ဂမျှသာ။



ချက်ချင်းပင် အစ်ကိုနေမင်း၏ မျက်နှာသည် နဂို ပုံမှန်အနေအထားသို့ ပြောင်းသွားပါ၏။

"သြော် ... သြော် ... နွေးက မေဥမ္မာကိုတောင် သိနေပြီကိုး၊ ဘာလဲ နွေး၊ ကိုဝေဇင်က ကိုယ့်အကြောင်း တွေ ပြောပြလို့ နွေးသိတာ မဟုတ်လား။ ကိုယ်လည်း ကိုဝေဇင်ကို အဝေးကြီးက မှန်ဘီလူးနဲ့ လှမ်းကြည့်ဖူးတယ်၊ ကိုယ့်စိတ်ထဲမှာ ကိုဝေဇင်ကို မြင်ဖူးသလိုလိုပဲ။ အခု နွေးက မေဥမ္မာလို့ ပြောမှ ရဲအရာရှိတစ်ယောက်အနေနဲ့ ကိုယ် မြင်ခဲ့ဖူးတာပဲ ဖြစ်မယ်။ သူ မန္တလေးမှာ တာဝန်ကျ ခဲ့ဖူးတယ် မဟုတ်လား နွေး"

နွေးက ဦးခေါင်းလေးကို ညင်သာစွာ ညိတ်ပြလိုက် ပါ၏။

"အင်းပေါ့လေ ... ရာဇဝတ်မှုကျူးလွန်ထားတဲ့ ဝရမ်းပြေး တစ်ယောက်ရဲ့ မှတ်တမ်းဟာ သက်ဆိုင်ရာရဲ့အဖွဲ့မှာ ရှိနေစမြဲပဲ။ ဒါဆို ကိုဝေဇင် နွေးဆီလာတဲ့အခေါက်က မန္တလေးက အကြောင်းတွေ ပြောပြလို့ မေဥမ္မာဆိုတဲ့ နာမည်ကို နွေး သိရတာ မဟုတ်လား"

"ဟင့်အင်း ... မဟုတ်ဘူး။ နွေးနဲ့ ကိုဝေဇင်ဟာ သူစိမ်းပြင် ပြင်ပဲဟာ။ သူ့အလုပ်ကိစ္စတွေနဲ့ ပတ်သက်ပြီး နွေးကို ဘယ်ပြောမလဲ။ နွေး အစ်ကို့အကြောင်းတွေကို သိရတာက ကိုဝေဇင်နဲ့ လူကြုံ ပေးလိုက်တဲ့ ကိုအောင်မြင့်စာရဲ့ စာ အထူကြီးကို ဖတ်ပြီးမှ သိရတာပါ။ သူ့စာထဲမှာ အစ်ကို့

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းတွေပါတယ်လေ။ အကောင်းတွေကို ရေးပြတာပါ။ ရော့ ... အစ်ကို ဖတ်ကြည့်"

နွေးက အသင့်ပါလာသော စာအိတ်ကို ပေးလိုက်ရာ အစ်ကို နေမင်းက ဖွင့်ပြီး ဖတ်ပေသည်။

အစမှ အဆုံးထိ ဖတ်သည်။ ဖတ်ပြီးသည်နှင့် စာရွက်များကို ညီညီညာညာ ထားပြီး၊ သူ့နဂိုခေါက်ရိုးအတိုင်း ခေါက်ခါ စာအိတ်ထဲ ပြန်ထည့်၍ နွေးကို ပြန်ပေးလိုက်သည်။

နွေးက စာဖတ်ပြီးသွားသော အစ်ကိုနေမင်း တစ်ခုခု ပြောမည်ကို နားစွင့်နေမိသည်။

ကိုနေမင်းက ဆေးပေါ့လိပ်အသေးစားတစ်လိပ်ကို သူ့အင်္ကျီအိတ်မှ ထုတ်ပြီး မီးညှိကာ ရှိုက်ဖွာနေသည်။

ဘာဆို ဘာတစ်ခွန်းမှ မပြောပေ။

"အစ်ကို"

"နွေး"

"စာဖတ်ပြီးပြီပဲ။ တစ်ခုခု ပြောလေ"

ကိုနေမင်း ရယ်ပါ၏။ မရယ်လိုပါပဲလျက် တမင် ရယ်မှန်း သိသာသည်။

"ကိုအောင်မြင့်စောက စာထဲမှာ ရေးထားတယ်။ နွေးကို ချစ်ရတာ သင်္ချာနဲ့တွက်ရင် ကုဋေကုဋာပေါင်းများစွာလို့ ပါတယ် နွေး။ သူ့ခများ နွေးကို တော်တော်ကြီး ချစ်ရှာတာပဲ၊ သူနဲ့နွေးဟာ အင်မတန်လည်း လျော်ကန်ရုံမက လိုက်လည်းလိုက်ဖက်ပါတယ်၊ နေနဲ့လ ရွှေနဲ့မြပါပဲ"



"အို ... အစ်ကိုက ဘာမှန်းလဲ မသိဘူး။ အဲဒီစာထဲက အဲဒါကို အစ်ကို ဖတ်စေချင်လို့ နွေးက ပေးတာမှ မဟုတ်တာ။ ဒီစာကို အစ်ကို ဖတ်ပြီး မန္တလေးက မေဥမ္မာ အကြောင်း အစ်ကို့ဆီက ထွက်လာတဲ့စကားကို နွေး နားနဲ့ ကြားချင်လို့ ပေးဖတ်တာ"

"မေဥမ္မာရဲ့အကြောင်း ဟုတ်လား"

"ဟုတ်တယ်၊ မေဥမ္မာနဲ့အစ်ကို မန္တလေးမှာ ဖြစ်ခဲ့တာတွေကို နွေး သိချင်တာ"

ကိုနေမင်း ချက်ချင်း မပြောသေးပေ။ ဆေးပေါ့လိပ်ကို ရှူဖွာပြီး မီးခိုးများကို မှုတ်ထုတ်လိုက်သည်။

"ဖြစ်ရိုးဖြစ်စဉ် ဖြစ်ခဲ့တာပါပဲ နွေး။ တွေ့ကြတယ်၊ ကြိုက်ကြတယ်၊ ချစ်ကြတယ်ပေါ့။ မန္တလေးသိပ္ပံဝိဇ္ဇာမှာ သူကဟက်တယ်၊ ကိုယ်က မန္တလေးဆေးတက္ကသိုလ်မှာ တက်ရင်း အကြောင်းအပေါင်းသင့်ပြီး မေဥမ္မာနဲ့ကိုယ် တွေ့ကြတယ်။ တွေ့ရာက နှစ်ဦးသဘောတူ ကြိုက် ချစ်ကြတယ်။ မေဥမ္မာရဲ့ ပထမနှစ်ကစပြီး ဖိုင်နယ်အထိ သူနဲ့ကိုယ် တပူးတွဲတွဲပေါ့။ ဒါ ဖြစ်ရိုးဖြစ်စဉ် ဇာတ်လမ်းပါ။ ဇာတ်သိမ်းကောင်းတဲ့ ဇာတ်လမ်းမျိုးကျတော့ နှစ်ယောက်သား ပညာပြည့်စုံ၊ မိဘသဘောတူ လက်ထပ်ကြလေသတည်း ဖြစ်မှာပေါ့လေ။ အဲ ... ဇာတ်လမ်းက အလွမ်းဇာတ်ကြီး ဆိုရင်တော့လည်း အဲဒီနောက်ပိုင်းမှာ မိဘတွေ သဘောမတူတာရော၊ တခြား အကြောင်းတွေရောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနှစ်ဦး ရင်နာနာနဲ့ ခွဲခွာရလေသတည်း ဖြစ်တယ်ပေါ့ နွေး။ အဲဒီအထိတော့ မေဥမ္မာနဲ့ကိုယ်ဟာ ဖြစ်စီရီးဖြစ်စဉ် ဇာတ်လမ်းထဲမှာပါပဲ။ မလွဲသာ ခွဲခွာဇာတ်လမ်းလေ။ ဒါပေမယ့် ကိုယ်နဲ့ မေဥမ္မာရဲ့ ဇာတ်ကတော့ ဇာတ်သိမ်းကြမ်းသွားတယ်"

"ဘယ်လို ကြမ်းသွားတာလဲအစ်ကို"

"ဘယ်လိုကြမ်းသွားတယ်ဆိုတာ ဒီပြင်တခြားလူတစ်ယောက်ကမေးရင် ကိုယ်ဖြေမှာ မဟုတ်ဘူး။ ဒါပေမယ့် နွေးကျတော့ ကိုယ်က ဖြေရမယ်။ နွေး ဘဝင်ရှင်းအောင် အဖြစ်မှန်ဇာတ်ကြမ်းကို ပြောရမယ်။ ဘာလို့လဲဆိုတော့ နွေးကို ကိုယ် ချစ်နေတာကိုး"

"ဆက်ပြောလေ အစ်ကို"

"ဆက်ပြောရရင် ကိုယ်က ဘာကောင်။ မေဥမ္မာက ဘယ်လိုအမျိုးသမီး ဆိုတာကို ထည့်ပြောမှ ပြည့်စုံမယ်။ အဲ ... ကိုယ်က တောင်ငူနားက သံတောင်မြို့က တောင်ပေါ်သားတစ်ယောက်ပါ။ ကရင်ဗမာကပြားလေ။ ကိုယ့်အမေက သိပ်ချောသိပ်လှတဲ့ ကရင်အမျိုးသမီး။ အခု နွေးချောသလို လှသလို ကိုယ့်အမေကလည်း လှတယ် ချောတယ်။ ကိုယ့် အဖေကတော့ ထောင်ထောင်မောင်းမောင်း ကျားကျားယားယားနဲ့ သိပ်မြန်မာဆန်တဲ့ ဗမာလူမျိုးကြီး"

"သြော် ... သြော် ... ဒါကြောင့် အစ်ကို့မျက်နှာက မိခင်ဘက်လိုက်ပြီး ကိုယ်ထည်ကျတော့ ဖခင်ဘက်လိုက်သွားတာကိုး။ အဲဒီတော့ ... ဘာဖြစ်လဲ ... ဆက်ပြော အစ်ကို"



"ကိုယ် ဆယ်တန်းဖြေတဲ့နှစ်မှာပဲ ကိုယ့်မေမေနဲ့ ကိုယ့်ဖေဖေဟာ သံတောင်က တောင်ငူကို ကိစ္စတစ်ခုရှိလို့ ကားနဲ့သွားရင်း ကားဘရိတ်ပေါက် ဘီးချော်ပြီး တောင်အောက်ကို ကျသွားခဲ့တယ်။ ကားထဲပါသမျှလူတွေ သေတယ်။ ဖေဖေနဲ့ မေမေလည်း သေတာပေါ့ နွေး"

"အစ်ကို့မိဘနှစ်ပါးအတွက် နွေး စိတ်မကောင်း ဖြစ်ရပါတယ် အစ်ကို"

"ကံတရားပေါ့ နွေး။ ဖေဖေနဲ့ မေမေ သေသွားတော့ ကိုယ့်ကို မေမေ့ရဲ့ အစ်ကိုရင်း ကိုယ့်ရဲ့ဘကြီး စောလူထော်က ဆက်ပြီးမွေးတယ်။ ဘကြီးစောလူထော်က သံတောင်ရဲ့ အရှေ့ဘက် တောကြီးထဲမှာ ခြံစိုက်တယ်၊ အမဲလိုက်တယ်၊ သူက လူမျိုးကြီး။ အစ်ကိုကလည်း အမဲလိုက် ဝါသနာပါလို့ ဆယ်ဇနှစ်သား အရွယ်တည်းက တောထဲက ဘကြီးဆီ ကျောင်းရက်ရှည်ပိတ်တိုင်း သွားတယ်၊ ဘကြီးနဲ့အတူ အမဲလိုက်တယ်၊ ဘကြီးက ကိုယ့်ကို အဲဒီဆယ်နှစ်သား အရွယ်ထဲက ဒူးလေးပစ်နဲ့ သေနတ်ပစ် သင်ပေးတယ်။ အမဲလိုက် သင်ပေးတယ်၊ သူနဲ့အတူ အမဲလိုက်စေတယ် ...

"ဒါကြောင့် အဲဒီအရွယ်တည်းက ကိုယ်ဟာ အပစ်အခတ် သိပ်ဝါသနာပါတယ်၊ အဲဒီဘက်မှာ အစ်ကို့ပါရမီကလည်း ထူးချွန်တယ်၊ အစ်ကို မှဆိုးလုပ်ပြီးလိုက်တဲ့ သားကောင်ဟာ ဘယ်တော့မှ လွတ်မသွားစေရဘူး၊ အရှင်

www.burmeseclassic.com

www.burmeseclassic.com



မိအောင်လိုက်ဆို အံ့ရှင်မိအောင် လိုက်နိုင်တယ်၊ အသေဆိုလည်း အသေရတယ်။ ဒီလိုနဲ့ အစ်ကို သံတောင်ကပဲ ဆယ်တန်းအောင်တယ်။ အောင်တာမှ ဆေးတက္ကသိုလ်ဝင်ခွင့်ရတဲ့ အမှတ်နဲ့ အောင်တယ်။ ဒီသုံးခုပါတယ်။ အစ်ကို ဆန္ဒက မန္တလေးသွားပြီး ဆက်မတက်ချင်ပါဘူး။ ဒါပေမယ့် ဘကြီးထော်က လူလေးသွားတက်ပါ။ ငါတို့ အမျိုးထဲမှာ ဆရာဝန်တစ်ယောက်မှ မရှိဘူး၊ ဘကြီး ဂုဏ်ယူချင်တယ်၊ လူလေး ဆက်တက်ပါ၊ ကုန်ကျစရိတ်အားလုံး ဘကြီးတတ်နိုင်တယ်။ ဘကြီးက လူပျိုကြီးဆိုတော့ ဘကြီးရှာသမျှ လူလေးအတွက်ချည်းပဲဆိုပြီး ဇွတ်တက်ခိုင်းလို့ မန္တလေး ဆေးတက္ကသိုလ်မှာ တက်ခဲ့တယ်။ ဘကြီးထော်က သူ့ခြံထွက်သီးနှံတွေ၊ အမဲလိုက်လို့ရတဲ့ အစိုအခြောက် အသားတွေကို ရောင်းချပြီး ကိုယ့်ကျောင်းစရိတ်ကို ထောက်ပံ့နိုင်ခဲ့ပါတယ် ...

"မန္တလေးတက္ကသိုလ်နယ်မြေမှာ ကိုယ်ဟာ သံတောင်ကလာတဲ့ ကရင်ဗမာကပြား နုနုထွားထွားဟာ မန္တလေးသူ မန္တလေးသားတွေရဲ့ မျက်စိမှာ အမြင်ထူးခြားပြီး စိတ်ဝင်စား ချစ်ခင်ခံရတဲ့ ကျောင်းသားတစ်ဦး ဖြစ်ခဲ့တယ်။ ဒီအထဲမှာ ကိုယ်က ဘောလုံးကန် ဘောလီဘောပုတ်၊ အပြေး အလွှား အားကစားပွဲတွေမှာ သိပ်ထူးချွန်တယ်၊ ငယ်ငယ်တည်းက ဘကြီးထော်နဲ့ တောင်တွေ တောတွေထဲမှာ ကျင့်သားရလာတော့ သူများထက် အကြမ်းခံနိုင်တယ်။



ဒီတော့ တက္ကသိုလ်ပေါင်းစုံ ယှဉ်ပြိုင်ပွဲတွေ ဖြစ်လာရင် ကိုယ်ပါတဲ့ပွဲဟာ နိုင်တယ်၊ ကိုယ်မပါတဲ့အခါ ရှုံးတယ်။ အဲဒီမှာ ကျောင်းသားကျောင်းသူ လောကမှာ ကိုယ် မျက်နှာပွင့်တယ်ပြောကြပါစို့ နွေး။ ကိုယ်ဟာ မန္တလေးတက္ကသိုလ် တစ်ဝိုက်မှာ မျက်နှာပွင့်ခဲ့တယ်"

တက္ကသိုလ်အကြောင်း ပြောရာ၌ နွေးနွေး ကိုယ်တိုင် တက္ကသိုလ်တွင်,(၇)နှစ်နေလာသူမို့ အစ်ကိုနေမင်း ပြောသမျှ သဘောပေါက်ပါ၏။

အစ်ကိုသည် ရုပ်ကလည်းချော။ အဘက်ဘက်က လည်း တော်လာသည့်အခါ တက္ကသိုလ်များ လောကတွင် ပေါ်ပြူလာ ဖြစ်လာသည်မျိုးမှာ အဆန်းမဟုတ်ပါလေ။

"ကိုယ်က မိတ်ဖွဲ့တာ မဟုတ်ပါဘူး။ မေဥမ္မာက ကိုယ့်သူငယ်ချင်းကတစ်ဆင့် ကိုယ့်ကို မိတ်ဖွဲ့စေတာပါ နွေး။ တက္ကသိုလ်ချင်းလည်း မတူကြတော့ မေဥမ္မာကို ကိုယ် သိမြင်ဖူး တွေ့မြင်ဖူးတာမျိုးလည်း မရှိပါဘူး။ အများထဲက တစ်ယောက်အနေမျိုးသာပါ"

"မေဥမ္မာဆိုတဲ့ နာမည်လေးက တစ်မျိုး ချစ်စရာလေးပဲ နော် အစ်ကို၊ ချောကော မေဥမ္မာ ချောသလားဟင်"

"ချောသားပဲ ... ရုပ်ရှင်မင်းသမီးတွေ အဆိုတော်တွေ ချောနည်းမျိုး ချောတယ်၊ အပြင်အဆင်နဲ့ အခြယ်အသကလည်း ပိုက်ဆံတတ်နိုင်တော့ ရုပ်ရှင်အဆိုတော်တွေ ပြင်သလို ပြင်ပြီး ခြယ်သတော့ ချောတာပေါ့။ တော်တော်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကောင်းပါတယ်၊ မိဘကလည်း မန္တလေးမှာ လူချမ်းသာစာရင်းဝင်အောင် ချမ်းသာတယ်။ ဒီလောက် ချမ်းသာတော့လည်း မေဥမ္မာဟာ သိပ်ချော သိပ်လှတယ်လို့ ပြောရင် ရတော့မှာပေါ့”

“ဘာဆိုင်လဲ အစ်ကို၊ ချောတာ လှတာနဲ့ ချမ်းသာတာနဲ့ဟာ ဆိုင်မလား”

“ဆိုင်တာပေါ့ နွေး၊ ချောအောင် ခြယ်ရတဲ့နေရာမှာ နိုင်ငံခြားဖြစ် အကောင်းဆုံး အလှပြင် ပစ္စည်းတွေကို ဝယ်ပြီး အစဉ်သုံးနိုင်သူဟာ နဂိုရုပ်အခံလည်းရှိတော့ သိပ်ချော သိပ်လှလို့ ပြောရတာပေါ့။ ဘာမှ မဖြီးမလိမ်း မခြယ်သဘဲ အလစ်မှာ သူ့အိမ်သွားကြည့်ရင် မေဥမ္မာဟာ သူလို ကိုယ်လိုလောက်ပဲ ရှိတာပါ”

“အဲဒီမှာ အစ်ကိုနဲ့ ငြိရောလား”

“အင်းပေါ့ ... သူ့မေဂျာတက္ကသိုလ် ဖိုင်နယ်ပြီးတဲ့အထိ ကိုယ်နဲ့ ချစ်သူတွေ ဖြစ်ခဲ့တယ်။ ဒါပေမယ့် သူ ဖိုင်နယ်ပြီးသွားလို့ ကျောင်းမတက်ဘဲ သူ့အိမ်ပြန်နေတော့ ကိုယ်နဲ့အဆက်ပြတ်သလိုပဲ။ တစ်ပတ်တစ်ခါတောင် မတွေ့ရတော့ဘူး။ ဒါလည်း လူတွင်ပါလို့ နွားကျားကိုက်တာပါ။ သူကသာ အတွေ့ခံမယ်ဆိုရင် သူ့အိမ်က သူ့ကို ချုပ်ချယ်တာမှ မဟုတ်တာ။ အဲဒီနောက်တော့ အစ်ကို့ကို ကျောင်းပြီးတဲ့အထိ မစောင့်နိုင်တော့ဘူး ဆိုတဲ့စကားနဲ့ ကိုယ့်ကို လက်ထပ်ဖို့ ငြင်းပယ်တဲ့ စကားမျိုးတွေ ထွက်လာတယ်။



ဒီနောက် ဘာကြာလဲ သူဟာ မိုးကုတ်က သိပ်ချမ်းသာတဲ့ မိဘရဲ့ တစ်ဦးတည်းသောသား ရန်ကုန်ဆေးတက္ကသိုလ်က ဆရာဝန်ဘွဲ့ရလာတဲ့လူနဲ့ မန္တလေးမြို့တော်ခန်းမဆောင်ကြီးမှာ ခမ်းခမ်းနားနား လက်ထပ်ပွဲ ကျင်းပတာပဲ ...

“ကိုယ်က ငယ်ငယ်လေးတည်းက တောက်လျှောက် အရှုံးတစ်ယောက်ပါ နွေး။ တစ်ခွက်သောက်သောက်၊ တစ်ဝက်သောက်သောက် မူးတာပေါ့။ မိန်းမတစ်ယောက်ကို ချစ်မိတယ်ဆိုတာ အဲဒါ ပထမဆုံးပါ။ သိပ်စိတ်ထိခိုက် နာကျင်လွန်းတော့ ကိုယ် သူတို့မင်္ဂလာဆောင်ထဲဝင်ပြီး မေဥမ္မာကို အဝေးက သေနတ်နဲ့ လှမ်းပစ်ခဲ့တယ်။ မေဥမ္မာ လဲကျသွားတာနဲ့ ကိုယ် တစ်ချိုးတည်း ထွက်ပြေးခဲ့တယ်။ အခု တောထဲမှာ နေမင်း ဖြစ်လာတာပဲ နွေး”

“အစ်ကို”

“ပြောပါ နွေး”

“အစ်ကို့ဘက်က ဆင်းရဲချို့တဲ့ပြီး ဂုဏ်မရှိလို့ မေဥမ္မာတို့ဘက်က မိုးကုတ်က ကျိကျိတက် သူဌေးသား ဆရာဝန်ကို လက်ထပ်ပေးစားတာမှာ အစ်ကိုက မေဥမ္မာကို သေနတ်နဲ့ ဝင်ပစ်တာ မကြမ်းလွန်းဘူးလား အစ်ကို”

အစ်ကိုနေမင်းက သူ့ပခုံးကျယ်ကြီး တွန့်ပြသည်။ ပြီး ... တစ်ခွန်းခြင်း၊ တစ်လုံးခြင်း ဆက်ပြောပါ၏။

“သူ့မိဘတွေက သူတို့နဲ့ ဂုဏ်ရည်တူ သူဌေးသား ဆရာဝန်ကို အတင်းစီစဉ်လို့ မေဥမ္မာက လက်ခံလိုက်ရတာပါ

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်တော့ ကိုယ်က ဘြော် ... ငါက ဆင်းရဲဂုဏ်မရှိတဲ့ ကောင်ကိုး၊ သူ့မိဘတွေ ဘယ်သဘောတူနိုင်ပါ့မလဲ ...၊ မေဥမ္မာ ခများလည်း မိဘကို မလွန်ဆန်နိုင်လို့ လက်ထပ်ရရှာတာပါလားလို့ ကိုယ် တွေးမိမယ်။ နောက်ဆုံး ရင်နာနာနဲ့ပဲ ကိုယ် ခွဲခွာရုံပေါ့"

"အဲဒီလို ဖြစ်တာပဲ မဟုတ်လား အစ်ကို"

"လုံးဝကြီးကို မဟုတ်ဘူး။ ကိုယ် စုံစမ်းသိရှိထားသလောက် မေဥမ္မာဟာ တစ်ဦးတည်းသောသမီးမို့ သူ့မိဘတွေက သူ့သဘောဆန္ဒကို ရာနှုန်းပြည့် လိုက်လျောထားတာ။ မေဥမ္မာ ကိုယ်တိုင် ကိုယ်က အဲဒီသူဌေးသားဆရာဝန်နဲ့ တွေ့ပြီး၊ မေဥမ္မာက စပြီးကြိုက်တာ၊ လက်မထပ်ခင်ကတည်းက နှစ်ယောက်သား တတွဲတွဲ ကားတဝီဝီနဲ့ မြူးလို့ ရွှင်လို့ တွဲခုတ်နေကြတာကို ကိုယ်ကိုယ်တိုင်လည်း မြင်တယ်။ ကိုယ့်ပတ်ဝန်းကျင် အပေါင်းအသင်းတွေကလည်း အားလုံး မြင်တယ်။ နွေး စဉ်းစားကြည့်ပေါ့ ... ကိုယ်က ဆေးကျောင်းသားဘဝမှာပဲ ရှိသေးတယ်။ မိဘလည်း မရှိဘူး၊ ဘကြီး လုပ်တဲ့လူက ဥယျာဉ်စိုက် အမဲလိုက်ရတဲ့ ငွေနဲ့ ထောက်ပံ့လို့ ကျောင်းတက်နေနိုင်တာ။ ကိုယ့်မှာ ကိုယ်တိုင်လည်း ဘွဲ့မရသေးတော့ ဂုဏ်မရှိဘူး။ မိဘလည်း သေကြပြီမို့ မိဘဂုဏ်လည်း မရှိဘူး။ ဘကြီးတော်ကလည်း တောင်ပေါ်ဥယျာဉ်နဲ့ အမဲလိုက်သမားကြီး။ ဒီတော့ မေဥမ္မာ ကိုယ်တိုင်က ကိုယ့်ကို ခွာသွားတာ။ ကိုယ့်ကို သူ့ရဲ့စိတ်



အဖြေဖော် ကောင်တစ်ယောက်အနေနဲ့ တက္ကသိုလ်မှာ တွဲတာ။ ကိုယ့်ကို သူ အပျော်တွဲတာမှန်း သူဘွဲ့ရပြီးတဲ့နောက် သိပ်သိသာတယ်။ အဲဒါတွေကြောင့် ကိုယ် သိပ်စိတ်နာတာရော၊ သိပ်စိတ်မထိန်းနိုင်တာရောတွေနဲ့ သူ့ကို သေနတ်နဲ့ ဝင်ပစ်ခဲ့တာ နွေး။ သူ့အပေါ် ကိုယ့် နာကြည်းစိတ်က ပြင်းထန်လွန်းတော့ ဘယ်လိုမှ သတိတရား ချုပ်ထိန်းမရတော့လို့ ဝင်ပစ်တာပါ။ နောက်ပြီး ကိုယ့်နာမည်အမှန်ဟာ 'တိုးတိုး'ပါ။ တောထဲရောက်မှ ကိုယ့်ဟာကို ယ် 'နေမင်း'လို့ နာမည်ပြောင်းလိုက်တာ"

ဖင်စီခံအထိတိုပြီး စက္ကူပတ်ကို မီးကျွမ်းစပြုသော ဆေးပေါ့လိပ်တိုကို လွှင့်ပစ်လိုက်သည်။

"ချစ်ခြင်းမေတ္တာဆိုတာက အခက်သားပဲ နွေး။ ချစ်တာကို မချစ်နဲ့လို့လည်း တားလို့မရဘူး။ မုန်းတာကို မမုန်းနဲ့လို့လည်း တားလို့မရဘူး။ ရင်တွင်းနှလုံးနဲ့ လုံးဝဆိုင်နေတာကိုး။ နောက်ပြီး ... အခုရင့်ကျက်လာတော့မှ ကျောင်းတုန်းက မေဥမ္မာနဲ့ ချစ်ခဲ့ပါတယ် ဆိုတာဟာ တကယ်ပေါ့ရှတ်ရှတ် ပါလားလို့ အမြင်မှန် ထွက်လာတယ်။ ကိုယ်က သူ့ကိုမြင်လို့ တွေ့လို့ သူ့အပေါ်မှာ ချစ်ပြီး သူ့ကိုချဉ်းကပ်ခဲ့တာလည်း မဟုတ်ခဲ့ဘူး။ သူက ကိုယ့်မိတ်ဆွေတွေကတစ်ဆင့် 'ကိုယ့်ကို လာဆက်သွယ်ပြီး သူက အချစ်ကို လိုလားတဲ့ အရိပ်လက္ခဏာတွေ ပြပြီး မြူဆွယ်ခဲ့တာ၊ သူကိုယ်တိုင်ကလည်း ဘွဲ့ရသွားပြီးတဲ့နောက် သူ့

www.burmeseclassic.com



အပေါင်းအသင်းတွေကို ပြောခဲ့တယ်လေ။ ကျောင်းမှာတုန်းက ကိုယ့်ကိုတွဲတာ အပျော်တွဲတာတဲ့။ အဆာပြေရေနွေးကြမ်းသောက်တဲ့ သဘောပါတဲ့ ... ဒီတော့လည်း ကိုယ်ပေါက်ကွဲပြီပေါ့ နွေး”

နွေးနွေးသည် အစ်ကိုပြောပြသမျှတွေကို ယုံကြည်ရုံမက၊ ရင်ထဲကပါ လက်ခံပြီး သူမ၏ ဦးခေါင်းလေး ပုတ်သင်ညိုလို ညိတ်မိတော့သည်။

“ဒါဆို အခု နွေးကို အစ်ကိုချစ်လာတာကကော အစ်ကို့ရင်ထဲ နှလုံးထဲက ဘယ်ပုံစံ ဖြစ်လာလို့လဲဟင်”

“ပြောရရင် ရှည်မယ်။ ဒါပေမယ့် နွေးကို ကိုယ့်ရင်ထဲနှလုံးထဲက အလိုလို ချစ်သွားတာကို ကိုယ့်ဟာကိုယ်တောင် မသိလိုက်ဘဲ ချစ်သွားမိတာပါ။ တိမ်ဝါသဘော်ပေါ်မှာ လမ်းသရဲကောင်က အနှောင့်အယှက် ပေးတာကို ကြည့်ရာက နွေးကို ကိုယ်သေချာကြည့်မိသွားတာပဲ။ အဲဒီလိုကြည့်မိချိန်မှာ နွေးဟာ ဆရာဝန်မှန်း ဘာမှန်း ကိုယ်မသိပါဘူး။ နွေးရဲ့ ရိုးသားဖြူစင်တဲ့စိတ်ရှိကြောင်း ဝတ်စားဆင်ယင်ပုံရော မျက်နှာပုံရိပ်မှာရော ပေါ်နေတယ်။ အဲဒီထဲက ကိုယ့်စိတ်ထဲ ရင်ထဲ နှလုံးထဲက သူ့ဟာသူ ချစ်သွားတာ။ ဒါကြောင့်လည်း နွေးကို အနှောင့်အယှက်ဖြစ်နေတဲ့ လမ်းသရဲသုံးကောင်ကို သင်္ဘောပေါ်က မောင်းထုတ်ပစ်တယ်။ တကယ်တော့ ကိုယ်ကိုဖယ်တိုင်က အဖမ်းအဆီးခံရမှာစိုးလို့ ဘယ်နေရာမှာမဆို လူမြင်ကွင်းမှာ



သိုသိုသိပ်သိပ် နေနေရတဲ့လူပဲ။ လမ်းသရဲသုံးကောင်နဲ့ ဖြစ်တုန်းက ကိုယ့်ကို သက်ဆိုင်ရာက သေနတ်ကိုင်တာ မသင်္ကာလို့ စစ်လိုက်ရင် အဲဒီမှာ ကိုယ်ခံလိုက်ရမှာ။ ဒါပေမယ့် နွေးမျက်နှာလေး စိတ်အနှောင့်အယှက် ဖြစ်နေတာကို ကိုယ် မကြည့်နိုင်လို့ ဝင်ပြီးစွက်ဖက်လိုက်တာ တစ်ကြိမ် ...

“မော်တော်မှာ အိုက်ပန်နဲ့ ဖြစ်တုန်းကလည်း ကိုယ်နွေးဘက်က အလိုလို ဝင်ပါမိပြန်တယ်။ တကယ်တော့ ကိုယ်က ယုံကြည်ချက်တွေ ဘာတွေ ညာတွေနဲ့ တောခိုတာမှ မဟုတ်တာ။ မေဥမ္မာကြောင့် လွတ်ရာလွတ်ကြောင်း တောထဲကို ပြေးခဲ့တဲ့လူပဲ။ ဆရာကောင်းမြတ်တို့ အိုက်ပန်တို့ ဘာလုပ်လုပ် ကိုယ်ဝင်ပြီး စွက်ဖက်တာမျိုး မရှိခဲ့ဘူး။ ကိုယ် လခမှန်မှန်ရရင် ပြီးရောဆိုတဲ့ သဘောပဲ ထားခဲ့တယ်။ ဒါပေမယ့် ... အိုက်ပန်က နွေးကို ဆွဲလားရမ်းလားဖြစ်တာကျတော့ ကိုယ် မကြည့်ရက်ဘူး၊ ဝင်ပါလိုက်တယ်။ ဆရာကောင်းမြတ် ကိစ္စမှာလည်း နွေးက ကိုယ့်ကို အကူအညီတောင်းလို့ အဲမွန်ကို ဝင်ကယ်ရင်း ဆရာကောင်းမြတ်နဲ့ ကိုယ် သေနတ်ချင်း ယှဉ်ပြိုင်ခဲ့တယ်။ ဆရာကောင်းမြတ်သေသွားတော့ ကိုယ် တော်တော်ကြီးကို စိတ်မကောင်းဖြစ်ရသေးတယ်”

“ယုံတယ် အစ်ကို ... နွေး အစ်ကို့ကို သိပ်ကိုယုံပါတယ်။ နွေးကိုချစ်လို့ အစ်ကို ဝင်လုပ်ခဲ့ပေးတဲ့ သာဓကတွေက

www.burmeseclassic.com

www.burmeseclassic.com



လည်း ရှိနေတာပဲ။ အစ်ကို့ကို နွေး တစ်ခု တင်ပြတောင်း ဆိုချင်တယ် အစ်ကို ... အစ်ကို လက်ခံမလားဟင်"

"ဘာတင်ပြမှာလဲ နွေး"

"ရဲအရာရှိ ကိုဝေဇင်ဆီမှာ အစ်ကို လက်နက်ချ အလင်း ဝင်လိုက်ပါလားဟင်"

နေမင်း ခေါ် တိုးတိုးက ဦးခေါင်းကို ညင်သာစွာ ယမ်းပြလိုက်ပေသည်။

သက်ပြင်းတစ်လုံးကိုလည်း လေးလေးပင်ပင်ကြီး မှုတ်ထုတ်ချလိုက်သည်။

"ဘာထူးမှာလဲ နွေး"

"အဲဒီကိစ္စတွေ ကိုဝေဇင့် ဆီမှာ နွေး တီးခေါက်စုံစမ်းကြည့် တယ် အစ်ကို။ တောထဲမှာ ကိုယ့်အသက်ကိုယ် ကာကွယ် လို့ ပစ်ခတ်တာမျိုးဆိုရင် တောမှာဖြစ်ဖြစ် မြို့မှာဖြစ်ဖြစ် တရားဥပဒေက ကိုယ့်အသက်ကိုယ် ကာကွယ်နိုင်ခွင့်ပေး ထားပါတယ်တဲ့။ ကိုယ့်အသက်ကို ကိုယ်ကာကွယ်တယ် ဆိုတဲ့ မျက်မြင်သက်သေတွေ ခိုင်လုံဖို့ လိုအပ်တယ်တဲ့၊ အဲဒီတော့ အိုက်ပန်ကိစ္စမှာ နွေးရော မေမေကြီးရော ရွာသူရွာသားတွေအမြင်။ အဲဒီတုန်းက ကိုအောင်မြင့်စော လည်း ကိုယ်တိုင်ပါဝင်သူမို့ အဲဒီမျက်မြင်သက်သေတွေအရ အစ်ကို့ကို တရားဥပဒေနဲ့ ရုံးတော်က ခွင့်လွှတ်မှာပါ။ နောက်ပြီး ဝါးသခ်မှာ ကိုကျောင်းမြတ်ကို ပစ်ခဲ့တဲ့ ကိစ္စမှာ လည်း အဲမွန် ကိုယ်တိုင်ရော၊ အဲမွန် မိဘတွေရော၊ အဲဒီ



ရွာကလူတွေရော၊ ဒီရွာက ဦးစံသောင်းကြီးရော မြင်ကြတာမို့ တကယ့် အဖြစ်မှန် ကိုယ့်အသက်ကိုယ် ကာကွယ်လိုက် တာဆိုတာ မျက်မြင်သက်သေ လိုက်ကြမှာပါ"

"နွေးပြောတာ ကိုယ် သဘောပေါက်ပါတယ်။ အဲဒီမျက် မြင်သက်သေတွေရဲ့ ထွက်ဆိုချက်အရ အခု တောထဲမှာ ဖြစ်ခဲ့တဲ့ ကိစ္စအတွက် ဥပဒေကရော တရားရုံးကရော ကိုယ့်အပေါ် သက်ညှာခွင့် ရှိနေတာကို ကိုယ်သိပါတယ် နွေး။ ဒါပေမယ့် ကိုယ့်အတွက် မလွယ်ပါဘူး နွေး"

"ဘာလို့"

"မန္တလေးမှာ ကိုယ် မေဥမ္မာကို သေနတ်နဲ့ ပစ်သတ်ခဲ့တဲ့ အမှုက ရဲမှတ်တမ်းမှာ ရှိနေတယ် နွေး။ အဲဒီ အမှုအတွက် ကိုယ့်မှာ ချေနိုင်ခွင့် မရှိဘူးလေ"

ဒါကျတော့ ဟုတ်သားပဲ ဟု နွေးနွေး တွေးပြီး သက်ပြင်းလေး ချရတော့သည်။ သို့သော် နွေး အားမလျှော့ဘဲ ဆက်ပြောသည်။

"ဒါကိုတော့ အစ်ကို တရားရုံးမှာ ရင်ဆိုင်ရမှာပဲ အစ်ကို။ အစ်ကိုနဲ့ မေဥမ္မာ ကျောင်းသူကျောင်းသားဘဝက ချစ်သူ ဖြစ်ခဲ့တဲ့ အထောက်အထားတွေ အစ်ကို့ဘက်က ဝင်ပြီး နာပေးတဲ့ မိတ်ဆွေသက်သေတွေ တင်ပြပါလားဟင်၊ တရားရုံးဆိုတာ တရားသူကြီးရဲ့ ရှေ့ခေါ်က လူမှုရေးခံစား ရမှု၊ လူမှုရေး နစ်နာရမှု၊ လူတွေရဲ့ ဖြစ်ပေါ်လာတဲ့ မခံ ချင်စိတ် စတဲ့ အချက်တွေကို ထည့်စဉ်းစားမှာပါ ... နွေး

www.burmeseclassic.com

www.burmeseclassic.com



အစ်ကို့အတွက် ကုန်ချင်သလောက် ငွေတွေကုန်ပါစေ။ အကောင်းဆုံး အကျိုးဆောင်တွေနဲ့ တိုင်ပင်ပြီး ဆောင်ရွက်ပေးမယ်လေ။ အဲဒီအမှုအတွက် အစ်ကို ကြိုးဒဏ်မကျနိုင်ပါဘူး။ ကျွန်းဒဏ်လည်း မကျနိုင်ပါဘူး။ မသကာ ထောင်ဒဏ်ဆယ်နှစ် အလွန်ဆုံးပေါ့။ အစ်ကိုနဲ့ နွေးတို့ အခုရောက်ရှိနေတဲ့ အသက်အရ နောက်ဆယ်နှစ်ဆိုရင်လည်း အရွယ်ကောင်းတုန်းပါ။ ရှေ့ဆက်နေနိုင်တဲ့အသက်တွေ နှစ်တွေ အများကြီး ကျန်ပါတယ်။ နွေး အစ်ကို့ကို စောင့်မယ်။ အစ်ကို ထွက်လာမှ လက်ထပ်လည်းရတယ်။ အခုလက်ထပ်ခဲ့ပြီးမှ အပြစ်ဒဏ်ခံလည်း ရတယ် အစ်ကို"

"နွေးရယ် ... နွေး ... နွေး ... အဲဒီလောက်ကြီးတောင် အစ်ကို့ကို နွေး ချစ်ရသလားဟင်"

"နွေး ... တစ်သက်မှာ အစ်ကိုတစ်ယောက်တည်းကိုသာ ရင်ထဲနှလုံးထဲက နှစ်နှစ်ကာကာ လှိုက်လှိုက်လှဲလှဲ ချစ်ဖူးတာပါ အစ်ကို"

နှစ်ဦးသား ပွေ့ပိုက်ထားမိကြပါ၏။

"ဘယ်လိုလဲ အစ်ကို၊ နွေး ပြောသလို လုပ်ပါလားဟင်"

"ကိုယ့်စိတ်ထဲမှာ အချက်နှစ်ချက်က ဝင်ပြီးထစ်နေတယ် နွေး"

"ဘာအချက်နှစ်ချက်လဲ အစ်ကို"

"နွေး အနေနဲ့ အခုပြောပြတာတွေဟာ အခုလတ်တလော



ကိုယ့်အပေါ်မှာ မေတ္တာသက်ရောက်မှုနဲ့ ပြောနေပေမယ့် သွေးအေးအေးနဲ့ တကယ်တမ်း စဉ်းစားရင် နွေး အပေါ်မှာ ချစ်နေရှာတဲ့ ကိုအောင်မြင့်စောကို အရုပ်လေးတစ်ရုပ်၊ ဘောလွှင့်ပစ်သလို လွှင့်ပစ်လို့ရမလား နွေး။ သူဟာ လူတော်လူကောင်းပါ"

"ဒါဟာ အစ်ကို့ ရင်ထဲက သံသယနဲ့ မေးသင့်တဲ့ မေးခွန်းပဲ။ နွေး တိုတိုနဲ့ လိုရင်းပဲ ဖြေမယ်။ အစ်ကိုဟာ မေဥမ္မာကို ချစ်တုန်းက ချစ်ခဲ့ပေမယ့် အဲဒီအချစ်ဟာ အပေါ်ယံ ရေကြည်ကျဲ အချစ်မို့ နောက်ဆုံး အစ်ကို့ရင်ထဲမှာ မေဥမ္မာ မရှိတော့ဘူး မဟုတ်လား"

"ဒါ ... အင်မတန်မှန်တဲ့ စကားပဲ နွေး"

"နွေးလည်း အဲဒီလိုပဲပေါ့။ အစ်ကိုနဲ့ မေဥမ္မာကမှ ချစ်တုန်းက ချစ်ခဲ့သေးတယ်။ ကိုအောင်နဲ့ နွေးကျတော့ ကိုအောင်ကသာ နွေးကို တစ်ဖက်သတ် ချစ်တာ ...။ နွေးက ပထမ အစတုန်းကတည်းက ကိုအောင့်ကို နွေး ရင်ထဲနှလုံးထဲက မှ မချစ်ခဲ့တာ။ အဲ ... လက်ထပ်မယ် ဆိုရင်တော့ ကိုအောင်ဟာ လက်ထပ်သင့်တဲ့ လူတော်တစ်ယောက်လို့တော့ နွေး သတ်မှတ်ပါတယ်။ အစ်ကိုကျတော့ နွေးရဲ့ရင်ထဲက သူ့ဟာသူ အလိုလိုချည်းကို ချစ်တာ။ အဲ ... ကိုအောင် ပေးလိုက်တဲ့ စာကိုလည်း အစ်ကို့ကို နွေး ပေးဖတ်ပြီးပြီပဲ။ ကိုအောင် ကိုယ်တိုင် မဝါ ဆိုတဲ့ မိန်းကလေးနဲ့ ငွေးတူရည်တူ အဆင့်တူ ဆေးခန်းတွဲဖွင့်နေကြတယ်ဆိုတာ ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်လေ။ အချိန်ရောက်ရင် မဝါနဲ့ ကိုအောင်ဟာ လက်ထပ်ကြလေသတည်း ဖြစ်သွားမှာမို့ ကိုအောင့်ကို နွေးက အရုပ်လေးတစ်ရုပ် လွှင့်ပစ်ရာ မရောက်ပါဘူး အစ်ကို။ အဲဒီအရုပ်လေးကို သူနဲ့ထိုက်တန်တဲ့ မှန်ဗီရိုလေးထဲ ပြန်ထည့်ပေးရာ ရောက်ပါတယ်။ ကဲ... အစ်ကို့ရင်ထဲ သံသယရှင်းရဲ့လား အစ်ကို"

"ရှင်းပါတယ် နွေး၊ ကိုယ် သဘောပေါက်ပါတယ်"

"ဒါဆို နောက်ထပ်ကျန်တဲ့ ၃၀ချက်ကို ပြောပြ"

"နောက်တစ်ချက်က အခု ကိုယ်ဟာ ကိုယ့်အဖွဲ့နဲ့ ပဋိပက္ခလေးတွေ ရှိနေတယ် ... ပြင်းထန်တယ်။ အခု ကိုယ့်အခြေအနေဟာ အဆိုးဘက်မှာ ရောက်နေတယ်"

"ဘယ်လိုပြင်းထန်တဲ့ ပဋိပက္ခလဲ။ ဘယ်လို အစ်ကို့မှာ အခြေအနေ ဆိုးနေတာလဲ အစ်ကို"

"အင်း ... ဆရာကောင်းမြတ် သေသွားတော့ ဆရာကောင်းမြတ်နေရာကို ဆရာမိုးကြိုးဆိုတဲ့လူ ရောက်လာတယ်။ ဆရာမိုးကြိုးနဲ့ ဆရာကောင်းမြတ်တို့က တစ်ချိန်တည်းအတူတူ၊ ခံယူချက်ချင်းအတူတူ တောခိုလာကြတဲ့ လူတွေမို့ သူတို့ချင်း ခင်မင်မှု သံယောဇဉ် ရှိတယ်။ ဆရာမိုးကြိုးက ကိုကောင်းမြတ်ကို သတ်ခဲ့တဲ့ ကိုယ့်ကို မကျေနပ်ဘူး၊ ဒါပေမယ့် ကိုကောင်းမြတ်ရဲ့ လုပ်ရပ်တွေ မမှန်တာရယ်၊ ကိုယ့်ကို ယုဉ်ပြိုင်ဖို့ ကိုမိုးကြိုး လန့်နေတာရယ်ကြောင့် မေ့နေတာ။ အဲ ... ကိုယ်က လက်နက်ချ အလင်းဝင်မယ်



ဆိုတာနဲ့ အဖွဲ့သစ္စာဖောက်ဆိုတဲ့ ဆွဲချက်တင်ပြီး သတ်မိန့်ချမှာ သေချာတယ်"

"ဒါဆိုလည်း အခုပဲ နွေးနဲ့ အတူတူ ကိုဝေဇင့် စခန်းကို သွားပြီး လက်နက်ချ အလင်းဝင်လိုက်ပေါ့ အစ်ကို။ ကိုဝေဇင်ကို နွေးကိုယ်တိုင် အစ်ကို့ဘက်က လိုက်ပြောမယ်"

နေမင်းခေါ် တို ဝင်းက ဦးခေါင်း ခါယမ်းပြလိုက်ပါ၏။

"ကိုယ့်ဘဝမှာ ဘဝတူချင်း ယှဉ်ပြိုင်ရမှာကို ကြောက်လို့ ထွက်ပြေးရတယ် ဆိုတာမျိုး မရှိပါရစေနဲ့ နွေးရယ်။ ကဲ– နွေးပြန်တော့ ... သိပ်မိုးချုပ်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com

## ၁၃

နွေးနွေး ကိုနေမင်းနှင့် ခွဲခွာပြန်လာချိန်မှာ တော်တော်လေးပင် မိုးချုပ်သွားပေသည်။

အိမ်ပြန်ရောက်တော့ အိမ်ပေါ်တွင် မမကြီးနှင့်အတူ ကိုဝေဇင် ခေါင်းဆောင်၍ တပည့်ငါးယောက်အဖွဲ့ ရောက်နေကြသည်ကို တွေ့ရသည်။

သူတို့အားလုံး နွေးနွေး ပြန်အလာကို စောင့်နေကြခြင်း ဖြစ်ပါ၏။

မမကြီးက နွေးနွေးအား ဘယ်သွားနေသလဲ ဘယ်ကပြန်လာသလဲဟု တစ်ခွန်းမျှ မမေးပေ။ မမကြီး ကိုယ်တိုင် နွေးနွေးကို နားလည်ထားပါ၏။

နွေးနွေးသည် ကိုဝေဇင်နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။



"နွေးဆီကို တမင်လာတာလား ဦးဝေဇင်။ အကြောင်းထူးရှိသလား၊ နွေး ဘာကူညီရမလဲ"

"ကိစ္စအထူးရှိတယ်လို့ မဟုတ်ပါဘူး။ မော်တောက ကုန်ခြောက်ဆိုင်မှာ ရိက္ခာအတွက် လာဝယ်ရင်း ဒေါက်တာ့ကို ပြောစရာ သတင်းထူးလေး ပါလာလို့ ပြောပြဖို့ စောင့်နေတာပါ"

"သိပ်ကို အလျှဉ်းသင့်သွားတာပဲ ဦးဝေဇင်၊ နွေးကလည်း အခု ဦးဝေဇင်နဲ့ မတွေ့တောင် အကျိုးအကြောင်း စာရေးပြီး ဦးလေးဦးရွှေနိုင်ကို ဦးဝေဇင့်ဆီ လွှတ်အပေးခိုင်းမလို့ စိတ်ကူးထားတာ။ ကဲ ... ဦးဝေဇင်ရဲ့ ပြောစရာရှိတဲ့ သတင်းထူးကို အရင်ပြောပြပါလား"

"ကျွန်တော် ဒီနေ့ ကျိုက်ထော်သွားတယ်၊ ကျိုက်ထော်ရဲ့စခန်းကတစ်ဆင့် ရန်ကုန်ဌာနချုပ်ကို ကျွန်တော်က သတင်းပို့စရာ ရှိတာ သတင်းပို့ ... အစီရင်ခံစာ ပို့စရာ ရှိတာပို့ပြီး ကျွန်တော့်ဆီကို အထက်က အမိန့်စာ ညွှန်ကြားစာတွေ သွားယူတာလေ။ တစ်ပတ်တစ်ခါ ကျွန်တော် သွားနေကြပါ။ အဲဒီမှာ မန္တလေးက ကျွန်တော် အလုပ်လွှဲခဲ့တဲ့ ရဲအရာရှိဆီက စာတစ်စောင်ပါ ပါလာတယ်။ သူ့ကို ကျွန်တော် အလုပ်လွှဲစဉ်က မန္တလေးက မေဥမ္မာကို လက်ထပ်မင်္ဂလာပွဲမှာ သေနတ်နဲ့ပစ်ပြီး ထွက်ပြေးသွားတဲ့ ကေ့(စ်)ကိုပါ လွှဲပေးခဲ့တာကိုး။ အဲဒါ ပစ်ပြေးတဲ့ ကိုတိုးတိုးရဲ့သတင်းရော၊ မေဥမ္မာရဲ့ သတင်းရော သူရေးထားတာ

www.burmeseclassic.com



စာထဲမှာပါလာတယ်။ အဲဒါ ဒေါက်တာ စိတ်ဝင်စားမယ် ထင်လို့ လာပြောတာပါ။ တပည့်တွေ မှော်တောမှာ ရိက္ခာလာဝယ်ရင်း ကျွန်တော် လိုက်လာတာပါ”

“ကိုတိုးတိုး အကြောင်း ဟုတ်လား ... ဒါဆို ကိုနေမင်း အကြောင်းပေါ့ ... ဆက်ပြောပါ ဦးဝေဇင်။ နွေး စိတ်ဝင်စားပါတယ်”

“မေဥမ္မာကို ထိသွားတဲ့ ဒဏ်ရာဟာ ပြင်းတော့ပြင်းတယ်တဲ့။ အဲဒီ သေနတ်ပစ်ခံရတဲ့ ဒဏ်ရာနဲ့ မေဥမ္မာသေသွားရင်တော့ ကိုတိုးတိုး အပေါ် ပုဒ်မ သုံးရာ့နှစ် လူသတ်မှုပေါ့။ ဒါပေမယ့် မေဥမ္မာတို့က ချမ်းသာပြီး တတ်နိုင်တဲ့လူတွေပဲ။ တကယ့် ဒိတ်ဒိတ်ကြဲ သမားတော်ကြီးတွေနဲ့ ကုသတာ မေဥမ္မာ အသက်မသေဘဲ အခုဆို နဂိုအတိုင်း ကျန်းကျန်းမာမာ ရှိတယ်တဲ့”

“အယ် ... ဝမ်းသာလိုက်တာ”

အတွင်းရှိ အပမဆောင်နိုင် ဆိုသလို နွေးနွေးသည် ကိုဝေဇင် ရှေ့မှာပင် ဟန်မဆောင်နိုင်ဘဲ ဝမ်းသာသွားမှုကို ထင်ရှားစေတော့သည်။

“ဒါဆို ... အစ်ကို ... အဲ ... ကိုတိုးတိုးခေါ် ကိုနေမင်း အပေါ်မှာ အမှုသဘောအရ ဘယ်လိုဖြစ်လာမလဲ ဦးဝေဇင်”

“တကယ်လို့သာ မမေဥမ္မာဘက်က ဒီကိစ္စကို မကျေအေးဘဲ တရားလိုအဖြစ် အမှုဖွင့်ရင်တော့ မမေဥမ္မာ မသေဘူး အခု ကျန်းမာနေတယ်ဆိုတောင် ထုံးစံအတိုင်း ရဲအဖွဲ့က



တော့ ပုဒ်မသုံးရာနှစ်ဆယ့်ခြောက်၊ ပြင်းထန်စွာ ဒဏ်ရာရစေမှုအတွက် ကိုတိုးတိုးကို အရေးယူရမှာပဲ။ အဲဒီသုံးရာနှစ်ဆယ့်ခြောက်ပုဒ်မကလည်း ပုဒ်မကြီးပဲ။ ထောင်ဒဏ်ငါးနှစ်ကနေ ဆယ်နှစ်အထိ တရားရုံးက အပြစ်ဒဏ်စီရင်ချက် ချနိုင်တဲ့ ပုဒ်မပဲ”

“အင်း ... ဒါလည်း သက်တော့ မသက်သာဘူး။ ဒါပေမယ့် အမှုတစ်ဆင့် ပေါ့သွားတာပဲ တော်သေးတာပေါ့လို့ ဖြေရမှာပေါ့လေ”

“ဖြေမနေနဲ့ ဒေါက်တာ။ မန္တလေးက ပြန်ကောင်းသွားတဲ့ မမေဥမ္မာက ကိုတိုးတိုးကို အမှုမလုပ်ဘူးတဲ့။ ကိုတိုးတိုး အနေနဲ့ ဒီလိုပဲ ခံစားရပြီး ဒီလိုပဲ လုပ်တာဟာ သူ့ဘက်က လုပ်သင့်လုပ်ထိုက်တာပဲတဲ့၊ ဒါကြောင့် မမေဥမ္မာက ကျေအေးလိုက်တယ်။ ဒီတော့လည်း တရားလိုမရှိတော့တဲ့ အမှုမှာ တရားခံလည်း မရှိတော့ဘူးပေါ့”

“ဝမ်းသာလိုက်တာ ဦးဝေဇင်ရယ်”

“အဲ ... ရာနှုန်းပြည့်တော့ ဝမ်းမသာနဲ့ဦး ဒေါက်တာ ... ကိုတိုးတိုး ပစ်ခတ်ခဲ့တဲ့ သေနတ်ကိစ္စမှာ လက်နက်မှုကတော့ ကျန်သေးတယ်။ ကိုတိုးတိုးက သူ့သူငယ်ချင်းဆီက လိုင်စင်သေနတ်ကို ငှားပြီးပစ်ခဲ့တာတဲ့။ အဲဒီအတွက်တော့ သက်ဆိုင်ရာက အစစ်အဆေး အမေးအမြန်းနဲ့ ရုံးတင်ပေးရမှာပဲ။ အပြစ်တော့ ခံရမယ်ပေါ့ဗျာ ... ဒါပေမယ့် ကိုတိုးတိုးဟာ အဲဒီတန်းက ငယ်ရွယ်သေးတဲ့ ဆေးတက္ကသိုလ်ကျောင်း

www.burmeseclassic.com

www.burmeseclassic.com



သားလည်း ဖြစ်နေတယ် ... သေနတ်ငှားလိုက်တဲ့ သူ့သူငယ်ချင်း မိဘတွေကလည်း ငွေကြေးတတ်နိုင်သူတွေဆိုတော့ သေနတ်ငှားတဲ့ သူတို့သားကို အပြစ်နည်းအောင်လုပ်ရင်း ကိုတိုးတိုးမှာလည်း အပြစ်နည်းသွားမှာပါ။ မသကာ တစ်လ နှစ်လ သုံးလလောက် ထောင်ဒဏ်ခံချင်ခံရမယ်။ အသက်ငယ်ရွယ်သေးတဲ့ ဆေးတက္ကသိုလ်ကျောင်းသားဖြစ်တဲ့အပြင် ယခင်က ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ခြင်း မရှိခဲ့သူမို့ သတိပေး ပညာပေးလောက်နဲ့ ပြီးရင်လည်း ပြီးသွားမယ်။ ကိုတိုးတိုးအဖို့ ကျောက်တုံးကြီးအပိခံရမယ့်အစား ဖော့တုံးလေး ပိတာလောက်တော့ ခံရမှာပေါ့ဗျာ။ ကဲ ... ကျွန်တော် ပြောစရာရှိတာ ပြောပြီးပြီ။ ဒေါက်တာက ကျွန်တော့်ကို ပြောစရာ ရှိနေတယ်ဆိုတာက ဘာများလဲဗျာ"

"နွေးကို ဒီလောက် အကဲခတ်မိရင် နွေးနဲ့ ကိုနေမင်း ချစ်ခင်မေတ္တာရှိနေပြီဆိုတာ ဦးဝေဇင် ရိပ်မိမှာပါ"

"ရိပ်မိသားပဲ။ ဒါကြောင့် တမင် ဒေါက်တာ့ကို တကူးတက လာပြောတာ"

"အဲဒီတော့ ... အခု နေ့ အစ်ကိုနေမင်း ဦးဝေဇင်ဆီမှာ လက်နက်ချ အလင်းဝင်မယ်ဆိုရင် ရမလားဟင်"

"ရသားပဲ ... အခု နိုင်ငံတော်အစိုးရက လက်နက်ချတွေအပေါ်မှာ သက်ညှာခွင့် အများကြီး ပေးထားသားပဲ ဒေါက်တာ"



ဆက်လက်ပြီး ကိုနေမင်းသည် တောတွင်းအဖွဲ့တွင် ဘာယုံကြည်ချက်မှ မရှိဘဲ လခစားဆောင်ရွက်နေကြောင်းတွေ၊ ယခု ကိုကောင်းမြတ် နေရာတွင် ကိုမိုးကြီး ဝင်လာပြီး အစ်ကိုနေမင်းနှင့် သဟဇာတမဖြစ်ဘဲ မချေမငံတွေ ဖြစ်နေသည်ကိုပါ အရှည်ကြီး ပြောပြလိုက်သည်။

"အား ... ဒေါက်တာ့ဆီက ဒီသတင်း ကြားရတာ သိပ်အားရစရာကောင်းတယ်။ ကျွန်တော့်အတွက် သတင်းကောင်းပဲ။ ကျွန်တော်တို့ ငယ်ငယ်တုန်းက မူလတန်းဖတ်စာတစ်အုပ်ထဲမှာ ဖတ်ဖူးသင်ခဲ့ဖူးတဲ့ အတိုင်းပေါ့။ ယာလည်းညက်စေ ကြက်လည်းပန်းစေပဲ"

"အဲဒီယာလည်းညက်စေ ကြက်လည်းပန်းစေ ဆိုတာလေးကို ပြောပြပါလား ဦးဝေဇင်"

"ဟဲ ... ဟဲ ... တစ်ခါက ယာထွန်ယောကျ်ားတစ်ဦးဟာ တောစပ်မှာ ယာထွန်တုံး တောထဲမှာ ကြက်နှစ်ကောင် ခွပ်နေတာကို လှမ်းလည်းမြင်တယ်၊ ကြားလည်းကြားတယ်။ ဒီတော့ ယာထွန်ယောကျ်ားက တွက်တယ်။ အခုနေ အဲဒီကြက်တွေကို ငါ သွားဖမ်းရင် ယာထွန်တဲ့ အလုပ်လည်း ပျက်မယ်၊ ကြက်နှစ်ကောင်ကလည်း ခွပ်ခါစမို့ အင်အားပြည့်ဝနေပြီ၊ ငါဝင်သွားတာနဲ့ တောနက်ထဲကို နှစ်ကောင်လုံး ဝင်ပြေးသွားမယ်။ ဒီတော့ ... ယာလည်းညက်စေ ကြက်လည်းပန်းစေ ... နေလိုက်ဦးမယ်ဆိုပြီး ယာဆက်ထွန်တယ်၊ တော်တော်ကြီးကြာလို့ ယာလည်းညက်လေမှ

www.burmeseclassic.com

www.burmeseclassic.com



ခွပ်နေတဲ့ ကြက်နှစ်ကောင်ဆီသွားတော့ နှစ်ကောင်စလုံး အင်အားတွေကုန်ပြီး နာကျင်နေပြီမို့ ထွက်မပြေးနိုင်ဘဲ ယာထွန်ယောက်ျားက အသာကလေး ဖမ်းယူလာနိုင်ခဲ့တယ် တဲ့။ အဲဒီသဘောဖေါ် ဒေါက်တာ ... သူတို့ချင်း ချကြပလေ့ စေဦး။ ကျွန်တော် ကျည်ဆန်မကုန် သေနတ်ပြောင်း မနာ စေဘဲ စောင့်ကြည့်မယ်။ သူတို့အထိနာပြီး ပန်းကုန်ကြပြီ ဆိုမှ ဝင်တိုက်မယ်။ ဒါဆို ဒီကောင်တွေ အရှင်ဖမ်းမိချင် မိမယ်။ ထွက်ပြေးလည်း နာနေပြီမို့ အပြေးမသန်တော့ဘူး လေ။ ဒီတော့ ကျွန်တော့်လက်က မလွတ်တော့ဘူး။ ကျွန် တော့်တာဝန်က ဒီကောင်တွေ မှော်တော တောကြီးတန်းက တခြားအဝေးကိုပြေးပြေး၊ အခု သူတို့ကို လက်ရဖမ်းမိမိ၊ ဒါဆို ကျွန်တော့်တာဝန်ကျေတယ်။ ကဲ ... ကျွန်တော် ပြန်မယ် ဒေါက်တာ"

ဦးဝေဇင်တို့အဖွဲ့ နှုတ်ဆက်ပြီး ပြန်သွားကြပေတော့ သည်။

၁၄

သီတင်းတစ်ပတ်ပင် မကြာလိုက်။

"ဒေါက်တာ ... ဒေါက်တာ ... ထပါဦး ... ဒီမှာ ဒဏ်ရာ ရတဲ့လူတွေ ပါလာလို့ပါ"

ဝေလီဝေလင်း နံနက်ခင်းမှာပင် အိမ်ရှေ့ခြံဝင်းတံခါးဝ မှ အော်ခေါ်သံ ကြားရသောကြောင့် နွေးနွေးရော မေမေကြီးရော လူးလဲထ၊ အိမ်တံခါးဖွင့်ပြီး ခြံတံခါးဆီသို့ ကြည့်လိုက်သည်။

"ဘယ်သူတွေလဲဟင်"

"ကျွန်တော် ရဲကြပ်ကြီးမောင်ညြနဲ့ ရဲအဖွဲ့ဝင်တွေပါ။ ဒီမှာ ကိုနေမင်းနဲ့ သူ့တပည့်သုံးယောက် သေနတ်ထိလာလို့ ဒေါက်တာ ဆေးခန်းအမြန်ဖွင့်ပြီး ကုပေးပါလို့ ဆရာဝေဇင် က မှာလိုက်ပါတယ်"

www.burmeseclassic.com



"ဟင် !... အစ်ကို သေနတ်ထိထားတယ်"

နွေးနွေး ချက်ချင်း ခြံတံခါးဆီသို့ ပြေးဆင်းသွားသည်။ ခြံတံခါးဖွင့်ကာ ကမန်းကတန်း အစ်ကိုနေမင်းကို ကြည့်လိုက်သည်။

အစ်ကိုနေမင်းအား သွေးရဲရဲ သံရဲရဲဖြင့် တွေ့ရတော့သည်။

"အယ် ... အစ်ကို ... အစ်ကို"

"ကိုယ့်မှာ ဒဏ်ရာသိပ်မများဘူး နွေး။ ဦးကျောက်ဖားနဲ့ စံညွှန့်ကိုသာ အမိကထားပြီး အသက်မသေအောင် နွေး ကုပေးပါ။ ကိုယ်ထိတာက ရှပ်ထိတာပါ။ ကိုယ် ဘာမှ မဖြစ်နိုင်ပါဘူး နွေး"

ဒဏ်ရာရသူများအား နွားလှည်းဖြင့် တင်ဆောင်လာခြင်း ဖြစ်သည်။ လှည်းပေါ်တွင် ရဲသားနှစ်ဦးပါပြီး ရဲကြပ်ကြီးနှင့် အစ်ကိုနေမင်းက မြင်းကိုယ်စီနှင့် ဖြစ်ပါ၏။

ဆေးခန်းသို့ နွေးနွေး ရှေ့ဆောင်ပြီး လာခဲ့ကြသည်။ ဆေးခန်းဖွင့်ပြီး နွေး ကိုယ်တိုင်ရော သူနာပြုဆရာမလေးရော ကုသမှုကို စိတ်ရောကိုယ်ပါ ဆောင်ရွက်ကြသည်။

အစ်ကိုနေမင်း ရရှိသည့်ဒဏ်ရာနှင့် ဦးကျောက်ဖား ရရှိသည့် ဒဏ်ရာမှာ အပေါ်ယံရှပ်ထိမို့ ခွဲစိတ်ရန်မလိုဘဲ ဤဆေးခန်းမှာပင် ကုသ၍ ရနိုင်သည်။

ကျန်တပည့်နှစ်ယောက် ရရှိသော ဒဏ်ရာမှာ ခွဲစိတ်ပြီး ကျည်ဖူးထုတ်ရမည်မို့ နွေးနွေးက ကြို့တင်ပဏာမကုသကာကွယ်



မှုလောက်သာ လုပ်ပြီး၊ မော်တောမှ ကိုခင်မောင်ကြီး မော်တော်နှင့် ဒေးဒရဲဆေးရုံပို့ရန် စီစဉ်ရတော့သည်။

"ကဲ ... ရဲကြပ်ကြီး အဲဒီနှစ်ယောက်တော့ မော်တော်နဲ့ ဒေးဒရဲဆေးရုံကိုသာ ပို့ပေတော့"

မော်တော်ငှားခမှအစ လိုအပ်မည့် ငွေကြေးပမာဏကို မေမေကြီးကပင် ရဲကြပ်ကြီးလက်သို့ ပေးအပ်လိုက်သည်။

ဦးကျောက်ဖားအား ဆေးခန်းလူနာခုတင်မှာပင် အိပ်ဆေးထိုးကာ ထားလိုက်သည်။

"အစ်ကိုကော ဦးကျောက်ဖားလိုပဲ အိပ်ဆေးနဲ့ အနားယူလိုက်ပါလားဟင်"

"ဟာ ... မအိပ်ချင်ပါဘူး။ ကိုယ် နေကောင်းပါတယ် နွေး။ ကိုယ့်အတွက် မပူပါနဲ့။ အခု ... နွေး ဒဏ်ရာကို ဆေးကြောပြီး ဆေးထည့် ဆေးထိုးထားပြီပဲ ကိုယ်သက်သာသွားပါပြီ"

"ဒါဆို ဖြစ်ပျက်ခဲ့တာတွေ ပြောပါဦး အစ်ကို"

"ကိုယ် နွေးဆီက ပြန်သွားပြီး စခန်းရောက်တာနဲ့ ဆရာမိုးကြိုးကိုရော တစ်ဖွဲ့လုံးကိုရော ခေါ်ပြီး အစည်းအဝေး လုပ်တယ်။ အစ်ကိုက အခုရောက်နေတဲ့ ရဲအရာရှိ ကိုဝေဖေင်ရဲ့အဖွဲ့မှာပဲ ကျုပ်တို့အားလုံး လက်နက်ချကြမယ်လို့ တင်ပြတယ်။ အဲဒါကို ဆရာမိုးကြိုးက တင်းခံနေတယ်။ လက်နက်မချဘူးဘဲ။ လက်နက်ချလည်း သူ မတရားကျူးလွန်ထားတဲ့ အမှုတွေက တစ်ပုံကြီးကို။ ဒီအမှုတွေအတွက်

www.burmeseclassic.com



သူ တရားရုံးမှာ ရင်မဆိုင်ရဲဘူး။ အဲဒီမှာ အခြေအတင်တွေ ဖြစ်ပြီး လက်နက်ချချင်သူနဲ့ မချချင်သူတွေ မဲခွဲရာမှာ ... ကိုယ်နဲ့ ဦးကျောက်ဖားရယ်၊ အခု ဒဏ်ရာရတဲ့ တပည့် နှစ်ယောက်ရယ် စုစုပေါင်း လေးယောက် လက်နက်ချတဲ့ ဘက်က မဲပါတယ်။ ကျန်တဲ့ ဆရာမိုးကြိုးနဲ့ တပည့်ဆယ့် ခြောက်ယောက်က လက်နက်မချတဲ့ဘက်က မဲပါသွား တယ်။ အဲဒီမှာ ဆရာမိုးကြိုးက မင်းတို့လေးယောက် လက်နက်ချမယ့်ကောင်တွေ အခုထွက်သွားလို့ အမိန့်ပေး တယ် ...

"အစ်ကိုတို့လေးယောက် စခန်းကလည်း ထွက်လာ ကြရော သူတို့အဖွဲ့က လိုက်တိုက်ပစ်ခတ်တာပဲ။ အစ်ကိုတို့ ကလည်း ပြန်ပစ်တာပဲ။ ဒါပေမယ့် အင်အားချင်းမမျှတော့ ကိုယ်တို့ ခံရတာပေါ့။ အဲဒီလို ကိုယ်တို့လေးယောက် ခံနေရတုန်းမှာပဲ ရဲအရာရှိ ဦးဝေဇင်ရဲ့အဖွဲ့က ကိုယ်တို့ ဘက်ကနေပြီး ဝင်တိုက်လာတယ်။ ဒဏ်ရာရတဲ့ ကိုယ်တို့ လေးယောက်ကို ရဲကြပ်ကြီးနဲ့ ရဲသားနှစ်ယောက်နဲ့ နွေးရဲ့ ဆေးခန်းကို ပို့ခိုင်းပေးတယ် နွေး။ အဖြစ်ကတော့ လော လောဆယ် ဒါပဲ။ နောက်ဆက်ပြီး ဘာတွေ ဖြစ်မလဲတော့ မသိဘူးပေါ့ နွေး"

"အစ်ကို ဘာမှ မဖြစ်တော့ဘူး သိလား"

နွေးနွေးက ပတ်တီးစည်းထားသော ကိုနေမင်း၏ လက်မောင်းကို ယုယစွာ ဖွဖွလေးကိုင်ရင်း ပြောလိုက်သည်။



"အစ်ကို ကံကောင်းသွားပြီအစ်ကို၊ ကံကောင်းတာမှ အရမ်း ကြီးကို ကောင်းတာ"

"ဘာလို့လဲ နွေး"

နွေးနွေးသည် သူမအား ရဲအရာရှိ ဦးဝေဇင် ပြော ထားသမျှကို ပြန်၍ပြောပြလိုက်ပါလေ၏။

"မန္တလေးက အစ်ကိုပစ်ခဲ့တဲ့ မမေဉမ္မာဟာ မသေတဲ့အပြင် မိုးကုတ်က သူဌေးသားဆရာဝန်နဲ့တောင် လက်ထပ်ပြီးပြီ လား မသိဘူး။ ပြီး ... အစ်ကို့ကို မမေဉမ္မာက လုံးဝအမှု မလုပ်ဘူးတဲ့။ ဒီတော့ တရားလိုမရှိတော့တဲ့ အမှုမှာ တရားခံလည်း မရှိတော့ဘူးပေါ့တဲ့"

"ဟင် ... တကယ်လား နွေး။ ရဲအရာရှိ ဦးဝေဇင်က အဲဒီ အတိုင်း ပြောသလားဟင်"

နွေးနွေးက ထပ်ဆင့်ပြီး ဦးဝေဇင် ပြောသည်တို့ကို သေနတ်တစ်လက် ငှားပစ်သည့်ကိစ္စကစပြီး အားလုံး ခရေစေ့ တွင်းကျ အသေးစိတ် ပြောပြလိုက်ရပြန်ပေသည်။

"ဟာ ... ကိုယ်သိပ်ကံကောင်းသွားပြီ"

"အဲဒီတော့ နောက်ဆက်တွဲ အစ်ကိုရင်ဆိုင်ရမယ့် အသေး အဖွဲ့ အမှုလေးတွေကိစ္စ ပြီးသွားတာနဲ့ ဒီမှော်တောရွာမှာပဲ နွေးနဲ့အစ်ကို လူကြီးစုံရာရှေ့မှောက်မှာ လက်ထပ်မယ်။ အစ်ကို သံတောင်က ဘကြီးထော်ကိုပါ ခေါ်ယူလိုက်ပေါ့ အစ်ကို။ ပြီးရင် အစ်ကိုက မေမေကြီးရဲ့ လုပ်ငန်းတွေမှာ ဝင်ပြီး တာဝန်ယူ ဆောင်ရွက်ပေး။ နွေးကတော့ ဒီဆေး

www.burmeseclassic.com

www.burmeseclassic.com



ခန်းမှာပဲ ဆက်ထိုင်မယ်။ ဒါဆို အစ်ကိုနဲ့ နွေးတို့ ဒီ မော်တောရွာလေးကနေပြီး ဘယ်ကိုမှ သွားဖို့မလိုတော့ဘဲ ရာသက်ပန် မေမေကြီးအလိုကျ နေသွားကြမယ် အစ်ကို"

"အား ... အား ... သိပ်ကောင်း၊ အားကြီးကောင်း ... တစ်ဝကြီးကို ကောင်းပေါ့ နွေးရာ"

ပြောရင်းပင် လူနာကြီးက ဆရာဝန်မလေးကို ပွေ့ ပိုက်ထားလိုက်ပါတော့သတည်း။

နားကြပါဦးစို့

(တက္ကသိုလ်ဘင်မြင့်)

BURMESE CLASSIC

www.burmeseclassic.com